

စာပေဗိမာန်စာမူဆုရ
လက်ရာစုံစွာ
အာနန္ဒာ
မင်းဘူးအောင်ကြိုင်

SARPAY BEIKMAN REFERENCE LIBRARY
Acc No............
6/12/94

၁၉၈၄ ခုနှစ် စာပေဗိမာန် စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ
ဒုတိယဆု

SARPAY BEIKMAN REFERENCE LIBRARY
Acc No.......

# လက်ရာစုံရွာ အာနန္ဒာ

မင်းဘူး အောင်ကြိုင်

အဖုံးပန်းချီ – မြတ်ဟန်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမအကြိမ် ၁၉၈၇ ခုနှစ်၊ အုပ်ရေ ၁၅၀၀
ဒုတိယအကြိမ် ၁၉၉၃ ခုနှစ်၊ အုပ်ရေ ၃,၀၀၀
တတိယအကြိမ် ၁၉၉၃ ခုနှစ်၊ အုပ်ရေ ၁၅,၀၀၀

အမှတ်—[illegible] ရန်ကုန်မြို့ [illegible]
[illegible] ဦး[illegible] (မှတ်ပုံတင်အမှတ် [illegible]) ဖြင့် [illegible]
(မှတ်ပုံတင်အမှတ် [illegible]) ဖြင့် ထုတ်ဝေသည်။

- အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ။
- လွတ်လပ်ရေးကို ကာကွယ်ပါ။
- တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး ဦးစားပေး။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာ | ၅ |
| | သိမှတ်ဖွယ်ရာ အာနန္ဒာလေးထပ် | ၈ |
| ၁။ | အာနန္ဒာမှ ဗိသုကာ လက်ရာများ | ၉ |
| | လေဝင် လေထွက်နှင့် အလင်းရောင်ပေးပုံ၊ အုတ်စီလက်ရာနှင့် ပေါင်းကူးများ၊ စေတီရုံများ၊ နတ်ရုပ်ခြသေ့ ဒွါရပါလ စသော အရန်တန်ဆာ အရုပ်များ။ | |
| ၂။ | နံရံဆေးရေး ပန်းချီလက်ရာများ | ၂၅ |
| ၃။ | သစ်သား ပန်းပုလက်ရာများ | ၂၈ |
| | မတ်ရပ်ဆင်းတုပုံကြီး လေးဆူ။ | |
| ၄။ | ကြေးသွန်းလက်ရာ (ပန်းတဉ်း) နှင့် ပန်းထိမ်လက်ရာ | ၃၃ |
| ၅။ | စဉ့်ကွင်းလက်ရာများ | ၄၀ |
| | တေမိဇာတ်၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ မဟောသဓဇာတ်၊ စန္ဒကုမာရဇာတ်၊ ဘူရိဒတ်ဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေဿန္တရာဇာတ်၊ အာနန္ဒာဂူဘုရား အောက်ခြေပတ်လည်မှ စဉ့်ကွင်းလက်ရာများ။ | |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆။ | ကျောက်ဆစ်ရုပ်တု လက်ရာများ ... အဝိစိရေ ဗုဒ္ဓဝင် ကျောက်ဆစ်ရုပ်တုများ၊ လိုဏ်ဂူအတွင်းမှ ဆင်းတုများ၊ | ၁၂၄ |
| ၇။ | အင်္ဂတေရုပ်နှင့် အင်္ဂတေပန်းများ ... | ၁၉၉ |
| ၈။ | ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများ ... ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းခြင်းများ၊ | ၂၀၄ |
| ၉။ | ပုဂံခေတ် အဆောက်အအုံနှင့် ပုဂံခေတ် လက်ရာများ ... | ၂၁၄ |
| ၁၀။ | နှောင်းခေတ် တန်ဆောင်းများနှင့် အဆောက်အအုံများ ... | ၂၁၇ |
| ၁၁။ | ဌာပနာပစ္စည်း လက်ရာများ ... | ၂၁၈ |
| ၁၂။ | သမိုင်းဟောင်း အဆိုအမိန့်များနှင့် နန္ဒမူလ တည်ခန်း ... | ၂၂၆ |
| | —မှီငြမ်းကိုးကားသော စာအုပ် စာတမ်းများ | |


# အမှာ

ပုဂံမြို့ရှိ အာနန္ဒာလိုဏ်ဂူတော်ကြီးသည် ပုဂံတွင် အလှပဆုံးနှင့် အနုအလှအပလက်ရာ အစုံဆုံးသော ဂူဘုရားကြီး တစ်ဆူဖြစ်ပါသည်။ ပုဂံတွင် အဆိုတစ်ခု ရှိသည်မှာ "ထု – ဓမ္မရံ၊ ဉာဏ် – သဗ္ဗညု၊ အနု – အာနန္ဒာ" ဟူ၍ ပုဂံတွင် ထုထယ်အကြီးမားဆုံးကို ဓမ္မရံကြီး ဉာဏ်တော်အမြင့်ဆုံးကို သဗ္ဗညု၊ ယဉ်ကျေးမှုအနုပညာ လက်ရာစုံလှသည့် အာနန္ဒာဘုရား စသည်ဖြင့် ထင်ရှားပေသည်။

အာနန္ဒာဂူဘုရားကြီးတွင် တစ်မျိုးသားလုံးနှင့် ဆိုင်သော ယဉ်ကျေးမှု အနုပညာ လက်ရာများကို စုံလင်စွာ တွေ့နိုင်ပေသည်။ မြန်မာမှန်လျှင်ပုဂံသို့ရောက်သင့်သည်။ ပုဂံရောက်လျှင် အာနန္ဒာသို့သွား၍ မလွတ်တမ်း ကြည့်ရှုသင့်လှပေသည်။

နိုင်ငံရပ်ခြားဧည့်သည်တော်များကိုလည်း အာနန္ဒာဘုရားကို မလွတ်တမ်း ပြသကြရပါသည်။ ကျွန်ုပ်တို့ မြန်မာတစ်မျိုးသားလုံးအနေဖြင့် ဂုဏ်ယူ ဝင့်ကြွားထိုက်သော ဗိသုကာ လက်ရာနှင့် အနုပညာ လက်ရာအစုံကို တစ်နေရာတည်းနှင့် အပြည့်အစုံ လေ့လာနိုင်ပေသည်။

အရှေ့တောင် အာရှတွင် အာနန္ဒာ ဂူဘုရားသည် နာမည်ကျော်ကြားပါသည်။ ကမ္ဘာကျော် ရှေးဟောင်း အဆောက်အအုံများနှင့် ပတ်သက်၍ ရေးသားကြသည့် စာအုပ်စာတမ်း

များ၌ပင် ထည့်သွင်း ဖော်ပြကြလေသည်။ မြန်မာနိုင်ငံတွင် ဂျပန်ခေတ် အတွင်းက ဂျပန်များပင် အာနန္ဒာပုံကို မြတ်နိုး ကြိုက်နှစ်သက်လွန်းကြသဖြင့် ဂျပန်ငွေစက္ကူတိုင်း၌ ရိုက်နှိပ် ကြဖူးသည်။ ယခုလည်း အာနန္ဒာ ဘုရားပုံသဏ္ဌာန်ကို ဂျပန် များ ကြိုက်နှစ်သက်ကြသဖြင့် ဂျပန်နိုင်ငံတွင် အာနန္ဒာ ဂူဘုရားပုံစံကိုယူ၍ ကာနာဇာဝါ[1] မြို့ အရှေ့တောင် မာရူယာ မာ[2] တောင်ကျပေါ်တွင် အာနန္ဒာဘုရား အတိုင်းအတာ၏ သုံးပုံနှစ်ပုံအရွယ်ကို စတင်တည်ဆောက်လျက် ရှိပါသည်။

အာနန္ဒာဂူဘုရားကြီးကို အသေအချာ လေ့လာပါက သုံး ရက်ခန့်လေ့လာမှ ပြီးပြည့်စုံမည်ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ဘုရားကြီးတွင် ဗိသုကာလက်ရာ (ပန်းရံ)၊ ကျောက် ဆစ်လက်ရာ(ပန်းတမော့) အင်္ဂတေပန်းလက်ရာ(ပန်းတော့)၊ သစ်သား ပန်းပုလက်ရာ (ပန်းပု) စဥ့်ကွင်းလက်ရာ၊ ကြေး သွန်းလက်ရာ (ပန်းတဥ်း) စသည်ဖြင့် လက်ရာစုံကို တစ်ခုပြီး တစ်ခု လေ့လာသွားခြင်းအားဖြင့် အချိန်ယူ၍ လေ့လာရပေ သည်။ ဗုဒ္ဓဝင်အခန်း ၈၀ အကြောင်း တစ်ခုစီစာသားများကို ဖတ်လျှင်ပင် တစ်ရက်ကုန်သွားမည်ဖြစ်ပါသည်။

တစ်ဖန် အောက်ခြေပတ်လည်ရှိ စဥ့်ကွင်းများနှင့် အမိုး ပေါ်ရှိ စဥ့်ကွင်းလက်ရာများကို တစ်ကြိမ် လိုက်ကြည့်လျှင်ပင် အချိန်နှစ်ရက်လောက်ယူ လေ့လာရ ပေမည်။ အာနန္ဒာဘုရား ဟူသော အမည်နာမနှင့် ပတ်သက်၍ အမျိုးမျိုးကွဲဆနေကြ ရာ အောက်ပါ အယူအဆများကို တွေ့ရပါသည်။

---

၁။ Kanazawa
၂။ Maru Yama



(၁) အချို့ကလည်း ညီတော် အာနန္ဒာ၏ အမည်ဖြစ် ကြောင်း။

(၂) အချို့ကလည်း အနန္တပညာမှ အာနန္ဒာဟု နောက် ပိုင်း ကာလများတွင် ပြောင်း၍ ခေါ်လာကြ ကြောင်း။

(၃) အချို့ကလည်း အနန်း (ဒ) အလွန် လှပသောဟု အဓိပ္ပာယ်ရှိသောစကားမှ ဆင်းသက် လာခြင်းဖြစ် ၍ အာနန္ဒာဟုခေါ်ဝေါ်ကြကြောင်း။

(၄) အချို့ကလည်း ကျန်စစ်သားမင်းကြီးသည် ရဟန္တာ ရှစ်ပါးအား ကျောင်းမှုတော် တည်လို၍ ပုံသဏ္ဌာန် ကိုပြပါဟု၍ လျှောက်ထားသောအခါ ဟိမဝန္တာ၌ နန္ဒမူလိုဏ်ပုံစံကို ပြသဖြင့် အလွန် နှစ်သက်တော်မူ သဖြင့် ထိုနန္ဒမူလိုဏ်ပုံစံအတိုင်း တည်ရာ နောင်အခါ တွင် နန္ဒမူမှ အာနန္ဒာဟု ခေါ်ဝေါ်သမုတ်ကြောင်း ပြောဆိုမှတ်သား လာကြပါသည်။

တည်ဆောက်သော ကာလမှာ မြန်မာသက္ကရာဇ် ၄၅၂ ခု ခရစ်နှစ် ၁၀၉၀ တွင် တည်သည်ဟု ဆိုပါသည်။ မူလကျောက် စာ မတွေ့ရသဖြင့် တည်သည့် သက္ကရာဇ် အတိအကျကို တပ် အပ်သေချာ မပြောနိုင်ပေ။ မည်သို့ပင်ဖြစ်စေ ပုဂံရှိ အာနန္ဒာ ဂူဘုရားကြီးသည် တမျိုးသားလုံးနှင့် ဆိုင်သော ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာလေ့လာဖွယ်ရာအပြည့်ရှိသောပြတိုက် ကြီးသဖွယ် ဖြစ်ပေတော့သည်။

မင်းသူရအောင်ကြိုင်

## သိမှတ်ဖွယ်ရာ အနန္ဒာ တေးထပ်

ထောင့်လေးရာနှစ်ဆယ်ဇေယျာဆောင်းတုံ့ကကြီးယော်၊ စေတီပေါင်းဆုံမယ်၊ ကိုးနှစ်ဆယ့်ထောင်ထား၊ စေဘင့် နတ်ရှုပ်သိချင်ပြန့်လျှင်၊ အဆင့်ဗီသမိုလာ၊ အရုပ်က ရာဇဝင်၊ တစ်ရှုပ်ပင်မများ၊ ရှုလေးဆယ့်ရှစ်ကောင် ထားတော့၊ မြို့မျိုးကကေသရာ၊ ရဟန္တာ ခုနစ်ပါး ရုယ်နှင့်၊ ဇာတ်ရုပ်များ ကိုးဆယ့်ရှစ်ပါ၊ ဂူကွင်းများ ဆိုတာမှာ၊ ထောင့်လေးရာ ခုနစ်ဆယ့်နှစ်ကယ်နှင့်၊ ရှစ်ပေါက်က လေးမျက်နှာ၊ ရုပ်လျက် တော်ရှာ၊ မဟာပုရိသ ရွှေသည့်ဘယ်ချုပ်ပင်အာနန္ဒာတေးထပ် ပါတဲ့လေး။ ။



အခန်း (၁)

# အာနန္ဒာမှ ဗိသုကာလက်ရာများ

အာနန္ဒာဘုရား၏ ပန္နက်ပုံသည် ယခု ပုဂံတွင်ရှိသော ဂူဘုရား နှစ်ထောင်ကျော်အနက် မည်သည့်ပုံနှင့်မျှ မတူပေ။ ကြိုကြက်ခြေခတ်ပုံ ဖြစ်ပါသည်။ အာနန္ဒာပန္နက်ပုံနှင့် ဆင်တူသော အခြားတစ်ဆူမှာ ဓမ္မရံကြီး ပန္နက်ပုံ ဖြစ်ပါသည်။ ဓမ္မရံကြီး ဘုရားကြီးကို တည်သောမင်းမှာ ကျန်စစ်သားမင်းကြီး၏မြေးတော် နရသူမင်း ဖြစ်ပါသည်။ နရသူမင်းသည် ၎င်း၏ ဘိုးတော် ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် ဖြစ်သော အာနန္ဒာ ဂူဘုရားကြီး၏ ပန္နက်ပုံကို ကူးယူ၍ တည်သလောဟု တွေးဆဖွယ် ရှိပါသည်။

အာနန္ဒာပန္နက်ပုံသည် ထူးခြား ကောင်းမွန်လှပါသည်။ ပုဂံရှိ အခြားသော ဂူဘုရားများ၏ ပန္နက်ပုံများမှာ အာရုံခံ တစ်ဘက်စီသာ ရှိကြပြီး မြောက်လှည့်သော ဂူဘုရားဖြစ်လျှင် အာရုံခံပိုင်းသည် မြောက်ဘက်၌ ရှိသည်။ အရှေ့လှည့်ဘုရားဖြစ်လျှင် အာရုံခံမှာ အရှေ့ဘက်တစ်ဘက်၌သာ ရှိပါသည်။

ယခု အာနန္ဒာမှာမူ အာရုံခံ လေးဘက်ထွက်ထားသော ပုထိုးလေးဘက်ထွက်သော ဂူဘုရား ဖြစ်ပါသည်။ အချို့ကလည်း

ဂူဘုရားလေးခုကို ကျောချင်းကပ် တည်ထားသည့်အလား ဖြစ်နေသည်ဟု ယူဆကြပါသည်။

အာနန္ဒာဂူဘုရားကြီး၏ ပန္နက်ပုံ ထူးခြားချက်မှာ အာရုံခံ လေးဘက်၊ မုခ်လေးဘက် ထွက်ခြင်း၊ အတွင်း စင်္ကြံပတ်လမ်းနှင့် အပြင်စင်္ကြံပတ်လမ်း ရှိခြင်း၊ မတ်ရပ် ဆင်းတုကြီးများ ရှိသော ဂန္ဓကုဋီအချိုင့်ကြီး လေးမျက်နှာ ရှိခြင်း၊ အတွင်း လမ်းနှင့် အပြင်လမ်းကြားတို့တွင် အလင်းရောင် ဖြတ်သွား သောလမ်းများ ရှိခြင်း၊ ဘေးမုခ်ပေါက်များရှိခြင်းတို့ကြောင့် ပန္နက်ပုံမှာ အလွန် လှပဆန်းကြယ်ပါသည်။

အာရုံခံ တစ်ခုလျှင် တိုင်မကြီး လေးတိုင်စီ ရှိပါသည်။ အာရုံခံတစ်ခုလျှင် မှန်ကပ်အချိုင့် ၁၆ ခုစီ ရှိပါသည်။ စင်္ကြံ ပတ်လမ်း အတွင်းအပြင် နံရံတို့၌ မှန်ကပ်အချိုင့်များ ရှိပါ သည်။ အလင်းရောင် ဖြတ်လမ်းများ တစ်ဘက်တစ်ချက်တွင် လည်း မှန်ကပ်အချိုင့်များ ရှိသည်။

**လေဝင် လေထွက်နှင့် အလင်းရောင်ပေးပုံ**

မတ်ရပ်ဆင်းတုကြီးများ၏ မျက်နှာတော်သို့ အလင်းရောင် တည့်တည့်ပေးရန် အလင်းရောင်ပေါက် တစ်ပေါက်စီ ရှိပါ သည်။ ပတ်လမ်းအတွင်းရှိ မှန်ကပ်အချိုင့်များမှ ဆင်းတု များအတွက် အထက်နှင့် အောက်ဘက်ရှိ ပြတင်းများမှ အလင်းရောင် ပေးထားပါသည်။ နံရံသုံးခုကို ဖြတ်၍ အလင်း ရောင် ပေးထားပါသည်။ တစ်ဖန် အတွင်းပတ်လမ်း မမှောင် စေရန် အလင်းရောင်ပေးမှုများပြုလုပ်ထားသည်မှာ တစ်ခုနှင့် တစ်ခု ခြောင့်တန်းနေပါသည်။





လေဝင်လေထွက်နှင့် အလင်းရောင်ပေးမှုစနစ် ပြုလုပ်ထား ပုံမှာ အတုယူရလောက်အောင် အလွန်ကောင်းလှပေသည်။ သူခေတ်သူအခါက ဤမျှအဆင့်အတန်းရှိသည်ကို နိုင်ငံခြား သားများပင် အံ့ဩမကုန်နိုင်အောင် ချီးမွမ်းထောမနာပြု ပေသည်။ အထူးသဖြင့် စင်္ကြံပတ်လမ်းများ အတွင်းနှင့် မတ်ရပ် ကိုယ်တော်ကြီးများရှိရာ ဂန္ဓကုဋီတိုက် အတွင်းတို့၌ နေ့အခါ မီးထွန်းစရာမလိုဘဲ သဘာဝအလင်းရောင် ယူထား သည်မှာ လူတိုင်းပင် အံ့ဩချီးမွမ်းဖွယ် ဖြစ်ပါသည်။

အာနန္ဒာဘုရား၏ ဌာပနာတော်အမြင့်မှာ မြေပြင်မှ ၁၆၈ ပေ ရှိသည်။ တစ်ဘက်မှ တစ်ဘက်သို့ အကျယ် ၂၇၉ ပေရှိ သည်။ ကွန်းတောင်အမြင့် ၃၅ ပေ၊ အထွတ်စေတီအမြင့် ပေ ၃၀ ရှိပါသည်။ တံတိုင်းအကျယ် တစ်ဘက်လျှင် ၅၅၀ ပေစီ ရှိသည်။

**အုတ်စီလက်ရာနှင့် ပေါင်းကူးများ**

အာနန္ဒာဘုရားတွင် အသုံးပြုထားသော အုတ်များမှာ ပေါင်းခွံ ရောနယ်၍ ဖုတ်ထားသော အုတ်များ ဖြစ်သည်။ အုတ်ကျိုးများ၊ ဘုရားတွင် စီထားသော အုတ်များကို ကြည့် လျှင် ပေါင်းခွံရာများ တွေ့ရှိနိုင်ပါသည်။ အများအားဖြင့် အုတ်အရွယ်အစားမှာ အလျား ၁၅ လက်မ×ဖြက် ၈ လက်မ× ထု ၂½ လက်မစီ ရှိကြသည်။ အုတ်စီရာတွင် မြေနီသရွတ်ဖြင့် စီထားကြောင်း တွေ့ရပါသည်။ သို့ရာတွင် ပေါင်းကူးအချို့၌ မြေနီသရွတ်အတွင်း အနက်ရောင် အင်္ဂတေအချို့ ရောစပ်ထား သည်ကို တွေ့ရပါသည်။ ထိုအနက်ရောင်သည် ကော်တစ်မျိုး

မျိုး ရောစပ်ဖွယ်ရာ ရှိပါသည်။ အုတ်နံရံကြီးများတွင် အုတ်ကို အလျားလိုက်တစ်လှည့်၊ ဒေါင်လိုက်တစ်လှည့် တစ်လှည့်စီ စီထားပါသည်။ ပေါင်းကူးခုံးများမှာ တစ်ဘက်နှင့်တစ်ဘက် ခုံးလာပုံခြင်း အလွန်ညီညာလှသည်။ ချိုးကျိုး အံ့ဩဖွယ် အချက်များတွင် ရင်းပေါင်းကူး ခုံးပုံစံများပါ ထည့်သင့်ပါသည်။

ထူးခြားသည်မှာ ပေါင်းကူးခုံးများတွင် ကျောက် တစ်လှည့်၊ အုတ်တစ်လှည့် စီထားသည်ကို တွေ့ရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ သဲကျောက်များရောညှပ်၍ ခိုင်ခံ့အောင် အသုံးပြု ထားခြင်းများကို ယခင်က မသိရှိခဲ့ကြပေ။ အပေါ်မှ အင်္ဂတေ ကိုင်ထားသဖြင့် မည်ကဲ့သို့ စီထားသည်ကို မသိနိုင်ခဲ့ခြင်း ဖြစ်၏။ ၁၉၇၅ ခုနှစ် ငလျင်လှုပ်စဉ်က အင်္ဂတေများ အချို့နေရာ တို့၌ ကွာကျသွားသဖြင့် အုတ်စီလက်ရာများကို တွေ့ရခြင်း ဖြစ်ပါသည်။ အုတ်လုပ်ငန်းကို မြေနီသရွတ်ဖြင့် စီထားသော် လည်း အုတ်စီးအုတ်နှင်း အလွန်ကောင်းပေသည်။ အုတ် တစ်ချပ်နှင့်တစ်ချပ်ကြားတွင် အပ်တိုးမရအောင် စေ့နေပါသည်။

ပေါင်းကူးများ၌ သဲ၊ ကျောက်၊ အုတ်များ ရောညှပ်၍ စီထားသည့်လက်ရာကို အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် သက်သေအဖြစ်နှင့် မြောက်ဘက်အာရုံအတွင်း အရှေ့ဘက် ပေါင်းကူးနေရာများ၊ အပြင် ကြိုပတ်လမ်း မြောက်ဘက် မျက်နှာ ပေါင်းကူး၌လည်းကောင်း၊ တိုက်မအနောက်မြောက် ထောင့်ရှိ ပြတင်းပေါင်းကူး၌လည်းကောင်း၊ အနောက်ဘက် ကြို အထက်ပေါင်းကူး၌ လည်းကောင်း၊ တောင်ဘက်ကြို





အထက်ပေါင်းကူး၌လည်းကောင်း အင်္ဂတေများ ထပ်မံမွမ်းမံ ကိုင်ခြင်းမပြုဘဲ ထားချန်၍ ပြသထားရှိပါသည်။

သဲကျောက်များကို ပေါင်းကူးများသာမက နံရံထောင့် များတွင်လည်း သဲကျောက် တစ်တုံးတည်းသားများကို ကျွင် တွယ်ပုံ ဆစ်တူပြီး လေးပေခြားစီ၊ ငါးပေခြားစီ ထောင့်ချုပ် ကျောက်အဖြစ် ထည့်သွင်း အသုံးပြုထားသည်ကိုလည်းတွေ့ ရသည်။ ထို့ပြင် အာရုံခံနှင့် တိုက်မ အကူး အဆက်များ တံခါးပေါက်ကြီးများ ကပ်သားမှာ နံရံအချိုင့်တို့တွင် ကျောက် တုံးရှည်ကြီးများကို ထည့်မြှုပ်ထားပါသည်။ နံရံထောင့်များ မှာလည်း ထောင့်မှန်ကျပြီး အဖြောင့်အမတ်မှာလည်း ပြော စရာမရှိအောင် ကောင်းမွန်ပေသည်။ အတွင်းဘက်မှအုတ် များမှာ လေသလာဆယ် ဖုတ်ပြီးစအုတ်များကဲ့သို့ အလွန် မာကျော သစ်လွင်နေပါသည်။

အာနန္ဒာ၌ တွေ့ရသော ပေါင်းကူးခုံးများမှာ ခုံးချွန် ပေါင်းကူးနှင့် တစ်ဘက်မိုး ပေါင်းကူးများ ဖြစ်ပါသည်။ တစ်ဘက်မိုး ပေါင်းကူးများမှာ ကြိုပတ်လမ်း အထက်တွင် ရှိပါသည်။ အပြင်ကြိုပတ်လမ်းအထောင့် လေးထောင့်တွင် ထားရှိသည့်ပေါင်းကူးကြီး နှစ်ခုစီ စုစုပေါင်း ရှစ်ခု ပြုလုပ်ထား သည်။ ထားရှိသည့်ပေါင်းကူးကြီး ရှစ်ခု၏ သဘောမှာ အတွင်း နံရံနှင့် အပြင်နံရံ တွဲမက်ပေစေရန်နှင့် အထက်ပေါင်းကူးအား ပင့်ထားရန်အတွက် ပြုလုပ်ထားဟန် တူပေ ရှိပါသည်။ ပေါင်းကူးများအတွင်း သစ်သားသည်၊ သံသည် ဘာသည် မပါ ရှိဘဲ အုတ်ချည်းသက်သက်သုံးပြီး လှိုဏ်များ အခန်းများကို ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါသည်။

အာနန္ဒာစကြံ့ပတ်လမ်း အထက်တွင် ဆင်ခြေလျှော အမိုးခုံးကြီးများ၊ အာရုံခံ အမိုးပေါ်၌ ခေါင်ကျ ဆင်ခြေလျှော ခုံးကြီးများ ပြုလုပ်ထားပါသည်။ ထိုဆင်ခြေလျှော ခုံးကြီးများမှာ ပုဂံခေတ်ဦးပိုင်း၏ အသွင်လက္ခဏာတစ်ရပ်တွင် ပါဝင်ပါသည်။အာနန္ဒာတွင် ဆင်ခြေလျှောခုံး၊ ပစ္စယံနှစ်ဆင့်၊ ပြင်ညီပစ္စယံ ငါးဆင့် ရှိပါသည်။ စုစုပေါင်း ပစ္စယံ ခုနစ်ဆင့်ရှိသည်။ နတ်လမ်းမုခ် တစ်ဘက်လျှင် သုံးခုစီ စုစုပေါင်း ၁၂ ခုရှိသည်။ နတ်လမ်းမုခ်များမှာ စတုတ္ထ ပစ္စယံ၊ ပဉ္စမပစ္စယံ၊ ဆဋ္ဌမပစ္စယံတို့တွင် တည်ဆောက်ထားပါသည်။ အာနန္ဒာဂူဘုရား အထက်ပိုင်းတွင် ကြွန်းထောင်ပုံ ပေါက်ထားပါသည်။ ကြွန်းထောင်၏ အထက်တွင် ရိုးရိုးစေတီပုံ ပေါက်ပါသည်။ ၎င်းစေတီမှာ သေးသွယ်ခြင်း၊ အမြင့်တွင်ရှိနေခြင်းတို့ကြောင့် မည်မျှပင် ခိုင်ခံ့အောင် ပြုလုပ်စေခဲ့ကာမူ လျှင် အကြိမ်ကြိမ် လှုပ်သည့်ဒဏ်ကြောင့် ပြိုကျပျက်စီးမှု ရှိခဲ့ပါသည်။ ၎င်းအထွတ်စေတီမှာ နှောင်းခေတ်လက်ရာ ဖြစ်ပါသည်။

၁၉၇၅ ခုနှစ်တွင် လျှင်လှုပ်စဉ်ကလည်း ထိုအထွတ်စေတီမှာ ပြိုကျခဲ့ပြန်ပါသည်။

**စေတီရံများ**

အာနန္ဒာဘုရားတွင် အဆိုတစ်ခု ရှိသည်။ "စေတီရံ တစ်သောင်း၊ မုခ်ပေါင်း တစ်ထောင်၊ လမ်းသုံးမြောင်" ဟူ၍ ဖြစ်သည်။

အစီပွာယ်မှာ စေတီရံပေါင်း တစ်သောင်းရှိသည်ဟု ဆိုပါသည်။ မုခ်ပေါင်းတစ်ထောင်မှာ မုခ်ကပ်အချိုင့်များ၊ ပြတင်းမုခ်များ၊ တိုးလျှိုပေါက်များ အပါအဝင် ဖြစ်ပါသည်။ လမ်း



သုံးမြောင်မှာ အတွင်းဆုံး စကြံ့ပတ်လမ်းသည် ရဟန်းသံဃာများ၊ အပြင်စကြံ့ပတ်လမ်းမှာ မင်းမှစ၍ နန်းတွင်းအမှုထမ်းများ၊ အာရုံခံအတွင်းနှင့် ဘုရားအပြင် တစ်ပတ်ကို အများပြည်သူ ဘုရားဖူးများအတွက် သတ်မှတ်ထားရှိသည်ဟု ပုဂံတွင် ယနေ့တိုင် အဆိုတစ်ရပ် ရှိပါသေးသည်။

ထိုအဆိုတွင် ပါဝင်သော စေတီရံပေါင်းမှာ ယခု အခရေအတွက်အရ တတိယ ပစ္စယံပေါ်ရှိ ကြွန်းထောင်ပေါက်နှင့် စေတီရံလေးဆူ၊ ကျန်ပစ္စယံများပေါ်ရှိ ထောင့်စေတီ ရှစ်ဆူ အာရုံခံအမိုးပေါ်နှင့် ဈောင်လင်းပေါက်အမိုးဆင့်ပေါ်၌ သုံးဆူစီ၊ လေးမျက်နှာပေါင်း ၁၂ ဆူ၊ တံတိုင်းအပြင်နံရံ၌ ကပ်လျက်ပေါက်ထားသော စေတီရံ တစ် မျက် နှာ လျှင် ၂၂ နှင့် လေးမျက်နှာပေါင်း ၁၀၀၈ ဆူ စုစုပေါင်း ၁၀၁၂ ဆူ ဖြစ်ပါသည်။

မူလက တစ်သောင်းဟု ဆိုထားပါသည်။ မုခ်ကပ်အချိုင့်များပေါ်တွင် ပေါက်ထားသော စေတီပုံများပါ ထည့်ပေါင်းလျှင် တစ်သောင်းပြည့်နိုင်ပါသည်။ မုခ်ပေါင်း တစ်ထောင်မှာလည်း မုခ်ကပ်များ အပါအဝင် ၁၆၇၄ မုခ် ရှိပါသည်။

အာနန္ဒာဘုရား အပေါ်ထပ်တွင် နတ်လမ်းမုခ်ကပ်များထိပ်၌ တစ်မျက်နှာလျှင်ပန်းအိုးနှစ်လုံး၊ လေးမျက်နှာအတွက် ရှစ်လုံး ရှိပါသည်။

## နတ်ရုပ်၊ ခြင်္သေ့၊ ဒွါရပါလ စသော အရန်တန်ဆာ အရုပ်များ

ပစ္စယံ ထောင့်များ၊ ကြွန်းထောင် အခြေ ထောင့်များ၌ နတ်ရုပ်ကြီးများ ရှိပါသည်။ အချို့ နတ်ရုပ်ကြီးများမှာ မူလ

လက်ရာ ကျန်ရှိသေးသော်လည်း အချို့ အရုပ်များမှာ မူလ လက်ရာမကျန်ရှိတော့ပါ။ ခေတ်အဆက်ဆက် မွမ်းမံပြင်ဆင်မှုများ ရှိခဲ့လေသည်။

ကျွန်းထောင်အခြေရှိ တင်ပျဉ်ခွေ ရှိခိုးနေဟန် လေးရုပ်၊ ပထမ ပတ္တယံ ထောင့်လေးထောင့်၌ ဒူးတစ်ဘက်ထောင် တစ်ဘက်ချ နတ်ရုပ်ကြီး လေးရုပ်၊ ဒုတိယ ပတ္တယံ အရှေ့တောင်ထောင့်၌ ယာခြေထောက် အောက်ချ၍ ဝဲခြေတင် လက်ယာလက် လက်ယာဒူးပေါ် တင်ဟန် လက်ဝဲလက် ရင်ပတ်ပေါ်တင်ဟန် နတ်ရုပ်တစ်ရုပ်၊ တတိယပတ္တယံ အရှေ့မြောက်ထောင့်တွင် တင်ပျဉ်ခွေထိုင်၍ လက်ဝဲလက်ထောက် လက်ယာလက် ဒူးပေါ်တင်ဟန် နတ်ရုပ် တစ်ရုပ်၊ တတိယ ပတ္တယံ အနောက်တောင်ထောင့်နှင့် အနောက်မြောက်ထောင့် တို့၌ တင်ပျဉ်ခွေထိုင် လက်နှစ်ဘက် ရင်အုပ်ထားဟန် နှစ်ရုပ်၊ မုခ်တက်ကြီးများတစ်ဘက်တစ်ချက်၌ တံခါးစောင့်နတ်ရုပ် နှစ်ရုပ်စီ၊ လေးမျက်နှာ ရှစ်ရုပ်နှင့် အချိုးအကွင်းရှိ ဖော်ရုပ်နတ်ရုပ် နှစ်ရုပ်စီ၊ လေးမျက်နှာ ရှစ်ရုပ် စုစုပေါင်း ၂၈ ရုပ် ရှိပါသည်။

ထို့ပြင် ဘုရားမုခ်ဝ ဒွာရပါလရုပ်[၃] ရှစ်ရုပ်၊ တန်တိုင်းမုခ်တို့၌ တစ်မျက်နှာလျှင်လေးရုပ်စီ၊ ဒွာရပါလရုပ် ဒူးတစ်ဘက်ထောင် တစ်ဘက်ချ လက်တစ်ဘက်ထောက်၍ ကျန်တစ်ဘက် သားမြီး ယပ်ကိုင် ရှစ်ရုပ်တို့ကိုလည်း တွေ့နိုင်ပေသည်။

ခြင်္သေ့ရုပ်များမှာလည်း ထိုနည်းတူပင် ဖြစ်ပါသည်။ တစ်ချိန်က ပျက်စီးခဲ့၍ ပြုပြင်မွမ်းမံထားသည်က များလေ သည်။ မူလလက်ရာ မရှိသလောက် ဖြစ်ပါသည်။ အချို့က

၃။ ဒွာရ = အပေါက်။ ပါလ = အစောင့်
ဒွာရပါလ = တံခါးစောင့်




ခြင်္သေ့များကို နှောင်းခေတ်လူများ ထပ်မံတပ်ဆင်ထားသည် ဟု ပြောစမှတ်ပြုကြပေသည်။ မည်သို့ပင်ဖြစ်စေ စုစုပေါင်း ခြင်္သေ့စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| အပေါ် တတိယပတ္တယံ၊ ဒုတိယပတ္တယံ၊ ပထမပတ္တယံ ထောင့်များ၌ အရုပ်တစ်ရုပ်စီ × ၃ ဆင့် ... ... ... | ၁၂ ရုပ် |
| အချိုးအမိုးပေါ်ရှိ အတွင်းဘက် တက်ရာမ လက်ညှိုး များကြား၌ တစ်မျက်နှာလျှင် ၁၀ × ၄ ... ... ... | ၄၀ ရုပ် |
| အချိုးအမိုးပေါ်ရှိ အပြင်ဘက် တက်ရာမ လက်ညှိုး များကြား၌ တစ်မျက်နှာလျှင် ၂၀ × ၄ ... ... ... | ၈၀ ရုပ် |
| အောက်မြေပြင် အချိုး ထောင့်များ၌ ၂ × ၄ ... | ၈ ရုပ် |
| မြေပြင်တိုက်မ ထောင့်များ၌ ၂ × ၄ ... ... ... | ၈ ရုပ် |
| စုစုပေါင်း ... | ၁၄၈ ရုပ် |


ဖြစ်ပါသည်။

အချို့မှာ ထောင့်ကိုရှေ့ရှုပြုလုပ်ထားသော ခြင်္သေ့များ ဖြစ်ပါသည်။ သဘောမှာ အရှေ့ကကြည့်လျှင် တစ်ကောင် တည်း တစ်ကိုယ်လုံးပေါ် တောင်နှင့် တောင်ဘက်ကကြည့်လျှင် လည်း တစ်ကောင်တည်း ကိုယ်လုံးပေါ်အောင် ရည်ရွယ် ချက်ဖြင့် ထောင့်တွင် ခေါင်းနှစ်ခုပြုလုပ်ထားပါသည်။ ခြင်္သေ့ပုံ များနှင့် ပတ်သက်၍ ပုဂံခေတ်တွင် သဘောဆန်းဆန်း ထုလုပ် ခဲ့ကြပါသည်။ ပုဂံခေတ် နောက်ကာလများ ရောက်သော အခါတွင် အတွန့်အတက်များ၊ အဆင်တက်များ ထပ်လာကြပါ သည်။ ပုဂံခေတ်တွင် လည်ဆံမွေးနှင့် တောသမှ ခြင်္သေ့ပုံမျိုး ထုလုပ်ကြပါသည်။ ပုဂံခေတ်ခြင်္သေ့ပုံစစ်စစ် လေ့လာလိုပါက အာနန္ဒာဘုရားအောက်ခြေရှိ မာရ်နတ် စစ်သည်များမှ ခြင်္သေ့ ပုံများသည် မပြုမပြင် ပကတိအသွင်အတိုင်း ဖြစ်ပါသည်။

ရ/ ၅၂၀
ဗဗ(?)ဘာင်
B/. 99228
22.10.03.



အာနန္ဒာမြင်ကွင်းပုံ



အာနန္ဒာဘုရားအာရိပ်ရောင်မြန်ကို
ပုဂံကျုံးထဲရေဆောက်ခုံတွေ့ရပုံ






ရည်ညွှန်းစာအုပ်ငှားရန်မဟုတ်
REFERENCE NOT TO BETAKEN



အာနန္ဒာအတွင်း တောင်ဘက်မတ်ရပ်ပုံ မူလပုံ






အာနန္ဒာဘုရား၊ ပန္နက်ပုံနှင့် မြေပြင်ပုံ



အနောက်ဘက်မုခ် ရှင်အရဟံနှင့် ကျန်စစ်သားမင်းကြီးပုံ






အာနန္ဒာ မြောက်ဘက် အာရုံခံအတွင်းရှိ ပေါင်းကူးတွင်
ကျောက်များညှပ်ပြီး ဒိုင်မခေါင် အသုံးပြုထားပုံ

အခန်း(၂)

# နံရံဆေးရေး ပန်းချီလက်ရာများ

ဤ အာနန္ဒာ ဂူဘုရားကြီးကို ကျန်စစ်သားမင်းကြီးသည် စဉ့်ကူးလက်ရာ၊ ကျောက်ဆစ်လက်ရာများအပြင် နံရံပန်းချီ ဆေးရေးလက်ရာဖြင့်လည်း တစ်ဆူလုံး နံရံပြည့်မျှ တန်ဆာ ဆင်ခဲ့ပါသည်။ သို့ရာတွင် နှစ်ပေါင်းကြာလာသောအခါ နံရံ ပန်းချီတို့သည် အလင်းရောင်ကြောင့် အရောင်များ လွင့်ကုန် ခြင်း၊ ကာကျပျက်စီးမှုကြောင့် ပုံများပျက်ဆီးခြင်း၊ လူများ ကိုင်တွယ်ပါများ၍ လက်ရာများ ပျက်ပြီး ညစ်နေခြင်းတို့ ကြောင့် နောင်းခေတ် ပြုပြင်မွမ်းမံသူတို့သည် မှားကွင်းသော အယူအဆဖြင့် ထုံးများသုတ်ခဲ့လေသည်။ နံရံပြည့်မျှ လှပစွာ အသေးစိတ် ရေးခြယ်ထားသည့် မူလနံရံဆေးရေး ပန်းချီများ သည် အလွန် လွယ်ကူစွာဖြင့် ထုံးများ သုတ်လိုက်ကြသဖြင့် ထုံးအထပ်ထပ်အောက် ကျရောက်ဖုံးလွှမ်းခဲ့ရလေသည်။ ခေတ် အဆက်ဆက် သုတ်လာခဲ့ကြ၍ ထုံးများမှာလည်း အလွှာလိုက် တွေ့ရပါသည်။

ထိုသို့ လိုဏ်အတွင်းနံရံတို့၌ နံရံပန်းချီရှိလိုမရှိကြောင်း ၁၉၆၀ ခုနှစ်အတွင်းက ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေ သနမှူး(ဓာတုဗေဒ)က စမ်းသပ်၍ ထုံးများကို ခွာကြည့်ရာ





ထုံးအထပ်ထပ်အောက်မှ ကျန်စစ်သားခေတ် မူလဆေးရေး ပန်းချီများကို တွေ့ရှိရပါသည်။

အရှေ့ဘက် အာရုံခံအနောက်မြောက်ထောင့် နံရံ၌ ခွာ ထားသော ပန်းချီများမှာ မူလအရောင်များပင် ကျန်ရှိပါ သေးသည်။ ဗုဒ္ဓရုပ်ပွားပုံများတွင် သင်္ကန်းရောင်ကို အနီရောင်၊ အသားရောင်ကို အဝါ၊ ပန်းများကို နက်ပြာ၊ အဝါ အဖြူ သုံးထားသည်ကို တွေ့ရပါသည်။ ၎င်းပြင် ဆက်လက်ပြီး အခြားသောနေရာများ၌လည်း စမ်းသပ်ခဲ့လေသည်။ ၎င်း အရှေ့ဘက် အာရုံခံ တိုင်မကြီး အရှေ့နံရံ၌လည်းကောင်း၊ တောင်ဘက်တိုင်မ အနောက်နံရံ၌လည်းကောင်း၊ အရှေ့မုခ် မြောက်နံရံ၌ လည်းကောင်း၊ အနောက်မုခ် မြောက်နံရံ၌ လည်းကောင်း၊ မြောက်ဘက် အာရုံခံ အနောက်ဘက် တိုင်မ ကြီး တောင်နံရံ မြောက်နံရံတို့၌လည်းကောင်း၊ အရှေ့ဘက် တိုက်မတောင်နံရံ၊ အရှေ့နံရံတို့၌လည်းကောင်း၊ အာရုံခံအရှေ့ နံရံတို့၌လည်းကောင်း ဆက်လက်၍ ထုံးများကို စမ်းသပ် ခွာယူပြီး ဖြစ်ပါသည်။

မြောက်ဘက်အာရုံခံအတွင်း အနောက်ဘက် တိုင်မကြီး တွင် တစ်ပေပတ်လည်ရှိ ငါးရာ့ငါးဆယ် ဇာတ်ကွက်ကြီးများ ကို ရေးဆွဲထားပါသည်။ ထိုဇာတ်ကွက်ကြီးများ အောက်၌ မွန်စာများဖြင့် ဖော်ပြပါရှိပါသည်။ သို့သော် စာများမှာ ထုံးဖတ်ကြောင့် အလွန် မှေးမှိန်နေသဖြင့် ဖတ်ရှုရန် မလွယ် ကူတော့ပါ။

မြောက်ဘက်အာရုံခံအတွင်း အရှေ့ဘက်တိုင်မတောင်နံရံ၌ ပေါက္ခရသာတိ ရောကန်ပုံနှင့် ပေါက္ခရသာတိ ဟူသော မင်စာ တစ် ကြောင်း တွေ့ရပါသည်။ ၎င်းအရှေ့နံရံ၌မူ စကြဝဠာတန်

တိုင်းနှင့် ကျွန်းကြီးများပုံ အထက်ပိုင်းတစ်ခြမ်းကို တွေ့ရပါသည်။ ၎င်းပြင် ထိုကဲ့သို့ စမ်းသပ်ခွာယူရင်း အချို့နေရာများတွင် ကုန်းဘောင်ခေတ် ပန်းချီအချို့ကို တွေ့ရပါသည်။ ကုန်းဘောင်ခေတ်တွင် မူလ အင်္ဂတေ ကွာကျသွားသည့် နေရာများပေါ်တွင် အင်္ဂတေ ထပ်ကိုင်ပြီး နံရံဆေးရေးပန်းချီထပ် ရေးထားသည်ကိုလည်း တွေ့ရပါသည်။

ဥပမာ အရှေ့ဘက် အာရုံခံအတွင်း အနောက်မြောက်ထောင့် နံရံ၌ "ရန်ကုန်မြို့ စစ်ကဲတော်မင်းသမီးမောင်နှံကောင်းမှု နိဗ္ဗာန်ဆု၊ သာဓု ခေါ်ပါရှင်၊ ဒိပုအာ၊ ၏" ဟူ၍ မင်စာ တစ်ကြောင်းနှင့် ရုပ်ပုံအချို့ကို တွေ့ရသည်။ မြောက်ဘက်အာရုံခံအတွင်း အရှေ့တောင်ထောင့် နံရံ၌လည်း "ကျောင်းတော်၌ ၇ ရက် နေတော်မူဟံ့ မုစလိန္ဒာ ၇ ရက် နေတော်မူဟံ့" စသည်ဖြင့် သတ္တဋ္ဌာနပုံ ကုန်းဘောင်ခေတ် ပန်းချီလက်ရာများကို တွေ့ရသည်။ တိုက်မ အတွင်း အပြင် စင်္ကြံ ပတ်လမ်း အနောက် နံရံတွင်လည်း ကုန်းဘောင်ခေတ် ဆေးရေးပန်းချီ အချို့ကို တွေ့ရပါသည်။ အနီ၊ အပြာ၊ အနက်ရောင်များဖြင့် ခြယ်လှယ်ထားပါသည်။ အာနန္ဒာတွင် မူလက ကွက်လပ်မရှိအောင် ပန်းချီဆွဲခဲ့ဟန် လက္ခဏာ ရှိပါသည်။ အချို့နေရာများ၌ ထုံးများအောက်၌ ရေးရေးမျှမြင်နေရပါသည်။ ထုံးများကိုခွာလျှင် နောက်ထပ်အသစ်တွေ့ရှိချက်များ ရှိနိုင်လေသည်။

အပေါ်ထပ် တတိယပစ္စယံပေါ်ရှိ အရှေ့တောင်ထောင့် ကုန်းထောင်ပေါက် စေတီရံအတွင်း မျက်နှာကြက်၌ မူလ ပန်းချီများဖြစ်သည့် အလယ်၌ကျိုက်တင်ပုံ၊ ဘေးအုံးလက်ချ မျက်နှာကြက်တို့၌ အပွင့်စင်း၊ အနက်စင်းကြီးများ ရေးဆွဲ



ထားပါသည်။ ၎င်းပန်းချီအမျိုးအစားမှာ ရွှေစည်းခုံဘုရား အနောက်ဘက် ကြေးဂူတိုက် အတွင်း မျက်နှာကြက်တွင် ရေးဆွဲထားသော ပန်းချီ အစင်းဒီဇိုင်းပုံများနှင့် တထေရာ တည်း ဖြစ်သည်။ ရွှေစည်းခုံဘုရား ပရဝဏ်အတွင်းရှိ ကြေးဂူတိုက်များမှာလည်း ကျန်စစ်သားမင်း၏ ကောင်းမှုများ ဖြစ်လေသည်။ ထို့ကြောင့် အာနန္ဒာ အပေါ်ထပ် စေတီရံ အတွင်းရှိ ပန်းချီနှင့်တူနေပါသည်။

တစ်ဖန် တတိယပစ္စယံ အနောက်တောင်ထောင့် စေတီယံ အတွင်းရှိမျက်နှာကြက် ပန်းချီအကြွင်းအကျန်များမှာလည်း အလယ်တွင် ကြာပွင့်ပုံ ကျိုက်တင်ဆွဲပြီး ဘေးအုံးလက်ချ မျက်နှာကြက်တွင် ဆဋ္ဌဂံပုံ ဒီဇိုင်းပန်းကွက်များကို အဖြူ အနက်စင်းများဖြင့် ရေးဆွဲထားသည်ကို တွေ့ရှိနိုင်ပါသည်။ ၎င်းစေတီရံအတွင်း အောက်ပိုင်းတွင် မူလပန်းချီကွက်များ ပေါ်တွင် ဟသာပြဒါး ဆေးနီသုတ်ပြီး နှောင်းခေတ် မင်စာ များ ရေးမှတ်ထားကြလေသည်။

အခန်း (၃)

# သစ်သားပန်းပုလက်ရာများ

မူလက အာနန္ဒာ၏ ဝင်ပေါက်တိုင်း၌ သစ်သား တံခါးရွက်များ တပ်ဆင်ဟန်လက္ခဏာ တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် အပေါက်တိုင်း၌ ခြေကျော်တုံးများနှင့် တိုင်အောက်ခံ ကျောက်ခွက်များကို တွေ့ရပါသည်။ ယခုလက်ရှိအာနန္ဒာမှ သစ်သားတံခါးရွက်ကြီးများမှာ အောက်ခံပေါင် ကြေးခွေ ပင်မတံခါးတိုင်တို့မှာ မူလလက်ရာများ ဖြစ်ပါသည်။ ၎င်း တံခါးရွက်ကြီးများတွင် တပ်ဆင်ထားသော ဆေးနီရောင် သုတ်ထားသည့် သစ်သားပန်းပုရုပ်နှင့် ပန်း ခက် များ မှာ နှောင်းခေတ်မှ တပ်ဆင်ထားကြသော သစ်သားပန်းပုလက်ရာများ ဖြစ်ပါသည်။

ခန့်မှန်းခြေအားဖြင့် ၁၆ ရာစု တောင်ငူဘုရင့်နောင်သည် ရွှေစည်းခုံ၊ အာနန္ဒာ၊ ရွှေဂူကြီးဘုရားတို့၌ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့ပါသည်။ ထိုကာလက အာနန္ဒာဘုရား တံခါးကြီးများတွင် သစ်သားပန်းပုရုပ်နှင့် ပန်းများ ထပ်၍ကပ်ခဲ့ဟန် ရှိပါသည်။ ယင်းသို့ ယူဆရခြင်းမှာ သစ်သား ပန်းပုရုပ်များနှင့် ပန်းခက်များသည် ပုဂံခေတ်လက်ရာ ဒီဇိုင်းပုံများ မဟုတ်တော့ပါ။ ထိုသစ်သား တံခါးကြီးများကို တပ်





ဆင်စီမံထားပုံမှာ အလွန်ချီးကျူးဖွယ် ကောင်းလှပါသည်။ အောက်ခြေတွင် ကျောက်ခွက်ပေါ်၌ ဆုံလည်သဘောမျိုး လည်စေပြီး တံခါးတိုင်ထိပ်တွင် သံကွင်းကြီးဖြင့် စွပ်ထားပါသည်။ ထိုသံကွင်းကြီးများ တံခါးပိတ်ဖွင့်ချိန်တွင် ရွေ့သို့ ထွက်မသွားနိုင်စေရန် ကျောက်ပြားကြီးနှစ်ချပ်ကို ကြက်ခြေခတ်ပုံမြောင်း ထွင်းပါသည်။ တစ်ပြားကအခံ တစ်ပြားက အဖုံးသံကွင်းမှလာသော ကြက်ခြေခတ်ပုံ . သံချောင်းအား ညှပ်ဖိ၍ ထားပါသည်။ သံချောင်းကို ကြက်ခြေခတ်ပုံပြု လုပ်ပြီး ကြက်ခြေခတ်ပုံမြောင်းထဲ မြှုပ်ထားခြင်းအားဖြင့် သံကွင်းရွေ့သို့ မထွက်စေရန် ကန့်လန့်တုံး လုပ်ထားသကဲ့သို့ ဖြစ်လေသည်။ အဆိုပါ တံခါးကြီးများမှာ တစ်ရွက်လျှင် တစ်တန်ခန့်လေးသော်လည်း လူတစ်ယောက် လွယ်လွယ်ကူကူပိတ်နိုင်ဖွင့်နိုင်ပါသည်။ ကျောက်ခွက်ပေါ်တွင် ဆုံလည်သဘော စီမံထားခြင်းကြောင့် ထိုသို့ ဖွင့်နိုင်ပိတ်နိုင်ခြင်း ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော်လည်း ၎င်းသံကွင်း ကြီးများမှာ ရွေ့သို့ထွက်လာခြင်း၊ တံခါးကြီးငိုက်လာခြင်း မရှိခဲ့ပေ။

တောင်ဘက်တံခါးရွက်ကြီး နှစ်ရွက်မှာ ယခုတိုင် ပိတ်ဖွင့် ရပါသေးသည်။ ကလေးများ ကစားလွန်းသဖြင့် အုတ်ခဲ များဖြင့် ခုထားရပါသည်။ အခြားတံခါးကြီးများမှာလည်း အောက်ခြေတွင် အင်္ဂတေ အသေကိုင်ထားသဖြင့် ပိတ်ဖွင့်မရ ပါ။ အင်္ဂတေကို ခွာလိုက်လျှင် ပိတ်နိုင်ဖွင့်နိုင်ပါသည်။ ထို တံခါးရွက်ကြီးများမှ ပုဂံခေတ် ပန်းသဲလက်ရာကို အကဲခတ် နိုင်ပါသည်။ အထက်ဖော်ပြပြီး သံကွင်းကြီးများမှ အတွင်း သို့ ကြက်ခြေခတ်ပုံသွားသော သံချောင်းကြီးကို လေးဘက်

လေးတန် ကြက်ခြေပုံခွဲထွက်အောင် ဖန်တီးနိုင်စွမ်းရှိသည့် ပုဂံခေတ်ပန်းပုသမားများ ဉာဏ်သွားပုံကို ချီးကျူးရပေသည်။ တံခါးပေါက်နှင့် တံခါးရွက်များရှိ သစ်သား တန်းများဆက်သည့် နေရာ၌လည်း သံမှိုပွင့်ကြီးများမှာလည်း ပုဂံခေတ်ပန်းပုအဆင့် အတန်းကို အကဲခတ်နိုင်ပါသည်။

သစ်သားတံခါးတိုင်နှင့် ကြေးခွေများမှာ လွှဖြင့်ဖြတ်ခြင်း၊ ပိုင်းခြင်းမျိုးမဟုတ်ဘဲ ဓားဖြင့် ရွေထားသည့်သဘော တွေ့ရပါသည်။

## မတ်ရပ် ဗုဒ္ဓဆင်းတုပုံကြီး လေးဆူ

မတ်ရပ်ဗုဒ္ဓဆင်းတုပုံကြီးလေးဆူမှာ သစ်သားဖြင့် ပြုလုပ်ထားသော ကြီးမားသော သစ်သား ပန်းပုလက်ရာကြီးများ ဖြစ်ပြီး လက်ရာအလွန်ပြောင်မြောက်လှပါသည်။ ခြေမှ ဦးခေါင်းတော်ထိပ်ထိ အမြင့် ၃၁ ပေ၊ ၅ လက်မစီ ရှိပါသည်။ ပုဂံခေတ်တစ်ခိုက်တွင် မတ်ရပ်ဆင်းတုများအနက် အကြီးဆုံး မတ်ရပ်ဆင်းတုကြီးများ ဖြစ်ပါသည်။ မျက်နှာမှာ နားတစ်ဘက်မှ တစ်ဘက်သို့ အချင်းငါးပေ ရှိပါသည်။

မတ်ရပ်ကိုယ်တော်ကြီး လေးဆူအနက် တောင်ဘက်နှင့် မြောက်ဘက်မှာ မူလလက်ရာကျန်ရှိပါသည်၊ ၎င်းမူလအစစ် နှစ်ဆူအနက် တောင်ဘက်မျက်နှာ ရုပ်တော်မူကြီးမှာ လုံးဝ ပြုပြင်မှုမပါရှိဘဲ မူလလက်ရာအတိုင်း ကျန်ရှိပါသေးသည်။ မြောက်ဘက်မျက်နှာရှိ ရုပ်တော်မူကြီးမှာ နှောင်းခေတ်တွင် လက်များကို ပြုပြင်ထားခြင်း ဖြစ်သဖြင့် အချိုးမကျ ဖြစ်နေပါသည်။ ၎င်းပြင် နဖူးသင်းကျစ်တော် နေရာတွင်



ကျောက်များစီပစ်ခြင်း ပြုလုပ်ထားကြပါသည်။ ထိုသို့ နဖူးနှင့် လက်များ ပြုပြင်ထားသည်မှအပ အားလုံးမူလလက်ရာပင် ဖြစ်ပါသည်။

ထူးခြားသည်မှာ မတ်ရပ်တော်ကြီးများ၏ မျက်နှာသည် အနားမှကပ်၍ ဖူးမြော်ပါက မျက်နှာမှာ ခပ်တည်တည်အနေ အထားဖြစ်ပြီး အာရုံခံဟုခေါ်သော အာရုံပြုရာ နေရာ[1]မှ ဖူးမြော်လျှင် မျက်နှာတော်မှာ ပြုံးပြီးကြည်ညိုဖွယ်ဖြစ်အောင် ထုလုပ်ထားကြပါသည်။ လက်တွေ့စမ်းသပ်ကြည့်ပါမှ အနီးကပ်ဖူးမြော်ရာမှ တဖြည်းဖြည်းနောက်ဆုတ်ပြီး ဖူးမြော်သွားလျှင် မျက်နှာတော်ကြီးမှာ တဖြည်းဖြည်း ပြောင်းသွားပြီး ပြုံးနေသည့် အနေအထားရောက်အောင် ထုလုပ်ထားသည့် ပန်းပုဆရာ၏လက်ရာမှာ ထူးခြားပြောင်မြောက်လှပေသည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများပင် အံ့ဩ ကြရပါသည်။

ပုဂံခေတ် ပန်းပုဆရာတို့သည် အကွာအဝေးမြင်ကွင်း[2] ကို နိုင်လှပေသည်။ ထပ်၍ချီးကျူးဖွယ်ရာတစ်ရပ်မှာ ထိုတောင်ဘက်နှင့်မြောက်ဘက် မတ်ရပ်ကိုယ်တော်ကြီးများမှာ ခြေမှ ဦးခေါင်းတော်ထိပ်ထိ သစ်သားတစ်လုံးတည်းဖြစ်သည်ဟု ဆိုပါသည်။ သင်္ကန်းပိုင်းမပါ ကိုယ်ထည်ပိုင်းသည် သစ်သား တစ်လုံးတည်းဖြစ်သည်ဟု ဆိုခြင်းကြောင့် ဤမျှကြီးမား သောသစ်သားလုံးကြီးကို ပုဂံအထိ သယ်ယူလာရပုံ၊ တစ်ဖန် ထွင်းထုရပုံ၊ တစ်ဖန် အလယ်တည့်တည့် မတ်နေအောင် ရုပ်တု ကြီးကို ထောင်ရပုံများကို စဉ်းစားကြည့်လျှင် အံ့ဩစရာ ကောင်းလှပေသည်။

---

၁။ Vertibule

၂။ Perspective View

သူ့ခေတ်သူ့အခါတွင်ခေတ်မီသော စက်ကိရိယာများမရှိဘဲ ဤမျှလေးလံသောရုပ်တုကြီးကို အလယ်တည့်တည့်ကျအောင် ထူထောင်နိုင်ခြင်းသည် ချီးကျူးမကုန်အောင်၊ အံ့ဩ မဆုံးအောင် ဖြစ်ရပါသည်။ ကျန်စစ်သားမင်းကြီးသည် နိုင်ငံ စည်းရုံးရေး၊ အုပ်ချုပ်ရေး၌သာမက ဘာသာရေး မှာလည်း အလွန် ကိုင်းရှိုင်းသူတစ်ဦး ဖြစ်သည့်အလျောက် ပုဂံတွင် အာနန္ဒာဘုရားကို အထူးခြားဆုံး၊ အပြောင်မြောက်ဆုံးတည် ဆောက်နိုင်ခဲ့ပေသည်။ ထို့ကြောင့်လည်း နောင်လာ နောက် သားများအတွက် မြန်မာတစ်မျိုးသားလုံးနှင့်ချီပြီး ဂုဏ်ယူဖွယ်အဖြစ် ကျန်ရစ်ခဲ့ပေသည်။ မူလက ထိုမတ်ရပ် ကိုယ်တော်ကြီးလေးဆူမှာ မြောက်ဘက်မျက်နှာတွင် ကက္ကုသန္ဓဘုရားကို စကားသားဖြင့်လည်းကောင်း၊ အရှေ့မျက်နှာတွင် ကောဏာဂမနဘုရားကို ကျွန်းသားဖြင့်လည်းကောင်း၊ တောင်မျက်နှာတွင် ကဿပ ဘုရားကို ထင်းရှူးသားဖြင့် လည်းကောင်း၊ အနောက်မျက်နှာတွင် နန်းတော်ရှိရာဘက်တွင် အထူးဦးစားပေးသည့်အနေဖြင့် ဂေါတမဗုဒ္ဓအတွက် ပဉ္စလောဖြင့် လည်းကောင်း အသီးသီး ထုလုပ်ကိုးကွယ်ခဲ့ပါသည်။

သို့ရာတွင် ပုဂံခေတ်ပျက်သုဉ်းပြီး အင်းဝခေတ်အခါကာလ သို့ရောက်သောအခါ မသမာသူ ဌာပနာဖောက်သူများသည် အနောက်ဘက်မျက်နှာ မတ်ရပ် ကိုယ်တော်ကြီးအား ဖိုကျင်းထိုးပြီး ရွှေများ၊ ငွေများထုတ်ယူကြကြောင်း ယခုအထိ ပုဂံတွင် အစဉ်အလာစကားရှိနေပါသည်။ ပဉ္စလောဟူသည် ရွှေ၊ ငွေ၊ ကြေး သလွဲစဉ်၊ သလွဲမည်းဟူ၍ သတ္တုငါးမျိုး ရောစပ်၍ ထုလုပ်ထားခြင်း ဖြစ်ပါသည်။ မူလက ပဉ္စလောဆင်းတုကြီး ဖြစ်သည်ဟူ၍ အဆိုရှိသည်မှာ မှန်သည်ဟုဆိုရပေမည်။



ယင်းဆင်းတုကြီး၏အောက်ခံဖြစ်သော ယခုမြင်တွေ့ကြရသည့် ကြာပလ္လင်မှာ ပဉ္စလောပလ္လင် ဖြစ်ပါသည်။ ထိုမတ်ရပ် ဆင်းတုကြီးမရှိဘဲ နှစ်ပေါင်းများစွာရှည်ကြာလာခဲ့ပြီးဖြစ်နေခဲ့ရာ လွန်ခဲ့သောနှစ် ၁၀၀ နီးပါးခန့်ကမှ ပုဂံမြို့ ကျောက်မှော်ရပ်နေ ကုန်သည်ကြီး ဦးစံငြိမ်းဆိုသူက ယခုလက်ရှိ အနောက်ဘက် မတ်ရပ်ကိုယ်တော်ကြီးကို အစားထိုးပြုလုပ်လှူဒါန်းခဲ့လေသည်။ ယခုလက်ရှိဆင်းတုကြီး၏ လက်အနေအထားမှာ လက်ယာလက်သည် အဘယမုဒြာဟန် ဘေးမရှိပါ စေလင့်ဟု ပြခြင်း လက်အနေအထားဖြစ်ပြီး ဝဲလက်သည် စီဝရဟတ္ထ သင်္ကန်းလက်ကတော့ကိုကိုင်သော လက်အနေအထားဖြစ်ပါသည်။ မူလပဉ္စလောဆင်းတုကြီး၏ လက်အနေအထားမှာ ယခုတောင်ဘက်နှင့်မြောက်ဘက်ရှိ မူလနဂိုဆင်းတုကြီးများကဲ့သို့ တရားဟောဟန် လက်အနေအထား ဖြစ်ပေမည်။ ၎င်းပြင် အဆိုပါ ပဉ္စလောဆင်းတုကြီးမှာ ယခု ရွှေစည်းခုံ လေးမျက်နှာရှိ ကြေးဂူတိုက်အတွင်းရှိ ကြေးမတ်ရပ် ကိုယ်တော်များကဲ့သို့ ခေါင်းပွရုပ်ပွားတော်ကြီး ဖြစ်ပေမည်။ ရွှေစည်းခုံ ကြေးဆင်းတုများမှာ နောက်ဘက်တွင် ဗလာအချိုင့် ဖြစ်ပြီး ရွှေအက်ဖောင်းကြွပြုလုပ်ထားကြပါသည်။ ထိုနည်းတူကျန်စစ်သား မင်းကြီး၏ ကောင်းမှုတော်တစ်ဆူဖြစ်သော နဂါးရုံဘုရားအတွင်းရှိ မတ်ရပ်ကိုယ်တော်မှာလည်း မူလကပဉ္စလောမတ်ရပ်ဆင်းတုဖြစ်ဖွယ်ရှိပါသည်။ ယခုလက်ရှိ မတ်ရပ်ဆင်းတုမှာ နောက်မှ အစားထိုးထားသော မတ်ရပ်ဆင်းတုကြီးသာ ဖြစ်ပါသည်။ နဂါးရုံအတွင်း ဝဲယာဆင်းတုကြီးနှစ်ဆူမှာ မူလလက်ရာအတိုင်း ကျန်ရှိပါသည်။ ထိုကဲ့သို့ပင် တစ်ချိန်က ခေါင်းလောင်း ဖျက်သူများ၊ ဌာပနာ ဖောက်သူ ခိုးသူများ၊


ရှေး ငွေပါသော ဆင်းတုကြီးများကို ဖျက်ဆီးသူများ စသည့် မသမာသူ သူခိုးများ ရှိခဲ့ကြပါသည်။ ထို့ကြောင့်လည်း ဆင်းတု တော်တော်များများသည် ဖျက်ဆီးခြင်း ခံခဲ့ရပါ သည်။

အနောက် မတ်ရပ်ဆင်းတုကြီးမှာမူ မည်သည့်ခေတ်တွင် ပျက်စီးသွားသည်ဟု အတိအကျမပြောနိုင်သော်လည်း အစဉ် အလာအားဖြင့် အဆိုပါအနောက် ဆင်းတုကြီးသည် ဆီမီး ပူဇော်ရာမှ မည်သူမျှမသိလိုက်ဘဲ ညအခါတွင် မီးလောင်ကျွမ်း သွားသည်ဟု ဆိုပါသည်။ ထို့ကြောင့်လည်း မင်းတုန်းမင်း လက်ထက် ပုဂံဝန်ဦးဖိုးက ယခုလက်ရှိဆင်းတုကြီးကို အစား ထိုး လှူဒါန်းခဲ့သည်ဟု သိရပါသည်။

ပုဂံခေတ် ဆင်းတုပုံမျိုး ထုလုပ်ထားခြင်း မဟုတ်မူဘဲ ကုန်းဘောင်ခေတ် နှောင်းပိုင်းပုံမျိုး ဖြစ်နေပါသည်။ လက် အနေအထားများမှာ ဓမ္မစကြာ ကြုံတော်မူဟန်ပုံ ဖြစ်ပါ သည်။ လက်ယာဘက်လက်တွင် သစ်သီးသဏ္ဌာန် ကိုင်ထား ဟန်ကိုလည်း အမျိုးမျိုးယူဆနေကြပါသည်။ အချို့ကလည်း ကြ ဇ သီး ကို ကိုင် နေ ဟန် ပုံ ဟူ၍လည်းကောင်း၊ အချို့က လည်း လက်မလက်ညှိုးလက် ခိုင်မြဲစေရန်ကြားမှာအစု အခဲသဘော ပြုလုပ်ထားခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကလည်း တံခိုးအရှိန် တောက်ရသော ရှင်မောဂ္ဂလာန်၏ နောက်သို့ ရှေးကပါကဝင်ကြွေးကြောင့်ရမ်းလိုက်နေသဖြင့် မည်သို့မျှ မချေဖျက်နိုင်သဖြင့် ဘုရားကယူပြီး လက်ထဲတွင် ချေဖျက်ပစ်မှပျောက်သွားသည်ဟု အချို့ကယူဆကြပါသည်။ မည်သို့ဆိုစေ ယခုအချိန်ထိ မည်သူမျှ တတ်အပ် သေချာ



မပြောနိုင်သေးပါ။ နောက်ပိုင်း ထုလုပ်သော ဆင်းတုကြီး နှစ်ဆူမှာ မူလဆင်းတုကြီးများလောက် အချိုးအစားမကျ ပါ။ မျက်နှာများမှာလည်း အဝေးမှ ကြည့်လျှင်သော်လည်း ကောင်း၊ အနီးမှ ကြည့်လျှင်သော်လည်းကောင်း မည်သို့မျှ ထူးခြားမှု မတွေ့ရပါ။




သစ်သားတံခါးရွက်ကြီးများမှ လက်သမား
လက်ရာနှင့် ပန်းပုလက်ရာ

အခန်း (၄)

# ကြေးသွန်းလက်ရာ (ပန်းတဉ်း) နှင့် ပန်းထိမ်လက်ရာ

ကြေးသွန်းလက်ရာ အနေဖြင့် ကြွင်းကျန်မှု အနည်းငယ်သာ ကျန်ရှိပါတော့သည်။ အထက်၌ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အမြင့် ၃၁ ပေရှိ ပဋ္ဌလောဟာ ကြေးဆင်းတုကြီးကိုပင် သွန်းလုပ်နိုင်ခဲ့ပေသည်။ ရှင်းပြင် လက်ရှိအားဖြင့် အောက်ခြေကြာပလ္လင်မှာ ကြေး သွန်း လက် ရာ ကျန် ရှိ ပါ သေး သည်။ အခြား ကြေးသွန်း လက်ရာများ မတွေ့ ရှိ နိုင် သော် လည်း ဦးနန္ဒဝံသ ရေးသည့် ရွှေစည်းခုံနှင့် အာနန္ဒာဘုရားသမိုင်း စာအုပ်တွင် ဖော်ပြထားသော ဌာပနာပစ္စည်း စာရင်းတွင် ကြေးရုပ်တုမျိုးစုံ ပါရှိပါသည်။


ရှင်းပြင် ၁၉၇၅ ခုနှစ် လျှင်ဒဏ်ကြောင့် ကွန်းတောင်တွင် အကွဲအအက်များ ဖြစ်ပေါ်သွားသဖြင့် ကွန်းတောင်အတွင်းပိုင်းတွင် အလေးချိန် လျော့ပစ်ရန်နှင့် အတွင်းပိုင်း၌သံကူကွန်ကရစ်ခွေ ချရန်အတွက် ကွန်းတောင်ထိပ်မှ အောက်သို့ တဖြည်းဖြည်းတူးချလာရာ တွေ့ရှိရသော ဌာပနာပစ္စည်းများ အနက် အချို့မှာ နှောင်းခေတ် ရုပ်ပွား ဆင်းတုများဖြစ်ပြီး အချို့လည်း မူလ ကြေးဆင်းတုများ ဖြစ်ပါသည်။ ထို

ဌာပနာပစ္စည်းများအနက် ပုဂံခေတ် ပန်းထိမ်လက်ရာတစ်ခု ဖြစ်သည့် ရွှေဖောင်းကြွရုပ်ထုတစ်ခု တွေ့ရှိရပါသည်။

ရွှေဖောင်းကြွရုပ်ထုမှာ ဗုဒ္ဓဝင် ရှစ်ခန်းအနက် တစ်ခန်း ဖြစ်သော တာဝတိံသာမှ ဆင်းသက်ခန်းပုံ ဖြစ်ပါသည်။ ၎င်း ရွှေဖောင်းကြွချပ်သည် ပန်းထိမ်လက်ရာအနေဖြင့် ထူးခြားသော လက်ရာတစ်ခု ဖြစ်ပါသည်။

၎င်းတွင် ဘုရားမတ်ရပ်ပုံမှာ အသက်ဝင်အောင် သဘာဝကျစွာ ပုံဖော်ပြီး ဝဲယာ သစ်ပင်ပုံနှင့် ဝဲဘက်၌ ဗြဟ္မာထီးမိုးဟန်၊ လက်ယာဘက်၌သိကြားသပိတ်ပိုက်ထားဟန် အောက်ခြေတွင် အရှင်အာနန္ဒာ ကျုံ့ကျုံ့ထိုင် ရှိခိုးနေဟန် ပုံတို့ ပါရှိပါသည်။ ထို ရွှေဖောင်းကြွရုပ်ပုံကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ် ရွှေထည်လုပ်ကိုင်သူ ပန်းထိမ်ပညာ၏အဆင့်အတန်းကို မည်မျှအသက်ဝင်စွာ ပြုလုပ်နိုင်ကြောင်း ခန့်မှန်းနိုင်ပါသည်။ ၎င်းရွှေဖောင်းကြွ ရုပ်ချပ်ကလေးမှာ ယခုအခါတွင် အာနန္ဒာဂေါပက ငွေအလှူခံဌာန မှန်ဗီရိုအတွင်း ဓာတ်ပုံ ပြသထားပါသည်။ တွေ့ရှိသည့် ကျန်ရှိသော ဌာပနာပစ္စည်းများ၏ဓာတ်ပုံများကိုလည်း ပြသထားပါသည်။ ၎င်း ရွှေဖောင်းကြွရုပ်ချပ်မှာ အာနန္ဒာ ဂေါပကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အာနန္ဒာဘုရား ပြန်လည်ပြုပြင်စဉ် အချိန်က ပြန်လည် ဌာပနာပြီးစီးသွားပြီ ဖြစ်ပါသည်။





အပြင်စကြံ့ပတ်လမ်းမုခ်တံကဲ (ပန်းတော့လက်ရာ)
အနောက်ဘက် မတ်ရပ် ဆင်းတုကြီး၏ အောက်ကြေးကြာ

# အခန်း (၅)

# စဉ့်ကွင်းလက်ရာများ

အာနန္ဒာဘုရားတွင်ရှိသော စဉ့်ကွင်း ရုပ်ချပ်များသည် လက်ရှိအခြေအနေအားဖြင့် ပုဂံတွင် စဉ့်ကွင်းရှိသောဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ ဖွားစောရွာအနီးမှ ဓမ္မရာဇကဘုရား၊ မင်္ဂလာစေတီဘုရား၊ အာနန္ဒာဘုရား စသည့် လေးဆူရှိသည့်အနက် အာနန္ဒာဂူဘုရားတွင် တန်ဆာဆင်ထားသည့် စဉ့်ကွင်းများသည် အကောင်းဆုံး လက်ရာများအဖြစ် ကြွင်းကျန် တည်ရှိရစ်ပါသည်။

ယင်းသို့ဖြစ်ရခြင်းမှာ မူလလုပ်စဉ်ကတည်းက စဉ့်မသုတ်မီ မြေအစိုတွင် ပြတ်သားစွာ ထုလုပ်ခဲ့ခြင်း၊ အာနန္ဒာဂူဘုရားမှာ အပေါ်ထပ်သို့တက်ရန် လှေကားကို မူလကတည်းက မဖန်တီးခဲ့သဖြင့် လူများ ကိုင်တွယ်ကြည့်ရှု စမ်းသပ်ကြည့်ရှု ရန်မှ ကင်းလွတ်ခြင်း၊ အာနန္ဒာဘုရားအနီးတွင် ခေတ်အဆက်ဆက် သီတင်းသုံးလာခဲ့ကြသော ဆရာတော်ကြီးများနှင့် ဂေါပကများက ယနေ့ထက်တိုင် မှန်မြတ်သော စိတ်ဓာတ်ဖြင့် ဆက်လက် ထိန်းသိမ်းကာကွယ်လာခဲ့ခြင်း စသည့်အကြောင်းများကြောင့် အပေါ်ပစ္စယံ အဆင့်ဆင့်ရှိ စဉ့်ကွင်းရုပ်ချပ်များမှာ မူလအတိုင်း အကောင်းပကတိအတိုင်း ကြွင်းကျန်လျက် ရှိပါသေးသည်။





အပေါ်ထပ်ရှိ ဇာတ်ကွက်နံပါတ် ၃၂၊ ၃၀၄၊ ၃၈၅၊ ၄၅၉၊ ၄၆၆၊ ၄၈၆ လောက်သာ တွေ့နိုင်ခြင်း မရှိတော့ပါ။ အချို့ ထောင့်များရှိ စဉ့်ကွက်များမှာလည်း အမိုးခုံးကြီးများ ပြုပြင်စဉ်က အင်္ဂတေအောက် အစိတ်အပိုင်းလောက်သာ ဖုံးလွှမ်းခြင်း ခံရသည်မှအပ မူလအတိုင်း အားလုံး ရှိပါသေးသည်။ သို့ရာတွင် အောက်ခြေရှိ မာရ်နတ်စစ်သည် ချီတက်ခန်း၊ နတ်ဒေဝါများ ဘုရားအား ပူဇော်သကြဟန် ပုံများ၊ ယက္ခသေနာပတိ ပုံများသည် မူလက လက်ရာကောင်းမွန်ခဲ့သော်လည်း ထောက်ခြေ၌ တည်ရှိပြီး ခေတ်အဆက်ဆက် ကလေး၊ လူကြီးများ ကိုင်တွယ်မှုများကြောင့် ပွန်းတီးမှုများ ရှိလေသည်။

အပေါ်ထပ်ရှိ စဉ့်ကွင်းရုပ်ချပ်များမှ ရုပ်ပုံတိုင်းလိုလိုပင် မျက်စိ၊ ပါးစပ်၊ နှာခေါင်း ပြတ်သားခြင်း၊ အချိုးအစားကျနခြင်း၊ တိရစ္ဆာန်ပုံများမှာလည်း အချိုးအစား ကျနခြင်း၊ အသက်ဝင်ခြင်း ရှိသဖြင့် အချို့အရုပ်များသည် သေးငယ်သော်လည်း ပြတ်သား ရှင်းလင်းပါသည်။ အသက်ဝင် လှုပ်ရှားမှုရှိအောင် ဟန်ပန် အနေအထား ကောင်းမွန်လှပါသည်။

အာနန္ဒာအပေါ်ထပ်ရှိ ငါးရာငါးဆယ် ဇာတ်ကွက်များအနက် ဒုတိယပစ္စယံအခြေအနေရှက်ထောင့်ထောင့်ရှိ ဇာတ်ကွက်နံပါတ် ၁၊ အပဏ္ဏကဇာတ်မှ စလေသည်။ ထူးခြားသည်မှာ စဉ့်ကွင်းတိုင်း၌ မွန်မြန်မာစည်းရုံးရေး ခိုင်မာစေရေးအတွက် မွန်ဘာသာနှင့်ပါဠိဘာသာပေါင်း၍ အချို့ ဇာတ်တိုင်းဖြင့် အကြောင်းအရာအတိုချုပ်ကို ဖော်ပြထားခြင်း ဖြစ်လေသည်။ ထူးခြားသည်မှာ ဇာတ်ကွက်အမှတ်စဉ် (၃)

သေရိဝဇာတ်ကို အခြားစဉ့်ကွင်းများကဲ့သို့ အချိုင့်စာလုံး မဟုတ်ဘဲ ဖောင်းကြွစာလုံးဖြင့် လှပစွာပြုလုပ်ထားပါသည်။

စဉ့်ကွင်းရုပ်ချပ်များကို လေ့လာရခြင်းအားဖြင့် ပုဂံခေတ်၏ ကြေးမုံပြင်အဖြစ် ထိုခေတ်မှမြင်းလှည်းပုံ၊ နွားလှည်းပုံ၊ ထိုခေတ်မှာအသုံးပြုသော လက်နက်ကိရိယာများ၊ ထိုခေတ်မှာဝတ်သော အဝတ်အစားများ၊ ထိုခေတ်၏ ရှင်ဘုရင်ပုံ၊ အမတ်တျာပုံ၊ ဗိုလ်ပါပုံ၊ မင်းညီမင်းသားပုံ၊ ဘုရားလောင်းပုံ၊ အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံ၊ တိရစ္ဆာန်အမျိုးမျိုး၏ပုံ၊ အဆောက်အအုံပုံများ၊ အသုံးအဆောင်အိုးအင်ခွက်ယောက်ပုံများစသည်တို့ကို အခန်းလိုက် အကန့်လိုက် လေ့လာနိုင်ပါသည်။

အကြောင်းအရာတစ်ခုစီအလိုက် ထုတ်နုတ်၍ရေးသားပြုစုနိုင်မည်ဖြစ်ပါသည်။ အာနန္ဒာဘုရားအပေါ်ထပ်ရှိ စဉ့်ကွင်းဇာတ်တော်များမှ ရှေးယခင်ကတည်းကပင် စာအုပ်စာတမ်းများအတွက် အားကိုးမှီငြမ်းပြုစုရလောက်သော စဉ့်ကွင်းရုပ်ချပ်များဖြစ်ပါသည်။

အာနန္ဒာဘုရားအပေါ်ထပ်ရှိ ငါးရာငါးဆယ် ဇာတ်ရုပ်ချပ် အစဉ်ရေတွက်သွားပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဒုတိယပစ္စယံအခြေအနောက်တောင်ထောင့် အနောက်မျက်နှာရှိ ဇာတ်ကွက်အမှတ်စဉ် (၁) အပဏ္ဏကဇာတ်မှ စပြီး မြောက်သို့လာပါသည်။ အလယ်ရှိ အာရုံခံမုခ်ဦး ရောက်သောအခါ အမှတ်စဉ်များမှာ အာရုံခံ အမိုးပေါ် ဘေးဝံယာသို့ ရောက်သွားပါသည်။ ၎င်းမှပြန်ပြီး မြောက်သို့ဆက်သွားပါသည်။ မြောက်ဘက်အာရုံခံပိုင်းသို့ ရောက်သောအခါတွင်လည်း တစ်ဘက်လျှင် ဇာတ်ကွက် ၂၆ ကွက် စီသွားပါသည်။



၎င်းအာရုံခံမှတစ်ဖန် တိုက်မဘက်သို့ ပြန်လာပါသည်။ တိုက်မဘက် ရောက်သောအခါ အရှေ့သို့ ဆက်ပါသည်။ အရှေ့မြောက်ထောင့် ရောက်ပြီး အရှေ့မြောက်ထောင့်မှ အရှေ့ဘက်အာရုံခံသို့ ရောက်သောအခါ တောင်ဘက်သို့ဆင်းသွားပါသည်။ တစ်ဖန်အာရုံခံအမိုးပေါ်မှ အနောက်သို့ပြန်လာပြီး တိုက်မ ရောက်သောအခါ အရှေ့တောင်ထောင့်သို့ ရောက်သည်။ အရှေ့တောင်ထောင့်မှ တောင်ဘက်အာရုံခံသို့ရောက်၍ တောင်ဘက် အာရုံခံမှ တိုက်မဘက်သို့ ပြန် ဆက် ပြီး အနောက်တောင်ထောင့်တွင် ဇာတ်ကွက်နံပါတ် ၄၇၂ သို့ ရောက်ပြီး တတိယပစ္စယံပေါ်သို့ တက်သွားပါသည်။

တတိယပစ္စယံ အနောက်တောင်ထောင့်မှ မြောက်သို့ ဇာတ်ကွက်နံပါတ် ၄၇၃ မှစပါသည်။ ၎င်းတတိယပစ္စယံ အခြေ မြောက်ဘက်မျက်နှာ အလယ်ခန့်တွင် ဇာတ်ကွက် နံပါတ်စဉ် ၅၃၇ သုတသောမဇာတ်၌ ဇာတ်ငယ် ၅၃၇ ဇာတ် ဆုံးသွားလေသည်။

၎င်း၏အရှေ့ဘက်အမှတ်စဉ် ၅၃၈ မှစ၍ အထက်ဆင့်မ ပစ္စယံအခြေအထိ ဇာတ်ကြီးဆယ်ဘွဲ့ အရှည်အသေးစိတ်ပြီး ပစ္စယံတစ်ဆင့်ပြီးတစ်ဆင့် တက်သွားလေသည်။ နံပါတ်စဉ် များမှာ ပစ္စယံ တစ်ဆင့်ပြီး တစ်ဆင့် တက်သွားလေတိုင်း အနောက်တောင်ထောင့်၌ပင် အဆုံးသတ်ပါသည်။ နံပါတ်စဉ် ၅၃၈ တေမိဇာတ်မှာ စဉ့်ကွက် ၃၁ ကွက်ရှိပြီး တတိယပစ္စယံ အရှေ့မြောက်ထောင့်၌ ဆုံးပါသည်။ ဇနကဇာတ်မှာ နံပါတ် စဉ် ၅၇၁ မှစပြီး နံပါတ်စဉ် ၆၁၄ တွင် အဆုံးသတ်ပါသည်။ ဇနကဇာတ်ကွက် ၄၄ ကွက်ရှိရာ နံပါတ်စဉ် ၆၁၅ မှ ၆၃၅ ထိ ဖြစ်ပါသည်။ သုဝဏ္ဏသာမဇာတ် ၂၁ ကွက်ရှိပြီး နံပါတ်စဉ်

၆၃၆ မှ ၆၄၆ ထိ၊ နေမိဇာတ် ၁၁ ကွက်ရှိပါသည်။ နံပါတ်စဉ် ၆၄၇ မှ ၇၃၉ ထိ ဖြစ်ပါသည်။ မဟောသဓဇာတ် ၉၂ ကွက် ရှိပါသည်။ ၎င်းမဟောသဓဇာတ်ကွက်များမှာ စတုတ္ထပစ္စယံ ပတ်လည်၌ရှိပြီး တောင်ဘက်နတ်လမ်း၏ အရှေ့ဘက်၌ဆုံး သွားသည်။ နံပါတ်စဉ် ၇၄၀ မှ ၇၅၀ ထိ စန္ဒကုမာရဇာတ် ၁၁ ကွက်ရှိပါသည်။ နံပါတ်စဉ် ၇၅၁ မှစပြီး ဘူရိဒတ်ဇာတ် ဖြစ်ပြီး ၂၂ ကွက်ရှိပါသည်။

ပဉ္စမပစ္စယံတွင် ဇာတ်ကွက်များပေါ်သွားပြီး နံပါတ်စဉ် များမပါရှိတော့ပေ။ ပဉ္စမပစ္စယံ၌ နာရဒဇာတ်ဆုံးကွက်သာ ရှိပါသည်။ ဝိဓုရဇာတ်မှာ ၂၄ ကွက်ရှိပါသည်။ ဝိဓုရဇာတ် မှာ ပဉ္စမပစ္စယံ အနောက်မြောက်ထောင့်မှ အရှေ့မြောက် ထောင့်၌ဆုံးသည်။ ဝေဿန္တရာဇာတ်မှာ ၁၂၄ ကွက်ရှိပါ သည်။ ပဉ္စမပစ္စယံအရှေ့မြောက်ထောင့်မှစပြီး ပဉ္စမပစ္စယံ၌ ၄၄ ကွက်၊ ဆဋ္ဌမပစ္စယံ၌ ၈၀ ကွက် စုစုပေါင်း ၁၂၄ ကွက် ရှိပြီး ဇာတ်အရှည်ဆုံး ဖြစ်ပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့ကို ဖော်ပြသော စဉ့်ကွက်များ အကြောင်းအရာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

## တေမိဇာတ်

**နံပါတ်စဉ် ၅၃၈။**

အလယ်ထိုင်ခုံပေါ်တွင် ဘုရားလောင်းနတ်သားပုံ၊ သူ၏ လက်ယာဘက်ဘေး၌ သိကြားမင်းပုံဖြစ်ပြီး တေမိယမင်း သားအဖြစ် လူပြည်လူ့ရွာ၌ စန္ဒာဒေဝီမိဖုရားကြီး ဝမ်းတိုက်သို့ စုတေပြီးဝင်ရန် ပြောကြားသည့်ပုံ။



**နံပါတ်စဉ် ၅၃၉။**

ညောင်စောင်းပေါ်တွင် စန္ဒာဒေဝီမိဖုရားကြီး လဲလျောင်း နေဟန်၊ ဘုရားလောင်းသည် စန္ဒာဒေဝီ ဝမ်းတိုက်သို့ ဝင်ရန် လက်ယာခါးစောင်းအနီး၌ ရှိခိုးလျက်ထိုင်နေဟန်ပုံ။

**နံပါတ်စဉ် ၅၄၀။**

ပျောက်နေပါသည်။

**နံပါတ်စဉ် ၅၄၁။**

ခမည်းတော်၏ လက်ထည်းတွင် ဘုရားလောင်း တေမိ မင်းသားထိုင်နေပုံ၊ ရှေ့တွင် ကလေး၏ လက္ခဏာကြည့်မည့် ပုဏ္ဏားများပုံ။

**နံပါတ်စဉ် ၅၄၂။**

တေမိမင်းသား တစ်လသားအရွယ်၌ သူခိုးလေးဦးအား ဖမ်းလာပုံ၊ ရှိခိုးနေသူမှာ ဖမ်းလာသူဖြစ်ပြီး ခမည်းတော်နှင့် သားတော်တေမိယပုံ။

**နံပါတ်စဉ် ၅၄၃။**

ထီးချက်တောင့် နတ်သမီးသည် ညောင်စောင်းတွင် လဲ လျောင်းနေသော ဘုရားလောင်း စဉ်းစားနေစဉ် ကိုယ် ထင်ပေါ်ကိုယ်ထင်ပြပြီး ဘုရားလောင်းအား သတိပေးအကြံ ပြုပါသည်။ ၎င်း၏ခမည်းတော်သည် သူခိုးများအပေါ် ပြင်းထန်စွာစီရင်ချက် ချမြင်းအားဖြင့် ဘုရားလောင်းအား ထိတ်လန့်စေသည်။ သူမင်းဖြစ်လျှင်လည်း ထိုကဲ့သို့ပင် စီရင်

ချက်ချရမည်ဖြစ်ကြောင်း နက်နဲစွာ စဉ်းစားနေဟန်ပုံ၊ ထီးချက်စောင့်နတ်သမီးကလည်း ရှင်ဘုရင်အဖြစ် ရှောင်ကြဉ်ရန် သတိပေးလာပါသည်။ မြေရင်းရိုကြာဖူးပုံမှာ ဘုရားလောင်း၏မွေးဖွားခြင်းအထိမ်းအမှတ်ဖြစ်ပြီး ညောင်စောင်းအောက်တွင် ရေမွှေးခွက်နှစ်ခွက် ဖြစ်ပါသည်။

**နံပါတ်စဉ် ၅၄၄။**

ထီးချက်စောင့်နတ်သမီးအနေဖြင့် နားလေးချင်ယောင်ဆောင်ရန် အကြံပေးစေသည်။ ဆွံ့အစေသည်။ ကျွဲအကွက်တွင် နို့ဖြင့်တိုက်၍စမ်းသပ်ဟန်ပုံဖြစ်သည်။ မြေရင်း၌ တစ်ဦးမှာ အစာအာဟာရကျွေးမွေးရန် တိုက်တွန်း နေဟန်ပုံဖြစ်သည်။

**နံပါတ်စဉ် ၅၄၅။**

တေမိမင်းသားအား မုန့်များဖြင့် စမ်းသပ်ခြင်း ညောင်စောင်း၌ လဲလျောင်းနေဟန်ပုံ၊

**နံပါတ်စဉ် ၅၄၆။**

အမျိုးသမီးလေးဦး တေမိမင်းသားအား သစ်သီးများဖြင့် စမ်းဟန်။

**နံပါတ်စဉ် ၅၄၇။**

တေမိမင်းသားအား လှပသော ကစားစရာများဖြင့် လှုပ်ရှားမှုရှိစေရန် အတွက် စမ်းဟန်။



**နံပါတ်စဉ် ၅၄၈။**

အလွန်မွှေးကြိုင်အရသာရှိသော အစားအစာများဖြင့် စမ်းဟန်။

**နံပါတ်စဉ် ၅၄၉။**

ပျောက်နေသည်။

**နံပါတ်စဉ် ၅၅၀။**

တေမိမင်းသား ခြောက်နှစ်သားအရွယ်၌ ဆင်ဖြင့် စမ်းနေဟန်ပုံ၊ မောဓိယနောက်၌ စမ်းသပ်၍မရသဖြင့် ဖခမည်းတော်စိတ်ပျက်နေဟန်ပုံ။ အပေါင်းအဖော်များ ဆင်ကြောက်၍ထွက်ပြေးဟန်ပုံများ ပါဝင်သည်။

**နံပါတ်စဉ် ၅၅၁။**

တေမိ မင်းသားအား မြွေများဖြင့် စမ်းဟန်၊ ပါးပြင်း ထနေသော ဦးခေါင်းမှာ တေမိမင်းသားအား အုပ်မိုးပြီး တေမိ၏ ကိုယ်လုံးအား ရစ်ပတ်ထားဟန်၊ အပေါင်းအဖော်များ ထွက်ပြေးဟန်။

**နံပါတ်စဉ် ၅၅၂။**

ကဟန် ကကွက် များဖြင့် စမ်းဟန်၊ တေမိ နောက်၌ ဖခမည်းတော်ပုံ၊ ရှေ့၌ ကနေဟန်တစ်ဦး၊ ကြည့်နေကြသော အပေါင်းအဖော် နှစ်ဦး၊ အမှန်မှာ အပေါင်းအဖော် ၅၀၀ ရှိသည်ဟု ဆိုသည်။

**နံပါတ်စဉ် ၅၅၃။**

ဓားဖြင့် တောမိမင်းသားအား စမ်းဟန်၊ ဖခမည်းတော်နှင့် တောမိမင်းသားပုံ၊ ရှေ့၌ ဦးခေါင်းကိုဖြတ်မည့်ပုံ၊ ချိန်ရွယ်၍ စမ်းဟန်။

**နံပါတ်စဉ် ၅၅၄။**

လူသုံးဦး ရေသင်းမှုတ်၍ နားလေးလျှင် ကြားရအောင် သဘောဖြင့် စမ်းဟန်၊

**နံပါတ်စဉ် ၅၅၅။**

ဘုရားလောင်းကို ဗုံနှစ်ခုဖြင့် စမ်းဟန်။

**နံပါတ်စဉ် ၅၅၆။**

တောမိယမင်းသားအား မီးတိုင်၊ မီးခွက်များဖြင့် စမ်းသပ်ဟန်။

**နံပါတ်စဉ် ၅၅၇။**

သကာခဲဖြင့် စမ်းဟန်၊ ယင်ကောင်များ နားစေ၍ စမ်းဟန်။

**နံပါတ်စဉ် ၅၅၈။**

တောမိယ ၁၄ နှစ်သားအရွယ်တွင် ဘုရားလောင်းအား အညစ်အကြေးဖြင့် စမ်းဟန်၊ ၎င်းအား မသုတ်မသင်ထားဟန်၊ ညောင်စောင်းအနီး၌ အမျိုးသမီး နှစ်ဦး ထိုင်၍ စောင့်ကြည့်နေဟန်။



**နံပါတ်စဉ် ၅၅၉။**

ညောင်စောင်းအောက်တွင် မီးဖိုများနှင့် ဖယ်ကြီးချပြီး စမ်းဟန်။

**နံပါတ်စဉ် ၅၆၀။**

ဘုရားလောင်း ဝဲယာ၌ မင်းကြီးနှင့် မိဖုရားကြီး၊ ၎င်းတို့ အကြိမ်ကြိမ် အမျိုးမျိုး စမ်းသော်လည်း မထူးခြား။ ၎င်းတို့၏ သားသည် ဆွံ့အသူမဟုတ်ဟု သိနေကြ၍ အကြောက် အကန် ပြောဆိုကြဟန်ပုံ၊ တောင်းပန် ပြောဆိုဟန်ပုံ။

**နံပါတ်စဉ် ၅၆၁။**

အလွန်လှပသော အပြိုမ့်သမကလေးဖြင့် စမ်းဟန်၊ ထနေဟန် အမျိုးသမီး တစ်ဦးပုံနှင့် ပလွေမှုတ်နေဟန် တစ်ဦး၊ ဗုံတီးနေဟန်ပုံကို ပါရှိသည်။

**နံပါတ်စဉ် ၅၆၂။**

ခုနစ်ရက်ခန့် ရှင်ဘုရင် လုပ်စေပြီး မြို့တော်အား ဆင်ဖြင့် လှည့်စေပြီး စမ်းဟန်။ ရှေ့၌ ဆင်ဦးစီး အလယ်၌ တောမိယ၊ နောက်၌ ထီးတော်မိုးပုံ။

**နံပါတ်စဉ် ၅၆၃။**

တောမိယ၏ ခမည်းတော်သည် မည်သို့မျှ စမ်းမရသဖြင့် သုသာန်သို့ ထုတ်သွားရန် အမိန့်ချမှတ်ပါသည်။ ရထားထိန်းလည်း သုသာန်သို့ ဘုရားလောင်းအား ပို့ဆောင်သွားဟန်ပုံ၊ နောက်၌ မယ်တော်မှာ ရင်ပတ်တီး၍ လိုက်ဟန်ပုံ။

**နံပါတ်စဉ် ၅၆၄။**

ရထားထိန်းသည် တေမိမင်းသားအား ရထားပေါ်သို့ တင်၍ သုသာန်သို့ မောင်းဟန်။

**နံပါတ်စဉ် ၅၆၅။**

ရထားထိန်းသည် ရထားအနီး၌ မြုပ်ရန် ကျင်းတူးနေဟန်၊ တေမိမင်းသားသည် ရထားပေါ်မှ ဆင်းသည်ကို ရထားထိန်းသိအောင် ဆင်းဟန်။

**နံပါတ်စဉ် ၅၆၆။**

မြေပေါ်ရောက်သောအခါ ၎င်း၏ ခွန်အားကို ပြလိုသောငှာ ရထားနောက်မြီးကို ကိုင်၍မြှောက်ဟန်၊ ရထားအောက်၌ မြင်းပုံ။

**နံပါတ်စဉ် ၅၆၇။**

သိကြားမင်း စေလွှတ်လိုက်သော ဝိသကြုံ နတ်သားရောက်လာပြီး ဘုရားလောင်း တေမိယ၏ ဖောင်းတုတ် ဆင်မြန်းနေဟန်ပုံ။

**နံပါတ်စဉ် ၅၆၈။**

ဖောင်းတုတ် ဆင်မြန်းပြီးသောအခါ တူးနေသော သစ်ပင်အောက်ရှိ ရထားထိန်းကို သွားမေးဟန်။



**နံပါတ်စဉ် ၅၆၉။**

စကားပြောလာသော တေမိအား ရထားထိန်း အလွန်နှစ်လိုရကား နန်းတော်သို့ ပြန်ရန် ဒူးတုပ်လျက် ပင့်ခေါ်နေဟန်ပုံ။

**နံပါတ်စဉ် ၅၇၀။**

တေမိယသည် ဖခမည်းတော်နှင့် မယ်တော်အား သတင်းပို့ခိုင်းဟန်။

**နံပါတ်စဉ် ၅၇၁။**

ရထားထိန်းသွားလျှင် သိကြားမင်းလည်း တေမိအား ရသေ့အသွင် ဖန်ဆင်းပေးလိုက်လေသည်။ ထံဘိုးနှစ်ထုံးနှင့် ရသေ့ပုံဖြစ်ပြီး ထမ်းပိုး ထမ်းနေဟန်၊ ထမ်းပိုးရှေ့၌ ရေထည့်ရန်ဘူးသီးခွံနှင့် ကျန်တစ်ဘက်၌ သစ်သီး ထမ်းလျက်သွားဟန်။

**နံပါတ်စဉ် ၅၇၂။**

ခမည်းတော်နှင့် မယ်တော်တို့သည် တေမိမင်းသားကို လာတွေ့ပါသည်။ တေမိယသည် သစ်ခက် တဲနန်း၌ထိုင်နေဟန်၊ အနီး၌ ခမည်းတော်နှင့် မယ်တော်ပုံ၊ သစ်ရွက်များ မိုးထားဟန်။

**နံပါတ်စဉ် ၅၇၃။**

တိမ်လိပ်များ ခံထားသော ရသေ့ရဟန်းဝတ်နှင့် တေမိပုံ၊ အနီးတွင် တဲအတွင်း တရားနာနေသော ၎င်း၏ ရသေ့ အပေါင်းအဖော် တစ်ဦး၏ ပုံ။

**နံပါတ်စဉ် ၅၇၄။**

တိုင်းပြည်၌ ဘုရင်မရှိတော့သဖြင့် မင်းသုံးပါး သိမ်းပိုက်ယာန်၊ ၎င်းနောက် တေမိရသေ့သည် လာ၍ မင်းသုံးပါးအား တရားဟောနေဟန်ပုံ၊

ဤတွင် တေမိဇာတ် ပြီးလေသည်။

## မဟာဇနက ဇာတ်

**နံပါတ်စဉ် ၅၇၅။**

မဟာဇနက မယ်တော်ဝမ်း၌ ပဋိသန္ဓေနေဟန်ပုံ ၊ လဲလျောင်းနေသော မိခင်နှင့် အထက်၌ တင်ပျဉ်ထိုင်နေဟန် ဘုရားလောင်းပုံကလေး။

**နံပါတ်စဉ် ၅၇၆။**

မဟာဇနက ဖွားတော်မူဟန်ပုံ၊ မယ်တော်နှင့် ဇနကအမိုးတွင် အထိန်းတော် အမျိုးသမီးပုံ။

**နံပါတ်စဉ် ၅၇၇။**

မဟာဇနကသည် အပေါင်းအဖော်များနှင့် ကစားနေဟန်ပုံ။

**နံပါတ်စဉ် ၅၇၈။**

အိမ်ထဲ၌ မိခင်အား ဖခင်အမည် မေးနေဟန်ပုံ။



**နံပါတ်စဉ် ၅၇၉။**

အိမ်ထဲတွင် ဇနကသည် သူ့အမေအား ကုန်ရောင်း ကုန်ဝယ်သွားရန် ပြောကြားနေဟန် (သူ့ဖခမည်းတော်၏ နန်းကို ပြန်ရရန်အတွက်)

**နံပါတ်စဉ် ၅၈၀။**

ဇနကမင်းသား သင်္ဘောပျက်ဟန်ပုံ၊ ရွက်တိုင်ထိပ်၌မတ်တတ်ရပ်ဟန်ပုံ၊ အခြားသော အပေါင်းအဖော်များမှာ အလွန်ကြီးသော ငါးကြီးများ အမျိုခံနေရဟန်ပုံ။

**နံပါတ်စဉ် ၅၈၁။**

မဟာဇနက ရေကူးနေဟန်နှင့် မဏိမေခလာ နတ်သမီး စောင့်ကြည့်နေဟန်ပုံ။

**နံပါတ်စဉ် ၅၈၂။**

မေခလာနတ်သမီးက မဟာဇနကအား ပွေ့၍ ကောင်းကင်ယံမှ သယ်ဆောင်လာဟန်၊ နောက်၌ တိမ်လိပ်များပုံ၊ ရေထည်း၌ သင်္ဘောပျက်၍ ပျောသူများအား ငါးကြီးများ မျိုနေဟန်ပုံ။

**နံပါတ်စဉ် ၅၈၃။**

မဏိမေခလာ နတ်သမီးသည် မဟာဇနကအား မိထိလာပြည် သရက်ပင်အောက်ရှိ ကျောက်ဖျာပေါ်တွင်ချထားဟန်၊ နန်းတော်မှ မင်းဆရာသည် ဘုရားလောင်း၏ ခြေထောက်ကို ကြည့်နေဟန်ပုံ။

နံပါတ်စဉ် ၅၈၄။

ဘုရားလောင်းသည် ကျောက်ဖျာပေါ်၌ ထိုင်နေဟန်၊ အနီး၌ရပ်၍ ခရသင်းကိုင်နေဟန်၊ ပဏ္ဏားနှစ်ဦးပုံ။

နံပါတ်စဉ် ၅၈၅။

မြင်းရထားဖြင့် ဘုရားလောင်းအား နန်းတော်သို့ ခေါ်ဆောင်သွားဟန်ပုံ။

နံပါတ်စဉ် ၅၈၆။

မှူးမတ်များသည် ဇနကမင်းအား မင်းမြှောက်ကြဟန်ပုံ။

နံပါတ်စဉ် ၅၈၇။

နတ်ရွာစံသွားသော မင်း၏ သမီးတော်သည် မင်းချင်းတစ်ယောက်အား စေလွှတ်၍ မည်သို့တွေ့ဆုံရမည်ကို အမေးအမြန်းခိုင်းဟန်။

နံပါတ်စဉ် ၅၈၈။

မဟာဇနကသည် မင်းသမီးအားတွေ့ဆုံပြီး နန်းတော်သို့ လက်ဆွဲခေါ်လာဟန်ပုံ။

နံပါတ်စဉ် ၅၈၉။

မဟာဇနကသည် နတ်ရွာစံသော ဘုရင်ကြီးက မည်သို့ အမိန့်များ မှာထားခဲ့သနည်းဟု အမတ်များအား မေးမြန်းနေဟန်။



နံပါတ်စဉ် ၅၉၀။

အမတ်များက နတ်ရွာစံပြီးသော ဘုရင်ကြီးက လေးထောင့် ညောင်စောင်းအား ခြေရင်း ခေါင်းရင်း ခွဲခြားနိုင်သူအား နန်းစံစေဟု မှာခဲ့ကြောင်း ပြောသဖြင့် မဟာဇနကသည် မင်းသမီးအား ရွှေဆံထိုးတစ်ခုပေးလိုက်သည်။ မင်းသမီးသည် ရွှေဆံထိုးအား ခေါင်းရင်းတွင် သိမ်းလိုက်သည်။ ထိုအခါ ဇနကသည် ညောင်စောင်း၏ခေါင်းရင်းအား ပြနိုင်ပါသည်။ ပုံမှာ ဇနကမင်းက မင်းသမီးအား ရွှေဆံထိုး ပေးနေဟန်ပုံ။

နံပါတ်စဉ် ၅၉၁ မှ ၅၉၄ အထိ မရှိတော့ပါ။

နံပါတ်စဉ် ၅၉၅။

ရုပ်ပုံများ ပျက်နေပါသည်။ အိမ်အတွင်း ဘုရားလောင်းပုံနှင့် ဒူးထောက်ရှိခိုးနေဟန် တစ်ဦး၊ အောက် ခြေ ရှိ စာ မှာ ဥယျာဉ်ဟူ၍ ဖတ်ရပါသည်။ ဥယျာဉ်သွားရန် လျှောက်ထားဟန် ဖြစ်ဖွယ်ရှိပါသည်။

နံပါတ်စဉ် ၅၉၆။

မဟာဇနကမင်း ဥယျာဉ်သို့ ထွက်တော်မူဟန်ပုံ၊ ရှေ့တွင် ဆင်ဦးစီး၊ အလယ်၌ ဇနက၊ နောက်၌ ထီးတော်မိုးပုံ။

နံပါတ်စဉ် ၅၉၇။

မဟာဇနကမင်း သရက်ပင်နှစ်ပင်ကို ကြည့်ရှုဟန်။

**နံပါတ်စဉ် ၅၉၈။**

မဟာဇနကသည် သရက်သီးစားပြီးနောက် အသီးသီးသော သရက်ပင်မှာ ကိုင်းများ ချိုးဖဲ့ ဖျက်ဆီးခံရသည့် အကြောင်းရင်းကို မေးမြန်းဟန်၊ မင်းအမှုထမ်းတစ်ဦး ဒူးထောက်၍ ရှင်းပြဟန်ပုံ။

**နံပါတ်စဉ် ၅၉၉။**

အသီးမသီးသောအပင်သည် အဖျက်မခံရဘဲ အသီးသီးသော အပင်သာ ဖျက်ဆီးခြင်းခံရသည်ကို သံဝေဂရပြီး တောထွက်ရန်အတွက် စစ်သူကြီးအား ခေါ်၍ တိုင်းပြည်ထီးနန်းကို လွှဲအပ်နေဟန်။

**နံပါတ်စဉ် ၆၀၀။**

နန်းတော်ဦး၌ ရဟန်းအသွင်ပြု၍ နေဟန်၊ မင်းချင်း နှစ်ယောက်သာ သိစေပြီး အစာရေစာ လာပေးနေကြဟန် နှစ်ဦးပုံ။

**နံပါတ်စဉ် ၆၀၁။**

မင်းချင်းနှစ်ဦးသည် သပိတ်ကို ယူ၍ မဟာဇနကအား ပေးဟန်ပုံ။

**နံပါတ်စဉ် ၆၀၂။**

မဟာဇနကက ၎င်း၏ ဆံပင်နှင့် မုတ်ဆိတ်များကို ရိတ်ပစ်ဟန်ပုံ။



**နံပါတ်စဉ် ၆၀၉။**

မဟာဇနကမင်း အိမ်မှဆင်း၍ သပိတ်လွယ်၍ ထွက်လာဟန်၊ ၎င်း၏ မိဖုရားခေါင်ကြီးနှင့် မောင်းမများသည် ရှိခိုးကြဟန်။

**နံပါတ်စဉ် ၆၀၂။**

မဟာဇနက နန်းမှခွာ၍ တောထွက်ဟန်၊ ငှက်မျှော်ပင် သုံးပင်နှင့် မင်းအိမ်ပုံ၊ ဝဲဘက်၌ သပိတ်လွယ်ပြီး လက်ယာဘက်၌ တောင်ဝှေးကိုင်ထွက်လာဟန်။

**နံပါတ်စဉ် ၆၁၀။**

မဟာဇနက တောထွက်သွားသဖြင့် ကျန်ရစ်သူ မိဖုရားများ ရင်ဘတ်ထုကြဟန်။

**နံပါတ်စဉ် ၆၁၁။**

မိဖုရားများသည် နန်းတော်တွင် မီးလောင်နေဟန်ကို ပြ၍တားဟန်၊ ဇနကမှာ လက်မြှောက်၍ဆက်သွားဟန်။

**နံပါတ်စဉ် ၆၁၂။**

မိဖုရား သိဝလီ လိုက်မလာနိုင်စေရန် မြေကြီးပေါ်၌ စည်းတားဟန်၊ မိဖုရားကြီး မြေပေါ် သို့ပစ်လှဲ၍ မြေ၌ လူးဟန်။

**နံပါတ်စဉ် ၆၀၈။**

ဇနကမှာ ခေါင်းတုံး (ကတုံး) တုံးပြီး ရဟန်းဖြစ်လာပုံ၊ လမ်းတွင် တောင်ဝှေးကိုင်ထားဟန်၊ အနီးတွင် နာရဒရသေ့

---

* မှတ်ချက်။ ။နံပါတ်စဉ်များ အစီမကျ၊ ကျော်လွှားနေပါသည်။

မှာ ဆံထုံး နှစ်ထုံးနှင့် တိမ်လိပ်များကို ဇနကအား ညွှန်ကြား ပြသနေဟန်ပုံ။

**နံပါတ်စဉ် ဖ၁၀။**

ခွေးတစ်ကောင် အသားတုံးခိုးချီလာရာမှ ကြောက်လန့်၍ ချပစ်ခဲ့ဟန်၊ မဟာဇနကမင်းက ကောက်ယူနေဟန်၊ မိဖုရား သီဝလီ နောက်၌ ရပ်နေဟန်ပုံ။

**နံပါတ်စဉ် ဖ၁၁။**

မဟာဇနကသည် ခွေးထားခဲ့သောအသားကို သပိတ်ထဲ ထည့်နေသည်ကို မိဖုရား သီဝလီမြင်သဖြင့် စက်ဆုပ်ရွံရှာစွာ ကြည့်ဟန်။

**နံပါတ်စဉ် ဖ၁၂။**

ဇနကသည် အသားတုံးကို စားနေဟန်၊ မိဖုရားသီဝလီက စက်ဆုတ်ခြင်းကို ဆုံးမ ပြောဆိုဟန်။

**နံပါတ်စဉ် ဖ၁၃။**

ဇနကနှင့် သီဝလီတို့သည် လက်ကောက်ဝတ်ထားသော အမျိုးသမီးငယ်တစ်ဦးနှင့်တွေ့ဟန်၊ လက်ကောက်တစ်ဘက် တည်းဖြင့် အသံမမြည် ရိုက်ခတ်သံမရှိ၊ လက်ကောက်နှစ်ခု ဆိုလျှင် အသံမြည်သေသည်။ ထိုသင်ခန်းစာကိုယူ၍ တစ် ယောက်တည်းနေလျှင် ပိုကောင်းကြောင်း ဆုံးမပြောဆို ဟန်။



**နံပါတ်စဉ် ဖ၁၄။**

မြားလုပ်သောသူနှင့်တွေ့၍ မြားပစ်လျှင် အဘယ်ကြောင့် မျက်စိတစ်ဘက်မှိတ်ရကြောင်း မေးလေဟန်၊ မြားသမားက မျက်စိတစ်ဘက်မှိတ်၍ တစ်ဘက်ဖြင့် မြားပစ်လျှင် မှန်နိုင် သည်။ မျက်လုံးတစ်စုံလုံးဖြင့်ကြည့်ပါက လွဲသွားနိုင်ကြောင်း၊ ထိုနည်းတူ တောထွက်ရာတွင် အမျိုးသမီးကို မခေါ်သင့် ကြောင်း သင်ခန်းစာယူဟန်။

**နံပါတ်စဉ် ဖ၁၄။**

မူလကပင် နံပါတ်ထပ်နေသည်။ မိဖုရား သီဝလီသည် ဇနကအားပြန်ခေါ်ရန် မည်သို့မျှ မစွမ်းဆောင်နိုင်တော့ပါ။ ကြီးမားသောတောနက်ကြီးအနီးတွင် နှစ်မျောသွားပါတော့ သည်။ ဘုရားလောင်းသည် တစ်ဦးတည်း တောထဲမှာ နေ ခဲ့ဟန်၊ မိဖုရား သီဝလီမှာ ပြည်တော်ပြန်ပြီး ရသေ့မဖြစ် သွားလေသည်။

ဤတွင် မဟာဇနကဇာတ် ပြီးဆုံးသွားပါသည်။

## သုဝဏ္ဏသာမဇာတ်

**နံပါတ်စဉ် ဖ၁၅။**

သုဝဏ္ဏသာမသည် နတ်ပြည်မှ စုတေ၍ အမိ ဝမ်းဘိုက်သို့ ပဋိသန္ဓေ ရနေဟန်။

**နံပါတ်စဉ် ဖ၁၆။**

သုဝဏ္ဏသာမ ဖွားမြင်ဟန်၊ ခမည်းတော်အနီးတွင် ထိုင်နေ ဟန်။

**နံပါတ်စဉ် ၆၁၇။**

မိဘနှစ်ပါး သုဝဏ္ဏသာမအား ရေချိုးပေးဟန်။

**နံပါတ်စဉ် ၆၁၈။**

ကိန္နရီကိန္နရာများသည် မိဘနှစ်ပါး သစ်သီးဝလံ ထွက်ရှာနေချိန်၌ ကလေးအား ခေါ်သွားပြီး ရေချိုး ပန်းပန်ပေးကြဟန်။

**နံပါတ်စဉ် ၆၁၉။**

မိဘနှစ်ပါး မြွေမှုတ်ခံရ၍ မျက်စိ ကွယ်သွားကြသဖြင့် တောင်ဝှေးရှည်ဖြင့် တဲသို့ ပြန်ခေါ်လာဟန်။

**နံပါတ်စဉ် ၆၂၀။**

မျက်မမြင် မိဘနှစ်ပါး တဲနန်းတွင်ထိုင်ဟန်၊ သုဝဏ္ဏသာမ သစ်သီးဝလံများ ရှာဖွေ၍ ယူလာဟန်။

**နံပါတ်စဉ် ၆၂၁။**

တဲနန်း၌ မိဘနှစ်ပါးထိုင်နေဟန်နှင့် သုဝဏ္ဏသာမ ရေခပ်သွားရန်ပြောဟန်။

**နံပါတ်စဉ် ၆၂၂။**

သုဝဏ္ဏသာမကို တောတွင်းရှိ တိရစ္ဆာန်များ အားလုံးက ချစ်ခင်မြတ်နိုးကြသည်။ ရေခပ်သွားရာတွင် သမင်နှစ်ကောင် လိုက်လာဟန်။



**နံပါတ်စဉ် ၆၂၃။**

သုဝဏ္ဏသာမသည် မိဘနှစ်ပါးအား လုပ်ကျွေးရန်အတွက် တောင်သို့ ကိန္နရီ ကိန္နရာများနှင့် သစ်သီးဝလံ ထွက်ရှာဟန်။

**နံပါတ်စဉ် ၆၂၄။**

သုဝဏ္ဏသာမ ရေချိုးပြီးနောက် သမင်၏ ကျောပေါ်တွင် ရေအိုးတင်၍ ရေခပ်လာဟန်။

**နံပါတ်စဉ် ၆၂၅။**

ပီဠိယက္ခမင်းကြီးက သုဝဏ္ဏသာမကို လူလောနတ်လော ထူးဆန်းနေ၍ လေးမြားဖြင့်ပစ်ဟန်။

**နံပါတ်စဉ် ၆၂၆။**

သုဝဏ္ဏသာမ လက်ယာနံပါးကို မြားထိ၍လဲဟန်၊ ခြေရင်းတွင် ပီဠိယက္ခမင်းကြီး အထင်မှားပြီး ပစ်မိသဖြင့် မှားယွင်းကြောင်း စိတ်မကောင်းဖြစ်ဟန်။

**နံပါတ်စဉ် ၆၂၇။**

သုဝဏ္ဏသာမက ပီဠိယက္ခမင်းကြီးအား အဘယ့်ကြောင့် ပစ်ခတ်ရကြောင်း မေးဟန်၊ ပြောရင်း မေးရင်းဖြင့် မေ့မျောသွားသဖြင့် ပီဠိယက္ခမင်းကြီးသည် သေပြီအထင်နှင့် သည်းထန်စွာ ငိုကြွေးဟန်။

**နံပါတ်စဉ် ၆၂၈။**

ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမသေပြီဟု ယူဆသဖြင့် ပန်းများ ရေပန်းများဖြင့် ဖျန်းနေဟန်။

နံပါတ်စဉ် ၆၂၉။

ပိဋကကျွမ်းကြီးသည် ရေအိုးကို ကောက်ယူပြီး သစ်ခက်တဲနန်းသို့သွားသည်။ သုဝဏ္ဏသာမ၏ ကံကြမ္မာကို ပြောကြားပြီး သုဝဏ္ဏသာမရှိရာသို့ မိဘနှစ်ပါးအား ခေါ်လာဟန်။

နံပါတ်စဉ် ၆၃၀။

ဖခင်သည် သုဝဏ္ဏသာမ၏ ခေါင်းရင်း၌ထိုင်၍သုဝဏ္ဏသာမ၏ဦးခေါင်းကို ယင်း၏ပေါင်ပေါ် တင်ထားပြီး ဝဲလက်ဖြင့် စမ်းသပ်ဟန်၊ မိခင်သည် ခြေရင်း၌ထိုင်၍ ယာလက်ဖြင့် သူ့မ၏ ခေါင်းကုပ်နေဟန်၊ ပိဋကကျွမ်းမှာ ဒူးထောက်နေဟန်။

နံပါတ်စဉ် ၆၃၁။

သုဝဏ္ဏသာမ၏ မိဘနှစ်ပါး နတ်သမီးနှင့် ပိဋကကျွမ်းတို့ တစ်ဦးပြီးတစ်ဦး သစ္စာဆိုကြပြီး သုဝဏ္ဏသာမ အသက်ပြန်ရှင်လာဟန်။

နံပါတ်စဉ် ၆၃၂။

သုဝဏ္ဏသာမသည် ထထိုင်၍နေဟန်၊ ဝဲယာ၌ မိဘနှစ်ပါးနှင့် ပိဋကကျွမ်းကြီးတို့ ထိုင်နေကြဟန်။

နံပါတ်စဉ် ၆၃၃။

သုဝဏ္ဏသာမ၏ မိဘနှစ်ပါးအား လုပ်ကျွေးရန်ကတိပြုခဲ့ရာမှ လွတ်သွားသဖြင့် သုဝဏ္ဏသာမသည် တရားဟောလိုက်ဟန်၊ ပိဋကကျွမ်းရှိခိုး၍ ဗာရာဏသီသို့ ပြန်ဟန်။

ဤတွင် သုဝဏ္ဏသာမဇာတ် ပြီးလေသည်။



## နေမိဇာတ်

နံပါတ်စဉ် ၆၃၄။

နေမိဖွားတော်မူဟန်၊ ပုဏ္ဏားဟူးရားတို့ ကြန်အင်လက္ခဏာကြည့်ဟန်။

နံပါတ်စဉ် ၆၃၇။

နေမိမင်း နန်းအတွင်း ထီးဖြူအောက်တွင် ထိုင်နေဟန်၊ ရှေ့တွင် ခရသင်းများနှင့် ပုဏ္ဏားသုံးဦး ရပ်နေဟန်။

နံပါတ်စဉ် ၆၃၈။

နေမိမင်းသည်တာဝတိံသာမှဆင်းလာသောသိကြားမင်းအား မေးနေဟန်၊ သိကြားမင်းဖြေနေဟန်ပုံ၊ သူတော်စင်၏နောက်ဆုံးဘဝသည် ပို၍ကောင်းသလော။ မေးမြန်းပါသည်။ သိကြားမင်းသည် တွေးတောပါသည်။

နံပါတ်စဉ် ၆၃၉။

သိကြားမင်းသည် တာဝတိံသာသို့ ပြန်လာသောအခါ ဘယ်ရောက်ခဲ့သလဲ မေးကြသည်။ သိကြားမင်းသည် နေမိမင်းကြီးကိုချီးကျူးခန်းများကို ရေရွတ်ပါသည်။ နတ်များတို့သည် သူတော်ကောင်းမင်းကြီးအားဖူးမျှော်လို၍ သိကြားမင်းသည် မာတလိနတ်သားအား ပင့်ဆောင်ရန် စေလွှတ်လိုက်ပါသည်။ နန်းအတွင်း နေမိမင်းထိုင်နေဟန်၊ ရှေ့တွင် မာတလိ မြင်းရထားနှင့် လာဟန်ပုံ။

**နံပါတ်စဉ် ၆၄၀။**

မာတလိသည် နေမိမင်းကြီးအား ရထားဖြင့် တင်ဆောင်လာဟန်၊ ငရဲဘုံနှင့်တာဝတိံသာဘယ်သို့ အရင်သွားမလဲ မေးဟန်၊ ပထမ ငရဲဘုံသို့ ရွေးချယ်ပြောဆိုဟန်။

**နံပါတ်စဉ် ၆၄၁။**

မာတလိနတ်သားသည် နေမိမင်းကြီးအား ငရဲခန်းများကို ပြနေဟန်။

**နံပါတ်စဉ် ၆၄၂။**

နေမိမင်းကြီး နတ်ဘုံနတ်နန်းများကိုကြည့်ဟန်၊ဘုံငါးဆင့်နှင့် ပြာသာဒ်အတွင်း နတ်တစ်ပါး ထိုင်နေဟန်။

**နံပါတ်စဉ် ၆၄၃။**

နေမိမင်းကြီး သိကြားမင်းနှင့် ပြောဆိုနေဟန်။

**နံပါတ်စဉ် ၆၄၄။**

နေမိမင်းကြီး လူပြည်သို့ ပြန်ရောက်ပြီး တိုင်းသူပြည်သားများအား တရားဟောဟန်၊ ငရဲဘုံ၏ ကြောက်လန့်ဖွယ်ရာနှင့် နတ်ဘုံ၏ချမ်းသာခြင်းတို့ကို ဟောကြားခြင်းလူနှစ်ဦးကျုံ့ကျုံ့ထိုင်၍ရှိခိုးနေဟန်။

**နံပါတ်စဉ် ၆၄၅။**

မုတ်ဆိတ်ရိတ်သူသည် နေမိမင်းကြီးအား ပထမဆုံး ထွက်ပေါ်လာသော ဆံပင်ဖြူအား ပြသနေဟန်။



**နံပါတ်စဉ် ၆၄၆။**

နေမိမင်းသည် ယခင်က ဘိုးလောင်းတော် ဘေးလောင်းတော်တို့၏ ထုံးစံအတိုင်း ဆံပင်ဖြူတစ်ပင် စတင်တွေ့ရှိလာပြီဖြစ်၍ တောထွက်၍ ရဟန်းပြုဟန်၊ နေမိရဟန်းနှင့် ရှေ့တွင် ရှစ်ခိုးနေဟန်နှစ်ဦးပုံ။

ဤတွင် နေမိမင်းဇာတ် ပြီးသည်။

### မဟောသဓဇာတ်

**နံပါတ်စဉ် ၆၄၇။**

မဟောသဓ ပဋိသန္ဓေယူဟန်။

**နံပါတ်စဉ် ၆၄၈။**

မဟောသဓ ဖွားမြင်ဟန်၊ မယ်တော်အိမ်အတွင်း လဲလျောင်းဟန်၊ အောက်၌ ကျုံ့ကျုံ့ထိုင် ရှိခိုးဟန်သုံးဦး၊ မြေရင်း၌တစ်ဦး၊ မြေဆုပ်လက်နယ်ပြုဟန်။

**နံပါတ်စဉ် ၆၄၉။**

သိကြားမင်းလာ၍ မဟောသဓ လက်ထဲသို့ ဆေးလုံးလာထည့်ဟန်။

**နံပါတ်စဉ် ၆၅၀။**

မိခင်ဖြစ်သူသည် မဟောသဓလက်တွင်းမှ ဆေးကိုကြည့်ဟန်၊ မဟောသဓက ဝေဒနာခံစားသူများကို ဤဆေးဖြင့်ကုရန်ပြောဟန်၊ အာယိန်းတော်သည် မဟောသဓ ကလေးအား

မြှောက်နေဟန်၊ ရှေ့တွင် မယ်တော်နှင့် နောက်တွင် ဖခင် ထိုင်နေဟန်။

နံပါတ်စဉ် ၆၅၁။

မဟောသဓ အမည်မှည့်ဟန်။

နံပါတ်စဉ် ၆၅၂။

မဟောသဓ ဖွားမြင်သည့် နေ့တွင် ဖွားဖက် ကလေး တစ်ထောင်ရှိရာ ဖခင်များက မဟောသဓထံ လာပို့ကြဟန်၊ မဟောသဓ၏ရှေ့၌ ကလေးတစ်ဦးနှင့် အထိန်းတော်တစ်ဦးပုံ ပါသည်။

နံပါတ်စဉ် ၆၅၃။

မဟောသဓနှင့် အပေါင်းအဖော်များ ကစားကြဟန်၊ မိုးရွာခြင်း၊ ဆင်လာခြင်းတို့ကြောင့် ကစားခြင်းပျက်ရသည်။ ဆင်တစ်ကောင်ပုံနှင့် ကလေးနှစ်ဦး ထွက်ပြေးဟန်ပုံ။

နံပါတ်စဉ် ၆၅၄။

တစ်နေ့သောအခါ ကလေးများသည် အခါမဟုတ် လေ ပြင်းမုန်တိုင်း ကျလာသဖြင့် မဟောသဓသည် ဇရပ်တွင်းသို့ ဝင်ပြေး၍ လွတ်ဟန်၊ ကလေးနှစ်ဦး ပြေးလာဟန်။

နံပါတ်စဉ် ၆၅၅။

မဟောသဓသည် ကြီးမားသောအဆောက်အအုံ ခန်းမ ကြီးတည်ဆောက်ရန် အကြံပေါ်လာပြီး ကလေးတစ်ဦးလျှင် အသပြာအနည်းငယ်စီယူခဲ့ကြရန် မှာကြားပါသည်။ ရသော



ငွေတစ်ထောင်ဖြင့် လက်သမားဆရာအား ငွေအပ်နှံဟန်၊ နောက်၌ ကလေးနှစ်ဦးပုံ။

နံပါတ်စဉ် ၆၅၆။

လက်သမားဆရာသည် မဟောသဓ၏ အကြံဉာဏ်ကို မသိ သဖြင့် မဟောသဓ၏ ညွှန်ကြားချက်အတိုင်း ဆောက်နေ ဟန်။

နံပါတ်စဉ် ၆၅၇။

ဇရပ်ကြီးပြီးသောအခါ ရေကန်ဆောက်ရန် လိုနေသော ကြောင့် ဗိသုကာဆရာနှင့် အကောက်တစ်ထောင်၊ အကွေ့ တစ်ထောင်ရှိသော ရေကန်ကိုတိုင်ပင်၍ တည်ဆောက်ပြီး ဟန်၊ ရေကန်ပုံ၊ မဟောသဓပုံ၊ ဗိသုကာပုံ၊ ကလေး တစ်ဦးပုံ။

နံပါတ်စဉ် ၆၅၈။

မဟောသဓ ကျော်ကြားမှု ကျယ်ပြန့်လာလေပြီ။ မြည် သူများသည် ၎င်းတို့၏ ငြင်းခုံမှု တရားမှုများကို နာခံရန် လာကြသည်။ ဇာတ်အတွင်းမှ မဟောသဓပုံ၊ ရှေ့၌ရှိခိုးနေဟန် သုံးဦး။

နံပါတ်စဉ် ၆၅၉။

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓ၏ ကျော်ကြားမှု ကိုသိ၍ စမ်းသပ်ရန် မင်းချင်းတစ်ယောက်အား စေလွှတ်၍ ကြည့်စေသည်။ သိမ်းငှက်တစ်ကောင်သည် အသားတုံးတစ် တုံးကို ချီ၍သွားသည်ကို မြန်လည်ရရှိရန်အတွက် သိမ်းငှက်၏

အရိပ်အား လိုက်နင်းပြီးအော်ဟန်၊ သိမ်းငှက် အမဲသားတုံး လွှတ်ချဟန်၊ နောက်၌ အဖော်နှစ်ဦးရှေ့၌ လက်ခုပ်တီးဟန် လူကြီးတစ်ဦး။

**နံပါတ်စဉ် ၆၆၀။**

မဟောသဓ နွားခိုးမှု ဆုံးဖြတ်ဟန်၊ ဇရပ်ထဲ၌ ထိုင်ဟန်၊ ရှေ့၌ နွားနှစ်ကောင်နှင့် ရှိခိုးနေဟန် နှစ်ဦးပုံ။

**နံပါတ်စဉ် ၆၆၁။**

လည်ဆွဲတရားစီရင်ခန်း၊ အောက်ဘက်၌ အမျိုးသမီးနှစ်ဦးပုံ၊ အထက်၌ ရေတကောင်း တစ်ခုပုံ။

**နံပါတ်စဉ် ၆၆၂။**

ချည်ခင်လုံး တရားစီရင်ခန်း၊ ရှေ့တွင် အမျိုးသမီးနှစ်ဦး နှင့် သူငယ်တစ်ဦးပုံ။

**နံပါတ်စဉ် ၆၆၃။**

ကလေးတရားစီရင်ခန်း၊ ရှေ့တွင် ဘီလူးမပုံနှင့် ကလေး ချီမြောက်နေဟန် မိန်းမပုံ။

**နံပါတ်စဉ် ၆၆၄။**

မယားခိုးတရားစီရင်ခန်း၊ ရှေ့တွင် အမျိုးသမီးတစ်ဦးနှင့် ယောကျ်ားနှစ်ဦးပုံ။

**နံပါတ်စဉ် ၆၆၅။**

နွားလှည်းတရားစီရင်ခန်း၊ မဟောသဓရှေ့တွင် နွားလှည်း နှင့် သိကြားမင်းပုံ၊ ပိုင်ရှင်ပုံ။



**နံပါတ်စဉ် ၆၆၆။**

ရွာသားတုံးရင်းသျှား ပြဿနာ ဖြေရှင်းခန်း၊ ရှေ့တွင် ရွာသားတစ်ဦး ကြည့်နေဟန်၊ မဟောသဓသည် ရွာသား တုံးအလယ်၌ ကြိုးချည်၍ ရေအိုးထည်းထည့်၍ ပြဟန်။

**နံပါတ်စဉ် ၆၆၇။**

ယောကျ်ားခေါင်းခွံ၊ မိန်းမခေါင်းခွံပဟေဠိဖြေရှင်းဟန်၊ မဟောသဓ ရှေ့မှောက်တွင် ရွာသားတစ်ဦး ဦးခေါင်းခွံကို မြှောက်နေဟန်။

**နံပါတ်စဉ် ၆၆၈။**

မြွေဖိုမြွေမ ဖြေရှင်းဟန်၊ ရှေ့တွင် မြွေနှစ်ကောင်နှင့် ရှိခိုး နေဟန် ရွာသားတစ်ဦး။

**နံပါတ်စဉ် ၆၆၉။**

ကြက်ဖြူစကားထာ ဖြေရှင်းဟန်၊ ခြေ၌ ချိုနှစ်ခုရှိ၍ ခေါင်း၌ အမောက်ပါသော တစ်နေ့သုံးကြိမ် တွန်သောနွား သည် ဘယ်ဟာလဲ၊ စကားထာပဟေဠိကို ဖြေရှင်းဟန်၊ ရှေ့၌ ရွာသားတစ်ဦးက ကြက်ဖကိုင်မြှောက်နေဟန်။

**နံပါတ်စဉ် ၆၇၀။**

တွန့်လိမ်ကောက်သော ပတ္တမြားအတွင်း ချည်ကြိုးသွင်း ခြင်း အခက်အခဲ ဖြေရှင်းဟန်၊ လူနှစ်ဦးက ကောက်နေ သော ပတ္တမြားကိုကိုင်ဟန်၊ ချည်ကြိုးတွင် ပျားရည်သုတ်၍ သွင်းထားပြီး ပုရွက်ဆိတ်များအား ဆွဲစေဟန်။

**နံပါတ်စဉ် ၆၇၁။**

နွားလားဥသဘမှ နွားလေးမွေးခြင်း ပဟေဠိ ပြဿနာ ဖြေရှင်းဟန်၊ ရှေ့တွင် ရွာသားတစ်ဦးနှင့် နွားသိုးပုံ။

**နံပါတ်စဉ် ၆၇၂။**

ထမင်းအိုးအတွင်း ထမင်းသုံးမျိုးချက်၍ ဖြေရှင်းဟန်၊ ရှေ့၌ ထမင်းအိုးမွှေနေသော လူတစ်ဦး။

**နံပါတ်စဉ် ၆၇၃။**

ရွာသားများအား သဲဖြင့်လုပ်သော လွန်ကြိုးတစ်ခု လုပ်ပေးရန် ဝိဒေဟရာဇ်မင်းကြီးကခိုင်းရာ မဟောသဓက သဲဖြင့်ကျစ်ထားသော ကြိုးဟောင်းနမူနာပေးရန်အတွက် မင်းကြီးထံ အတောင်းဆိုင်းဟန်၊ ရှေ့၌ ရွာသားနှစ်ဦး ကျုံ့ကျုံ့ထိုင် ရှိခိုးဟန်။

**နံပါတ်စဉ် ၆၇၄။**

မင်းကြီးသည် တောသဲတွင် ကြာမျိုးစုံသော ရေကန်တစ်ခု ဖန်တီးပေးရန် ရွာသားများအား အမိန့်ချပြန်သည်။ မဟောသဓသည် ရွာသားများအား ရေကန်ကိုဖမ်းရန် ကြိုးများ၊ မြေဆိုင်ခဲများကိုင်၍ ဖမ်းရန်အတွက် မင်းကြီးအား သွားလျှောက်ရန် မဟောသဓက ညွှန်ကြားနေပုံ။

**နံပါတ်စဉ် ၆၇၅။**

အထက်ပါနည်းအတိုင်း သစ်ပင်ပန်းမာလ်အပြည့်အစုံနှင့် ဥယျာဉ်တစ်ခု ဖန်တီးပေးရန် ရွာသားများအား အမိန့်ချပြန်ရာ မဟောသဓသည် အထက်ပါနည်းအတိုင်း ဥယျာဉ်ဖမ်းရန်



မင်းကြီးအား သွားလျှောက်ရန် မဟောသဓက ညွှန်ကြားနေပုံ။

**နံပါတ်စဉ် ၆၇၆။**

မြည်းပြဿနာဖြေရှင်းဟန် ထိုင်ခုံနှစ်ခုပေါ်တွင် မင်းကြီးနှင့်မဟောသဓထိုင်ဟန်၊ နောက်တွင်မတ်ရပ်လူတစ်ဦး အထက်တွင် မြည်းပုံ။

**နံပါတ်စဉ် ၆၇၇။**

မဟောသဓသည် ဖခင်အား မင်းကြီး၏ရှေ့မှောက်၌ ရှိခိုးနေဟန်။

**နံပါတ်စဉ် ၆၇၈။**

မဟောသဓသည် ရေကန်ဘေးထန်းပင်ထက်မှ ပတ္တမြားကို လွယ်ကူစွာနှင့် ရှာဖွေရရှိပုံ။

**နံပါတ်စဉ် ၆၇၉။**

တံခါးထက်မှ ပုတ်သင်ညို၏အပြုအမူကို ဆင်စီးလာသော မင်းကြီးအား မဟောသဓက ရှင်းလင်းပြနေဟန်။

**နံပါတ်စဉ် ၆၈၀။**

မဟောသဓသည် မင်းကြီးအား မိဖုရား ဥဒုမ္ဗရဒေဝီနှင့် ရရန် အကြောင်းမပါခဲ့သော ကံမကောင်းသည့်အလုပ်သမား အကြောင်း ရှင်းပြနေဟန်၊ မဟောသဓနောက်၌ ကံမကောင်းသူ၏ပုံ။

နံပါတ်စဉ် ၆၈၁။

ဝိဒေဟရာဇ်မင်းကြီးက မဟောသဓနှင့် အမတ်ကြီး လေးဦးအား သိုးနှင့်ခွေး အကြီးအကျယ် မိတ်ဆွေဖြစ်နေရသည့် အကြောင်းကို မေးနေဟန်။

နံပါတ်စဉ် ၆၈၂။

ဝိဒေဟရာဇ်မင်းကြီး အမေးပုစ္ဆာကို မဖြေနိုင်ကြသော အမတ်လေးဦးအား မဟောသဓက ခေါ်၍ရှင်းပြနေဟန်။

နံပါတ်စဉ် ၆၈၃။

အမတ်လေးဦးက ချမ်းသာခြင်းက အဓိကဟု ဖြေသော်လည်း မဟောသဓက ပညာရှိခြင်းသည် အဓိကဖြစ်ကြောင်း သာဓကများနှင့် ပြောနေဟန်။

နံပါတ်စဉ် ၆၈၄။

မင်းကြီးက မဟောသဓနှင့် အမတ်ကြီး လေးဦးအား ချမ်းသာခြင်းနှင့် ပညာရှိခြင်းတွင် မည်သည့်အရာကပိုကောင်းသလဲ အမေးပုစ္ဆာကို မေးမြန်းနေဟန်။

နံပါတ်စဉ် ၆၈၅။

မဟောသဓသည် ခေါင်းတွင် ထမင်းထုပ်ရွက်လာသော အမရာအား အပျိုလား အအိုလား မေးနေဟန်။

နံပါတ်စဉ် ၆၈၆။

မဟောသဓသည် အပ်ချုပ်သမားဟန်ဆောင်၍ အမရာက ယာဂုတိုးဖြင့် ကျွေးမွေးနေဟန်။



နံပါတ်စဉ် ၆၈၇။

မဟောသဓသည် အမရာ၏မိခင်နှင့်တွေ့၍ ရွာထဲရှိအဝတ်များကို ချုပ်လုပ်ရာ တစ်နေ့တစ်ထောင်ရဟန်။

နံပါတ်စဉ် ၆၈၈။

အမရာသည်လယ်တောမှပြန်လာပြီး မိဘများ၏ခြေများကိုဆေးပေးပြီး မဟောသဓ၏ ခြေကိုပါဆေးဟန်၊ ယာလက်မှရေအိုးကိုင်ပြီး ဝဲလက်သည် မဟောသဓ၏ ခြေထောက်သပ်နေဟန်။

နံပါတ်စဉ် ၆၈၉။

မဟောသဓသည် အမရာ၏သည်းခံမှုနှင့် စိတ်ဓာတ်များကို စမ်းဟန်၊ အမရာ၏ဦးခေါင်းအား အစားအစာဖြင့် သုတ်လိမ်းနေဟန်။

နံပါတ်စဉ် ၆၉၀။

အမရာအား ဇနီးအဖြစ်လက်ထပ်ရန်ပြောဟန်၊ အမရာ၏မိဘနှစ်ပါးအား အသပြာတစ်ထောင်ပေးခဲ့ပြီး မြို့သို့လိုက်ခဲ့ရန်ပြောဟန်၊ ခါးစီးအဝတ်အထည်ပေးရန်။

နံပါတ်စဉ် ၆၉၁။

မဟောသဓသည် အမရာ၏မိဘနှစ်ပါးအား ကန်တော့ဟန်။

နံပါတ်စဉ် ၆၉၂။

အမရာသည် မဟောသဓအပ်ချုပ်သမားအဖြစ် အယောင်ဆောင်နေမှန်း သိသည်။ မဟောသဓရှေ့တွင် အမျိုးသမီးနှစ်ဦးထိုင်နေဟန်။

**နံပါတ်စဉ် ၆၃။**

မဟောသဓနှင့်အမရာတို့ လက်ထပ်ကြဟန်၊ အမျိုးသမီး တစ်ဦး လက်ဆောင်ပေးဟန်။

**နံပါတ်စဉ် ၆၄။**

မဟောသဓ အိုးထိန်းသည် ဟန်ဆောင်ပြီး အိုးလုပ်နေဟန်။

**နံပါတ်စဉ် ၆၅။**

မဟောသဓ အိုးထိန်းသည်အဖြစ် ရှောင်တိမ်းနေရစဉ် ထီးချက်စောင့်နတ်သမီးက မေးသည့် အမေးများကို အမတ်ကြီးလေးဦးတို့ မဖြေနိုင်သဖြင့် မင်းကြီးက မင်းချင်း တစ်ယောက်ကိုလွှတ်၍ အခေါ်ခိုင်းဟန်။

**နံပါတ်စဉ် ၆၆။**

နန်းတော်သို့မဟောသဓ ရောက်လာသောအခါ မင်းကြီးက သဘောကျလေဟန်။

**နံပါတ်စဉ် ၆၇။**

မင်းကြီးက မဟောသဓအား နေရာပေးပြီး မဟောသဓက ထီးချက်စောင့်နတ်သမီး၏ ပုစ္ဆာအားဖြေကြားဟန်။

**နံပါတ်စဉ် ၆၈။**

အမတ်ကြီးလေးဦးက မဟောသဓအား လျှို့ဝှက်သည့်အရာကို မည်သူ့အား ပြောဆိုထိုက်ကြောင်း မေးကြဟန်၊ မဟောသဓကမည်သူကိုမျှ မပြောထိုက်ကြောင်း ပြောဟန်။



**နံပါတ်စဉ် ၆၉။**

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓအား လျှို့ဝှက်ချက်များနှင့်ပတ်သက်၍ မေးမြန်းဟန်။

**နံပါတ်စဉ် ၇၀။**

အမတ်ကြီးလေးဦးသည် နေ့စဉ် နန်းတော်တံခါးအနီးရှိ မှောက်ထားသော စားကျင်း၏ခေါင်းပေါ်တွင်ထိုင်၍တိုင်ပင် လေ့ရှိကြသည်ကို မဟောသဓအောက်မှ နားထောင်နေဟန်။

**နံပါတ်စဉ် ၇၁။**

အမတ်ကြီးလေးဦးသည် မဟောသဓအားသတ်ရန်ခါးဖြင့် စောင့်နေစဉ် သူသည်အလွန်ထွားကြိုင်းသန်မာသော နေ့ဘက် ပါတပည့်ဖြင့်ဝင်လာရာ သူတို့အကြံပျက်သွားရသည်။ မဟောသဓက မင်းကြီးအား ၎င်းတို့၏ လျှို့ဝှက်အကြံအစည်များကိုပြောဟန်။

**နံပါတ်စဉ် ၇၂။**

မဟောသဓသည် အမတ်ကြီးလေးဦး၏အသက်ကို အကာအကွယ်ပေး၍ မင်းကြီးအား လျှောက်ထားဟန်။

**နံပါတ်စဉ် ၇၃။**

မဟောသဓသည် တစ်ရာ့တစ်ပါးသော မင်းတို့ထံသို့ လက်ဆောင်ပဏ္ဏာများပို့ခိုင်း။

**နံပါတ်စဉ် ၇၄။**

မဟောသဓသည် အလွန်ပါးနပ်၍ပညာရှိသော ကြက်တူရွေးတစ်ကောင်ရှိပါသည်။ မဟောသဓသည် သမ်းပါလာဘုရင်

သည် ကြီးမားသောစစ်တပ်ကြီး စုရုံးနေကြောင်းသတင်းရ၍ ကြက်တူရွေးအားလွှတ်ဟန်၊ ရှေ့တွင် သတင်းပို့သူသုံးဦးထိုင်နေဟန်။

**နံပါတ်စဉ် ၇၀၅။**

ကြက်တူရွေးသည် သတင်းများရရှိရန်လှည့်လည်ရာ ဥတ္တရပဉ္စာလရာဇ်တိုင်းမှ စူဠနီဗြဟ္မဒတ်၏ မင်းဆရာပုဏ္ဏားကြီး ကေဝဋ်သည် အိန္ဒိယတစ်နိုင်ငံလုံးကို အောင်နိုင်ရန် ကြံစည်နေကြောင်းကြားသိခဲ့ရ၍ပြန်ကြားဟန်၊ရှေ့တွင်ရှိခိုးဟန်လေးဦး၊ မဟောသဓမှာ ထိုင်ခုံပေါ် ထိုင်နေဟန်။

**နံပါတ်စဉ် ၇၀၆။**

မရှိတော့ပြီ။

**နံပါတ်စဉ် ၇၀၇။**

ဝိဒေဟရာဇ်မင်းကြီးသည် စူဠနီဗြဟ္မဒတ်၏ ကြီးမားသော တပ်ကြီးလာနေပြီ မည်ကဲ့သို့ ကြံစည်ရမည်ကို မေးမြန်းရာ အမတ်လေးဦး အကြံမပေးနိုင်၍ မဟောသဓအား ခေါ်မေးဟန်။

**နံပါတ်စဉ် ၇၀၈။**

စူဠနီဗြဟ္မဒတ်သည် မြို့ပြင်မှ ဝိုင်းထားပြီး အစာရေစာ ဖြတ်တောက်ရန် စီစဉ်ထားသည်။ ထိုအခါ မဟောသဓသည် ဝါးလုံးများထိပ်၌ ကြာပင်များကိုစိုက်ပြီး မြှောက်ပြပါသည်။ စူဠနီသည် ထိုအချင်းအရာကို မြင်သဖြင့် အံ့ဩသွားပြီး အစာရေစာ တော်အောင်လုပ်ခြင်းကို မတတ်နိုင် ဖြစ်သွားသည်။ရေ



ကန်အတွင်းမှ လူတစ်ဦးဝါးလုံးကိုမြှောက်၍ကြာပင်ကိုထောင်ပြနေဟန်၊ အနီးတွင် မဟောသဓရပ်နေဟန် နောက်မှာ လူနှစ်ဦး ထိုင်နေဟန်။

**နံပါတ်စဉ် ၇၀၉။**

ကေဝဋ်သည် မဟောသဓ၏ မယှဉ်နိုင်သော သဇ္ဇုပ္ပတ္တိဥာဏ်ကိုသိ၍ စစ်တိုက်ရန်ခေါ်သည်။ မဟောသဓက စူဠနီတို့တပ်စခန်းသို့ မြင်းလှည်းဖြင့်ထွက်လာဟန်၊ရှေ့၌စစ်သည်နှစ်ဦး ဒိုင်းနှင့် ဓားကိုင်လျက် ထွက်လာဟန်။

**နံပါတ်စဉ် ၇၁၀။**

စစ်ပွဲတိုက်မည်ဖြစ်စဉ် မဟောသဓသည် ပတ္တမြားကို လှိမ့်လိုက်ရာ ကေဝဋ်ပုဏ္ဏားက လိုက်ကောက်ရာ မဟောသဓက ဦးခေါင်းကိုနှိမ့်လိုက်ဟန်၊ စူဠနီတပ်ခေါင်းဆောင် ကေဝဋ် အနိုင်ခံရ၍ပြေးဟန်။

**နံပါတ်စဉ် ၇၁၁။**

ကေဝဋ်ပုဏ္ဏားသည် မဟောသဓ၏ ပြုမူစော်ကားခံရခြင်းကိုနာကြည်း၍ ကလဲ့စားချေရန် ဝိဒေဟရာဇ်မင်းကြီးထံသို့လာ၍ စူဠနီ၏ သမီးတော်၏အလှကို ပြောကြားခြင်း သိမ်းပိုက်သင့်ကြောင်းလာပြောပါသည်။ မဟောသဓထံသွားပြောသောအခါ တံခါးဖွင့်မပေးရန် ပြောခြင်း၊ မဟောသဓအိပ်ရာတွင် လျောင်းဟန်၊ ကေဝဋ်မှာ မင်းချင်း၏ တားမြစ်ခြင်း ခံရသည်။

**နံပါတ်စဉ် ၇၁၂။**

မဟောသဓအား ပဉ္စာလရာဇ်တိုင်းသို့သွားရန် မင်းကြီးက စေလွှတ်ရာ လိမ္မာပါးနပ်စွာဖြင့် နန်းမှထွက်၍ အိမ်သို့ပြန်ဟန်။

နံပါတ်စဉ် ၇၁၃။

မဟောသဓသည် ၎င်း၏ ကြက်တူရွေးအား ကေဝဋ္ဋလာခြင်း အကြောင်းရင်းကို စုံစမ်းရန် ပဉ္စာလရာဇ်တိုင်းသို့ လွှတ်ဟန်၊ ကြက်တူရွေးမှာ မဟောသဓ၏ပေါင်ပေါ်တွင် နားဟန်၊ ရှေ့တွင်ရှိခိုးဟန် နှစ်ဦး။

နံပါတ်စဉ် ၇၁၄။

ကြက်တူရွေးသည် စုံစမ်းပြန်လာခဲ့ပြီး ဘုရင်နှင့် မဟောသဓ သွားလျှင် အသတ်ခံရမည်ဖြစ်ကြောင်း ပြန်ပြောဟန်၊ ရှေ့တွင် လူလေးဦး ထိုင်နေဟန်။

နံပါတ်စဉ် ၇၁၅။

မဟောသဓသည် မင်းကြီးကို ပဉ္စာလရာဇ်တိုင်းပြည်သို့ သွားမည်ဖြစ်ကြောင်း ပြောဟန်။

နံပါတ်စဉ် ၇၁၆။

မဟောသဓသည် လုံခြုံမှုအတွက် အစစ ပြင်ဆင်ပြီး သွားနှင့်လေဟန်၊ ပဉ္စာလရာဇ် တိုင်းပြည်ဝင်ဟန်၊ မြင်းလှည်းစီးလျက်ရှေ့တွင်လူနှစ်ဦး ကြိုဆိုနေဟန်။

နံပါတ်စဉ် ၇၁၇။

စူဠနီသည် မဟောသဓအား ကောင်းမွန်စွာ ကြိုဆိုလက်ခံဟန်၊ ဝိဒေဟရာဇ်ဘုရင်အတွက် နန်းတော်တစ်ခုတည်ရန်ခွင့်တောင်းဟန်၊ စူဠနီဘုရင်နှင့် မဟောသဓ အခြားသုံးဦးပုံ။

နံပါတ်စဉ် ၇၁၈။

မဟောသဓသည် နန်းအိမ် လှေကားအောက်မှ လျှို့ဝှက် ဥမင်လိုဏ်ခေါင်းတူးရန် လက်သမားဆရာအား ပြနေဟန်။



နံပါတ်စဉ် ၇၁၉။

မဟောသဓသည် ဝိဒေဟရာဇ်မင်းကြီးအတွက် နန်းအိမ်ဆောက်ရန် ခွင့်တောင်းသည်။ နန်းအိမ်ဆောက်ရန် နေရာအခက်အခဲရှိ၍ အိမ်အချို့ရွှေ့ပစ်ရန် ခွင့်တောင်းသည်။ စူဠနီကလည်းခွင့်ပြုသည်။ မဟောသဓသည် မင်းကြီးမယ်တော်အိမ်ကို အရင်ရွှေ့မည်ပြုသည်၊ မရွှေ့ရန်တောင်းပန်ပြီး လက်ဆောင်ပဏ္ဏာများစွာ ပေးနေဟန်။

နံပါတ်စဉ် ၇၂၀။

တစ်ဖန် ကေဝဋ္ဋအိမ်ကိုရွှေ့ရန်ပြုရာ မရွှေ့ရန်အတွက် လက်ဆောင်ပဏ္ဏာများဖြင့် လာဘ်ပေးဟန်။

နံပါတ်စဉ် ၇၂၁။

စူဠနီ၏နန်းတော်ကိုမြင်သည်။ ၎င်းနောက် မြို့တွင်းတွင် နန်းတော်ဆောက်ရန်မဖြစ်နိုင်သဖြင့်မြို့ပြင်ဘက်တွင်နန်းတော်ဆောက်ရန် ခွင့်တောင်းပြန်သည်။

နံပါတ်စဉ် ၇၂၂။

မဟောသဓသည် မြို့ပြင်၌ နေရာရွေးပြီး သေပြီ၊ မြို့သူ မြို့သားများ မြို့ပြင်သို့သွားခွင့်မပြုဘဲ လျှို့ဝှက်စွာ ဥမင်လိုဏ်ခေါင်းကြီးတူးဟန်၊ ဂင်္ဂါမြစ်ဘက်၌ အပေါက် တစ်ပေါက် ထားဟန်။

နံပါတ်စဉ် ၇၂၃။

မဟောသဓသည် မိဘိုလာမှ မထွက်ခွာမီ သင်္ဘောအစင်း သုံးရာတည်ဆောက်ရန်နှင့် သင်္ဘောပေါ်တွင် လှေများတင်ခဲ့ဟန်။

**နံပါတ်စဉ် ၇၂၄။**

မဟောသဓာ လှေများကို တိတ်တဆိတ်ပို့ဟန်။

**နံပါတ်စဉ် ၇၂၅။**

မင်းကြီး၏ လုံခြုံရေးအတွက် အားလုံး ပြီးစီးသွားသော အခါ ဝိဒေဟရာဇ်မင်းကြီးအား သွားတွေ့ဟန်၊ ဆင်ပေါ်တွင် မင်းကြီးနောက်၌ ထီးတော်မိုး၊ ရှေ့၌ မဟောသဓပုံ။

**နံပါတ်စဉ် ၇၂၆။**

ဝိဒေဟရာဇ်မင်းကြီးသည် နန်းအိမ်သစ်၌ ထိုင်ဟန်၊ စူဠနီ၏ တပ်များကိုမြင်၍ ကြောက် လန့် သဖြင့် မေးမြန်းရာ အမတ်လေးဦး မဖြေနိုင်၊ မဟောသဓသည် မကြောက်ရန် ပြောသည်။ စူဠနီ၏ မယ်တော်၊ သမီးရားသမီးတော်တို့အား ဥမင်လိုဏ်ခေါင်းမှ တစ်ဆင့် လုံခြုံသော နေရာသို့ ပို့ပြီး လေသည်။ နန်းအိမ်၌ ဝိဒေဟရာဇ်မင်းကြီး ထိုင်ဟန်၊ ရှေ့၌ မဟောသဓနှင့် လေးဦးထိုင်နေဟန်။

**နံပါတ်စဉ် ၇၂၇။**

မဟောသဓသည် မင်းကြီးနှင့် အမတ်များ လွတ်ရာ လွတ်ကြောင်းများအတွက် ဥမင်ကို ပြဟန်။

**နံပါတ်စဉ် ၇၂၈။**

ဝိဒေဟရာဇ်မင်းကြီးသည် စူဠနီ၏မိသားစုရှိကြသော နေရာသို့လာဟန်၊ နောက်၌ မဟောသဓနှင့် နှစ်ဦး။

လှေများအဆင်သင့်ဖြစ်ပြီး မင်းကြီးနှင့်ပဉ္စာလစင်းသမီး၊ မယ်တော်နှင့် သူမ၏မောင် လှေပေါ်တွင် ထိုင်ဟန်၊ ကမ်းပေါ်တွင် မဟောသဓရပ်ဟန်။



**နံပါတ်စဉ် ၇၂၉။**

အရုဏ်တက်တွင် စူဠနီသည်နန်းအိမ်သို့လာပြီး ဝိဒေဟရာဇ်မင်းကြီးအားကြောက်မက်ဖွယ် ခြိမ်းခြောက်ဟန်၊ မဟောသဓက ခပ်အေးအေးဖြင့် စူဠနီ၏ အကြံအစည်အားလုံးပျက်ပြီဟု ပြောလေဟန်၊ ဆင်ပေါ်တွင် စူဠနီနှင့်ထီးတော်မိုးရှေ့၌နန်းအိမ် အတွင်း၌ မဟောသဓပုံ။

**နံပါတ်စဉ် ၇၃၀။**

မဟောသဓသည် စူဠနီအား မိဖုရားထွက်သွားသည့် ဥမင် အား ပြဟန်။

**နံပါတ်စဉ် ၇၃၁။**

စူဠနီမင်းကြီးသည် ဥမင်လိုဏ်ခေါင်းအား ကြည့်ဟန်။

**နံပါတ်စဉ် ၇၃၂။**

သူတို့ထွက်လာပြီး တံခါးရွက်အနီး၌ သဲထဲတွင် ဖုံးထားသော ဓားကို ချက်ချင်းကောက်ပြီး မင်းကြီး၏ ဝဲလက် အား ချက်ချင်းဖမ်းကိုင်သည်။ အိန္ဒိယနိုင်ငံတွင် မည်သူသည် အကြီးဆုံးဖြစ်သနည်း။ သစ်သားတံခါးပုံမှာ အာနန္ဒာဘုရား အတွင်းရှိ တံခါးရွက်ပုံတွင် ပါသော ကြက်ခြေခတ်တန်းများ မှာ အလွန် ဆင်တူပါသည်။

**နံပါတ်စဉ် ၇၃၃။**

နန်းအိမ်အတွင်း မဟောသဓထိုင်နေဟန်၊ ရှေ့၌ လက် အောက်ခံမင်းများ လက်ဆောင်ပဏ္ဏာများ ဆက်သဟန်။

**နံပါတ်စဉ် ၇၃၄။**

စူဠနီက မဟောသဓအား ဂုဏ်ပြုသောအားဖြင့် ယင်း၏နန်း၌ နေထိုင်ရန် ခေါ်ဟန်၊ မဟောသဓအား လက်ဆောင်ပဏ္ဏာများ ပေးဟန်။

**နံပါတ်စဉ် ၇၃၅။**

မဟောသဓ ပြည်တော်သို့ ပြန်လာဟန်၊ ဝိဒေဟရာဇ်မင်းကြီးက ထပ်မံ ဂုဏ်ပြုကြိုဆိုဟန်၊ အဝတ်အထည်များဖြင့် ချီးမြှောက်ဟန်၊ ပစ္စည်းများကိုင်နေဟန်၊ လူနှစ်ဦးပုံပါသည်။

**နံပါတ်စဉ် ၇၃၆။**

မဟောသဓသည် များစွာသော အဆောင်အယောင်များ ရဟန်၊ စူဠနီ၏မိခင်၊ စူဠနီ၏မိဖုရားနှင့်သားတော်တို့အား ပြန်ပို့ရန် ပြောဟန်။

**နံပါတ်စဉ် ၇၃၇။**

စူဠနီ၏ သမီးတော်မှ သားတစ်ယောက်ဖွားမြင်ပြီး ၎င်းသား ဆယ်နှစ်သားရှိလျှင် ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံကံတော်ကုန်သဖြင့် မဟောသဓကမင်းသားအား မင်းမြှောက်ဟန်၊ ပုဏ္ဏားတစ်ဦး ခရုသင်းကိုင် ရပ်ဟန်၊ အနားတွင် ဘုရားအလောင်း မဟောသဓ ထိုင်နေဟန်။

**နံပါတ်စဉ် ၇၃၈။**

ရသေ့မတစ်ဦးသည် မဟောသဓအား လက်ဟန်၊ ချီဟန်ဖြင့် အဘယ့်ကြောင့် ရသေ့ရဟန်း၊ မပြုသနည်း မေးဟန်၊ ဝဲလက်ခေါင်းပေါ် တင်ထားကြဟန်။



**နံပါတ်စဉ် ၇၃၉။**

မဟောသဓက မင်း၏စိတ်ကို ရှာဖွေရန်ဟု ပြန်ပြောဟန်။

**နံပါတ်စဉ် ၇၄၀။**

မဟောသဓတရားစီရင်သဖြင့် အမှုတစ်ခု၌ရှုံးသွားသူနှစ်ဦးက အရိုအသေပေးနေဟန်၊ မဟောသဓ၏နောက်၌ နောက်ပါနှစ်ဦးပုံ။

ဤတွင် မဟောသဓဇာတ်ပြီးသည်။

## စန္ဒကုမာရဇာတ်

**နံပါတ်စဉ် ၇၄၁။**

စန္ဒကုမာရသည် အမှုတစ်ခု၌ မင့်ကွက်ဘဲ တရားသူကြီးခဏ္ဍဟာလများယွင်းစွာဆုံးဖြတ်ခြင်းကို စီရင်ဟန်၊ တရားခွင်၌ မင်းသားထိုင်နေဟန်၊ ရှေ့၌ တရားစွဲသူနှစ်ဦးပုံ။

**နံပါတ်စဉ် ၇၄၂။**

မင်းကြီးသည် သားတော် စန္ဒကုမာရအား တရားဥပဒေနှင့် ပတ်သက်၍ သင်ကြားပြီး အကြီးဆုံးတရားသူကြီးအဖြစ် ခန့်ထားဟန်၊ ထိပ်အတွင်း မင်းသားပုံ၊ ရှေ့၌ တရားစွဲသူလေးဦး။

**နံပါတ်စဉ် ၇၄၃။**

ခဏ္ဍဟာလ သည် စန္ဒကုမာရအား လက်စား ချေရန် အကြောင်း ပေါ်လာသည်။ မင်းကြီးသည် တာဝတိံသာ နတ်ပြည်ကို အိပ်မက်မြင်မက်၍ သွားလိုကြောင်း ဆန္ဒရှိရာ

ခန္ဒဟာလက ယဇ်ပူဇော်ခြင်းဖြင့် သွားနိုင်သည့် တစ်လမ်းသာ ရှိကြောင်း ပြောပါသည်။ မင်းကြီး၏ မိဖုရားများ၊ သားတော်များကို ယဇ်ပူဇော်ရမည်ဟု ပြောပါသည်။ ၎င်းနောက် မင်းကြီးသည် တိုင်းသူ ပြည်သားများအား ယဇ်ပူဇော်မည် ဖြစ်ကြောင်း မောင်းကြေးနင်း ခတ်စေသည်။ ရှေးဦးစွာ စန္ဒကုမာရနှင့် အစ်ကိုလေးယောက်ကို ခေါ်၍ သိစေဟန်၊ နန်းအိမ်အတွင်းမင်းကြီးထိုင်ဟန်၊ ရှေ့၌စန္ဒကုမာရနှင့် အစ်ကိုလေးဦး ထိုင်၍ ရှိခိုးကြဟန်၊ စန္ဒကုမာရမှာ သူ့ဖခမည်းတော်အား အကျိုးအကြောင်း ရှင်းပြ ပြောဆိုဟန်။

**နံပါတ်စဉ် ၇၄၄။**

စန္ဒကုမာရ၏ နှမများနှင့် မိဖုရားများအား ခေါ်လာသည်။ စန္ဒကုမာရမှာ ခန္ဒဟာလ၏ မုန်းထားမှုကြောင့်ဟု နားလည်သည်။ မင်းကြီးအား တစ်ပါးသူများ၏အသက်ကို ချမ်းသာပေးရန် ဝင်ပြောဟန်၊ ဒူးတုပ်၍ တောင်းပန်ဟန်၊ နောက်တွင် မင်းသားနှင့် အစ်ကိုတစ်ယောက်ပုံ၊ တောင်းပန်သော်လည်း အချည်းနှီး ဖြစ်ရသည်။

**နံပါတ်စဉ် ၇၄၅။**

စန္ဒကုမာရသည် သူ့ဖခမည်းတော်အား မည်သို့မျှ ပြောမရသဖြင့် မိဖုရားများအား အသနားခံ လျှောက်တင်စေဟန်၊ နန်းအိမ်အတွင်း မင်းကြီးနှင့် ရှိခိုးနေဟန် မိဖုရားတစ်ဦး။

**နံပါတ်စဉ် ၇၄၆။**

ခန္ဒဟာလသည် ဓားကိုကိုင်၍ စန္ဒကုမာရအား မီးတွင်း ရှေ့တွင် ရွယ်နေဟန်၊ ခန္ဒဟာလ၏ နောက်၌ စန္ဒကုမာရ၏ မိဖုရားတိုင်၍ သစ္စာပြုဟန်။



**နံပါတ်စဉ် ၇၄၇။**

စန္ဒကုမာရ၏ မိဖုရား သစ္စာပြုမှုကြောင့် သိကြားမင်း ဆင်းလာပြီး အလျံပြောင်နေသော သံတုံးသံခဲဖြင့် ဝင်လာရာ မင်းကြီး ထွက်ပြေးသည်။ လူများခန္ဒဟာလကို ဝိုင်းရိုက်သတ်ပြီး မီးပုံထဲသို့ပစ်သည် ခန္ဒဟာလအား သတ်နေဟန်၊ အနီး၌ စန္ဒကုမာရထိုင်နေဟန်ပုံ။

**နံပါတ်စဉ် ၇၄၈။**

မင်းကြီးမှာ တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ စန္ဒကုမာရအား ဝိုင်း၍ မင်းမြှောက်ကြဟန်၊ ခရုသင်းမှုတ်ဟန်၊ ပုဏ္ဏားတစ်ဦးနောက်၌ နှစ်ဦး ထီးဖြူဆောင်းဟန်။

**နံပါတ်စဉ် ၇၄၉။**

တိုင်းပြည်၌ ကောင်းမွန်စွာမင်းလုပ်အုပ်ချုပ်ပြီး နတ်ပြည်သို့တက်၍ နတ်သားအဖြစ် စံစားဟန်။

ဤတွင် စန္ဒကုမာရဇာတ်ပြီးသည်။

## ဘူရိဒတ်ဇာတ်

**နံပါတ်စဉ် ၇၅၀။**

ဗာရာဏသီမှ မင်းသားတစ်ပါးသည် ပြည်နှင်ဒဏ်ခံရ၍ တောထဲတွင် နဂါးမ တစ်ဦးနှင့်တွေ့ပြီး ကလေးနှစ်ယောက် ရသည်။ သူမင်းဖြစ်ပြီးနောက် သူ့သမီးသည် နဂါးမင်းနှင့် လက်ထပ်သည်။ ဘုရားလောင်းသည် နဂါးမင်း၏ မိဖုရား ဝမ်း၌ ပဋိသန္ဓေယူသည်။

**နံပါတ်စဉ် ၇၅၁။**

ဘုရှိဒတ် ဖွားမြင်ဟန်၊ အထိန်းတော်လက်၌ ဘုရှိဒတ်ပုံ။

**နံပါတ်စဉ် ၇၅၂။**

ဘုရှိဒတ် အရွယ်ရောက်၍ သိတတ်သော အချိန်၌ ဖခင် ဗြဟ္မဒတ္တရှင်၏ ထီးနန်း အရိုက်အရာကို ခံဟန်၊ ရွှေ၌ ခရာသင်း မှုတ်ဟန်၊ ပုဏ္ဏား နောက်၌ မိဖုရားတစ်ဦး။

**နံပါတ်စဉ် ၇၅၃။**

ဘုရှိဒတ္တနဂါးသည် နတ်ပြည်၌ တရားဟောဟန်၊ သိကြားမင်း ထိမ်လိပ်ခံလျက် စားစရာများနှင့် ပန်းယူလာဟန်၊ တရားနာသူ နတ်နှစ်ဦးပုံ။

**နံပါတ်စဉ် ၇၅၄။**

နတ်ပြည်ကို နှစ်လိုရကား သီလစောင့်ရန်အတွက် နဂါး ဖခင်နှင့်မိခင်အား ခွင့်တောင်းဟန်။

အောက်ဖော်ပြပါ စဉ်ကွက်များတွင် စဉ်ကွက်သေးသွား သဖြင့် နံပါတ်စဉ်များ မပါရှိတော့ပါ။

မိဘ နှစ်ပါးသည် ဥယျာဉ်ထဲ၌ သီလစောင့်ရန် ခွင့်ပြု လိုက်သည်။ သို့ရာတွင် နဂါးမငယ်များသည် ကသူ၊ တီးသူ များနှင့် စောင့်ယှက်ခံရဟန်။

ကသူ နဂါးမတစ်ဦးနှင့် ဂီတတီးနေဟန်၊ နဂါးမ တစ်ဦး ပုံတို့ပါသည်။

ဘုရှိဒတ်သည် အစေအပါးများကို နှင်ထုတ်လိုက်သည်။ သူသည် လူ့ပြည်ရှိ ယမုန်နာမြစ်ကမ်း တောင်ပို့တစ်ခုပေါ်



သွားရန် သန္နိဋ္ဌာန် ချလိုက်သည်။ သူမိဖုရားကိုလည်း အာရုံ ဘက်တွင် အစေအပါးများ လာကြိုစေရန် မှာခဲ့ဟန်။

ဗာရာဏသီမှ ပုဏ္ဏားသားအဖ ဘုရှိဒတ် သီလစောင့်နေ သည်ကို တွေ့ဟန်။

ဘုရှိဒတ်သည် ပုဏ္ဏားသားအဖအား နဂါးပြည်သို့ ခေါ် ဆောင်သွားဟန်။

ဘုရှိဒတ်သည် ပုဏ္ဏားသားအဖအား ခမ်းနားစွာထား၍ ကျွေးမွေး စောင့်ရှောက်ထားဟန်။

ဘုရှိဒတ်သည် ပုဏ္ဏားသားအဖအား အလွန် အဖိုးထိုက် တန်သော ကျောက်သံ ပတ္တမြားများကို ပေးနေဟန်။

မှဆိုးပုဏ္ဏားတစ်ဦးသည် အလမ္ပာယ်သမား တစ်ဦးကို ခေါ်၍ ဘုရှိဒတ်အား ပြဟန်၊ ဘုရှိဒတ်မှာ နဂါးအသွင်ဖြင့် တောင်ပို့ပေါ်၌ခွေနေဟန်။

အလမ္ပာယ်သမားသည် တောင်ပို့အား ရစ်ပတ်နေသော ဘုရှိဒတ်အား အမြီးကို ဆွဲဟန်။

အလမ္ပာယ်သမားသည် ဘုရှိဒတ်အား တောင်းတစ်ခု ထဲတွင်ထည့်၍ တစ်နေရာမှတစ်နေရာသို့ လှည့်လည်ပြသဟန်၊ ဘုရှိဒတ်လည်း အမျိုးမျိုး ကပြရသည်။

အလမ္ပာယ်သမားသည် ငွေပိုရ၍ လိုချင်သဖြင့် ဗာရာဏသီ ပြည်ရှင် မင်းအား သွားပြလေသည်။ ထိုအချိန်၌ ဘုရှိဒတ် မိသားစုက ပျောက်သွားသည်ကို သိသည်။ သူ့အစ်ကို တစ်ယောက်သည် ရသေ့အသွင်ဖြင့် ရှာရသည်။ သူ့နှမ လည်း ဖားဟန်ဆောင်၍ ဆံကျစ်ကြားတွင် လိုက်ဟန်၊ နန်းတော်၌ ကနေသော ဘုရှိဒတ်ကို မြင်သဖြင့် ငိုကြွေးကြ

ဟန်၊ ဝဲဘက်၌ရှင်ဘုရင်၊ ရှေ့၌ရဟန်းသူပုံ၊ အောက်၌နဂါးခေါင်း၊ ယာဘက်၌ အလမ္ဗာယ် သမားပုံ။

မင်းကြီးရှေ့၌ ဘူရိဒတ် လူယောင်ဖန်ဆင်းဟန်၊ အလယ်၌ ၎င်း၏ နောင်တော်ပုံ။

ရှင်ဘုရင်သည် ဘူရိဒတ် အမေ၏ မောင် ဖြစ်သည်။ ခဏကြာသောအခါ အကြောင်းစုံကို ရှင်ဘုရင်သိလာသည်။ ဘူရိဒတ်သည် ရှင်ဘုရင်ပေါင်ပေါ်တွင် ဦးခေါင်းညွှတ်နေဟန်၊ နောက်၌ ဘူရိဒတ်၏ နောင်တော်ပုံ။

ဘူရိဒတ်၊ ၎င်း၏နောင်တော်၊ ၎င်း၏ နှမတို့ နဂါးပြည်သို့ ပြန်သွားဟန်။

နဂါးပြည် ရောက်သောအခါ ဘူရိဒတ် ပင်ပန်းပြီး ဖျား၍ လဲလျောင်းနေဟန်၊ နဂါးများ လာကြည့်ကြဟန်။

ဘူရိဒတ် နေကောင်းသောအခါ သူ၏ အဘိုး ရှင်ဘုရင်ကြီး ဖြစ်သော ရသေ့ကြီးထံ သွားဖူးတွေ့ဟန်၊ အိမ်အတွင်း ရသေ့ပုံနှင့် ရှိခိုးနေဟန် နဂါးနှစ်ဦး။

ဤတွင် ဘူရိဒတ်ဇာတ်ပြီးသည်။

## နာရဒဇာတ်

ဝိဒေဟရာဇ် ဘုရင်သည် အယူလွဲမှားသူ တစ်ဦးဖြစ်သည်။ သူ့သမီးတော်သည် သူ့အမှား ယုံကြည်ချက်များကို ပြောင်းရန် ကြိုးစားပါသည်။ ဘုရားလောင်းရသေ့ကြီး နာရဒသည် လာ၍ သူ့အား ကူညီသည်။ ရှင်ဘုရင်သည် မြေ၌ ဒူးတုပ်၍ နာရဒ၏ တရားကိုနာနေဟန်။



ရှင်ဘုရင်အား ဆိုဆုံးမပြီး၍ နာရဒသည် ဗြဟ္မာပြည်သို့ တက်သွားဟန်၊ လက်ယာဘက်၌ ရှင်ဘုရင်နှင့် သမီးတော်ပုံ ရှိခိုးနေဟန်။

ဤတွင် နာရဒဇာတ် ပြီးသည်။

## ဝိဓူရဇာတ်

မိတ်ဆွေ မင်းကြီးလေးဦး ဥပုသ်စောင့်ကြဟန်၊ ၎င်းတို့မှာ ဓနဥ္စယမင်း၊ ဂဠုန်မင်း၊ အလောင်းအစား ဝါသနာပါသူ နဂါးမင်းဝရုဏ၊ ၎င်းတို့လေးဦး၏ ရှေ့၌ ဝိဓူရအမတ်ပုံ။

ဓနဥ္စယ မင်းကြီးသည် ပုဏ္ဏက ဘီလူးကို ဝိဓူရအမတ်အား ပြနေဟန်။

ဓနဥ္စယ မင်းကြီးသည် ဝိဓူရ အမတ်ကို ပုဏ္ဏကအား အပ်နေဟန်။

ဝိဓူရ အဝေးသို့ မသွားခင် မင်းကြီးသည် တရားနာလို၍ တရားနာနေဟန်။

ဝိဓူရ မသွားခင် သုံးရက်မျှ အိမ်မှုကိစ္စရှိနေ၍ သုံးရက် နေပါရန် တောင်းပန်ပြီး ပုဏ္ဏက ယက္ခဘီလူးအား အိမ်သို့ ခေါ်လာဟန်။

ဝိဓူရသည် ပုဏ္ဏကယက္ခအား အိမ်တွင် သေချာစွာဖိတ် ခေါ်ထားဟန်။

ဝိဓူရကလည်း မိသားစုအား တရားဟော ဖျောင်းဖျ ပြောဆိုဟန်။

ဝိဓူရသည် သွားရန်အဆင်သင့်ဖြစ်ပြီ ဖြစ်ကြောင်း ပုဏ္ဏကအား ပြောဟန်။

ပုဏ္ဏကသည် ဝိဓူရအား မြင်းမြီးတွင်ချည်၍ ဟိမဝန္တာ
တောင်စဉ်ခုနစ်ထပ် ရိုင်းလေဟန်။

မြင်းနှင့်ပုဏ္ဏက မောပန်းလာပြီး ဝိဓူရက အဘယ့်ကြောင့်
နဂါးမင်းက အလိုရှိကြောင်း ပုဏ္ဏကအား မေးမြန်းဟန်၊
အနားတွင် မြင်းပုံနှင့် တောင်ပုံများ။

ပုဏ္ဏကသည် ကြောက်ရွံ့၍ သေသွားနိုင်အောင် စားတော့
မည့် ခြသေ့ပုံ ဖန်ဆင်းဟန်၊ သို့ရာတွင် ဝိဓူရ မတုန်လှုပ်ပါ။

တစ်ဖန် အစွယ်ဖြင့် ထိုးတော့မည့်ဟန်ပြုသော ဆင်ကြီး
ဖန်ဆင်းပြဟန်၊ သို့ရာတွင် ဝိဓူရ မရွေ့ပါ။

ထို့နောက် ကြီးမားသော မြွေကြီးသဏ္ဌာန် ဖန်ဆင်းပြီး
ရစ်ပတ်ဟန်၊ သို့ရာတွင် မတုန်ခြားပါ။

ပုဏ္ဏကသည် ဝိဓူရအား ခြေထောက်ကိုင်၍ ကျွမ်းထိုး
ဦးစောက်ထိုး ဖြစ်စေဟန်။

ထို့နောက် ပုဏ္ဏကသည် လေထဲသို့ ဦးစောက်ထိုးချဟန်။

ဘယ်လိုလုပ်၍ မသေသဖြင့် အဘယ့်ကြောင့် မသေသည်
ဖြစ်သည်ကို တရားဟောခိုင်းဟန်။

ဝိဓူရသည် ပုဏ္ဏကအား လူကောင်းတစ်ယောက်၏ လေးခု
သော တရားကို ဟောလေဟန်၊ ပုဏ္ဏကသည် ဒူးတုပ်၍ တရား
နာဟန်။

ဝိဓူရသည် ပုဏ္ဏကအား နဂါးပြည်သို့ ခေါ်သွားရန်
တောင်းပန်သောအခါ ပုဏ္ဏကသည် နဂါးမင်း ဂရုဏာထံ
ချက်ခြင်း ခေါ်သွားလေသည်။ ခုံပေါ်၌ နဂါးမင်းပုံ၊ အလယ်
၌ ပုဏ္ဏကပုံ၊ နောက်၌ ဝိဓူရပုံ။

နဂါးမင်းသည် ဝိဓူရ၏ တရားကို နာရ၍ များစွာနှစ်သက်



ဟန်၊ ခုံပေါ်၌ ဝိဓူရရှေ့၌ ရှိခိုးဟန်။ နဂါးမင်းကြီး မိဖုရား
ဝိမလာပုံ။

နဂါးမင်းကြီးသည် ဝိဓူရအား သတောကျသဖြင့် ၎င်း၏
မိဖုရားအဆောင်သို့ ခေါ်သွားဟန်။

ဝိဓူရသည် နဂါးမိဖုရားကြီး ဝိမလာအား တရားဟော
ဟန်၊ နဂါးမင်းသမီးနှင့် ပုဏ္ဏကတို့ လက်ထပ်ကြသည်။

ပုဏ္ဏကသည် ဝိဓူရအား အိမ်သို့ လိုက်ပို့ဟန်။

မင်းကြီးသည် ဝိဓူရ ပြန်ရောက်လာသဖြင့် များစွာ
ဝမ်းမြောက်လေသည်။ ဝိဓူရလည်း ပုဏ္ဏက ပေးလိုက်သော
ကျောက်သံပတ္တမြားများကို မင်းကြီးအား ဆက်လေဟန်၊
နောက်၌ မင်းချင်းတစ်ဦး ထိုင်ဟန်။

ဝိဓူရသည် မိမိ၏အိမ်သို့ ပြန်ဟန်၊ နောက်၌ ဝိဓူရ၏ဇနီးပုံ
လော မကွဲပြားပါ။

ထို့နောက် မိဖုရားနှင့် မင်းသမီးတို့သည် ဝိဓူရ အတွက်
စားသောက်ဖွယ်ရာများ ယူလာ၍ပေးဟန်။

ဝိဓူရဇာတ် ဤတွင် ပြီးဆုံးလေသည်။

## ဝေဿန္တရာဇာတ်

ဝေဿန္တရာ အဝိဝမ်းတိုက်၌ ပဋိသန္ဓေပြုဟန်၊ လဲလျောင်း
နေသော မိခင်ပုံ၊ အထက်တွင် တင်ပျဉ်ခွေ ရှိခိုးနေဟန်၊
ဘုရားလောင်း ဝေဿန္တရာပုံ။

ဝေဿန္တရာ ဖွားလျှင်ဖွားချင်း မိခင်ထံ လှူဖွယ်တစ်ခုခု
ရှိသလားဟု မေးသည်။ မယ်တော်က အသပြာတစ်ထောင်

ပါသောပိုက်ဆံအိတ်ကိုပေးထားရာ ဝေဿန္တရာက အထိန်းတော်တစ်ဦးအား ပေးနေဟန်။

ဝေဿန္တရာအား အမည်မှည့်နေဟန်၊ နန်းအိမ် အတွင်း မင်းကြီးက ကလေးအား ပွေ့ထားဟန်၊ နောက်တွင် မိဖုရား တစ်ဦး၊ ဝဲဘက်တွင် ပုဏ္ဏားနှစ်ဦးပုံ။

အထိန်းတော်လက်ထဲတွင် ဝေဿန္တရာပုံ၊ ရှေ့တွင်ရှိခိုးဟန် အမျိုးသမီးနှစ်ဦး။

ခမည်းတော်သည် ဝေဿန္တရာအား အဆင်တန်ဆာများ ပေးဟန်၊ ဝေဿန္တရာမှာ မင်းကြီး၏ ပေါင်ပေါ်တွင် ထိုင်နေဟန်။

ဝေဿန္တရာသည် သူ့အတွက် ပေးထားသော အဆင်တန်ဆာများကို အထိန်းတော်များအား ပေးဟန်။

ဝေဿန္တရာသည် အလှူပေးခြင်းကို နန်းအတွင်း ထိုင်၍ စဉ်းစားနေဟန်။

ဝေဿန္တရာသည် အလှူမဏ္ဍပ်ကို ကြည့်နေဟန်၊ ဆင်စီးဟန်၊ နောက်တွင် ထီးတော်မိုးပါသည်။ ဆင်ဦးကင်းပေါ်တွင် ဥသျှောင်ပါသည်။

ဝေဿန္တရာ ဆင်ဖြူဖြင့် နန်းအိမ်သို့ ပြန်လာဟန်။

ဝေဿန္တရာ ဆင်ဖြူစီး၍လာသည်ကို ပုဏ္ဏားများ အလှူခံနေကြဟန်၊ ဆင်ပေါ်တွင် ဝေဿန္တရာ၊ နောက်၌ထီးတော်မိုး၊ ရှေ့တွင် အလှူခံ ပုဏ္ဏားနှစ်ဦး။

ဝေဿန္တရာမင်း ဆင်ဖြူပေါ်မှဆင်းဟန်၊ ထီးတော်မိုးမှာ မြေပြင်ပေါ်တွင် ရပ်နေဟန်၊ ရှေ့တွင် ပုဏ္ဏားနှစ်ဦး။

ဝေဿန္တရာသည် ပုဏ္ဏားများအား ဆင်ဖြူတော်ကို ရေစက်ချ၍ လှူလိုက်ဟန်။



ဝေဿန္တရာသည် ဆင်ဖြူတော်ကို လှူလိုက်ရ၍ ကျေနပ်နှစ်သိမ့်နေဟန်၊ ဆင်ဖြူတော်ပေါ်တွင် ဆင်ထိန်း တစ်ဦး၊ ပုဏ္ဏားနှစ်ဦး၊ ပေါင်းသုံးဦး စီးနေသည်။

စေတုတ္တရာမြို့၏ ကိုယ်စားလှယ်တော်သည် မင်းကြီးထံ လာ၍ ဝေဿန္တရာ ဆင်ဖြူတော်လှူလိုက်ကြောင်း၊ တိုင်းပြည်မှ နှင်ထုတ်သင့်ကြောင်း လာရောက်လျှောက်ထားဟန်။

ဝေဿန္တရာ တောမထွက်မီ အလှူကြီးပေးရန်အတွက် အမတ်နှစ်ဦးနှင့် တိုင်ပင်ဟန်။

မယ်တော်ဖုဿတီသည် စိုးရိမ်၍ ဝေဿန္တရာရှိရာ နန်းအိမ်သို့ လာဟန်၊ နန်းအိမ်အတွင်း ဝေဿန္တရာနှင့် မိဖုရား ထိုင်၍ စကားပြောနေဟန်။

အမတ်တစ်ဦးသည် အလှူကြီးပေးရန် အဆင်သင့် ဖြစ်နေပြီ ဖြစ်ကြောင်း လာ၍လျှောက်ထားဟန်။

ဝေဿန္တရာမင်းကြီးသည် ဆင်တော်ဖြင့်လှည့်၍ ဆင်းရဲသူ
များကို ရွှေထည်လက်ဆောင်များ လှူဒါန်းဟန်။
အစစအရာရာ ပြီးစီးသောအခါ မဒ္ဒီ၊ ကဏှာဇိန်၊ ဇာလိတို့
နှင့်အတူ ခမည်းတော်တွေ့ရန် သွားဟန်။
ဝင်္ကပါတောင်သို့ မသွားမီ ခမည်းတော်အား မိဖုရားမဒ္ဒီ၊
ကဏှာဇိန်၊ ဇာလိတို့ကိုချီလျက် ကန်တော့ဟန်။
နောက်အကွက်တွင် မယ်တော်အား မိဖုရားမဒ္ဒီ၊ ကဏှာ၊
ဇာလိတို့ကိုခေါ်၍ ကန်တော့ဟန်။
သို့ညည်း မင်းကြီးသည် မိဖုရား မဒ္ဒီနှင့် ကလေးများကို
ထားခဲ့ရန် ပြောဟန်။
ဝေဿန္တရာသည် တောထွက်ရန်လှည့်ဟန်။

သိဂ္ဂုည်း မင်းကြီးအား မိဖုရား မဒ္ဒီဒေဝီက ရှိခိုးကန်တော့ဟန်။

မြင်းလေးကောင်ကသော မြင်းလှည်းကို ပြင်ဆင်ထားဟန်၊ သိဂ္ဂုည်းမင်း၊ ဖုဿတီမိဖုရားကြီး၊ ဝေဿန္တရာ၊ မဒ္ဒီ၊ ကဏှာ၊ ဇာလီတို့ပုံ။

တောထွက်ခါနီး၌ ဝေဿန္တရာသည် ခမည်းတော်၊ မယ်တော်တို့အား နှုတ်ဆက်ဟန်၊ မြင်းလှည်းပေါ်တွင် မဒ္ဒီနှင့် ကလေးနှစ်ဦး စီးနေဟန်။

ဝေဿန္တရာမင်း မြင်းလှည်းဖြင့် တောထွက်ဟန်၊ မြင်းလှည်းပေါ်တွင် ဝေဿန္တရာသည် ဇာလီကို ရင်ခွင်၌ထား၍ မဒ္ဒီသည် ကဏှာကို ရင်ခွင်၌ထားဟန်၊ နောက်၌ ခမည်းတော်၊ မယ်တော် နန်းအိမ်၌ ကျန်ရစ်ခဲ့ဟန်။

ဝေဿန္တရာမင်း တောထွက်ရာသို့ ပရိသတ်လာကြည့်ဟန်၊ ရှေ့တွင် လူတစ်ဦး မတ်ရပ်ရှိခိုးဟန်။

ဝေဿန္တရာမင်းအတွက် မယ်တော်သည် နောက်ထပ် မြင်းလှည်းနှစ်စီး၊ (ရွှေ၊ ငွေ၊ အဆင်တန်ဆာများနှင့် အဖိုးတန်ရတနာများအပြည့်ဖြင့် ထပ်ပို့လိုက်ဟန်)။

ဝေဿန္တရာသည် အဆင်တန်ဆာများအား လှူဒါန်းဝေဌဟန်၊ မြင်းလှည်းရှေ့တွင် မတ်ရပ်ပုဏ္ဏားတစ်ဦးပုံ။

ပေးလှူပြီးပစ္စည်းများ ကုန်သွားသဖြင့် နန်းတော်ဘက်သို့ ပြန်ကြည့်ဟန်၊ နောက်ထပ် ပေးလှူရန် ဆန္ဒရှိနေပြန်ပါသည်။ ၎င်းတို့စီးသော မြင်းလှည်းထိပ်တွင် မကာရ်းရုပ် ပါသဖြင့် ပုဂံခေတ်တွင် တပ်ဆင်ခဲ့ရာမှ ယခု အချိုတောရွာများတွင် ပုံပြောင်းလာကာ လှည်းစီးကုံး အသက်တွင် ထောင်နေသော အရုပ်များ ရှိတတ်ပါသည်။



ဝေဿန္တရာ မိသားစုသည် ဝင်္ကပါတောင်သို့ ဆက်လက်ထွက်ဟန်၊ နောက်၌ တောင်းစားသူနှစ်ဦးက ရှိခိုးဟန်။

မယ်မဒ္ဒီသည် တောင်းစားသူတစ်ဦး ပြေးသွားသည်ကို ခေါ်ဟန်။

ဝေဿန္တရာသည် မြင်းများကို လှူဟန်။

မြင်းများ မရှိတော့၍ လှည်းချည်း ဖြစ်သွားပြီး ဝေဿန္တရာတို့မိသားစု သောင်တင် ရပ်နားနေရသဖြင့် နတ်လေးပါးသည် သမင်ယောင်ဆောင်၍ လှည်းကိုဆွဲဟန်။

ထို့နောက် တခြားပုဏ္ဏားတစ်ဦးက မြင်းလှည်းကို အလှူခံပြန်ဟန်၊ ရေစက်ချ၍ လှူလိုက်ဟန်။

သွားစရာယာဉ်မရှိတော့၍ ဝင်္ကပါတောင်သို့ ခြေကျင်ခရီးသွားကြဟန်၊ ဝေဿန္တရာက ဇာလီကိုပွေ့ပြီး မဒ္ဒီက ကဏှာကို ပွေ့၍သွားကြဟန်၊ ၎င်းရုပ်ပုံမှာ အလွန်အသက်ဝင်ပြီး မြင်ရသူများကိုပင် စိတ်ထိခိုက်လောက်အောင် သနားကရုဏာဖြစ်ရပါသည်။ တွေ့ရှိရသည်မှာ သဘာဝကျလှပါသည်။

လမ်းတွင် ဘယ်သွားရမှန်းမသိ ဖြစ်နေသဖြင့် ခရီးသွားတစ်ဦးအား မေးဟန်။

ကလေးများသည် သစ်သီးစားချင်ကြသဖြင့် သစ်ပင်များတွင် သစ်သီးများရှိသော အကိုင်းများ ညွှတ်ပေးနေဟန်။ ဝေဿန္တရာ သစ်သီးခူးပေးဟန်။

ဆက်လက်သွားကြရာ သုဝဏ္ဏဂိရိတာလတောင်သို့ ရောက်ကြဟန်၊ ဝဲဘက်၌ တောင်ပုံပြထားသည်။ ထို့နောက် ကောန္တိမာရမြစ်သို့ ရောက်ကြဟန်၊ ဝဲဘက်တွင် မြစ်ပုံပြထားသည်။

၁၅ မိုင် ခရီးသွားမိသောအခါ အဉ္ဇနဂိရိတောင်သို့ ရောက်ကြသည်။ ဝဲဘက်၌ တောင်ပုံကို ပြထားသည်။

၁၅ မိုင်ခရီး ဆက်သောအခါ ပုဏ္ဏားရွာသို့ရောက်ဟန်။

၃၀ မိုင် ဆက်သွားသောအခါ ဝေဿန္တရာ၏ ဦးရီးတော် တိုင်းပြည်သို့ရောက်ဟန်၊ ၎င်းတို့၏ရှေ့၌ အိမ်ကိုတွေ့ဟန်။

မြို့သို့မဝင်ဘဲ ဇရပ်တွင် နားစဉ် မိန်းမလိမ္မာ မဒ္ဒီသည် ဝေဿန္တရာ၏ခြေမှ မြေမှုန်များကို သုတ်ပေးနေဟန်။

မဒ္ဒီသည် ဝေဿန္တရာရောက်နေကြောင်း သိနိုင်ရန် ဇရပ် အပြင်ဘက်၌ ရပ်ဟန်။

ဝေဿန္တရာ၏ ဦးကြီးတော် တိုင်းပြည်စေတာမှ အမျိုးသမီးများသည် မဒ္ဒီကို စုရုံးကြည့်ကြဟန်၊ မဒ္ဒီသည် ခရီး ကြမ်းလာခဲ့၍ မောပန်းလာခဲ့ကြောင်း ပြောဟန်၊ မဒ္ဒီ၏ရှေ့၌ အမျိုးသမီးတစ်ဦး ထိုင်နေဟန်၊ နောက်၌ ဝေဿန္တရာ သားအဇ သုံးယောက်။

သူ၏ ဆွေမျိုးများရောက်လာပြီး ကြည့်ကြဟန်၊ မြို့ထဲသို့ ဝင်သည်။ ဝဲဘက်၌ ဆွေမျိုးထဲမှတစ်ဦး ဓားကိုင်လျက် ရပ် နေဟန်။

ဦးကြီးတော်နှင့် မင်းသားများ သူတို့မိသားစုနှင့် စကား ပြောဟန်၊ ခရီးမဆက်ဖို့ မြစ်တားဟန်။

တစ်နေ့နှင့်တစ်ညနေပြီး သူတို့ ခရီးဆက်ကြဟန်၊ ရှေ့ဆုံး၌ မင်းသားတစ်ဦး လမ်းပြဟန်။

ဝေဿန္တရာတို့ မိသားစုသည် ဂန္ဓမာဒနတောင်သို့ ရောက် ကြဟန်၊ ဝဲဘက်၌ တောင်ပုံ။

ဂန္ဓမာဒနတောင်ကို ကျော်ခိုင်းသွားကြဟန်။

ဝေပုလ္လတောင်သို့ ရောက်ကြဟန်။

ကေတုမတီမြစ်နား၌ အိပ်စက်နားနေကြဟန်။



တောတွင်းသွားလမ်းပြကို ရွှေဆံထိုးတစ်ခု ပေးလိုက်ဟန်၊
ရှေ့တွင် ကျူကျူထိုင်သူ တောတွင်းသား လမ်းပြပုံ။
သူတို့သည် ကေတုမတီမြစ်ကိုဖြတ်၍ ညောင်ပင်ကြီးတစ်
ပင်အောက်၌ အေးချမ်းစွာ နားနေကြဟန်။
နားနေပြီးနောက် ခရီးဆက်ကြရာ နာဠိကတောင်သို့
ရောက်ကြဟန်၊ ဝဲဘက်တောင်ပုံ။
သူတို့သည် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော မုစလိန္ဒာ
(မုစလိန္ဒာ)အိုင်သို့ ရောက်ကြဟန်။
သူတို့သည် တောနက်ကြီးကိုဖြတ်၍ ကြာမျိုးငါးပါးနှင့်
ပြည့်စုံသော လေးထောင့်ကန်သို့ ရောက်ကြဟန်၊ ဝဲဘက်၌
လေးထောင့်ကန်။
သူတို့သည် သိကြားဖန်ဆင်းပေးထားသော သစ်ခက်တဲ
နန်းနှစ်ခုသို့ ရောက်ကြဟန်၊ တစ်ခုသည် ဝေဿန္တရာအတွက်
ကျန်တဲသည် မဒ္ဒီအတွက် ဖြစ်ပါသည်။
ဝေဿန္တရာသည် တဲထဲသို့ဝင်၍ ရသေ့ရဟန်း အဝတ်ကို
ဝတ်ဟန်။
မဒ္ဒီသည် ဝေဿန္တရာ၏ ခြေများကိုကြည့်ပြီး ငိုကြွေးနေ
ဟန်၊ နှစ်ခုတွဲတဲသည် ကလေးနှစ်ဦးအတွက် ဖြစ်သည်။
မဒ္ဒီသည် အစာရေစာ သစ်သီးဝလံရှာဖွေရန် တောထဲသို့
ဝင်ဟန်၊ တဲထဲတွင် ဝေဿန္တရာနှင့် ကလေးနှစ်ဦး နေခဲ့ဟန်။
မဒ္ဒီပြန်လာပြီး ကလေးများကို ရေချိုးပေးကာ သစ်သီး
ဝလံ အတူတကွ စားကြဟန်။
စားပြီးသောအခါ မဒ္ဒီသည် သစ်ခက်တဲနန်းအတွင်း ဝင်
မည်ပြုဟန်၊ အနီးတွင် သားအဖသုံးဦးပုံ။
ကာလိင်္ဂတိုင်းမှ ရက်စက်သော ဇူဇကာပုဏ္ဏားသည် သူ

မိန်းမအတွက် အစေခံများရှာရန်၊ ဝေဿန္တရာ၏ ကလေး နှစ်ဦးအား အလှူခံရန်အလို့ငှာ ဝင်္ကပါတောင်သို့ ရောက်လာဟန်။

ဇာလီသည် ဇူဇကာပုဏ္ဏားအား သွားတွေ့ဟန်။

ဇာလီသည် ကြောက်မက်ဖွယ်ကောင်းသော ပုဏ္ဏားကြီး က လက်များဖြင့် ဖြဲခြောက်သည်ကို ကြောက်ဟန်။

ဇာလီသည် ဖခင်ထံ ပြေးလာဟန်၊ ကြောက်မက်ဖွယ် ကောင်းပြီး ရက်စက်မည့်ပုဏ္ဏားကို ကြည့်နေဟန်။

ဝေဿန္တရာသည် ဇူဇကာနှင့် စကားပြောနေဟန်။

ကလေးနှစ်ဦးသည် ချုံဖုတ်အတွင်း၌ ပုန်းနေကြဟန်။

ကလေးနှစ်ဦး ရေကန်အတွင်းရှိ ကြာပင်များအောက်၌ ပုန်းနေဟန်။

ဇာလီသည် ဝေဿန္တရာကခေါ်သဖြင့် ရေကန်မှထွက်လာ ပြီး ရှိခိုးဟန်၊ နောက်၌ ပုတီးဖြင့် ရပ်နေသူမှာ ဇူဇကာပုံ ဖြစ်သည်။

ကဏှာသည် ရေကန်မှထွက်ပြီး ရှိခိုးဟန်။

ဝေဿန္တရာသည် မိမိ၏သားသမီးများကို ဇူဇကာပုဏ္ဏား အား လှူနေဟန်၊ အနီးတွင် ဇူဇကာမှာ ဗိုက်ရွှဲရွှဲဖြင့် ထီး ဆောင်းလျက် ရပ်နေဟန်၊ နောက်တွင်လည်း အထုပ်အပိုး လွယ်ထားဟန်။

ဇူဇကာသည် နွယ်ပင်အားဖြတ်၍ ယူလာဟန်။

ဇူဇကာသည် ကလေးနှစ်ဦးအား နှောင်ကြိုးဖြင့် ကလေး များအားချည်ဟန်။

ဝေဿန္တရာသည် ဇူဇကာ၏ ပြုမူချက်ကြောင့် ပထမတွင် ဒေါသထွက်သော်လည်း ဒေါသဖြစ်မှုကို အောင်မြင်ခန်း။



ဇူဇကာသည် ကလေးများကို နွယ်ကြိုးဖြင့် ထပ်ချည်ဟန်။

ဇူဇကာသည် ကလေးများကို နွယ်ကြိုးဖြင့်ချည်နှောင်၍ တုတ်ဖြင့်ရိုက်ဟန်။

ကလေးများသည် ဖခင်ဝေဿန္တရာအား ပြန်ကြည့်ဟန်၊ ဝေဿန္တရာသည် သမီးငယ်၏ ငိုကြွေးခြင်းကို ကြားနေသဖြင့် အသည်းနှလုံးကွဲလုမတတ် ခံစားရပြီး သည်းထန်စွာ ငိုကြွေး နေဟန်။

ဝေဿန္တရာ တဲနန်းအနီး ထိုင်နေပြီး ကလေးများကို လှူလိုက်သည်ကို တွေးတောနေဟန်။

မယ်မဒ္ဒီအား နတ်များက ခြင်္သေ့၊ ကျားနှင့် ကျားသစ် ယောင်ဆောင်၍ ထားကြဟန်။

မယ်မဒ္ဒီသည် ကလေးများကို မေးလေဟန်။

မယ်မဒ္ဒီသည် ကလေးများကိုရှာရန် ထွက်လာဟန်။

မယ်မဒ္ဒီသည် မြစ်ဆိပ်သို့ ရောက်ဟန်။

မယ်မဒ္ဒီတောင်ကုန်းများပေါ်သို့ လိုက်ရှာဟန်။

မယ်မဒ္ဒီသည် ကလေးများ ကစားတတ်သော ဆင်ရုပ်၊ မြင်းရုပ်များကို ကြည့်နေဟန်။

မယ်မဒ္ဒီသည် ချုံဖုတ်များအတွင်း ရှာဖွေကြည့်ရှုနေဟန်။

မယ်မဒ္ဒီသည် ရေကန်သို့ လာကြည့်ဟန်။

မယ်မဒ္ဒီသည် ဝေဿန္တရာထံသို့ ပြန်လာဟန်။

ဝေဿန္တရာရှေ့တွင် မှောက်လျက်လဲသွား၍ နှစ်မျော သွားဟန်။

ဝေဿန္တရာသည် မယ်မဒ္ဒီ၏ဦးခေါင်းကိုမ၍ ပေါင်ပေါ် တင်ဟန်။

ဝေဿန္တရာသည် မယ်မဒ္ဒီ၏မျက်နှာပေါ်တွင် ရေလောင်းဟန်။

ဝေဿန္တရာသည် မယ်မဒ္ဒီအား ကလေးများကို မှန်မြတ်သော စိတ်စေတနာဖြင့် လှူလိုက်သည့်အကြောင်း ဖျောင်းဖျ ပြောဆိုဟန်။

သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် လာဟန်။

ဝေဿန္တရာသည် ၎င်း၏မိဖုရားအား လှူလိုက်ဟန်။

သိကြားမင်းသည် မယ်မဒ္ဒီအား အလှူခံရရှိဟန်။

သိကြားမင်းသည် မယ်မဒ္ဒီအား ပြန်ပေးဟန်။

သိကြားမင်းသည် ဝေဿန္တရာနှင့် စကားပြောဆိုနေဟန်၊ သိကြားမင်းအောက်တွင် တိမ်တိုက်များ ထားဟန်။

သိကြားမင်း နတ်ပြည်သို့ ပြန်ဟန်။

ဇူဇကာသည် လမ်းခရီး၌ သစ်ပင်ပေါ်တက်အိပ်ဟန်၊ နွယ်ကြိုးချည်ထားသော ကဏှာနှင့် ဇာလီတို့မှာ သစ်ပင်မြေရင်း၌ ထိုင်နေကြဟန်။

ဝေဿန္တရာနှင့်မယ်မဒ္ဒီသည် သူ၏ဖခင်ဆင်စီး၍လာသည် ထွက်ကြည့်ဟန်။

သိဉ္စည်းမင်းကြီးသည် ဝေဿန္တရာတို့၏ သစ်ခက်တဲနန်းသို့ ရောက်လာဟန်။

သိဉ္စည်းမင်းကြီးသည် ဝေဿန္တရာထံ လာဟန်။

ဝေဿန္တရာသည် ခမည်းတော်အား ရှိခိုးဟန်။

မယ်တော်ဖုသတီ ရောက်လာဟန်။

ဝေဿန္တရာသည် မယ်မဒ္ဒီ၏ ဦးခေါင်းကို ပွတ်နေဟန်။

ဝေဿန္တရာသည် မယ်တော်အား ရှိခိုးဟန်။



ကဏှာနှင့်ဇာလီသည် မယ်မဒ္ဒီထံ လာနေဟန်၊ အောက်တွင် ကလေးနှစ်ဦး မယ်မဒ္ဒီပုံ။

အပေါ်တန်းတွင်ခမည်းတော်မယ်တော်နှင့် ဝေဿန္တရာပုံ။

မယ်မဒ္ဒီ ကလေးများနှင့်အတူ မြေပေါ်သို့ လဲကျနေဟန်။

အပေါ်တန်းတွင် ခမည်းတော်မယ်တော်နှင့် ဝေဿန္တရာတို့၏ပုံ။

ဝေဿန္တရာသည် ခမည်းတော်မယ်တော်နှင့် စကားပြောနေဟန်။

ဝဲဘက်တွင် ခမည်းတော်မယ်တော်ပုံ၊ အလယ်တွင် ကဏှာနှင့် ဇာလီပုံ၊ ယာဘက်တွင် ဝေဿန္တရာနှင့် မယ်မဒ္ဒီပုံ။

ဝေဿန္တရာသည် နန်းဝင် နန်းစားများကို လက်ခံရယူဟန်။

အမတ်တစ်ဦး နန်းဝင်နန်းစား ပေးနေဟန်။

ဝေဿန္တရာနှင့် မယ်မဒ္ဒီတို့သည် ၎င်းတို့ ကိုးလနေခဲ့သော သစ်ခက်တဲနန်းအား ရှိခိုးဟန်။

ဝေဿန္တရာသည် ရေသွန်း၍ မင်းအဖြစ်ခံယူဟန်။

မယ်မဒ္ဒီသည်လည်း မိဖုရားအဖြစ် ဘိသိက်သွန်းဟန်။

မိဖုရားအဖြစ်ခံယူပြီး ဆင်စီးဟန်၊ နောက်၌ အမတ်တစ်ဦး လိုက်ဟန်။

ဝေဿန္တရာတို့သည် ဝင်္ကပါတောင်မှ ပြန်ကြဟန်။

ဝေဿန္တရာနှင့် မယ်မဒ္ဒီ နန်းစံခန်း။

ဝေဿန္တရာသည် အဝတ်တန်ဆာပလာများအား ပေးနေဟန်။

မယ်မဒ္ဒီ ဖူးတုပ်၍ လက်ခံဟန်၊ နောက်၌ အမျိုးသမီးတစ်ဦးပုံ။

ဝေဿန္တရာ နန်းအတွင်း ထိုင်နေဟန်၊ မယ်မဒ္ဒီ ရှိခိုးနေဟန်။

ဝေဿန္တရာ နန်းအတွင်း ထိုင်နေဟန်။

ဤတွင် ဝေဿန္တရာ ဇာတ်တော်ပြီးသည်။

## အာနန္ဒာဂူဘုရား အောက်ခြေပတ်လည်မှ စဉ့်ကွင်းလက်ရာများ

အထက်တစ်နေရာတွင် ဖော်ပြပြီးသည့်အတိုင်း အာနန္ဒာအပေါ်ပစ္စယံများရှိစဉ့်ကွင်းလက်ရာများသည်မူလအကောင်းပကတိအတိုင်းရှိသော်လည်း အောက်ခြေပတ်လည်ရှိ စဉ့်ကွင်းလက်ရာများမှာ အကြိမ်ကြိမ် ထုံးသုတ်ခဲ့ခြင်း၊ လူများအလွယ်တကူ ကိုင်တွယ်ကြခြင်းတို့ကြောင့် အချို့စဉ့်သားများကွာကျပျက်စီး ကုန်ပါသည်။ အချို့လည်း မူလအတိုင်းပင်ကျန်ရှိပါသေးသည်။

အောက်ခြေ စဉ့်ကွင်းများ၏အထက် စိန်တန်းပတ်လည်တွင် အရုပ်မပါသော အစိမ်းရောင် ပြောင်ချောစဉ့်ကွင်းများဖြင့်လည်း မွမ်းမံ၍ တန်ဆာဆင်ထားပါသေးသည်။

အောက်ခြေပတ်လည်ရှိ စဉ့်ကွင်းလက်ရာများမှာ တောင်ဘက်မုခ်ဝ၏ အနောက်ဘက် ဘေးမှစ၍ အနောက်ဘက်မျက်နှာမုခ်ဝ၏ တောင်ဘက်ဘေးအထိ မာရ်နတ်စသည့်ချီတက်ဟန်ပုံများ ဖြစ်ပါသည်။ အနောက်ဘက်မုခ်ဝ မြောက်ဘက်ဘေးမှ မြောက်ဘက်မျက်နှာမုခ်ဝ အနောက်ဘက်ဘေးအထိ မာရ်နတ်စစ်သည်များသည် ဘုရားတန်ခိုးတော်ကြောင့် ရှုံးပြီးထွက်ပြေးကြဟန်များကို သရုပ်ဖော်ထားပါသည်။



အရှေ့မျက်နှာအခြေတစ်လျှောက်တွင် ယက္ခသေနာပတိ ၂၈ ပုံနှင့် ဒေဝတာနတ်များပုံများ၊ သူရာပုံများ၊ နတ်မင်းကြီးများ၊ အခြေအရံနတ်များသည် ပန်း၊ နံ့သာ၊ ကြက်လျှာ၊ တံခွန်၊ ကုက္ကား၊ မီးရှူး၊ စာမရီ သားမြီးယပ်၊ တုရိယာတံခါးမှုတ်၊ စလစ်၊ ကလသာအိုး စသည့် အမျိုးမျိုးသော လှူဖွယ်ပစ္စည်းများကို ကိုင်ဆောင်လာကြဟန်ပုံများ ဖြစ်ပါသည်။ တောင်မုခ်မှ လက်ဝဲလှည့်အရှေ့မုခ်အထိ –

| | | |
|---|---|---|
| ၁။ ဣန္ဒ | ၁၅။ ဇနေသဘ | ၂၉။ မန္ဒိယ |
| ၂။ သောမ | ၁၆။ သာတာဂိရ | ၃၀။ ပဉ္စာလစန္ဒ |
| ၃။ ဝရုဏ | ၁၇။ ဟေမဝတ | ၃၁။ အာဠဝက |
| ၄။ ဘာရဒွါဇ | ၁၈။ ပုဏ္ဏက | ၃၂။ ပဇ္ဇုန္န |
| ၅။ ပဇာပတိ | ၁၉။ ကရတိယ | ၃၃။ သုမန |
| ၆။ စန္ဒန | ၂၀။ ဂုဠ | ၃၄။ သုမုခ |
| ၇။ ကာမသေဋ္ဌ | ၂၁။ သိဝက | ၃၅။ ဒဓိမုခ |
| ၈။ ကိန္နုဃဏ္ဍု | ၂၂။ မုစလိန္ဒ | ၃၆။ မဏိ |
| ၉။ နိဃဏ္ဍု | ၂၃။ ဝေဿာမိတ္တ | ၃၇။ မာဏိ |
| ၁၀။ ပနာဒ | ၂၄။ ယုဂန္ဓရ | ၃၈။ ဝရ |
| ၁၁။ ဩပမည | ၂၅။ ဂေါပါလ | ၃၉။ ဒီဃ |
| ၁၂။ မာတလိ | ၂၆။ သုပ္ပဂေဓ | ၄၀။ သေရိသက |
| ၁၃။ စိတ္တသေန | ၂၇။ ဟိရိ | |
| ၁၄။ နဠေရာဇ | ၂၈။ နေတ္တိ | |

စသည့် ၄၀ သောဘီလူးတို့တွင်(၁) ပနာဒ။ (၂) ဩပမည (၃) မာတလိ (၄) စိတ္တသေန (၅) နဠေရာဇ (၆) ဇနေသဘ (၇) သာတာဂိရ (၈) ဟေမဝတ (၉)

ပဗ္ဗာက (၁၀) ဘာရတိယ (၁၁) သိဂေ (၁၂) မုစလိန္ဒ (၁၃) ဝေသာမိတ္တ (၁၄) ယက္ခ ဇာတာ တစ်ကျိပ်လေးယောက်သောဘီလူး၊ စစ်သူကြီးများ၏ပုံမှာ ဝဲယာ အခြေအရံ နှစ်ဦးစီ ပါသည်။ အောက်ခြေ၌စာပါသည်။

၎င်းယက္ခသေနာပတိ ၁၄ ဦး၏ရှေ့ကျင် ဓတရဋ္ဌနတ်မင်း၊ ဝိရူဠှကနတ်မင်း၊ ဝိရူပက္ခနတ်မင်းဟူသော နတ်မင်းကြီး သုံးယောက် ထိုနတ်မင်းကြီးတို့၏ရှေ့ အသူရာမလေးယောက်၊ ထို့ရှေ့၌ အသူရာလေးယောက်၊ ၎င်းနောက် ဓတရဋ္ဌနတ်မင်း၏ အခြေအရံ ဂန္ဓဗ္ဗ၊ ဂန္ဓဗ္ဗီ စသည့်ပုံများ၊ ရှေ့က ပူဇော်ရန်သွားကြဟန်၊ ထို့နောက် ဝိရူဠှက၏အခြံအရံ ထို့နောက် ဝိရူပက္ခ အခြေအရံ နဂါးတို့ လက်နက်ကိုင်လျက် ပူဇော်သွားကြဟန်၊ ၎င်းပုံများသည် တောင်မုခ်ဝမှ အရှေ့မုခ်ဝအထိ ဖြစ်သည်။

တစ်ဖန် မြောက်မုခ်မှ လက်ျာရစ်လှည့်လျက် အရှေ့မုခ်ဝ အထိ (၁) ဂေါပလ (၂) သုပ္ပဓော (၃) ဟိရိ (၄) နေတ္တိ (၅) မန္တိယ (၆) ပဋ္ဌာစန္ဒ (၇) အာဠဝက (၈) ပဇ္ဇုန္န (၉) သုမန (၁၀) သုမုခ (၁၁) ဒဓိမုခ (၁၂) ပဏိ (၁၃) မာဘိ (၁၄) သေရိသက တို့ ဖြစ်သည်။

ဤတစ်ကျိပ်လေးယောက်သော ယက္ခသေနာပတိ ဘီလူးစစ်သူကြီးများ ဝဲယာအခြံအရံများနှင့်တကွ ပုံများ၊ ၎င်းတို့၏ ရှေ့၌ ကုဝေရမည်သော ဝေဿဝဏနတ်မင်း၊ ရှေ့၌ အခြံအရံများဖြစ်သော ကိန္နရာ၊ မျောက်၊ ဘီလူး၊ ဂဠုန်၊ နဂါးတို့ လက်နက်ကိုင်လျက် ပူဇော်သွားကြဟန်၊ ထို့နောက် နတ်သားနတ်သမီးများသည် ပန်း၊ နံ့သာ၊ ကြက်လျှာ၊ တံခွန်၊ ကုက္ကား၊ မီးရှူး၊ စာမရီ သားမြီးယပ်၊ တုရိယာ၊ တံခါးမုခ်ပလစ်၊ ကလာသာအိုး စသော အထူးထူးသော ပူဇော်ဖွယ်များဖြင့် ပူဇော်



လာကြဟန်ပုံများ စသည်ဖြင့် ဘုရားပရိသတ် စဥ့်ကွင်းရေ ၂၇၆ ခု ရှိပါသည်။ တောင်မုခ်ဝမှ မြောက်မုခ်ဝအထိ မာရ်နတ် စစ်သည်များမှာ တောင်ဘက်မုခ်ဝမှ မြောက်သို့ အစဉ်အတိုင်း ကြည့်ရှုလေ့လာပါက –

(၁) ဆင်ပေါ်စီး မာရ်နတ်ဗိုလ် လှံကိုင်ဟန်။
(၂) မြင်းစီးမာရ်နတ်ဗိုလ် လှံကိုင်။
(၃) နှောင်းခေတ်တွင်အစားထိုးပြုလုပ်ထားသောဆင်ရုပ်။
(၄) နှောင်းခေတ်အင်္ဂတေဖြင့်လုပ်ထားသော ခြသေ့ပုံ
(၅) ဆင်စီးဗိုလ်ပုံ လှံနှင့်သန်လျက်ကိုင်။
(၆) အစင်းများပါသော ဆင်ပုံစီးသော မာရ်နတ်ဗိုလ် ဒိုင်းနှင့် သန်လျက်ကိုင်ဟန်။
(၇) လူကိုယ်နှင့်မြင်းခေါင်း မာရ်နတ်ဗိုလ် သန်လျက်ထမ်း၊ ကျွဲစီးသည်။
(၈) နွားစီးနေသော မာရ်နတ်ဗိုလ်၊ ဒိုင်းနှင့် စကြာကိုင်။
(၉) မကာရ်းစီးနေသော မာရ်နတ်ဗိုလ်တစ်ဦးတည်း ဒိုင်းနှင့်ဓားကိုင်ဟန်။
(၁၀) ကုလားအုတ်စီး မာရ်နတ်ဗိုလ် ဒိုင်းနှင့်ဓားကိုင်။
(၁၁) ကျားစီး မာရ်နတ်ဗိုလ် ဒိုင်းနှင့်ဓားကိုင်။
(၁၂) ဆင်စီး မာရ်နတ်ဗိုလ်နှစ်ဦး သန်လျက်ကိုင်။
(၁၃) ဒရယ်စီး ဆင်ခေါင်းနှင့်လူကိုယ် မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်လှံကိုင်။
(၁၄) ဗျာလစီးလူကိုယ်နှင့် နဂါးခေါင်း မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၁၅) နှောင်းခေတ်အင်္ဂတေဖြင့် အစားထိုးထားသည့်အရုပ် လက်ရာမကောင်းပါ။

(၁၆) ခြသေ့်စီး မာရ်နတ်ဗိုလ်နှစ်ဦး ဓားကိုင်ဟန်။

(၁၇) နဂါးစီးမာရ်နတ်ဗိုလ် ဓားရှည်နှင့်ဓားတိုကိုင်ဟန်။ ထောင်ခြသေ့်သို့ရောက်သည်။

(၁၈) ဂဠုန်စီးမာရ်နတ်ဗိုလ် လူကိုယ်နှင့်မြင်းခေါင်းနှစ်ဦး၏ အကောက်ပါသောလက်နက်ကိုင်ဟန်။

(၁၉) ဗျာလစီးသောလူကိုယ်နှင့် နဂါးမာရ်နတ်ဗိုလ်၊ ဒိုင်းနှင့် ဓားကိုင်။

(၂၀) ဘဲစီးမာရ်နတ်ဗိုလ်နှစ်ဦးတွဲ သန်လျက်ကိုင်။

(၂၁) အမြီးတိုနှင့် တိရစ္ဆာန်ပုံစီး မာရ်နတ်ဗိုလ်နှစ်ဦးတွဲ မကိုဋ်ဆောင်း ဓားကောက်နှင့်ဒိုင်းကိုင်။

(၂၂) ခွေးစီးမာရ်နတ်ဗိုလ်နှစ်ဦး ဓားကိုင်ဟန်။

(၂၃) ဝက်စီးမာရ်နတ်ဗိုလ်နှစ်ဦး သန်လျက်ကိုင်။

(၂၄) ကျားစီး မာရ်နတ်ဗိုလ်တစ်ဦး ဓားနှင့် ဒိုင်းကိုင်။

(၂၅) နဂါးစီး မာရ်နတ်ဗိုလ်နှစ်ဦး သန်လျက်ကိုင်။

(၂၆) လင်းတစီး မာရ်နတ်ဗိုလ်နှစ်ဦးနှင့် သန်လျက်ကိုင်။

(၂၇) ဆင်စီး မာရ်နတ်ဗိုလ်နှစ်ဦး လှံနှင့်သန်လျက်ကိုင်။

(၂၈) အောက်ပိုင်း နဂါးမြီး အပေါ်ပိုင်းလူပုံ မာရ်နတ်ဗိုလ် နှစ်ဦးတွဲဖြစ်ပြီး တစ်ဦးမှာ ဒိုင်းနှင့်လှံကိုင်၊ ကျန်တစ် ဦးမှာ လှံနှစ်ချောင်းကိုင်။

(၂၉) ဝက်ခေါင်းနှင့်မြင်းကိုယ်[illegible]တ်စစ်သည်နှစ်ဦး။

(၃၀) မျက်လုံးများမှမြွေထွက်နေသော သန်လျက်နှင့် ဒိုင်း ကိုင် မတ်ရပ် မာရ်နတ်ဗိုလ်နှစ်ဦး။

(၃၁) ခြသေ့်နှစ်ကောင်ပုံ ပန်းပွင့်နှစ်ပွင့်။

(၃၂) မျက်လုံးများမှ မြွေထွက်နေသောသန်လျက်နှင့် ဒိုင်း ကိုင် မတ်ရပ်မာရ်နတ်ဗိုလ်နှစ်ဦး မကိုဋ်ဆောင်း။



(၃၃) ငှက်ကြီးနှစ်ကောင်နှင့် ပန်းပွင့်သုံးပွင့်ပုံ။

(၃၄) မျက်လုံးများမှ မြွေထွက်နေသော ဓားကောက်နှင့် လေးကိုင်မာရ်နတ်ဗိုလ်နှစ်ဦး။

(၃၅) အမြီး ထောင်နေသော ခြေလေးချောင်း သတ္တဝါ နှစ် ကောင်နှင့် ပန်းနှစ်ပွင့်ပုံ။

(၃၆) ပါးစပ်များမှ မြွေထွက်နေသော လေးနှင့် မြားကိုင် မာရ်နတ်ဗိုလ်နှစ်ဦး။

(၃၇) ငှက်ကြီးနှစ်ကောင်နှင့် ပန်းပွင့်သုံးပွင့်ပုံ။

(၃၈) နားပေါက်များနှင့် မြွေထွက်နေသော သန်လျက်နှင့် ချွန်းကိုင်မာရ်နတ်ဗိုလ်။

(၃၉) ကျားနှစ်ကောင်နှင့် ပန်းပွင့်နှစ်ပွင့်ပုံ။

(၄၀) အောက်ပိုင်းနဂါးအခွေ အပေါ်ပိုင်း လူမာရ်နတ်ဗိုလ် နှစ်ရုပ်တွဲ တစ်ဦးမှာ ဓားနှင့်လှံကိုင် ကျန်တစ်ဦးမှာ ဒိုင်းနှင့်ဓားကိုင်။

(၄၁) ကျီးငှက်နှစ်ကောင်နှင့် ပန်းတစ်ပွင့်။

(၄၂) အရုပ်မရှိတော့ပြီ။

(၄၃) ဦးခေါင်းထိပ်ပေါ်တွင် မြွေခေါင်းအထွက်ပြီး မြီးမှာ မေး၏အောက်မှထွက်နေဟန် မာရ်နတ်ဗိုလ်နှစ်ဦးပုံ လှံနှင့်ဓားကိုင်။

(၄၄) လူကိုယ်နှင့်နဂါး သုံးဦးပုံ။

(၄၅) လူကိုယ်နှင့်လင်းတ မာရ်နတ်ဗိုလ်နှစ်ဦးသန်လျက်ကိုင်။

(၄၆) ကျားနှစ်ကောင်နှင့် ပန်းပွင့်နှစ်ပွင့်။

(၄၇) မျက်လုံးမှမြွေထွက်နေသော မာရ်နတ်ဗိုလ်နှစ်ဦး ဓား ကောက်နှင့် လေးကိုင်ဟန်။

(၄၈) အမြီးထောင်နေသော ခြေလေးခု သတ္တဝါနှစ်ကောင်နှင့် ပန်းပွင့်တစ်ပွင့်။
(၄၉) မျက်လုံးမှ မြွေနှစ်ကောင်ထွက်နေသော မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၅၀) နွားနှစ်ကောင်ပုံ။
(၅၁) ဓားနှင့်ဒိုင်းကိုင် မာရ်နတ်ဗိုလ် ဘီလူးနှစ်ကောင်။
(၅၂) ငှက်ကြီးနှစ်ကောင်နှင့် ပန်းပွင့်နှစ်ပွင့်။
(၅၃) ဓားနှစ်လက်ကိုင် ဘီလူးနှစ်ကောင်။
(၅၄) မြင်းနှစ်ကောင် ပန်းနှစ်ပွင့်။
(၅၅) လင်းတငှက်ဦးခေါင်းနှင့်လူကိုယ်မာရ်နတ်ဗိုလ် ဓားနှစ်လက်ကိုင်။
(၅၆) ကျားဦးခေါင်းနှင့် ဘီုပါသော နွားမ နှစ်ကောင်၊ ပန်းနှစ်ပွင့်။
(၅၇) မျက်လုံးများမှ မြွေထွက်နေသော မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်ပုံ။
(၅၈) ဆင်ဦးခေါင်းနှင့် မြင်းကိုယ်နှစ်ကောင် ပန်းနှစ်ပွင့်။
(၅၉) မျက်လုံးမှ မြွေထွက်နေသော မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၆၀) နွှောင်းခေတ် အစားထိုးလုပ်ထားသော ခြင်္သေ့နှစ်ကောင်ပုံ။
(၆၁) အောက်ပိုင်းနဂါး၊ အငွေ့အပေါ်ပိုင်းနတ်ပုံနှစ်ပုံ၊ ဓားလှံ ဒိုင်းကိုင်။
(၆၂) ဆိတ်ဦးခေါင်းနှင့် နွားကိုယ်နှစ်ကောင်၊ ပန်းနှစ်ပွင့်။
(၆၃) မျက်လုံးမှမြွေထွက်သောမာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။



## တိုက်မထောင့်ခြင်္သေ့သို့ရောက်သည်

(၆၄) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၆၅) ဆင်ခေါင်းနှင့် မြင်းကိုယ်နှစ်၊ ပန်းနှစ်ပွင့်။
(၆၆) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၆၇) ခြင်္သေ့နှစ်ကောင်နှင့် ပန်းနှစ်ပွင့်။
(၆၈) နွားခေါင်းနှင့် ပါးစပ်မှမြွေများထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၆၉) ဆင်ခေါင်းနှင့် မြင်းကိုယ်နှစ်၊ ပန်းနှစ်ပွင့်။
(၇၀) နားမှမြွေထွက်သောမာရ်နတ်ဗိုလ်နှစ်ဦး ဓားနှင့်ဒိုင်းကိုင်။
(၇၁) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦးဓားနှင့်ဒိုင်းကိုင်။
(၇၂) ဆင်ခေါင်းနှင့် မြင်းကိုယ်နှစ်၊ ပန်းနှစ်ပွင့်။
(၇၃) ဦးခေါင်းမှမြွေထွက်သောမာရ်နတ်ဗိုလ်နှစ်ဦး။
(၇၄) ကျဲဦးခေါင်းနှင့်ခြင်္သေ့ကိုယ်နှစ်။
(၇၅) လင်းတဦးခေါင်းနှင့်လူကိုယ်နှစ်၊ ဓားနှစ်လက်ကိုင်။
(၇၆) နွားဦးခေါင်းနှင့် အမြီးထောင်နေသော ခြေလေးခု သတ္တဝါနှစ် ပန်းနှစ်ထောင့်ချိုးသို့ရောက်သည်။
(၇၇) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦးဓားနှင့်ဒိုင်းကိုင်။
(၇၈) ကျဲဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ကောင်။
(၇၉) အောက်ပိုင်းနဂါး၊ အပေါ်ပိုင်းလူနှစ်ဦး ဓားနှင့်ဒိုင်းကိုင်။

( ၈၀ ) နှောင်းခေတ်ပြုလုပ်ထားသောကြက်ပုံ။
( ၈၁ ) ပါးစပ်မှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့် လုံကိုင်။
( ၈၂ ) ကျွဲဦးခေါင်းနှင့် ခြင်္သေ့ကိုယ်။
( ၈၃ ) ပါးစပ်နှင့်ဦးခေါင်းမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့်ဒိုင်းကိုင်။ ထောင့်ချိုးသို့ ရောက်သည်။
( ၈၄ ) ခြင်္သေ့နှစ်ကောင် ပန်းနှစ်ပွင့်။
( ၈၅ ) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့် ဒိုင်းကိုင်။
( ၈၆ ) ငှက်ကြီးနှစ်ကောင်နှင့် ပန်းနှစ်ပွင့်။
( ၈၇ ) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့် ဒိုင်းကိုင်။
( ၈၈ ) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့် ဒိုင်းကိုင်။ ထောင့်ချိုးသို့ ရောက်သည်။
( ၈၉ ) နွားဦးခေါင်းနှင့်ခြင်္သေ့ကိုယ်နှစ်၊ ပန်းနှစ်ပွင့်။
( ၉၀ ) နွားခေါင်းမှမြွေထွက်သော မာရ်နတ်နှစ်ဦး ခါးနှင့် ဒိုင်းကိုင်။
( ၉၁ ) နွားဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်၊ ပန်းနှစ်ပွင့်။
( ၉၂ ) ငှက်ကြီးနှစ်ကောင်နှင့် ပန်းနှစ်ပွင့်။
( ၉၃ ) နားမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့် ဒိုင်းကိုင်။
( ၉၄ ) ပါးစပ်နှင့် ဦးခေါင်းမှ မြွေထွက်သော မာရ်နတ်ဗိုလ် နှစ်ဦး ခါးနှင့်ဒိုင်းကိုင်။
( ၉၅ ) အောက်ပိုင်းနဂါးအဝေ့ အပေါ်ပိုင်းလူနှစ်ဦး ခါးနှင့် ဒိုင်းကိုင်။



( ၉၆ ) လူကိုယ်နှင့်အပေါ်ပိုင်း နဂါးသုံးဦး။
( ၉၇ ) လူကိုယ်နှင့်အပေါ်ပိုင်း နဂါးသုံးရုပ်။
( ၉၈ ) နွားခေါင်းမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး။
( ၉၉ ) လူကိုယ်နှင့်အပေါ်ပိုင်း နဂါးသုံးရုပ်။
( ၁၀၀ ) ငှက်ဦးခေါင်းနှင့်လူကိုယ် ခါးနှင့်ဒိုင်းကိုင်။
( ၁၀၁ ) နွားခေါင်းမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး ခါးနှင့်ဒိုင်းကိုင်။
( ၁၀၃ ) ကျွဲခေါင်းနှင့်ခြင်္သေ့ကိုယ်(၂)။
( ၁၀၄ ) နွားခေါင်းမှမြွေထွက်သော မာရ်နတ်ဗိုလ်နှစ်ဦး လှံနှင့် ဒိုင်းကိုင်။
( ၁၀၅ ) ကျားစီးမာရ်နတ်ဗိုလ်နှစ်ဦး။
( ၁၀၆ ) ကုလားအုတ်စီးသော မာရ်နတ်ဗိုလ် ခါးနှင့် ဒိုင်းကိုင်။
( ၁၀၆ ) ကျွဲစီးနေသောမြေခွေးခေါင်းနှင့်လူကိုယ်နှစ်ဦး ခါးကိုင်။
( ၁၀၇ ) ယုန်စီးနေသော မြင်းခေါင်းနှင့် လူကိုယ်နှစ်ဦး ခါးကိုင်။
( ၁၀၈ ) ငှက်စီးနေသော မာရ်နတ်ဗိုလ်နှစ်ဦး ခါးကိုင်။
( ၁၀၉ ) ငှက်စီးနေသော မာရ်နတ်ဗိုလ်နှစ်ဦး ခါးကိုင်။
( ၁၁၀ ) ဗျာလစီးသော မာရ်နတ်ဗိုလ်လေးကိုင်။
( ၁၁၁ ) ဝဠုန်စီးသော မာရ်နတ်ဗိုလ်နှစ်ဦး ဦးခေါင်းပိုင်း ပျက်စီး။
( ၁၁၂ ) နဂါးစီးသော မာရ်နတ်ဗိုလ်နှစ်ဦးခါးကိုင်။
( ၁၁၃ ) ဆိတ်စီးသော မာရ်နတ်ဗိုလ်နှစ်ဦးခါးကိုင်။
( ၁၁၄ ) ခွေးစီးသော မာရ်နတ်ဗိုလ်နှစ်ဦးခါးကိုင်။

(၁၁၅) ယုန်စီးသောဆင်ခေါင်းနှင့်လူကိုယ် မာရ်နတ်ဗိုလ်နှစ်ဦးဓားကိုင်။

(၁၁၆) သမင်စီးသောဆင်ခေါင်းနှင့်လူကိုယ် မာရ်နတ်ဗိုလ်နှစ်ဦးဓားကိုင်။

(၁၁၇) ဝက်စီးသော မာရ်နတ်ဗိုလ်နှစ်ကိုယ် ဓားကိုင်။

(၁၁၈) ကျားစီးမာရ်နတ်ဗိုလ်ဓားကိုင် ပန်းနှစ်ပွင့်။

(၁၁၉) ကုလားအုတ်စီးသော မာရ်နတ်ဗိုလ် ဓားနှင့်ဒိုင်းကိုင်။

(၁၂၀) မကရ်းစီးသော မာရ်နတ်ဗိုလ် ဓားနှင့်ဒိုင်းကိုင်။

(၁၂၁) နွားစီးနေသော မာရ်နတ်ဗိုလ် ဓားနှင့်ဒိုင်းကိုင်။

(၁၂၂) ကျွဲစီးနေသော မြွေခေါင်းနှင့် လူကိုယ်နှစ်ဦးဓားကိုင်။

(၁၂၃) ကိုယ်တွင် အစင်းများပါသော ဆင်နှင့်တူသည့် တိရစ္ဆာန်စီးနေသော မာရ်နတ်ဗိုလ်နှစ်ဦးဓားနှင့်ဒိုင်းကိုင်။

(၁၂၄) ကိုယ်တွင် အစင်းများပါသော ဆင်နှင့် တူသည့် တိရစ္ဆာန်စီးနေသော မာရ်နတ်ဗိုလ်နှစ်ဦးဓားနှင့်ဒိုင်းကိုင်။

(၁၂၅) ကျားစီးသော မာရ်နတ်ဗိုလ် လူကိုယ် ဘီလူးခေါင်း၊ ငှက်နှုတ်သီး ဓားနှင့်ဒိုင်းကိုင်။

(၁၂၆) ခြင်္သေ့စီးသော မာရ်နတ်ဗိုလ် ဓားကိုင်။

(၁၂၇) မြင်းစီးသော မျောက်ခေါင်းနှင့်လူကိုယ် မာရ်နတ်ဗိုလ် လေးကိုင်ဟန်။

(၁၂၈) ဆင်စီးသော မာရ်နတ်ဗိုလ်နှစ်ဦး လှံနှင့်ဓားကိုင်။



## အာနန္ဒာဘုရား အောက်ခြေ အရှေ့မျက်နှာ မြောက်ခြမ်းရှိ စဉ့်ကွင်းလက်ရာများမှ စာများ

အမှတ်စဉ် (၁) မှ (၁၄) အထိ အရုပ်များမှာ ဝဲဘက်ပခုံးပေါ် သန်လျက်ထမ်း၊ ဝဲဒူးထောင်၊ ယာဒူးချနေဟန်၊ ဝဲယာတွင် ဒူးတုပ်ရှိခိုးနေဟန် အခြံအရံ နှစ်ဦးစီပါသည်။

၁။ ဂေါပါလ ယက္ခသေနာပတိ
၂။ သုပ္ပရောစ ယက္ခသေနာပတိ
၃။ ဟိရိ ယက္ခသေနာပတိ
၄။ နေတ္တိ ယက္ခသေနာပတိ
၅။ မန္ဒိယ ယက္ခသေနာပတိ
၆။ ပဉ္စာလစဏ္ဍ ယက္ခသေနာပတိ
၇။ အာဠဝက ယက္ခသေနာပတိ
၈။ သုမန ယက္ခသေနာပတိ
၉။ ပဇ္ဇုန္န ယက္ခသေနာပတိ
၁၀။ သုမုခ ယက္ခသေနာပတိ
၁၁။ ဒဓိမုခ ယက္ခသေနာပတိ
၁၂။ မဏိ ယက္ခသေနာပတိ
၁၃။ မာနိစရ ယက္ခသေနာပတိ
၁၄။ ဒေဃိသက ယက္ခသေနာပတိ
၁၅။ ဝေါက်သွင်ကုဝေရ
၁၆။ ကိန်ရွှောက်မရုပ်သုဘက် (သန်လျက်ကိုင် မတ်ရပ် နတ်ဘီလူးနှစ်ဦးပုံ)
၁၇။ ကိရွှောက်မရုပ်ဒွေ့ဘက်
၁၈။ ကိရွှောက်မရုပ်သွဲ့ဘက်

၁၉။ သုပဏ္ဏမရုပ်သူ့ဘက် (သန်လျက်နှစ်ခုစီကိုင်သော ဂဠုန်နှစ်ကောင်)

၂၀။ သုပဏ္ဏမရုပ်သူ့ဘက် (သန်လျက်နှစ်ခုစီကိုင်သော ဂဠုန်နှစ်ကောင်)

၂၁။ သုပဏ္ဏမရုပ်သူ့ဘက်(သန်လျက်နှစ်ခုစီကိုင်သော ဂဠုန်နှစ်ကောင်)

၂၂။ ဝေါဒ်နာဂမရုပ်သူ့ဘက် (သန်လျက် နှစ်ခုစီ ကိုင်သော နဂါးသုံးဦး)

၂၃။ နာဂမရုပ်သူ့ဘက် (သန်လျက် နှစ်ခုစီကိုင်သော နဂါးသုံးဦး)

၂၄။ ဝေါဒ်နာဂမရုပ်သူ့ဘက် (သန်လျက် နှစ်ခုစီကိုင်သော နဂါးသုံးဦး)

၂၅။ ကုမ္ဘဏ်မရုပ်သေ့ဘက် (သန်လျက် နှစ်ခုစီ ကိုင်သော ကုမ္ဘဏ်နှစ်ဦး)

၂၆။ ကုမ္ဘဏ်မရုပ်သူ့ဘက် (သန်လျက် နှစ်ခုစီ ကိုင်သော ကုမ္ဘဏ်နှစ်ဦး)

၂၇။ ကုမ္ဘဏ်မရုပ်သူ့ဘက် (သန်လျက် နှစ်ခုစီ ကိုင်သော ကုမ္ဘဏ်နှစ်ဦး)

၂၈ မှ ၃၂ ထိ။ ဒေဝတာဝ်မရုပ်တိမ်ဗင် (အလံကိုင် နတ်သုံးပါး)

အချို့ **တိမ္ဗင်** ဟူ၍ ရေးသည်။

၃၃ မှ ၃၈ ထိ= ဒေဝတာဝ်မရုပ်သင် (ခရုသင်းကိုင် နတ်သုံးပါး)

၃၉ မှ ၄၁ ထိ= ဒေဝတာဝ်မရုပ်ဘဏ္ဍာဗိဒ် (မီးရှူးကိုင် နတ်သုံးပါး)



၄၂ မှ ၄၆ ထိ= ဒေဝတာဝ်မရုပ်နန္ဒိဝရ် (ဇလပ်ပန်းပွင့်ကိုင် နတ်သုံးပါး)

၄၇ မှ ၅၂ ထိ= ဒေဝတာဝ်မရုပ်ဆွင် (လည်ရေးသုံးဆင့်ကိုင် နတ်သုံးပါး)

၅၃ မှ ၅၇ ထိ= ဒေဝတာဝ်မရုပ်ဆွယ် (တလသာအိုးကိုင် နတ်သုံးပါး)

၅၈ မှ ၆၂ ထိ= ဒေဝတာဝ်မရုပ်တံခေယ် (ပန်းအိုးကိုင် နတ်သုံးပါး)

၆၃ မှ ၆၈ ထိ= ဒေဝတာဝ်မရုပ်ခြောင်(ကြာပန်းအိုးကိုင် နတ်သုံးပါး)

၆၉ မှ ၇၄ ထိ= ဒေဝတာဝ်မရုပ်နရုပ် (ကန်တော့ပွဲကိုင် နတ်သုံးပါး)

၇၅ မှ ၇၉ ထိ= ဒေဝတာဝ်မရုပ်ပဏ္ဍာက် (တံခွန်ကိုင် နတ်နှစ်ပါး)

၈၀ မှ ၈၇ ထိ= ဒေဝတာဝ်ပြောဝ် (ကြာကလပ်ကိုင် နတ်သမီး နှစ်ဦးစီ)

၈၈ မှ ၉၁ ထိ= ဒေဝတာဝ်မရုပ်ဗဇ် (ဝရဇိန်ကိုင် နတ်သုံးပါး)

အချို့စဉ့်ကွင်းတွင်ဗဇိရ်ဟူ၍ရေးပါသည်။

၉၂ မှ ၉၆ ထိ= ဒေဝတာဝ် မရုပ်ကာဒ် (ငါးကြင်း နှစ်ကောင်စီကိုင် နတ်သုံးပါး)

၉၇ မှ ၁၀၁ ထိ= ဒေဝတာဝ်မရုပ်စာမရ် (စာမရီ သားမြီးယပ်ကိုင် နတ်သုံးဦး)

၁၀၂ မှ ၁၀၆ ထိ= ဒေဝတာဝ်မရုပ် ဘဒ္ဒပိဒ် (အင်းပျဉ်ထိုင်ခုံကိုင် နတ်သုံးဦး)

၁၀၇ မှ ၁၁၁ ထိ= ဒေဝတာဝ်မရုပ်ကျွေဟ် (ပန်းကာလပ် ကွန်း တောင်ကိုင် နတ်သုံးဦး)
၁၁၂ မှ ၁၁၇ ထိ= ဒေဝတာဝ်မရုပ်စိန္ဒြောင် (ရွှန်းကိုင် နတ်သုံးဦး)
၁၁၈ မှ ၁၂၁ ထိ= ဒေဝတာဝ်မရုပ်တောရိန် (တောရကျ သို့မဟုတ် တုရိုက်တိုင်ကို တစ်ဘက် တစ်ချက် ကိုင်သော နတ်နှစ်ဦး)
၁၂၂ မှ ၁၂၆ ထိ= ဒေဝတာဝ်မရုပ်သုဘက် (သန်လျက်ကိုင် နတ်သုံးပါး)
၁၂၇ မှ ၁၃၁ ထိ= ဒေဝတာဝ်မရုပ်သိရီဝစ် (သိရီဝစ္ဆကိုင် နတ်သုံးဦး)
၁၃၂ မှ ၁၃၆ ထိ= ဒေဝတာဝ်မရုပ်ဒိဂ်လေ် (ကြေးမုံပြင်ကိုင် နတ်သုံးပါး)
၁၃၇ ဝေါအ်သု (သားမြီးယပ်နှင့် ကြေးမုံကိုင် နတ်နှစ်ဦး တွဲလျက်စဉ်ကွင်း) စာအချို့ ပျက်နေပြီ။
၁၃၈ ဝေါအ်ဗြဟ္မကုန် (ထီးကိုင် ဗြဟ္မာနှင့် ခရုသင်းမှုတ် သိကြားနှစ်ရုပ်တွဲလျက်)
အရှေ့မုခ်ဝသို့ရောက်၍ ဆုံးပြီ။

**အာနန္ဒာ ဥအောက်ခြေ တောင်ဘက်မုခ်ဝမှ အရှေ့သို့ စဉ်ကွင်းလက်ရာများမှ စာများ**

၁။ ပနာဒ ယက္ခသေနာပတိ
၂။ ဩပမညာ ယက္ခသေနာပတိ
၃။ ဒေဝသုတ ယက္ခသေနာပတိ
၄။ စိတ္တသေန ယက္ခသေနာပတိ
၅။ နဠောရာဇ ယက္ခသေနာပတိ
၆။ ဇနေသဘ ယက္ခသေနာပတိ
၇။ ဟေမဝတ ယက္ခသေနာပတိ
၈။ သာတာဂိရ ယက္ခသေနာပတိ
၉။ ပုဏ္ဏက ယက္ခသေနာပတိ
၁၀။ ကရတိယ ယက္ခသေနာပတိ
၁၁။ သီဝက ယက္ခသေနာပတိ
၁၂။ မုစလိန္ဒ ယက္ခသေနာပတိ
၁၃။ ဝိဿာမိတ္တ ယက္ခသေနာပတိ
၁၄။ ယုဂန္ဓရ ယက္ခသေနာပတိ
၁၅။ ဝေါအ်သ္ဂင်ဓဋ္ဌရဋ္ဌ
၁၆။ ဝေါအ်သ္ဂင်ဝိရူဠက်
၁၇။ ဝေါအ်သ္ဂင်ဝိရူပက္ခ
၁၈။ ဝေါအ်သ္ဂင်ယမ်
၁၉။ ဝေါအ်သ္ဂင်ယမ်
၂၀။ ဝေါအ်သ္ဂင်ယမ်
၂၁။ ဝေါအ်သ္ဂင်ယမ်
၂၂။ သုစိတ္တာသုရ်
၂၃။ ဝေါအ်သ္ဂင်သုရ်
၂၄။ နဝပစိတ္တာသုရ်
၂၅။ အသုရိန္ဒာသုရ်

ဎင်းစဉ်ကွက်မှ အရှေ့မုခ်ဝတိုင် စဉ်ကွက်များမှာ **အာရုံခံ** မြောက်ဘက်ခြမ်းမှာကဲ့သို့ နဂါး၊ ဂဠုန်၊ **နတ်ဒေဝါများ**


ပူဇော်လာကြဟန် ကိုင်ဆောင်သောပစ္စည်းများပါ တူညီကြသည်။

အနောက်မုခ်ဝသို့ ရောက်၍ မာရ်နတ်စစ်သည် ချီတက်ခန်းပြီးသည်။ အဆိုပါ အနောက်မုခ်ဝ မြောက်ဘက်ဘေးမှစ၍ မြောက်ဘ ဘ်မုခ်ဝ အနောက်ဘက် ဘေးအထိ မာရ်နတ်စစ်သည် ထွက်ပြေးခန်းများ ဖြစ်ပါသည်။ ထွက်ပြေးခန်း စဥ့်ကွင်းရုပ်ပုံများမှာ ချီတက်ခန်းပုံများ အချီအချင့် နေရာလွှဲသည်မှအပ အားလုံးသောအရုပ်များသည် အတူတူဖြစ်ပါသည်။ ထို့ကြောင့် စဥ့်ကွင်းအရေအတွက် စုစုပေါင်းမှာ


| | |
|---|---|
| မာရ်နတ်စစ်သည် ချီတက်ခန်း — | ၁၂၉ ပုံ |
| မာရ်နတ်စစ်သည် ထွက်ပြေးခန်း — | ၁၂၉ ပုံ |
| အသီတိနိပါတ်–ဇာတ်ငယ် ၅၃၇ အနက် ဇာတ်ကွက် ခုနစ်ခု မရှိတော့ပြီဖြစ်၍ ကျန်ဇာတ်ကွက်– | ၅၃၀ ပုံ |
| မဟာနိပါတ်မှ စဥ့်ကွင်းပေါင်း | ၃၉၃ ပုံ |
| အရှေ့ဘက်အခြေတစ်လျှောက်ရှိ ယက္ခသေနာပတိများနှင့် ဒေဝတာနတ်များပုံ | ၂၉၆ ပုံ |
| စုစုပေါင်း= | ၁၄၇၇ ပုံ |

ဖြစ်ပါသည်။




အလံ၊


ဓရှသင်း၊



မီးရှူးတိုင်၊


ဇလပ် ပန်းပွင့်ကိုင်၊



လည်စေရးသုံးဆင့်ကိုင်၊


ကလသာအိုး။


ကန်တော့ပွဲ၊


ကြာပန်းအိုး။


ပန်းအိုး။



စာမရီသားမြီးယပ်၊ အင်မျဉ်ထိုင်ခုံ၊ ပန်းကလပ်ကွန်းတောင်





တံခွန်၊ ကြာကလပ်၊ ဝရင်နိ၊





ငါးကြင်း၊ ချွန်း တောရဏ သို့မဟုတ်တုမှိုင်







သန်လျက် သီရိဝစ္ဆကိုင် ကြေးမုံပြင်



ပေတတာဝင် မရှပ်ကြောင် စဉ့်ကွင်းလက်ရာ၊
အိုးကိုင်ပူဇော်သောဟန်ရုပ်များ



ဗူဇနေကဇာတ် ၅
စဉ့်ကွင်းလက်ရာ ဇာတ်ကွက်တစ်ခု





မာရဗလ်ယာန်ကြွအ်
စဉ့်ကွင်းလက်ရာ ကျားစီးမာန်နတ်ဗိုလ်

## အခန်း ( ၆ )

# ကျောက်ဆစ်ရုပ်တု လက်ရာများ

ပုဂံတွင်ရှိသော ရှေးဟောင်း အဆောက်အအုံပေါင်း လက်ရှိ နှစ်ထောင်ကျော် ရှိသည့်အနက် ကျောက်ဆစ်ပန်းပု(ပန်းတမော့) လက်ရာအကောင်းဆုံးကို ပြပါဆိုလျှင် အာနန္ဒာဘုရားအတွင်းရှိ ကျောက်ဆစ်ပန်းပု လက်ရာ ဖြစ်ပါသည်။

ပုဂံရှိ မယ်တော်မာယာ သားဖွားခန်း ရုပ်တုများအနက် အာနန္ဒာမြောက်ဘက် စကြံပတ်လည် မုခ်ကပ်နံပါတ် ၁၂ ရှိ မယ်တော်မာယာ သားဖွားခန်း ကျောက်ဆစ်ရုပ်တုသည် အကောင်းဆုံး ဖြစ်ပါသည်။ ကျောက်ဆစ်ရုပ်တုများသည် ပုဂံမြို့အရှေ့တောင်ဘက်ရှိ တုရင်တော်မှ ကဲကျောက်များကို ယူ၍ ထုခြင်း ဖြစ်ပါသည်။ ပုံတိုင်းသည် အောက်ခြေမှ ထိပ်အထိ တစ်တုံးတည်းသားများကို ထုလုပ်ထားခြင်း ဖြစ်ပါသည်။

အချို့ရုပ်တုဆင်းတုများ၏ နောက်ကျောတွင် မှန်စာများ ပါရှိပါသည်။ အချို့မှာ စာများမပါရှိပါ။ အများအားဖြင့် ကျောက်လုပ်ရာ ဆင်းတုများမှာ အောက်ခြေတွင် အက်တေဖြင့် ကပ်ထားသည်ကို တွေ့ရပါသည်။ ကျောက်ဆစ်လက်ရာများမှာ ဦးခေါင်းနှင့်ကိုယ်အထွန်အချိုးကျပါသည်။ ဆင်းတု





ဦးခေါင်းများတွင် ဆံတော်ဆံရစ်ကလေးများ ပါရှိပြီး ထိပ်တွင် မဏိတော်အချွန်များ ပါရှိပါသည်။ ရဟန္တာပုံများမှာမူ မဏိတော်အချွန် မပါရှိပါ။ အာနန္ဒာတွင် ထူးခြားသော ကျောက်ဆင်းတု ရှစ်ဆူ ရှိပါသည်။ ၎င်းတို့မှာ မဏိတော် အချွန်မပါရှိဘဲ ရဟန္တာကဲ့သို့ ဦးပြည်း ပြုလုပ်ထားသည်ကို တွေ့ရှိနိုင်ပါသည်။

ထို့ပြင် အခြားသောထူးခြားချက်မှာ မတ်ရပ်ဆင်းတုကြီးလေးဆူ၏ ဝဲယာ ရဟန္တာ၂နှစ်ပါးနှင့် ကျန်စစ်သားမင်းကြီး ပုံတော်ရှိကြရာ မြောက်ဘက်မတ်ရပ်ကိုယ်တော်ကြီး၏ အရှေ့ဘက်ရှိ ရဟန္တာရုပ်တုကြီးမှာ ကြီးမားသော ကျောက်တုံးကြီးကို ထုလုပ်ထားခြင်းဖြစ်ပြီး မူလလက်ရာအတိုင်း ပြုပြင်ခြင်း မရှိ။ ပကတိအတိုင်း ကျန်ရှိသည်ကို လေ့လာတွေ့နိုင်ပါသည်။ မြောက်ဘက် မတ်ရပ် ကိုယ်တော်ကြီး၏အနောက်ဘက်ဘေး မုခ်ကပ် အချိုတွင်းရှိ ရဟန္တာမှာ မူလရုပ်တု ရဟန္တာ မဟုတ်တော့ပေ။ မင်းညီမင်းသား ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ကောက် လက်ကျပ်များ ပါရှိနေခြင်း၊ နောက်ကျောဘက်၌လည်း ကျန်စစ်သားမင်းကြီး၏ ပုံတော်အတိုင်း ပန်းခက်ကြီးများ ပါရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းအပြင် ဦးခေါင်းမှာကျိုးနေသဖြင့် နောင်းလူတို့က ရဟန္တာဦးခေါင်းပြုလုပ်ပြီး အသစ်တပ်ဆင်ထားခြင်း ဖြစ်ဟန်တူပါသည်။

အရှေ့မတ်ရပ် ကိုယ်တော်ကြီး၏ တောင်ဘက်ရဟန္တာမှာ ရဟန္တာဖြစ်ပါသည်။ မြောက်ဘက်ရဟန္တာမှာလည်း မူလက ရဟန္တာ မဟုတ်တော့ပါ။ ၎င်းတွင်လည်း လည်းပင်တွင် လည်ဂျာပါနေပြီး အနောက်ဘက်တွင် ကျောက်ဆစ်လက်ရာ

ပန်းခက်ကြီးများပါရှိနေသောကြောင့်ဖြစ်ပါသည်။ ဦးခေါင်းမရှိတော့ပြီဖြစ်၍ နှောင်းခေတ်တွင် ရဟန္တာဦးခေါင်းပြုလုပ်၍ တပ်ဆင်ခဲ့ခြင်း ဖြစ်ဖွယ်ရာ ရှိပါသည်။

တောင်ဘက်မတ်ရပ်ကိုယ်တော်ကြီး၏ အရှေ့ဘက်ဘေးရှိ ရဟန္တာ ရုပ်တုမှာလည်း နှောင်းခေတ်ပုံစံ ဖြစ်ပါသည်။ အနောက်ဘက်ဘေးရှိ ရဟန္တာရုပ်တုမှာ မူလလက်ရာအတိုင်း ဖြစ်ပါသည်။

အနောက်ဘက် မတ်ရပ်ကိုယ်တော်ကြီး၏ တောင်ဘက် ဘေးရှိ ကျန်စစ်သား ရုပ်တုမှာလည်း တချိန်က ဦးခေါင်း ကျိုးခဲ့ဖူး၍ သစ်စေးသားရိုးဖြင့် ဆက်ထားသည်ကို လေ့လာ တွေ့ရှိရပါသည်။ ၎င်းပြင် မကိုဋ်၊ နားခေါင်း၊ လက်များတို့ကို အင်္ဂတေဖြင့် ပြုပြင်ထားသည်ကိုလည်း လေ့လာစမ်းသပ် တွေ့ ရှိရပါသည်။ နောက်ကျောဘက်ကို သေချာစွာကပ်ကြည့် လျှင် အလွန်လှပသောပန်းခက်ကြီးများကို ဝတ်ရုံအဖြစ် တွေ့ ရှိ လေ့လာနိုင်ပါသည်။ မြောက်ဘက်မုခ်ကပ် အချိုင့်တွင်းရှိ ရှင်အရဟံပုံကိုလည်း နှောင်းလူတို့မျက်နှာကို ပြုပြင်ထား သည်ကို တွေ့ရပါသည်။ အထက်ဖော်ပြပြီး မတ်ရပ်ကိုယ်တော် ကြီး လေးဆူ၏ ဝဲယာရှိရဟန္တာရှစ်ပါးပုံအနက် ကျန်စစ် သားမင်းကြီး၏ မူလ လက်ရာအဖြစ် မြောက်ဘက် မတ်ရပ် ကိုယ်တော်ကြီး၏ အရှေ့ဘက်ဘေးအချိုင့်ရှိ ရဟန္တာရုပ်တု ကြီးနှင့် တောင်ဘက်မတ်ရပ် ကိုယ်တော်ကြီး၏ အနောက် ဘက် ဘေးရှိ ရဟန္တာရုပ်တုကြီးတို့၏မျက်နှာများသာ မူလ အတိုင်း ကျန်ရှိပါသည်။

တစ်ဖန် အနောက်ဘက် အာရုံခံအတွင်းတွင် ခြေတော်ရာ တစ်စုံမှာ ကျောက်ပြားကြီးနှစ်ချပ်ပေါ်တွင် ၁၀၈ ချပ်၊ ဗုဒ္ဓ၏



စက်လက္ခဏာများကို ထွင်းထု ပြီးထားပါသည်။ အခြား ကျောက်များနှင့်မတူ အလွန်ကောင်းသော ကျောက်ပြား ပေါ်တွင် ထုထားခြင်းဖြစ်ပါသည်။ ချောခနဲအောင် အရောင် တင်ထားပါသည်။

စက်လက္ခဏာများမှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်ပြီး မကြာ ခဏ လက်ဖြင့် ကိုင်ကြသဖြင့် အရုပ်များ အနည်းငယ်သာ ပေါ်ပါတော့သည်။ ၎င်းခြေတော်ရာ ကျောက်ပြားမှာ ပုဂံခေတ်ဦးပိုင်းလက်ရာ ဖြစ်ပါသည်။ မူလကတည်းက ဤ အာရုံခံအတွင်းပင် ထားရှိဖွယ်ရာ ဖြစ်ပါသည်။

ယင်းသို့ဆိုရခြင်းမှာ ပုဂံဘုရားတိုင်းလိုလိုပင် ခြေတော်ရာ ပုံကို အာရုံခံမျက်နှာကြက်များ၌ ရေးဆွဲလေ့ရှိပါသည်။ ယခု အာနန္ဒာဘုရားတွင်လည်း အာရုံခံထဲတွင် တည်ရှိနေသဖြင့် မူလကတည်းက ဤနေရာ၌ ရှိတန်ရာပါသည်။

အာရုံခံ မျက်နှာကြက်တွင် ခြေတော်ရာဆွဲသည့် အလေ့ အထမှာ ဘုရားကိုအာရုံခံသူများအား ဘုရား၏ခြေတော်ရာ စက်စုံအောက်တွင် ခိုလှုံရန်ရောက်ရှိလာခြင်း ဖြစ်၍ ဘေးရန် တားဆီးခြင်းအနေအထား ဖြစ်ပါသည်။

မြန်မာမှုနယ်ပယ်၌ အဆိုတစ်ခု ရှိပါသည်။ **"ပါဒနှစ်တန်၊ ဗိုတစ်ရံ၊ အိမ်ခန်းလုပ်၍ကာ"** ဟူ၍ဖြစ်လေသည်။ အဓိပ္ပာယ်မှာ မြတ်စွာဘုရား၏ ခြေတော်ရာတစ်စုံကို မျက်နှာကြက်လုပ်ပြီး ကာကွယ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

## အဝိဒူရေ ဗုဒ္ဓဝင် ကျောက်ဆစ်ရုပ်တုများ

### အနောက်ဘက်

ဘုရားအတွင်း အပြင်ကြေပြားပတ်လမ်း အနောက်ဘက်ဓါးကြီး ခြောက်ဘက်မှတသည်။ (အောက်တန်းမှစရေးသည်)

အခန်း (၁)။ ။သုဒ္ဓေါဒနမင်းကြီး နန်းစံတော်မူခန်း

ဝရဒမ္ဗြာ နန်းဆောင်ပါ ရှင်ဘုရင်နှင့် ရံရွေတော် ၁၊ မဟာသမ္မတ အသမ္ဘိန္နအာဒိစ္စဟု ဥက္ကာကသန္တယ်လာတော် ဆက် ဘေဇာထက်သော သကျသာကီ ဌာနီနဂရ ကပိလဝတ် သုဒ္ဓေါဒနရာဇာသည် မြတ်မာယာမဟေသီနှင့် ရွှေညီလာရံ ဘန်း၍ စံမြန်းတော်မူဟန်။

အခန်း (၂)။ ။မာယာမိဖုရား စက်ပျော်သောအခန်း

မာယာမိဖုရား ကျောင်းအိပ် ၁၊ ခြေရံမိန်းမ ၂၊ လော်လီငါးတန် မာန်မူခြင်းကိုးပါးတို့မှ ကင်း၍ မိန်းမမြတ် ဖြစ်သော မာယာမိဖုရားဝယ် ဘုရားလောင်းမြတ်ထံရွေ၍ မြတ်သန္ဓေယူမည့်နေ့မှာ လေးသိန်းသော ဥစ္စာကို လျှုဒါန်း ပြီး ရေချိုးသန့်စင်၍ တိုက်ခန်းတွင် သလွန်ထက်ဝယ် ကျောင်းစက်တော်မူဟန်။

အခန်း (၃)။ ။မာယာမိဖုရား အိပ်မက်မြင်တော်မူခန်း

မာယာမိဖုရားအိပ်ပုံ ၁၊ နတ်မင်း လေးပါးပုံပါသည်။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် မိဖုရားစက် ပျော်ရာသလွန်ပါ ချီဆောင်၍ တောင်ဇမ္ဗူမြောက်ပိုင်းသာမှာ ဟိမဝန္တာငြိမ်တွင် ယူဇနာ ၆၀ ရှိသော မြင်းသီလာကျောက် အပြင်ဝယ် အင်ကြင်းပင်ရိပ်အာရုံ မင်းမာယာမိဖုရားကို တင် ထားသည့်အချက်ဟု အိပ်မက်တော်မြင်ဟန်။



အခန်း (၄)။ ။မာယာမိဖုရား အိပ်မက်မြင်ခန်း

မာယာမိဖုရား ၁၊ နတ်မိဖုရား လေးပုံပါရှိသည်။ မဟာ မာယာ နန်းညာတင်ထား ရှစ်သောင်းများကို နတ်မိဖုရား လေးဖြာတို့သည် ပွေ့မခါးကိုင်ချီ၍ အိုင်သီဘာနဝတတ်မှ သင့် မြတ်သောနေရာတွင် နှံ့ရှင်ကာထုတန့်၍ လူ့အနံ့ ကင်းကုန် အောင် ရေချိုးပုံအချက်ကို အိပ်မက်တော်မြင်ဟန်။

အခန်း (၅)။ ။မာယာမိဖုရား အိပ်မက်မြင်ခန်း

မာယာမိဖုရား ၁၊ နတ်ဒေဝီ လေးပါးပုံ ပါရှိသည်။ နတ် ဒေဝီလေးပါးတို့သည် မိဖုရားမြတ်မာယာကို နတ်တန်ဆာဝတ် ဆင်လျက် ရောင်ရှင်နံ့သာလိမ်းချယ်ကာမြင့် ပွင့်ညာကြံပြိုင်၊ ပတ်လိုင်သော အခိုင်ခိုင်အဆန်းဆန်း နတ်ပြည်ဖြစ်ပန်းတို့ကို ဆင်မြန်းသည်အချက်ဟု အိပ်မက်မြင်ဟန်။

အခန်း (၆) ။ ။မာယာအိပ်မက်မြင်ခန်း

နဝတာတ်အိုင်မှစ၍ ရဇတတောင်ယံတွင် ရွှေဗိမာန်အတွင်း ၌ နတ်ခင်းသောအိပ်ရာတွင် ရွှေပုပ္ပါမရှင်းအောင် ဥကျောင်း ရင်းမှုးဝေ၍ နတ်မဟာလေးပါးတို့သည် မြတ်မာယာမိဖုရား ကိုသိပ်ထား၍ စက်ပျော်သည်ဟုအိပ်မက်မြင်ဟန်။ (၎င်းတွင် နတ်ဆောင်ပါ မာယာအိပ်ပုံ (၁)၊ မိန်းမခြွေရံ (၂)။

အခန်း (၇) ။ ။မာယာအိပ်မက်မြင်ခန်း

နန်းဆောင်ပါသလွန်ထောက်ဆင် (၁)၊ မိန်းမ(၄)။

မိဖုရားမာယာ ကျောင်းစက်ရာဝယ် တုသိတာနတ်လောင်း တော်မြတ်သည် ဆဒ္ဒန်ဆင်ဖြူဖန်ဆင်းမူလျက် ဝှန်းဆူသံဝါချိန်

ဟည်းကာဖြင့် လက်ယာရစ်မှန် သုံးကြိမ်ပြန်ပြီးလျှင်လက်ယာ လုစ်ခွဲ၍ဝမ်းထဲကို ဝင်သကဲ့သို့ အိပ်မက်မြင်ဟန်။

အခန်း (၈) ။ ။သုဒ္ဓေါဒနမင်းကြီးကို မာယာမိဖုရားလျှောက်တင်ခန်း

သိရိမဟာမာယာမိဖုရားသည် ကိုးပါးရောင်ယှက် သလွန်ထက်မှ လျောင်းစက်ထသော် ဒိဋ္ဌစ်မှု ကောန်တွေ့သို့ စုံစေ့စီစဉ် အိပ်မက်တော်မြင်သည်ကို ဘုရင်သုဒ္ဓေါဒနမင်းကြီးအား ဖြန့်ကြား၍ အကြောင်းအကျိုးကို ရှိခိုးတင်ဟန်၊ သုဒ္ဓေါဒနမင်းကြီးပုံနှင့် မိဖုရားမာယာရှိခိုးဟန်၊ အခြွေအရံလေးဦး။

အခန်း (၉) ။ ။မာယာမိဖုရားတိုက်ခန်း နတ်လေးပါးစောင့်ခန်း

နန်းညာဒေဝီမဟေသီ၏ ရွှေဆိုင်ဝမ်းဝယ် ကြိုင်လမ်းသန္ဓေစွဲနေသည်မှ စနေ့မှစ၍ အသမြှန် မြှမမှုအောင် စတုမဟာနတ်လေးပါးတို့သည် မင်းမာယာတိုက်ခန်းဝယ် သန်လျက်တော်ဆောင်မြန်း၍ တောင်နန်းဦး စောင့်နေဟန်၊ နန်းဆောင်ပါသည်။

အခန်း(၁၀) ။ ။မင်းကြီးကို မာယာမိဖုရားလျှောက်တင်ခန်း

နန်းဆောင်ပါမင်း (၁)၊ မိဖုရား(၁)၊ ခြွေရံမိန်းမ (၄)။

မင်းမာယာ မိဖုရားသည် ဖွားချိန်တန်ရောက် ဆယ်လမြောက်သော် မြည်တော်ဌာန ကပ္ပိလမှ ဒေဝဒဟာဆွေမျိုးများနိုင်ငံ မောင်တော်စံသည် ဆောင်ပျံသိဂ် နန်းဝင်သို့ မြန်းချီထွက်တော်မူလိုကြောင်းကို သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထားတော်မူဟန်။



အခန်း(၁၁) ။ ။မာယာမိဖုရား ဒေဝဒဟပြည်သို့ သွားသောအခန်း

မင်းမာယာမိဖုရား ၁၊ ရဲရှေ့တော် ရှဂ်ယောက်၊ ထမ်းစင်ထမ်းဟန်၊ ရဲရှေ့တော် ၁၊ ထီးဆောင်းဟန်။

ပြည်ကပိလ တိုင်းသက္က ရာဇသုဒ္ဓေါ ညာနန်းမော်သည် မောင်တော်ဌာန ပြည်ဒေဝသို့ ဆွေများလမ်းခင်း ရွှေထမ်းစင်နှင့် သေနင်ဗျူဟာ မဟာ်ပေါင်းကာလျက် ထွက်လာတော်မူ၍ ပြည်နှစ်ပြည်အကြား လုမ္ဗိနီဥယျာဉ်၌ နား၍နေဟန်။

အခန်း(၁၂) ။ ။ဘုရားလောင်းကို ဖွားတော်မူခန်း

မာယာမိဖုရား အင်ကြင်းကိုင်းကို ယာလက်ဖြင့်ကိုင်၍ ဝဲလက်မှာ ဝေါတာမိကို ဖက်ထားဟန်၊ မိန်းမရွှေရံ နှစ်ဦးပုံ၊ ခါးတွင် ဘုရားလောင်း၊ မာယာမိဖုရားသည် ရပ်တော်မူလျက် အင်ကြင်းမြင့်အခက်ကို လက်တော်ဖြင့်လှမ်းသော် ညွတ်ကြို၍လာခဲ့တွင် ဆွဲကိုင်သောသမယဝ္ဌ ကမ္ဗဇလေဖန်၍ ရုံတင်းတိမ်အလယ်တွင် မိုးကြယ်မြှတ်ဥက္ကာသည် တိမ်လွှာမှ ဆင်းသကဲ့သို့ အလောင်းမင်းဘုရားကို ဖွားမြင်ဟန်။

အခန်း(၁၃) ။ ။ဘုရားလောင်းကို ဖွားမြင်၍ ဗြဟ္မာတို့ခံယူသော အခန်း

ရျာနပုံ ဘုရားလောင်း ၁၊ ဗြဟ္မာ ၄၊ လက်ဖြင့်ခံပုံ၊ ဖွားတော်မူခြင်း အလောင်းမင်းကြောင့် သောင်းတွင်းလောကဓာတ် နရက်သွင်သွင်ဘဝင်စင်မျှ ပဲ့တင်ခတ်သော် မိုးနတ်ဗြဟ္မာ ညွတ်ရောက်လာကြ၍ ကမ္ဘာ့တန်ဆာတိမ်ငွေသို့ သိမ်မွေ့စွာသော ကမ္ဗလာစက် ရွှေကွန်ရက်နှင့် ဖြန့်ခင်းလျက် ခံယူဟန်။

အခန်း(၁၄) ။ ။ဘုရားလောင်းကိုဖွား၍ နတ်တို့ ခံယူသောအခန်း

ဓမ္မစက္ကူပုံ ဘုရားလောင်း ၁၊ နတ်လေးပါး လက်ဖြင့် ပင့်ခံဟန်။

ဗြဟ္မာမင်းလက် ရွှေကွန်ရက်ဝယ် ဗောဓိနွယ်ကို မယ်တော် မိခင်ရှုမြင်မှ အောက်ခွင်သင်းတု၊ သောင်္ခနင်းပြုသော မင်းစတု မြတ်လေးပါးနတ်သည် စုံမှတ်မသွေ၊ သစ်နက်ရေနှင့်ပရမေ စက်ရင်းဝယ် မဟာရာဇ်နတ်မင်းတို့ ဖြန့်ခင်း၍ခံဟန်။

အခန်း(၁၅) ။ ။ဘုရားလောင်းကိုဖွား၍ လူတို့ခံယူသောအခန်း

ဘုရားလောင်း ၁၊ လူ ၂၊ လက်ဖြင့်ပင့်ခံသည်။ ဖွား မြင်ပြီးလျှင် မြတ်ဗြဟ္မာနတ်တို့သည် ဆောင်မှတ်သီးသီးယူပြီး မှ မူဝပ်သိမ်းကိုမတိမ်းရအောင် ထိန်းယမ်းသဲ မျှားခြွေရံတို့ နှင့် စီမံခင်းကြင်းလျက် ဆွတ်တော်ရင်း နှစ်ပါးတို့သည် များ အနဂ္ဃဖိုးထိုက်တန်သော ကောန်တဲ့ဖြူနှင့် တင်ယူ၍ထားဟန်။

အခန်း(၁၆) ။ ။ဘုရားလောင်းဖွားမြင်စ လောကကို ကြည့်သော အခန်း

ဘုမိဖသာဘုရားလောင်း ၁၊ ဗြဟ္မာ ၁၊ ထီးဆောင်း နတ်တစ်ပါး၊ ပတ္တမြားသင်းကျစ်ပိုက်ဟန်။

လောင်းလျာတစ်ဆူ ပါရာသည် ဖွဲ့ဖြူခင်းလျက် လူမင်း လက်မှ မြောက်မျက်နှာ ခြေတော်ခတ်၍ လောကတခွင်ဆယ် မျက်နှာကို ကြည့်ရှုသောအခါ ဗြဟ္မာကြီးတို့သည် ထီးဖြူ ဆောင်းကာ၍ တုယ်ထာနတ်သားတို့ ပတ္တမြားသင်းကျစ်ကို ပိုက်၍နေဟန်။



အခန်း(၁၇) ။ ။ဘုရားလောင်းဖွားမြင်စ ခုနစ်လှမ်းသွားသော အခန်း

လောင်းအတုလမကိုင့်သည် ဖွားစခေတ်တွင် အောက်ထက် ဘဂ်ဆုတ်စပ်ကြည့်ရှုလတ်က သောင်းရှင်းစကြာဝဠာဓဝိန္ဓာ နှင့် ဗြဟ္မာဓပေါင်းတို့ ဥဇောင်းကြိုလျက် မြောက်သို့ ခုနစ် ပေါင်းလှမ်းသွားတော်မူသောအခါ ဗြဟ္မာကြီးတို့ ထီးဖြူကာ လျက် သုယာမနတ်သို့ သားမြီးယပ်ပိုက်၍နေဟန်။

ဘုရားလောင်း ဘုမိသာနေဟန်ပုံ ၁၊ ဗြဟ္မာ ၁၊ ထီး ဆောင်းနတ် ၁၊ သားမြီးယပ်ကိုင်ပါသည်။

အခန်း(၁၈)။ ။ဘုရားလောင်းဖွားစ စကားဆိုတော်မူသောအခန်း

ဘုရားလောင်းမတ်ရပ် လောကဂုဏ်ကာပုံ ဗြဟ္မာ ၁၊ ထီး ဆောင်းနေဟန်၊ နတ် ၁၊ သားမြီးယပ်ကိုင်ဟန်။

သောဂ္ဂဇေဋ္ဌ လောကသေဋ္ဌနင်း၊ အပေါင်းမင်းသည် ဖွား မြင်စကြာ၊ မြောက်မျက်နှာသို့ လှမ်းခါပြီးလတ် ခုံခုံချပ် လျက်၊ ဖက်အာပ်သူချင်တူမမြင်၍ ရှစ်အင်္ဂါတော် လစ်မော် မြက်ပ တိုက်အလုံးကို ပိုက်ကြုံးသလျက်၊ အဂ္ဂေါဟမသ္မိအစရှိ သော စကားဖြင့် ကျူးရင့်သော နတ်ဗြဟ္မာအပေါင်းတို့ရှိ ဟန်။

အခန်း(၁၉) ။ ။ဘုရားလောင်း လုမ္ဗိနီဉယျာဉ်က နန်းသို့ရောက် သောအခန်း

ဆောင်ပါ။ ဓမ္မစက္ကူ မုဂ္ဂဟန်၊ နတ်လေးပါး၊ အမျိုး သမီး ၂၊ အောက်ခြေရံအမျိုးသမီး လေးဦး။

ဘုရားအလောင်းကိုဖွားကြောင်းသတင်း နှစ်ဖြည်မင်းတို့သည် ကြားခြင်းခဏလုမ္ဗိနီမှ စုံညီကြလျက် ကပိလဝတ္ထုနန်းသို့ ပြန်လည်ဆိုက်ရောက်တော်မူသောအခါ ရတနာပုံပြာသာဒ်ဝယ် လူနတ်အပေါင်းခစား၍ ဘုရားလောင်းမင်းသားသည် စံတော်မူဟန်။

အခန်း(၂၀) ။ ။ဘုရားလောင်းကိုဖွား၍ ခေတ်ဥစ္စရသေ့ကို မြင်သော အခန်း၊

ကမ္ဘာဝှစ်ဆယ်မြင်သော ရှင်ရသေ့ခေတ်ဥစ္စသည် အရှင့်ဝတီ မှပြန်လာ၍ ကပိလသို့ ဝင်ရောက်သည့်ကာလ သုဒ္ဓေါဒနမင်းတရားက သားတော်ကိုပွေ့ပိုက်၍ ဦးခိုက်စေမည့်အကြတွင် သယမ္ဘူသမ္ဗောဓိရှင်၏ တက်နှစ်ဖြာပြန်မြှက်၍ ရသေ့၏ဥကျွောင်းကို ဘုရားလောင်းနင်းဟန်။

နန်းဆောင်တွင် သုဒ္ဓေါဒနမင်းလက်ထဲ ဘုရားလောင်းရှိရသေ့ဦးခေါင်းကိုနင်းပုံ၊ အောက်တွင်အမျိုးသမီးလေးဦးရှိခိုးဟန်။

အခန်း(၂၁) ။ ။ဘုရားလောင်းကို ပုဏ္ဏားတို့အိဘွဲ့ပေးသောအခန်း

ဖွားတော်မူက ငါးရက်အကြာတွင် ဗြာဟ္မဏ ပုဏ္ဏားတော်ရာရှစ်ယောက်တို့ကို ပင့်ခေါ်လကျားသ ဖတ်စေသောအခါဝယ် ကြောခိုမတိ တုမရှိသော မုန်ကောရှင် ဘုရားဖြစ်၍ စင်စစ်ထိုထို များလူကိုယ်တို့၏ အလိုခပ်သိမ်းကို ပြီးပြီမ်းစေတတ်၍ သိဒ္ဓတ္ထကုမာရမင်းဟု ဘွဲ့နှင်းတော်မူဟန်။

နန်းဆောင်ပါ သုဒ္ဓေါဒနဘုရင်၏လက်ပေါ် ဘုရားလောင်းပုံ၊ ပုဏ္ဏားနှစ်ဦးအောက်၊ အမျိုးသမီးလေးဦး။



အခန်း(၂၂) ။ ။သုဒ္ဓေါဒနမင်း လယ်ထွန်ထွက်သောအခန်း

သုဒ္ဓေါဒနမင်းမြတ်သည် ကပိလပြည်အားလုံးကို ပတ်ကုံးဝန်းကျင် တန်ဆာဆင်၍ ပဏ္ဏာကုရှိသော မြို့ကြေးညာလျက် မဟာအဆွေတော် အပေါင်းတို့နှင့်တကွ သေနင်္ဂဗျူဟာစစ်အင်္ဂါခင်းကျင်းလျက် လယ်ထွန်ခြင်းမင်္ဂလာ အခန်းတွင် ဥယျာဉ်နန်း စံတော်မူဟန်။

နန်းဆောင်အတွင်း ဘုရားလောင်းထိုင်နေပုံ။

ဘေးမှအမျိုးသမီးနှစ်ဦး၊ အောက်အမျိုးသမီး လေးဦး။

အခန်း(၂၃) ။ ။ဘုရားလောင်းကို ဇမ္ဗူ သပြေပင်ရိပ်၌ သိပ်ထားခန်း

ဘုရားလောင်းကို ဖွားတော်မူ၍ တစ်လစေ့သောအခါ မင်္ဂလာလယ်ထွန်ခြင်းအမှုတွင် ဇမ္ဗူသပြေပင်ရိပ်ဝယ် တင်တယ်သော ရွှေအဆင်းသို့ မင်းသိဒ္ဓတ္ထအလောင်းတော်၏ စက်ပျော်သောထိပ်းဝယ် ထိန်းလတော်များတို့သည် ခစားလျက်နေကြဟန်။

ဘုရားလောင်းအိပ်နေဟန်၊ အမျိုးသမီး ရှစ်ဦး၊

အခန်း(၂၄) ။ ။ဘုရားလောင်း ဇမ္ဗူသပြေပင်ရိပ် ရှုခ်ဝင်စားခန်း

ဇမ္ဗူသပြေပင်ရိပ်၌ သိပ်ထားသော အလောင်းတော်ကုမာသည် အာနာပါန၊ ပထမသမာပတ္တိဈာန်ကို စီးဖြန်းစိတ်သန်ပထမဈာန်ဝင်စား၍ တစ်လသားဖြစ်လျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေသည့်အချက်၊ မွန်းတိမ်းစောင်း၍ ရိပ်မပြောင်းထွက်

သည်ကိုမြင်က ဖန်နန်းရှင်နရိန်သည် နှစ်ကြိမ်မြောက် ရှိခိုးဟန်၊ ဘုရားလောင်း ဓမ္မကျော့မှုပြ ဘုရင်နှင့် မိဖုရားရှိခိုး၊ အောက်တန်းတွင် အမျိုးသမီး ၃ ဦးပုံ ပါသည်။

အခန်း (၂၅)။ ။ဘုရားလောင်းသည် ဘုံငါးဆင့်ရှိသော ပြာသာဒ်၌ စံခန်း

သိဒ္ဓတ္ထကုမာရ မင်းသားသည် ၁၅ နှစ် ကျော်မြောက်၍ ၁၆ နှစ်အဝင်တွင် ဖခင်မင်းတရားက ထူးခြားစွာ သတ်မှတ်၍ ရွှေနန်းမြတ်သုံးဆောင်ပေါ်တွင် ရွှေဂုံတော်အများနှင့် ခံစားတော်မူလောက်အောင် ဆောက်လုပ်နှင်းအပ် သောနဝရတ် စွဲ့ရွှဲ ဂုဏ်ခြားတင်သော ဘုံငါးဆင့် ရွှေနန်းထက်ဝယ်စံမြန်းတော်မူဟန်။

ဘုရားလောင်းထိုင်ပုံ၊ ညာဘက်လက်အပြင်လှည့်ရင်ကာတ်ပြီး ညာဒူး ဘယ်ဒူး အောက်ချ၊ ဒူးပေါ်တွင် ဘယ်လက်အပြင်လှည့်ဟန်။

အခန်း (၂၆)။ ။ဘုရားလောင်းသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တွင် စံသောအခန်း။

ရွှေသမုန်တ်၊ ဘေးသုခတ်တို့၊ ပြွမှုတ်ခက်ထံ မဆက်ဆံသော ရမ္မ၊ သုဘ၊ သုရမ္မ၊ ရွှေနန်းမသုံးဆောင်တို့ အနက် သုံးချက်သော ဥတုနှင့်လျော်မှုသည် ပါသာဒရိတ်ဟု ဘုံခုနစ်ဆင့်ရှိသော နန်းပြာသာဒ်၌ မင်းသိဒ္ဓတ်ကုမာသည် သာကီဝင်မင်းသမီး ရှစ်သောင်းခြံရံ၍ စံပယ်တော်မူဟန်။ ဘုံခုနစ်ဆင့်



ပါ ဘုရားလောင်း လက်ဝါးရွှေလှည့် ရင်ကပ် ဘေးအမျိုးသမီး နှစ်ဦး၊ အောက် အမျိုးသမီး လေးဦး။

မှတ်ချက်။ ဘုရားလောင်း ညာဘက်ရွှေလှည့်ရင်ကပ်၊ ညာဒူးထောင် ဘယ်ဒူးချ။

အခန်း (၂၇)။ ။ဘုရားလောင်းသည် ဘုံကိုးဆင့်ရှိသောနန်း၌စံခန်း

အလောင်းသိဒ္ဓတ္ထကုမာရဝယ် အဂ္ဂမဟေသီမျော်နှင်းမည်ကို ဒေဝီရှစ်သောင်းတို့အနက် နှစ်သက်တော်မမူသည်ဖြစ်၍ ဒေဝဒဟ ဆွေတော်များနိုင်ငံသို့ ခမည်းတော် ရာဇသံ ထုတ်ပြန် တောင်းယူခဲ့ရာတွင် ရုပ်ဖြူစုံမိုးလွှင့်၍ ဘုံကိုးဆင့်ရွှေနန်းဝယ် စံမြန်းတော်မူဟန်။

မှတ်ချက်။ ။မုခ်ကပ် (၂၆) နှင့် ပုံတူဖြစ်သည်။

အခန်း (၂၈)။ ။လေးအတတ်ကို ပြတော်မူမည်ဖြစ်၍ မင်းကွန်းတဲနန်း စံခန်း

သာကီယနတ်၊ ဇောဓိသတ်သည် ရွှေနန်းမြတ်သုံးဆောင်မှ ထွက်တော်မူ၍ သင်ကြားခြင်းမရှိ ပကတိအား လေးအတတ် ၁၂ ပါးကို ထင်ရှားစွာပြမည်ဟု မင်းကွန်းတဲနန်း၌နေသော အခါ ပတ္တမြားနှင့် လျှပ်တမ်းကြိုသကဲ့သို့ ချပ်မိန့်ညီ တန်ဆာ ရတနာ ဥသျှောင်နှင့်လေးတို့ကို ဆက်ဟန်။

ဘုရားလောင်း ပလ္လင်ပေါ် ခြေတန်းချထိုင်၊ လက်ရျာန မှုပြပုံ၊ ဘေးမှ ရဲရွှေ နှစ်ဦး လေးနှင့်ဥသျှောင်ဆက်ဟန်။

အခန်း (၂၉)။ ။သိဒ္ဓတ္ထမင်းသည် လေးတော်တင်တော်မူခန်း

ဗိုလ်ချိန်ထောင်နိုင် သားရျူဆိုင်ကို တစ်ပြိုင်ယှက်ပတ် ဆက် သဟတ်ဟု စက်မြတ်ထွန်းပ၊ ရှစ်ရက်လသို့ ထက်မျှမဟိန်

ရေချိန်မြားဆယ်နှစ်ရပ် ထူးခြားသော လေးအားတော်အပြတွင် မင်းသုပ္ပိ ရောက်လာရသော ကဥ္စနာမယ်သသော်ကို ရှစ်သောင်းကျော် ရုံသန်း၍ နန်းတော်တင်မြှောက်ဟန်။

ဘုရားလောင်းမတ်ရပ် လေးမြားကိုင်

နတ် ၁၊ မိန်းမ ၄၊ အောက်တန်းမိန်းမ ၄၊

အခန်း (၃၀)။ ။ဘုရားလောင်းသည် ပထမ နိမိတ်ကို မြင်သော အခန်း

သက်တော်ခွဲ့စစ် နှစ်ဆယ့်ရှစ်တွင် ဟဉ်သိန္ဓ၀၊ ရထားကလျက် ဆန္ဒဝန်ရှင်၊ သိဒ္ဓေယနှစ်၍ ဥယျာဉ်သို့ထွက်တော်မူက ဆံဖြူသွားကြွေ ပါးရေတွန့်တွ၊ ကျောခုန်ကိုင်း၍ ဖြိုင်းဖြိုင်း ထလျက်၊ ဇရာဓမ္မတာ၊ ရုပ်ပြစ္စာနှင့် တုသိတာနတ်များသည် ဘုရားလောင်းကို သိမြင်စေလိုသဖြင့် သူအိုကိုပြဟန်၊ ဘုရားလောင်း ရထားပေါ် ထိုင်ဟန်၊ ရထားတိန်း ၁၊ ထီးတော်ပုံ ၁၊ ရထားအောက်မြင်း ၁၊ သူအို ၁။

အခန်း (၃၁)။ ။ဘုရားလောင်း ဒုတိယနိမိတ်ကို မြင်တော်မူခန်း။

သူအိုမြင်က၊ နောင်လေးလဝယ်၊ ရှေးမျှနည်းတူ၊ ဥယျာဉ်သို့ ရထားနှင့်ထွက်သွားမူလျှင် တစ္ဆေ့ရှေ့ရှေ့ ရောဂါးကြုံ၍ အားကုန်ဟိုက်လျက် ရှုလိုက်မောစွာ ချွေးဖြာလျက် မူရာတ၀ သူနာကိုအပြတွင် မြင်ကမင်းမြတ် ရထားကိုရပ်စေ၍ အမတ်ကို မေးဟန်။

မှတ်ချက်။ အခန်း (၃၀) နှင့်ပုံတူဖြစ်သည်။ အောက်၌သူနာပုံ ပါရှိသည်။



အခန်း (၃၂)။ ။ဘုရားလောင်းသည် တတိယနိမိတ် မြင်သော အခန်း

သူနာသွင်ကို မြင်သည်ကနောက်၊ လေးလမြောက်သော်၊ ဥယျာဉ်တော်သို့ ယယ်ဖော်ဆန္ဒ၊ ရထားကိုကစေ၍၊ ရွှေနန်းမှ ထွက်တော်မူသည်တွင် ရှေတော်မြင်ဝယ်၊ ထင်မြင်တပ်အပ်၊ တုသိတာနတ်တို့သည် လောင်းမြတ်စိတ်က၊ နိက္ခမကို၊ ဒိဋ္ဌမသွေ့ တောထွက်တော်မူပါစေဟု သူသေကိုပြဟန်။

မှတ်ချက်။ မှန်ကပ် ၃၀၊ ၃၁ နှင့် အားလုံးတူသော်လည်း လူနှစ်ယောက်သူသေကို ထမ်းစင်ဖြင့်ထမ်းပြသည့် ပုံပါသည်။

အခန်း (၃၃)။ ။ဘုရားလောင်း စတုတ္ထနိမိတ်မြင်ခန်း

နိမိတ်သုံးတွေ့ မြင်မေးလေလျှင်၊ အမတ်တင်၍ မရှင်သည့်နောက် တရံမြောက်တွင်၊ ဥယျာဉ်ဝင်သော်၊ ဝတ်ဆင်ရုံမြန်း၊ မြတ်သင်္ကန်းနှင့် ရဟန်းသမဏော၊ မြင်မေးကမူ နတ်ပြထင်ထင် အာနိသင်ကြောင့် သိမြင်လုံးစုံ၊ သူမြတ်ဂုဏ်ကို၊ အာရုံရှိမှတ်၊ ရဟန်း၏သကာတ်ကို အမတ်ကတင်လျှောက်ဟန်၊ ရထားရှေ့တွင် ရဟန်းတစ်ပါးပုံပါသည်။

အခန်း (၃၄)။ ။ဘုရားလောင်းသည် ဥယျာဉ်တော်၌ ရေချိုးတော်မူခန်း

သုံး ဆောင် နန်း ရှင်၊ ရဟန်းကိုမြင်ခဲ့၍ ဥယျာဉ်တော်အတွင်းတွင် နေ့ခင်းဥ္စံလျက်၊ အကြံတော်ပြုသည်မှာ၊ အိုခြင်းတစ်ခါ၊ နာခြင်းတစ်တွေ့၊ သေခြင်းတစ်ဝ၊ ဤဝဋ်ဘေးကို လွတ်အေးရာကြံမည်ဟု နိက္ခမစိတ်မှန်း၍ ရဟန်းပြုမည့် အကြံနှင့် ရေကန်တွင် ရေချိုးတော်မူဟန်။

ဘုရားလောင်း ရျာနမုဒြာ၊ ပုံစံထိုင် ဘေးတွင် အမျိုးသမီး နှစ်ဦး၊ အောက်တွင် အမျိုးသမီး လေးဦး။

အခန်း (၃၅)။ ။ဥယျာဉ်တော်၌ ဘုရားလောင်းသည် ဥဒေါင်နှင့် ပန်းတို့ကိုဆင်ခန်း

ဥယျာဉ်တော်ဝယ် ကျောက်ဖျာတော်၌ စံပယ်မင်မွေ၊ လွှမ်းမလှကို၊ နေ့တွင်အဆုံး မြတ်ဥဒေါင်ထုံးလိုသော စိတ်ရှိက ပဏ္ဍုတင်း၏ သိကြားမင်းကြည့်ရှုဖန်လျက်၊ ဝိသုကြုံပို့ဆက် လာရသော နတ်တန်ဆာအများနှင့် ပတ္တမြားဥဒေါင်တို့ကို ဆင်ယင်တော်မူဟန်။

ဘုရားလောင်း ဈာနမုဒြာ ထိုင်၊ ရံရွေ တော် ၂၊ ဥဒေါင်ဆက်၊ အောက်တွင် မိန်းမ နှစ်ယောက်၊ အဝတ် တန်ဆာကိုင် ၁၊ အလံကိုင် ၁။

အခန်း (၃၆)။ ။ဘုရားလောင်းဥယျာဉ်မှ နန်းသို့ရထားနှင့်ပြန်ခန်း

ဥယျာဉ်မှ နန်းသို့ပြန်မည်ဟု သိဒ္ဓတ္ထမင်းသည် ရထား သို့ တက်မိလျှင် မယ်ယသော်ဝယ် သားတော်ဖွားမြင်ကြောင်း ကို အမတ်တစ်ပါးလာ၍ လျှောက်ထားသံတော်ဦးတင်ရာတွင် "ရာဟုလာဇာတော ဗန္ဓနံဇာတံ" ဟူသော စကားဖြင့် မြွက် ကြားထုတ်ဖော်၍ မိန့်တော်ရှိဟန်၊ ဘုရားလောင်း ရထား ပေါ်ထိုင်၊ ရံရွေ ၂၊ ထီးဆောင်း ၁၊ ရွှေမှုရပ် ၁၊ အောက်တွင် မြင်း ၁၊ အမတ် ၁၊ လျှောက်ဟန်။

အခန်း (၃၇)။ ။ဘုရားလောင်းဥယျာဉ်မှနန်းသို့ရောက်၍အိပ်သော အခန်း

လောင်းသိဒ္ဓတ်ဘုရင်သည် ဥယျာဉ်ကပြန်ခဲ့၍ နန်းဗိမာန် သုံးဆောင်တွင် စိတ်မရွှင်မပျော်၍ မယ်ယသော်တိုက်ခန်းသို့



မဝင်ဘဲ ဥကင်မြင့်သလွန်ထက်ဝယ်၊ လျောင်းစက်သော အခါ သီကစည်စောင်းနှင့် မောင်းမပေါင်းဖြေဖျော်ပါသော် လည်း အသံကင်း၍ ခဏချင်းပျော်ဟန်။

နန်းဆောင်ပါ၊ ဘုရားလောင်း၊ သလွန်ထက်အိပ်ပုံ။

အောက်တွင် မိန်းမလေးဦး၊ တစ်ဦးကစောင်းတီး၊ တစ်ဦး က ပလွေမှုတ်၊ တစ်ဦးက ထိုင်၊ တစ်ဦးက သားမြီးယပ် ကိုင် လျက်ရှိသည်။

အခန်း (၃၈)။ ။ဘုရားလောင်းသည် အိပ်ပျော်သည့် မောင်းမတို့ ကို မြင်ခန်း

သိဒ္ဓတ်မင်းသည် စက်ပျော်ခြင်းထလျှင် သီ က တီး မှုတ် သော အသံတို့ဆိတ်၍ အိပ်ပျော်သော မိန်းမတို့မှာ စောင်း ကာ မှောက်ခုံ ပက်လက်တဖြား အံသွားကြိတ်မည်၊ ပါးရည် ရှိကျ၊ ခံတွင်းဟလျက် ဒူးကြွ၍ ခွေခါးဝတ်ပြေလျက် အိပ်နေ ကြသည်ကိုမြင်လျှင် ရွှေနန်းဘုံကို သုသာန်ထင်၍ တောဝင် မည်ကြံဟန်။

ဘုရားလောင်း ဈာနမုဒြာထိုင် အောက်တွင် အမျိုးသမီး လေးဦး တူရိယာများ အနားထား၍အိပ်ပုံ။

အခန်း (၃၉)။ ။ဘုရားလောင်းထံ ဆန္နအမတ်က မြင်းကဏ္ဍကကို ဆက်ပုံ

မင်းသိဒ္ဓတ္ထ တောသို့ကြွမည်ဟု ဆန္န အ မတ် ကို ခေါ် ၍ ကဏ္ဍကမြင်းတော်ကို ကတိုးခြေစေလိုက်လျှင် ဇောင်းတော် ကထင်က၊ မြူးရွှင်ဟီထံ့ပုံတင်ထံ၍၊ အားဟန်ကြွားကြွား၊ လ

ရထားကဲ့သို့၊ ပြုထွားတင့်တယ်၊ အုံ့ဖွယ်စွမ်း အင်ရှိသော ကဏ္ဍကမြင်းကိုမြင်၍ ရွှေတော်သို့ရောက်ဟန်။

ဘုရားလောင်း မဟာကဏ္ဍပုံ အမတ် ၁၊ မြင်း ၁။

အခန်း (၄၀)။ ။ဘုရားလောင်းသည် တောထွက်မည် အပြုတွင် သားကို ကြည့်ခန်း

သိဒ္ဓတ္ထမင်းသည် တောထွက်ခါနီးတွင် သားတော်ကို ကြည့်လို၍ ညသန်းခေါင် မီးရောင်အလင်းဝယ် ချဉ်းကပ်၍ ရှုသည်။ မိဖုရားသည် သားကိုဖက်လျက် စက်ပျော်သည်ကို မြင်လျှင် ယှင်၍မပိုက်သာ မယ်ယသော်နိုးမည်ကို စိုးရိမ်တော်မူလှ၍ တွေ့မြင့်ရပ်လျက် ရှုကြည့်ဟန်၊ ဘုရားလောင်း ရပ်ကြည့်၊ မယ်ယသော်နှင့် ကလေးအိပ်၊ အမျိုးသမီး နှစ်ဦး၊ (နန်းဆောင်ရှိ)

အောက်တန်းပြီးဆုံးပြီ။

**အထက်တန်း အနောက်လက်တံခါးကြီး မြောက်ဘက်မှစသည်**

အခန်း (၄၀)။ ။အချင်းကဏ္ဍ၊ မီးအတန်တန်၊ ညီးညီးလျှံသည်၊ သံသရာဟု၊ အဝသုံးချက်၊ နှောင်အိမ်စက်မှ၊ လွတ်ထွက်လိုပြီ၊ သင့်ကိုမှီ၍၊ လှမ်းချီတော်ဝ၊ ရက်မခြားအောင်၊ ရောက်အောင်သန်လှသည်ဟုကဏ္ဍကကျောက်ကုန်းကို၊ သုံးကြိမ်တိုင် လက်တော်သပ်၍ အမိန့်တော်မြွက်ရှိဟန်။

အခန်း (၄၁)။ ။မြင်းခွာသံကို လူတို့မကြားရအောင် နတ်များက လက်နှင့်ခံသောအခန်း

သာကီယမြတ်၊ ဗောဓိသတ်သည်၊ ဇာတ်သိန္ဓဝ၊ ကဏ္ဍကကို ရာရှစ်ကွက်မြင်၊ စက်ခြေတော်တင်မိလျှင်၊ ခွာဖက်တွင်ဆန္ဒ



ကို၊ နောက်တော်မြဲစေ၍၊ ရှိမစဲ ခိုင်းလေလျှင်၊ ထက်ခြောက်ခွင်နတ်သားတို့က၊ လူအများ နိုးမည်ကို၊ အစိုးရိမ်မိကြ၍၊ အသာတို့ရ ခွာချက်ကို၊ နတ်လက်နှင့် ခံယူဟန်။

အခန်း (၄၂)။ ။ဘုရားလောင်းကို မာရ်နတ်တားသောအခန်း

ဝါဆိုပြည့်ထ၊ သန်းခေါင်ညဥ့်၊ လနှင့်ပြိုင်ဆောင်၊ မိုးယံလယ်က၊ မာရ်နတ်မင်းဟု၊ ထင်လင်းကြလျက်၊ မြို့တော်မှအထွက်တွင်၊ ရက်သတ္တမြောက်၊ စကြာတော် ရောက်မည်ဟု၊ မြန်လောက်သောအခွင့်များနှင့်၊ ဆီးတားသည်တွင်၊ ငါလျှင်သိလျက်၊ လောကီစက်ကို မမက်ဟု ဟန့်ပြီးလျှင်၊ မတန့်တဲ ထွက်ဟန်။

အခန်း (၄၄)။ ။ဘုရားလောင်းသည် တောထွက်တော်မူသောအခန်း

နန်းမြို့နှင့်သာ၊ အဟုန်စီး၍၊ ခရီးတော် ကွာခဲ့လျှင်၊ ရာဇဌာနကပိလကို မြင်ရစုံအကြံရှိလျှင်၊ ကြည့်တော်မူဆိုသကဲ့သို့ အလိုတော်ကျ၊ ဇေမဟီခွေဆံလျက်၊ မြေလှည့်၍ပြသည်ကို၊ အားရအောင် ရှုတော်မူ၍၊ ယူဇနာ သုံးဆယ် ကွာသော၊ အနော်မာမြစ်မင်းသို့၊ မလင်းမီရောက်ဟန်။

မြင်းပေါ် ဘုရားလောင်းမြင်းစီး၊ မောင်စံ မြင်းမြီးဆွဲဟန်ပုံ။

အခန်း (၄၅)။ ။ဘုရားလောင်းသည် အနော်မာမြစ်ကမ်းတစ်ဘက်သို့ ရောက်သောအခန်း

မြစ်သမုဒ်ဟု၊ ရှစ်ဥသဘ၊ အပြန့်ကျယ်သော၊ အနော်မာမြစ်မင်းကို၊ မြင်အနှင့်ခုန်လို၍၊ အမတ်ဆန္ဒကို၊ ကဏ္ဍကအမြီးမှာ၊ ဆွဲပါစေပြီးလျှင်၊ လက်သုံးတော် သန်လျက်ကို၊ ညာဘက်ဝယ်

ဆင်သဖြင့်၊ အဆင့်သုံးခုနှမ်းမြှောက်၍၊ ကိုင်ဇက်ကိုဖုတ်လိုက်လျှင်၊ တစ်ဟုန်တည်း ခုန်လှမ်း၍၊ ကမ်းတစ်ဘက်သို့ရောက်ဟန်။

ဘုရားလောင်း မြင်းစီး၊ ဆန္နအမတ် မြင်းမြီးဆွဲ။

အခန်း (၄၆)။ ။ဘုရားလောင်းသည် ဆန္နအမတ်သို့ နဘံကို အပ်သော အခန်း

ကမ်းသို့ရောက်ချင်း၊ မြင်းမှဆင်း၍၊ မြစ်မင်းအနော်မာ၊ ဘုံအထူး၊ မယုတ်မြတ်သည်ဟု၊ သမုဒ်မှတ်ရာသောကြောင့်၊ မင်္ဂလာအတိတ်နှင့်၊ နိမိတ်ကိုယူပြီးလျှင်၊ ဤစခန်းတွင်၊ ရဟန်းပြုဆင့်သည် မှန်၍၊ နဘံကို အပ်သည်တွင်၊ မတ်ဆန္နဝန့်ရှင်က၊ ရှိက်တခဝိုင်လျက်နှင့်၊ လက်မြှောက်၍ခံဟန်။

ဘုရားလောင်း နားပန်ကို ကိုင်ထားဟန်၊ အမတ်ဆန္န လက်ခံ မြင်းမတ်ရပ်လျက်ရှိ။

အခန်း (၄၇)။ ။ဘုရားလောင်း ဆံတော်ကို ပယ်သောအခန်း

သိကြားဘဝ၊ ကုမာရဟု၊ ငါမင်းစစ်သည်၊ မှန်းနစ်သတ်ခါ၊ သဏ္ဍာဝါတို့ကို၊ မြတ်ရာမဂ္ဂင်၊ ယောင်ရှင်ပြုံ်တင်မည်ဟု၊ စက်နှစ်ပြင် ဖွဲ့ခွေစုံလျက်၊ ရောင်လျှံတော်ဥဏ္ဏမင်းကို၊ သုတ်သင်မည်ရက်ရက်ဟု၊ သာရှက်ကာ မပြယ်လျှင်၊ ထက်လှသော သန်လျက်ဖြင့်၊ ညာလက်နှင့်ပယ်ဟန်။

ဘုရားလောင်း ဆံတော်ပယ်ပုံ။

အခန်း (၄၈)။ ။ဘုရားလောင်းသည် ဆံတော်ကို ကောင်းကင်သို့ မြှောက်သောအခန်း

ဆံတော်မြတ်ကို ပယ်ဖြတ်ယူဆ၊ အပတ်တစ်သောင်း၊ လျှပ်လျှပ်မောင်းသည့်၊ မောင်းတော်ပါမပြယ်လျှင်၊ ဆန္နဓိပတိ၊



သမ္ဗုဉ္ဇာဏ်ကို၊ ငါတစ်မည် ရှိခဲ့လျှင်၊ ငါ၏ ဆံတော်ခွေ၊ ကောင်းကင်ဗေဟွေဝယ်၊ ရွှေပန်းဆိုင်းဆွဲသကဲ့သို့၊ မြဲစေဟုဓိဋ္ဌာန်လျှင်၊ ဝတ်္လျံ သိကြားသည်၊ ညှတ်တွား၍ စောင့်နေဟန်။

ဘုရားလောင်း ဆံတော်ကိုင်၊ အထက်မှ သိကြားနှင့်နတ်၊ အောက်မှာ မြင်းနှင့် ဆန္နအမတ်။

အခန်း (၄၉)။ ။ဘုရားလောင်းကို ဗြဟ္မာ ကြာသင်္ကန်း ကပ်သော အခန်း

နန်းကထွက်ကာ၊ ဝတ်ဆင်လျက်ပါခဲ့သော၊ ကာသိကာရာစ်တိုင်းဖြစ်ပုဆိုး၊ အပိုးတန် ဆင်ဝတ်က၊ သူမြတ်နှင့်မလျော်ဟု၊ အကြံတော် ငြိမ်းခဲ့လျှင်၊ ပရိက္ခရာရှစ်အင်ကို ဆောင်ပြီး၍၊ ကဋိကဗြဟ္မာသည် မဟာဘဒ္ဒသမုဒ်မျှ၍စတုတ္ထကြာအဆင့်က၊ ကမ္ဘာပွင့်သမန်းနှင့်၊ ရဟန်းပြုပါဟုကပ်ဟန်။

ဘုရားလောင်း ရှာနမှုဖြာပုံ။ ဗြဟ္မာ သင်္ကန်းကပ်ဟန်။ မြင်းနှင့် ဆန္နအမတ်ပုံ ပါရှိသည်။

အခန်း (၅၀)။ ။ဘုရားလောင်းက အမတ်နှင့် မြင်းတို့ကို ပြန်၍ လွှတ်သောအခန်း

ရဟန်းပြုပြီးသော်၊ ငယ်ဖော်နှစ်ဝ၊ ပြန်မိန့်ကျ၍၊ ဘဝမကွာ၊ နေလိုပါကြောင်း၊ အခွင့်တောင်းသော်၊ အကြောင်းမရ၊ ခမည်းတော် မယ်တော်၊ ပြည်ဘောင်ပန်းအောင် ရှာလှမ်းမျှော်၍၊ သာသော်အခွင့်၊ မဆိုးလင့်ဟု၊ မျိုးမြင့်သမဏ၊ ရာဟုလာကာ၊ မာသုဂ မယ်ယသော်တို့ကို၊ အမိန့်တော် ရှိလိုက်ဟန်။

ဘုရားလောင်း မတ်တပ်ရပ်လျက် ခမ္မစက္က မုဒြာဖြာဟွတိုင်လျှင် အမတ်ရှိခိုး၊ မြင်းမတ်တပ်ရပ်၊ မြောက်ဘက်အဝင်ဝ ရောက်သည်။

အခန်း (၅၁)။ ။ဘုရားလောင်းသည် အနုပိယသရက်တော၌ နား နေသောအခန်း

အမတ်ဆန္န ကဏ္ဍကတို့၊ မြန်ကြလေသော်၊ အလောင်းတော်သည် ထိုရော်စခန်းနှင့်၊ အလှမ်းအတာသင့်ရုံလှာတွင်၊ ညတာသမ္မ၊ ကွင်းထောက်ပြု၍၊ အနုပိယ၊ ဝဏ္ဏမြန်ကြိုင်၊ သရက်မိုင်ဝယ် ပိုင်ပိုင်သဆန်း၊ လွန်ငြိမ်းချမ်းပြီဟု၊ ရဟန်းတို့စည်းစိမ်ကို၊ လွန်မက်၍၊ ခုနစ်ရက်ခနေဟန်။

ဘူမိဖဿမုဒြာ။

အခန်း (၅၂)။ ။ဘုရားလောင်း ရာဇဂြိုဟ်ပြည်သို့ ကြွသောအခန်း

အနုပိယ၊ တောဝန်မှ၊ လောကပရမေ၊ လောင်းစိန္တေသည် ရွှေကြာသက်န်းကို၊ ဝတ်မြန်းရုံဆင်၊ ဒုကုဋ်တော်တင်ပြီးလျှင်၊ နေလုလင်စက် ယုဂန်မှထွက်သကဲ့သို့ ခရီးစက်ယူဇနာ၊ သုံးဆယ်ကွာသော၊ ငါးဖြာပတ်ချာ၊ သောင်းပေါင်းရုံသည့်၊ ပြည့်နက်သီ ရာဇဂြိုဟ်သို့၊ တစ်ကိုယ်တည်း မနားဘဲကြွသွားဟန်။

အခန်း (၅၃)။ ။ဘုရားလောင်း ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်သော အခန်း

ဘုရားလောင်းသည်၊ ယူဇနာသုံးဆယ်ကွာသော၊ ရာဇဂြိုဟ်ပြည်ကြီးသို့၊ တစ်နေ့တည်းရောက်လျှင်၊ မြို့တွင်းသို့ဝင်၍၊ ထိမ်စဉ်လိုက်၍ ဆွမ်းရပ်သော်၊ တက်ကြွဝှမ်းဆူ၊ အခေါင်းလူ



တို့သည်၊ သောင်းကြူပြုဖြ၊ လေးမြို့က်ကြလျက်၊ နတ်မာရတို့သန္နန်းကို၊ တစ်မြို့လုံးပူးမြင်၍၊ မြည် ခွင် တုံ ခတ် သော်၊ အမတ်နှစ်ယောက်မြင်ဟန်။

ဘုရားလောင်း သပိတ်ပိုက်၊ အမတ်နှစ်ယောက် သပိတ်ပိုက်ဟန်။

အခန်း (၅၄)။ ။ဘုရားလောင်း ဆွမ်းရပ်သည်ကို အမတ်တို့မြင်၍ မင်းကိုတင်သောအခန်း

မင်းချင်းအမတ်တို့က ထူးမြတ်သော ရဟန်းသည် ရွှေနန်းတော်အနီးတွင် ဆွမ်းခံ၍မြင်သည်ကို လျှောက်တင်သော အခါ ဗိမ္ဗိသာမင်းမြတ်က နန်းပြာသာဒ် ပြတင်းကို ဖွင့်လှစ်ကြည့်လျှင် လူလား၊ နတ်လား မခွဲခြားနိုင်၍ လိုက်သွားစုံစမ်းစေသောကာလ။

ပဏ္ဍဝတောင်ပါးဝယ် ဆွမ်းစား၍နေဟန်။

ဘုရားလောင်းသည် သပိတ်ကိုင်၍ ဆွမ်းစားဟန်။

အခန်း (၅၅)။ ။ဘုရားလောင်း ဆွမ်းစားသောနေရာသို့ ဗိမ္ဗိသာရ မင်း ပင့်သောဟန်

ဘုရားလောင်း ပဏ္ဍဝတောင်ရှမ်း၌ ဆွမ်းစား၍ ရှိနေကြောင်းကို ဗိမ္ဗိသာရမင်းသည် ကြားသိ၍ ရောက်သောအခါ လွန်စွာကြည်ညို ချစ်ခင်ပို၍ ပြည်ကိုတစ်ဝက်နှင်းသည်တွင် ကပ္ပိလပြည့်ရှင်မင်းဖြစ်လျက် တောထွက်ခဲ့သည်ဆိုက ထိုပြည်ကို ဘုရားဖြစ်ဖြစ်ချင်း ကြွပါဟု လျှောက်ထားဟန်။

ဈာနမုဒြာ၊ ဘုရင်တစ်၊ အမျိုးသမီးသုံးဦးရှိ။

အခန်း (၅၆) ။ဘုရားလောင်း အာဠာရ ရသေ့နှင့် တွေ့သောအခန်း

ဘုရားလောင်းသမလာသည် ဘဏ္ဍာတောင်မှကြွတော်မူ၍ အာဠာရ ရသေ့ကိုတွေ့လေသောအခါ လောကီဈာန်ခုနစ်ဖြာကို လေ့လာတော်မူပြီးမှ နည်းသည်ထက်စွမ်းအင်ကို မမြင်တော်မူသောကြောင့် ကြံယူကာစပြီးလျှင် ဤတောမှ ရွှေ့မည်ဟု ရသေ့နှင့်ပြောဟန်။

ဘုရားလောင်းနှင့် ရသေ့ စကားပြောဟန်။

အောက်၊ ရသေ့သုံးပါး ပါရှိသည်။

အခန်း (၅၇)။ ။ဘုရားလောင်း ဥဒကရသေ့နှင့် တွေ့သောအခန်း

ဘုရားလောင်းသည် တောတောင်တောင်းမှ ဥဒကရသေ့နှင့် တွေ့ပြန်သောအခါဝယ် သမာပတ်ရှစ်သွယ်ကို ခေတ္တနှယ်စီးဖြန်း၍ နိုးကမ်းတို့ ရောက်သော်လည်း လေးဆင့်မြောက်သစ္စာကို သိနိုင်ရာ အခွင့်သည် မသင့်ဟု ကြံဆ၍ ဤတောက ပြောင်းမည်ဟု ဘုရားလောင်းပြောဟန်။

ဘုရားလောင်း ရသေ့နှင့် စကားပြောသည့်ပုံ။

အောက် ရသေ့သုံးပါးရှိသည်။

အခန်း (၅၈)။ ။ဘုရားလောင်း ဥရုဝေဠသို့ ရောက်သောအခန်း

ဥရုဝေဠ ဒေသစခန်းဝယ် ကမ္မဋ္ဌာန်းတရားကို အားထုတ်လျက် နေတော်မူသောအခါတွင် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဝဂ္ဂီငါးဦးတို့သည် အထူးပထမ တရားရလို၍ ကပ္ပိလတိုင်းခန်းမှ ရဟန်းပြုပြီးလျှင် အစဉ်တစိုက် လိုက်လံရှာသွားရင်း ဘုရားလောင်းကိုတွေ့ဟန်။

ဘုရားလောင်း ဘူမိဖဿမုဒြာ။ ပဉ္စဝဂ္ဂီငါးဦး ရှိနေဟန်။



အခန်း (၅၉)။ ။ဘုရားလောင်းသည် ဒုက္ကရစရိယာ ကျင့်သောအခန်း

ဒုက္ကရစရိယာကျင့်၍ ခြောက်နှစ်ကြာသော် လွန်စွာတရားကို အားထုတ်ခြင်း ကြီးကျယ်၍ သစ်သီးငယ်တစ်လုံးနှင့် နေ့ဆုံးအောင် ကျင့်မြောက်များက ယောကျ်ားမြတ် လက္ခဏာကာကွယ်သဖြင့် ကြုံဖွယ်လျော့ပါး၍ နတ်ဩဇာငွေတွင်းက ထည့်သွင်း၍ လှဲမဟန်။

ဘုရားလောင်း ဘူမိဖဿမုဒြာ။ နတ်နှစ်ပါးတွဲဟန်။

အခန်း (၆၀)။ ။ဘုရားလောင်း စကြံဦး၌ သိမ်းလဲ့တော်မူသောအခန်း

လောင်းမြတ်စွာသည် အာဟာရသက်သက် သုံးဆောင်ခြင်းနှင့် မတ်တတ်လူးလာ ခေါက်များစွာဖြင့် အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူဆဲတွင် စကြံဦးလှည့် အခွဲမှသိမ်းလဲ့ မိန်းမောတော်မူသည်အခွင့် သက်ချုပ်တော်မူ၏လားဟု နတ်များတို့ ဖူးကြည့်ဟန်၊ ဘုရားလောင်း လဲလျောင်းဟန်။ အောက်တွင် ပဉ္စဝဂ္ဂီငါးဦးပုံပါသည်။

အရှေ့ဘက် အဝင်။ မြောက်ဘက် အဆုံး။

အခန်း (၆၁)။ ။ဘုရားလောင်း နိဂုံး၌ ဆွမ်းခံ၍ ဘုဉ်းပေးတော်မူသောအခန်း

ဒုက္ကရစရိယာကျင့်၍ ခြောက်နှစ်ရှိသော် ငါ၏ အကျင့်မှားမှ သင့်မည်ဟု ထောက်ချိန်ယူပိုက်လျက် နိဂုံး၌ဆွမ်းခံ၍ ဘုဉ်းပေးမှ ရွှေကဲ့သို့ လက္ခဏာပေါ်သည်တွင် ဝဂ္ဂီတို့ကဆိုကြ

သည်မှာ ခြိုးခြံစွာကျင့်၍မှ ပွင့်ခြင်းသို့မရောက်နိုင် ခုထက် ထိုင် ယုံမှားလျက်ကုစားရ၍မဖြစ်ဟု ပစ်သွားကာတစ်ပါးတည်း ကျန်ယန်း။

**ဘုရားမိဖုယား။** ဘယ်အက်လက်တွင်း သပိတ်ပါသည်။

**အခန်း (၆၂)။ ။ဘုရားမဖြစ်မီ အိပ်မက်ငါးအင်မြင်၍ ထသော အခန်း**

**မြေပြင်အိပ်ရာ၌** ဟိမဝါတောင်ကို ခေါင်းအုံးလျက် ကျွန်း လုံးပြည့် **အိပ်စက်က** ချက်မှ မြက်ညှန့်တက်၍ ဘဝဂ်ခိုက်ဖြာ မိုးများစွာ **ခြေ၌တွယ်ခြင်း၊** အင်တောဝယ် စကြိုနင်းသော် လည်း **လိမ်းကျံခြင်းမရှိ။** ငှက်ချိုးစုံ ဖူးလာသော် အဖြူသာ **ဖြစ်ခြင်း။** ဤသို့မက်၍ နံနက်တွင်ထကာ သုဇာတာ ကျွန်မ သည် ညောင်ပင်မှ လာကြည့်ယာန်။

**ဘုရားမိဖုယား၊** ဘယ်လက်သပိတ်ကိုင်၍ အောက်လက်၌ **သုဇာတာနှင့်** ညောင်ပင်ပုံပါသည်။

**အခန်း (၆၃)။ ။ဥဇ္ဇမဝင္ဂတောဝစ် သေနနီဂုံး ညောင်ပင်၌ ရာ သောအခန်း**

**ကိုးရောင်တော်အလျှံနှင့်** ထိုင်စံပွဲတော့ နေတော်မူသော **ဘုရားလောင်းအား** ရက္ခနတ်အလားဖြင့် **ကိုးစားမြတ်လေး၍** **သွေးသောသားသုဇာတာ**ကျွန်မနှင့်လာပြီးလျှင် စုံပြော ယနာ **မြိုက်ကို တစ်သိန်းထိုက်ရွှေခွက်ပါ** ကပ်လှူဆက်ကပ်လာသည် များကို **ဘုရားလောင်း**ခံတော်မူသည့် **အခန်းဖြစ်သည်။** **ရှာန** **မှုဖြာ လက်တွင်းခွက်ရှိ** အောက်မှသုဇာတာနှင့် ကျွန်မပုံပါရှိ **သည်။**



**အခန်း (၆၄)။ ။ဘုရားလောင်းသည် သုပ္ပတိဋ္ဌိတမြစ်ဆိပ်၌ ရေ ချိုးလာသောအခန်း**

ဘုရားဖြစ်မည့်နေ့၊ တစ်သိန်းထိုက်ရွှေခွက်ကို **ကပ်ဆက်၍** ရသောအခါ နေရဉ္ဇရာမြစ်ကမ်းသို့ သွားပြီးလျှင် **ရှေးဘုရားတို့** မွေတာ ရေချိုးခါသော သုပ္ပတိဋ္ဌိတမြစ်ဆိပ်သို့ကပ်၍ ရအပ် သော ဿနာကိုစားပြီးလျှင် ဘုရားမဖြစ်သမျှ **ရေသန့်စင်ကိုစွ** ကို ရှောင်ပါမည်ကျွန်းကိုး၍ ရေချိုးတော်မူယာန်၊ **ရှာမျှြာ။**

**အခန်း (၆၅)။ ။သုဇာတာ၏ ဿနာဆွမ်းကို ဘုဉ်းပေးတော်မူ သောအခန်း**

နေရဉ္ဇရာရတနာညှန့်ဝေ၊ မြစ်ကမ်းဧဒ္ဓ၌၊ ပရမေဘုန်းလှိုင် ဖွဲ့ခွေထိုင်လျက်၊ ပုပ္ပါစက်သို့၊ မျက်နှာတော်မူပြီးလျှင် **ဆွမ်း** ဿနာ၊ ညဇာကြိုင်အသစ်၊ မလိုင်နှစ်ကို၊ **ထွက်စေမှန်းပြီး၊** ထန်းလုံးဝင်သီးခန့် မကြီးမငယ် မှန်းချင့်ရှယ်၍ **လေးဆယ့်** ကိုးလုပ် လွန်ရုပ်မပျက် သပိတ်တော်ကွယ်**အချက်ကြောင့်** ရွှေခွက်နှင့်သုံးယာန်။ ဘုရားလောင်း ဆွမ်းဘုဉ်း**ပေးယာန်။**

**အခန်း (၆၆)။ ။ဘုရားလောင်း ရွှေခွက်ကိုမျှောနှ်၍ မျှောလိုက် သောအခန်း**

နဝါစာလီ၊ ဿနာမှို့၍၊ သာကီဗောဓိး **ဘုဉ်းပေးပြီးပါ၊** ကြံစိတ်ဖြာလျက် သုဇာတာမှ ရွှေခွက်ပါလှူခဲ့သည်။ ငါမှ ယိုရှိ၊ သဗ္ဗညုတ၊ မြတ်ဉာဏကို ရအံ့ဘိက **ထိုငါ့ရွှေခွက်** မြစ် ညာသိုတက်စေဟု မိဋ္ဌာန်လျက်မျှောသည့်တွင် **ရေကြောကို** ဖြတ်ပြီးလျှင် မတ်မတ်ကြီးတက်က ရွှေခွက်ကိုကြည်ယာန်။ ဘုရားလောင်း ရှာနမှုဖြာလက်တွင် ရွှေခွက်ပုံ။

**အခန်း (၆၇) ။ ရွှေခွက်ကို မျှောပြီးလျှင် အင်ကြင်းပင်ရိပ်၌ ထိုင်နေသောအခန်း**

သနာရွှေခွက် ဓိဋ္ဌာန်ချက်ကြောင့် ဆန်တက်သည်ကိုမြင်ကာ ငါလျှင်စင်စစ် ဘုရားဖြစ်မည်ဟု အားတက်တော်မူပြီးကာ မြစ်နေရည်ကမ်းနှင့်မကွာခရီး အင်ကြင်းပင်ရိပ်ကြီးဝယ်၊ စိမ်းမြန်းမြမြလှသော ကာယကောဋ္ဌာသအစုကို တစ်ခုစီ ရည်မှန်းလျက်ကမ္မဋ္ဌာန်းနှလုံးသွင်း၍ နေခင်း၌ နေတော်မူခန်း။ ဘူမိ ဖဿမုဒြာ။

**အခန်း (၆၈) ။ ဘုရားလောင်း ဗောဓိပင်သို့ ကြွတော်မူသောအခန်း**

လောင်းမြတ်ဘဂဝါ၊ နံနက်ခါက ရေညှာဆန်ငုပ် ရွှေခွက်မြှုပ်ကာ သမုတ်ဌာန။ ကာလနဂါး နိုးကြားဟစ်အော်ကောင်းချီးခေါ်က သောင်းကျော်ထက်ငါ နတ်ဗြဟ္မာသို့။ ထူးသွာထင်မြင် လမ်းမတော်မြင်ကြသည့် ပင်ဗောဓိရိပ်ရှိမ်းသို့ နေရည်ခဏ်းဖြင့် ကြလှမ်းထွက်တော်မူခန်း။

နတ်နှစ်ပါး ထံခွန်ကိုင်၍ ဘုရားလောင်းကြွချီဟန်။

**အခန်း (၆၉) ။ မောင်ရှင်၏ မြက်ရှစ်ဆုပ်အလှူကို ခံယူသောအခန်း**

နေရည်ကမ်းဆိုင်၊ အင်ကြင်းမြိုင်မှ၊ လှမ်းလျှက်ကြွတော် သောတ္ထိယတွင်၊ မြက်ထန်းနှင့်သော်၊ လမ်းတွင်သိမ်မွေ့၊ ဆိုင်မီတွေ့က၊ ဘုန်းတစ်ဝီပတီ အလိုရှိဟန သိသဖြင့် လက်ပြည့်ကိုင်ချုပ်၊ ရှစ်ခါဆုပ်၍ အားထုတ်နှမ်ပြီ့တ်၊ အထူးသာတော်မြတ် မက်ရှိကိုဗောဓိတည်၍၊ ထက်မှန်း၍ မြက်ပန်းကို လှူဟန်။ ဘုရားလောင်းရပ်လျက်၊ မောင်စင်မြက်လှူဟန်။



**အခန်း (၇၀) ။ ။ ဘုရားလောင်း ဗောဓိမဏ္ဍိုင်၏တောင်မျက်နှာ၌ ရပ်သောအခန်း**

သောတ္ထိယတွင်၊ မောင်စင်လှူဆက်၊ ရှစ်ဆုပ်မြက်ကို၊ ရွှေလက်တော်ကိုင်ပြီးကာ မဟာဗောဓိပင်သို့ကပ်၍ တောင်မျက်နှာအရပ်ကို ကြွမြန်းတော်မူမည်ရှိလျှင်၊ သိုက်ကမျှင်စကြာဝါသည်၊ ညွတ်ကာ၊ စောင်းတောင်ရှိမြင်၍၊ ဤသည်လျှင်ဘုရားဖြစ်ရာမြင် မျက်နှာမဟုတ်ချေသေးဟု တွေးဆလုပ်ပြုဟန်။

ဘုရားလောင်းမြက်များကိုင်ထားဟန်။

တောင်ဘက်အဝင်ဝ အရှေ့ဘက်ပြီးမြီ။

**အခန်း (၇၁) ။ ။ ဘုရားလောင်း ဗောဓိမဏ္ဍိုင်၏ အနောက်မျက်နှာ၌ရပ်သောအခန်း**

ရင့်ညောင်းသမ္ဘာ ပွင့်လောင်းလျာသည် မဟာဗောဓိနောက်မတ္တိုမှ ရှုကြည့်မတ်မတ် မြောက်ဟိုဝယ် ရွှေကိုယ်တော်ရပ်ပြီးလျှင်၊ ဇာတ်ကမ္မန်းလိုင် မြေမြောက်ဆိုင်ကို ဆဲ့ကိုင်မြဲမြန်တော်မူပြီးပြုက၊ မြေထုညက်၍၊ နှစ်သိန်းလေးပြာ မဟာလက်ရှုံး စက်ခါပန်းသီ၊ တစ်ခြမ်းအာစ်ကာ၊ တစ်ခြမ်းသက်၍၊ သပ်ရပ်လျက်နေဟန်။ ဘုရားလောင်းမြက်များကိုင်ထားဟန်။

**အခန်း (၇၂) ။ ။ ဘုရားလောင်း ဗောဓိမဏ္ဍိုင်၏ မြောက်မျက်နှာ၌ရပ်သောအခန်း**

မြဲဗောဓိညောင် အခေါင်ပြာသာဒ်ထွဋ်မင်း၊ ထက္ကနေရင်းတွင်၊ တင်းတင်းကပ်၍ မြောက်ရပ်ဒါသော ရှုကြည့်ကာခဲ့သော် လောင်းကိုယ်တော်သည်၊ လက်တော်ကိုင်မှ၊ မြက်ဆိုင်ကိုဆဲ့ပြီး

လျှင်ဖြန့်ကြဲမည်ကြမြန်ကစ္စကာဝါမကိုင်၍၊ ဦးတိုက်ဖန်ဖန် အရုပ်သင့်ကြောင်း မသင့်ကြောင်းကို ခွင့်တောင်းပန်သည်ကို မြက်လောင်း၍စိတ်ဝှဲ၍ မဖြန့်ဘဲရပ်ဟန်။

ဘုရားလောင်း မြက်များကိုကိုင်ထားဟန်။

အခန်း(၇၃) ။ ။ဘုရားလောင်း ဗောဓိပလ္လင်၏ အရှေ့မျက်နှာ၌ ရပ်သောအခန်း

ဗောဓိမဏ္ဍိုင်မြတ်အဆိုင်သိဝ်ါ၊ ရှေ့မျက်နှာသို့ လှည့်ကာ မတ်မတ် ကိုယ်တော်ရပ်က၊ ကြွကြွညီမှန်၊ သွေ့မငြင်းဘဲ၊ နေထင်းထင်းခံသဖြင့် ဧကံထင်ရှားဘုရားဖြစ်ရန် ဤမြေနေရာမှန်မည်ဟု အကြံတော်ပြုပြီးလျှင် လက်တွင်စွဲလျက် ရှစ်ဆုပ်မြက်ကို ရှေ့လက်ကိုင်အုပ် ကြဲဖြန့်ကာလှုပ်သည်တွင် နေအသွင်သို့ ရွှေပလ္လင်ပေါက်သဖြင့် လက်မြှောက်၍ကြည့်ဟန်။

ဘုရားလောင်း မြက်များကို ကိုင်ထားဟန်။

အခန်း (၇၄) ။ ။ဘုရားလောင်း ပေါက်နေသော ပလ္လင်ထက်နေသောအခါ နတ်အပေါင်း ဖူးကြဟန်

တစ်ဆယ့်လေးတောင်၊ ဖွေးဖွေးဆောင်သည့်ဝေးခေါင်မြေတွင်၊ ရွှေပလ္လင်ထက် တေဆင်ဗောဓိကိုမှီ၍ ရွှေသောကခေတုကမျက်နှာပြုလျက် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူသောအခါ စက္ကဝါရပ်ဆောင်း နတ်အပေါင်း ထပ်လောင်းနှိမ့်ချ ဦးဖြင့်ဖော်၍ ဖူးမျှော်ကြသော်။ ကာလနဂါး ထံပါးမကွာ တောင်းကြီးညာ၍ ဂါထာတစ်ထောင်နည်းဖြင့် ချီးမြှင့်ဟန်။

ဘုရားလောင်းဘုန်းသော၊ အောက်မှလှတစ်ရပ်။



အခန်း (၇၅) ။ ။လောင်းသမ္ဘူညာ၊ ဗုဒ္ဓါ့ဂုံသည် စေတုရက်ဝိရိယသနိုင်၌ မိဋ္ဌာန်သောအခန်း

လောင်းတော်ထွတ်ဖြာ အထံပါးဝယ်၊ သိကြားမင်းမှု၊ ရွှေသင်းမှုတ်လျက်။ ဗြဟ္မာကြီးမူ၊ ထီးဖြူမိုးလျက်။ ရှိခိုးပူဇော်ကြသောအခါ၊ စကြဝါတစ်သောင်းက နတ်ပေါင်းသိမ့်သိမ့်၊ ခြိမ့်ခြိမ့်ဝင်ငြာ ထူးရောက်လာလျက် အပရာဇိတ ပလ္လင်ထက်၌ ထိုင်နေတော်မူ၍ ဤနေရာမှတစ်ပါး၊ ဘုရားမဖြစ်သမျှ၊ ငါမထဟု၊ စေတုရက်ဝိရိယသန်၌၊ မိဋ္ဌာန်တော်မူခန်း။

ဗြဟ္မာထီးဆောင်း၊ သိကြားခရုသင်းမှုတ်ဟန်။

အခန်း (၇၆) ။ ။ဘုရားလောင်းမြတ် မာရ်နတ်က ရွှေပလ္လင်ကို နတ်သေနင်းပေါင်းနှင့် လုသောအခန်း

ဗောဓိရတနာ အပရာဇိ၌ ဘဂဝါဘုန်းလှိုင် ဖွဲ့ခွေထိုင်ခြင်း၊ မာရ်နတ်မင်းသည် သင်းသင်းကျပ်ကဲ နတ်သူရဲတို့နှင့် ခြိမ့်သဲကြေညာ၊ ဆိုက်ရောက်လာက၊ ဗြဟ္မာသိကြား နတ်နဂါးတို့၊ ကြောက်အားပြင်းစွာ ရှောင်ရှာကြမူ။ ဗုဒ္ဓါ့ဂုံသည် တစ်ဆူတည်းသော ကြဲရှိကာတွင်။ ကိုးဖြာလက်နက်၊ နတ်တံခိုးစက်ကိုဖြင့်တစ်ချက်တည်း လွှင့်သော်လည်း၊ ဆယ်ဆင့်သောပါရမီကြောင့်၊ ခါတည်ရန်မသိုင်းသဖြင့် နတ်ပန်းဆိုင်းဖြစ်ဟန်။

ဘုမိဖသာမဖြာ။

အခန်း (၇၇) ။ ။ဘုရားလောင်း မာရ်နတ်နှင့် စကားဆိုတော်မူသောအခန်း

မာရ်နတ်သားသည်ဂိရိမေခလာဆင်ကျောက်ကုန်းထက်က လက်ရုံးတစ်ထောင်ဖန်ဆင်းဆောင်၍ တစ်ထောင်သောလက်နက်တို့ကိုကိုင်လျက် တစ်ပြိုင်နက်လွှတ်သော်လည်း မထိရောက်

နိုင်ညွှားကာ၊ ဘုရားလောင်းထံမြတ် ခြွားသက်သေဝန်းပိုက်၍ ရလတ်သောပလ္လင်ရင်းကာ၊ ခုဆင်းပါဟုဆိုလျှင်အသင်မာရ်နတ် ယုတ် လောကုသနသခင် ဘုရားရှင်တို့ပွင့်စဉ်နေ့ မှန်မြောက်က ပေါက်ရာမြပလ္လင်ကို အသင်နှင့်မအပ်ပုံ၊ မာရ်နတ်ကိုဆိုဟန်။

ဘုရားလောင်းဘူမိဖသ။ အောက်မှာမာရ်နတ်ပုံ။

အခန်း (၇၈)။ ။လောင်းမြတ်ပရမေ အစိန္တက နေသက်သေ မြလင်း၍၊ မာရ်နတ်၊ သင်ပြေးသောအခန်း

သင်မာရ်နတ်မင်းက သင်းပင်းခြေရံ၊ နတ်ပိုလ်ခြေကို၊ သက် သေရင်း စားရင်းသွင်း၍ မြဆော်လည်း၊ ဆယ်ဝသုံးလီ၊ ပါ ရမီကို တာရှည်ဖြည့်ခြွား ချတ်ချိန်ထား၍၊ လင်းပြာဝေသော် လျှုဒါနန်ံအား၊ ပံသေလာနိပထဝီကို၊ ညွှန်းသည်ရွှေလက် ဖျားမမြွက်က၊ ချိန်ချက်သိမ့်ညံ၊ ဘက်တော်ကထွက်၍ မြေ သက်သေခံသဖြင့် မာရ်နတ်မင်းထွက်ပြေးကာ၊ ဗြဟ္မာသိကြား နဂါး၊ ဂဠုန်၊ ဂန္ဓဗ္ဗာ၊ နတ်အသူရာ၊ ဖူးရောက်လာသဖြင့်၊ ဝမ်း သာ၍မြွှုးထူးဟန်။

အောက်မှ အမျိုးသမီးငါးဦးကဟန်။

**အနောက်ဘက်အာရုံခံ မြောက်ဘက်နံရံမှစသည်**

(၇၉) ကျောက်ဗုဒ္ဓဆင်းတု ဘူမိဖသမုဒြာအောက်ခြေ၌ ရဟန္တာသုံးပါး၊ လျှုသူ ၁

(၈၀) မမ္ပစကြာတရားဟောခန်း။ သမင်နှစ်ကောင်ပုံ၊ ရဟန္တာလေးပါးပုံပါ (မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီငါးဦးတို့ ကို အမှူးထား၍ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားရေအေး တိုက်ကျွေးတော်မူ၍ သားတို့ကိုအေးမွဲပေးရာ



မိဂဒါဝုန်မည်သော သမင်တော၌ ပထမ ဝါဆိုတော်မူသော အခန်း။)

(၈၁) ပရိနိဗ္ဗာန်စံတော်မူသောအခန်း။ အပေါ်၌ဗြဟ္မာ ရုပ်တစ်ရုပ်၊ သိကြား ၁၊ နတ်ရုပ် ခုနစ်ရုပ်၊ ရဟန္တာ လေး ရုပ်၊ ခြေရင်းတွင်ရဟန္တာ တစ်ရုပ်၊ သစ်ပင်ပေါ်တွင်နတ်ရုပ် တစ်ရုပ်၊ အောက်တွင် မင်းပုံ ၆၊ မိဖုရား ၁၊ ဗုံတီးသူ ၁၊ ရည်းဆုပ်ကိုင်သူ ၁။

(မြတ်စွာဘုရားသည် ၄၅ ဝါ ကာလပတ်လုံး လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားဟောရွတ် ကယ်ချွတ် တော်မူပြီးလျှင် ကုသိနာရုံပြည် မာလာမင်းတို့၏ မင်္ဂလာ ဥယျာဉ်တွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူရသောအခန်း။)

(၈၂) မယ်တော်မာယာ သားဖွားခန်း။ မယ်တော် မာယာ ၁၊ ဂေါတမီ ၁၊ ရုံရွှေတော် ၁၊ ဘုရားလောင်း ၁၊ အားတွင်ဘုရားလောင်းကို လူ နတ် ဗြဟ္မာတို့ခံယူကြပုံ သုံး စုံတွဲ။

(၈၃) တာဝတိံသာမှဆင်းခန်း။ လက်ဝဲဘက် အား တွင် ထီးဆောင်းဗြဟ္မာရုပ် ၁၊ လက်ယာဘက် အားတွင် သပိတ်ပိုက်ဟန်သိကြား ၁၊ ဒုးတုပ်ရှိခိုးဟန် အာနန္ဒာ ၁။

(၈၄) နာဠာဂီရိ ဆင်ကို ချွတ်ခန်း။ ဝဲယာ၌ သာဝက နှစ်ဦး၊ လက်ယာဘက်အောက်ခြေတွင် နာဠာဂီရိဆင်ပုံ ၁။

(၈၅) ပါလိလေယျက တော၌ဝါဆိုတော်မူခန်း။ သစ် ပင်အောက်ခြေတွဲလောင်းချ ထိုင်နေဟန် ဗုဒ္ဓဆင်းတုပုံ၊ ဗျာနမုဒြာဟန်၊ ပလ္လင်ခုံပေါ် အေးတစ်ဘက်တစ်ချက်စီတွင် ရဟန္တာတစ်ပါးစီ ထိုင်နေဟန်၊ လက်ဝဲဘက် အခြေတွင် မျောက်နှစ်ကောင် သစ်သီးကိုင်၊ လက်ယာဘက်တွင်ဆင် ၁။

(မြတ်စွာဘုရားပါလိလေယျကတောင်၌ဝါဆိုခန်း၊ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သား ရဟန်းများတို့ကို ဆိုဆုံးမဟန်၊ ခက်ထန်သောအားဖြင့် တစ်ပါးတည်းကြွသွားတော်မူ၍ ပါလိလေယျကတော၌ ပလာလဲဆင်မင်း၏ အလုပ်အကျွေးကို ခံတော်မူ၍ ဒသမဝါဆိုတော်မူသောအခန်း။)

(၈၆) ဗုဒ္ဓဆင်းတု ဘူမိဖဿမုဒြာဟန်

(၈၇) ဗုဒ္ဓဆင်းတု ဈာနမုဒြာဟန်။ ပလ္လင်ခြေတွင်ရဟန္တာ နှစ်ပါး၊ မင်း ၁၊ သပိတ်ကိုင်ခြွေရံ ၄။

(၈၈) ဗုဒ္ဓဆင်းတု ဓမ္မစက္ကမုဒြာဟန်။ အောက်တွင် ရဟန္တာ ၂၊ မင်း ၁၊ မိဖုရား ၁၊ မတ်ရပ်လူ ၁၊ အမျိုးသမီး–၁။

(၈၉) ဆိတ်ကျောင်းညောင်ပင်၌ သီတင်းသုံးတော်မူဟန်။ အောက်တွင်လူ ၂၊ ဆိတ် ၁။

(၉၀) ဒေသစာရီကြွချီဟန်ပုံ။ ဝဲလက် ပခုံးပေါ်တင်၊ ယာလက်ချ၊ ဝဲယာ၌ဟင်္သာရုပ်ပါ

(၉၁) မတ်ရပ်ဆင်းတု တရားဟောဟန်။ လက်အနေအထား။

(၉၂) မဟာမာယာ မိဖုရားအိပ်မက်ခန်း။ တံကဲတွင် ဘီလူးပန်းဆွဲပါသည်။ အပေါ်တွင် နတ်ရုပ် လေးရုပ် ပါသည်။

(မဟာမာယာမိဖုရားသည် ဘုရားလောင်း သန္ဓေတည်နေတော်မူမည့်နေ့၌ ကျက်သရေတိုက်ခန်း သလွန်ထက် လျောင်းစက်တော်မူရာ နတ်ဒေဝီလေးပါးတို့က ရေနွှံသာချိုး၍ မြင်းသီလာကျောက်ဖျာ၌ သိပ်ထားသည်ဟု အိပ်မက်မက်သောအခန်း။)



(၉၃) ကျောင်းဆောက်တံကဲ နောက်ခံပါသော ဈာနမုဒြာဟန် ဗုဒ္ဓဆင်းတုပုံ။ ကျောင်းဆောင်တံကဲ အလွန်ကောင်းသည်။

(၉၄) ဗုဒ္ဓဆင်းတု ဓမ္မစက္ကမုဒြာဟန်။ အောက်၌ ရဟန္တာလေးပါး။

## တောင်ဘက်အာရုံခံ

အနောက်မြောက်ထောင့်မှစသည်။

(၉၅) ဘုရားဖြစ်တော်မူခန်းပုံ။ ဝဲယာ၌ ဗြဟ္မာထီးမိုးဟန်နှင့် သိကြားမင်းခရုသင်းမှုတ်ဟန်ပုံတို့ ပါရှိသည်။

(၉၆) ဓမ္မစကြာ တရား ဟောဟန်ပုံ။ အောက်၌ ရဟန္တာ ၄၊ သမင် ၂။

(မိဂဒါဝုန်တော၌ဝါဆိုခန်း၊ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့ကို အမှူးထား၍ လူ နတ် ဗြဟ္မာသတ္တဝါအပေါင်းတို့အား တရားရေအေးတိုက်ကျွေးတော်မူ၍ သားတို့ကို ဘေးမဲ့ပေးရာ မိဂဒါဝုန်မည်သော တော၌ ဝါဆိုခန်း။)

(၉၇) ပရိနိဗ္ဗာန်စံခန်း။ ဗြဟ္မာ ၁၊ သိကြား ၁၊ နတ်ရုပ် ၇၊ ရဟန္တာ ၅၊ မင်း ၆ ပါး၊ ဗုံတီးသူ ၁၊ စည်းဆုပ်ကိုင်သူ ၁။

(မြတ်စွာဘုရားသည် ၄၅ ဝါ ကာလပတ်လုံး လူ နတ် ဗြဟ္မာသတ္တဝါအပေါင်းတို့အား တရားဟောချွတ် ကယ်ချွတ်တော်မူပြီးလျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ မင်္ဂလာ ဥယျာဉ်တွင်း၌ ပရိနိဗ္ဗာန်စံဝင်သောအခန်း။)

(၉၈) ဖွားတော်မူခန်း။ အင်ကြင်းကိုင်း ကိုင်ဟန်၊ မယ်တော်မာယာ ၁၊ ဂေါတမီ ၁၊ ဘုရားလောင်း ၁၊ တိမ်ခ်ိ နတ် ၁၊ လူ နတ် ဗြဟ္မာခံယူဟန် သုံးစုံတွဲ။

(မဟာမာယာမိဖုရားသည် ကပိလဝတ်ပြည်တော်မှ ဒေဝဒဟပြည်သို့ သွားတော်မူရာ မင်္ဂလာအင်ကြင်းဥယျာဉ်၌ အင်ကြင်းခက်ကို လက်တော်ဖြင့်ကိုင်လျက် ဘုရားလောင်း မင်းသားလို ဖွားခန်း။)

(၉၉) တာဝတိံသာမှဆင်းခန်း။ ဗြဟ္မာထီးမိုးဟန် ၁၊ သိကြားသပိတ်ပိုက်ဟန် ၁၊ အာနန္ဒာဒုးတုပ်ရှိခိုးဟန် ၁။

(၁၀၀) အာဠဝကဘီလူးအောင်ခန်း။ မတ်ရပ်တော်ပုံ၊ ဓမ္မစက္ကမုဒြာဟန် လက်အနေအထား၊ ဝဲဘက်တွင်ဘီလူး ၁၊ ယာဘက်တွင် မတ်ရပ်ရဟန္တာ ၁၊ တံကဲ ၃ ခေါင်း ရုပ် ပါ (မြတ်စွာဘုရားသည် သည်းခံခြင်းဟူ မထက်တောင်းအောင်ကြမ်းကြုတ်ခက်ထန် ဂုဏ်မာန်အဟုန်ပြင်းစွာသော အာဠဝက ဘီလူးကို သည်းခံတော်မူခြင်းတည်းဟူသော ယဉ်ကျေးသော အစီအရင်ဖြင့် အောင်မြင်တော်မူခန်း။)

(၁၀၁) ဗုဒ္ဓဆင်းတု ဈာနမုဒြာဟန်။ ရဟန္တာ ၃၊ လူ ၃၊ ဟသ်ာတံကဲ။

(၁၀၂) တန်ခိုးပြာဋိဟာပြခန်း။ ဓမ္မစက္ကမုဒြာလက်အနေအထား၊ အောက်တွင်ရဟန္တာ ၂၊ မင်း ၁၊ မိဖုရား ၁၊ တိတ္ထိ ၁၊ ဟသ်ာတံကဲ။

(၁၀၃) ဗုဒ္ဓဆင်းတု၊ ဓမ္မစက္ကမုဒြာဟန်။ အောက်ခြေတွင် ရဟန္တာလေးပါး ပါသည်။

(၁၀၄) ဒေဝဒတ်ငိုကြွဟန်။ မတ်ရပ်တော် ဝဲလက်ပခုံး ပေါ်တင်၊ ယာလက်ချထားဟန်။



(၁၀၅) ဆိတ်ကျောင်းညောင်ပင်၌ စံနေတော်မူဟန်၊ ဈာနမုဒြာဟန်။ အောက်တွင် လူ ၂၊ ဆိတ် ၁၊ ဟသ်ာတံကဲ ပါသည်။

(၁၀၆) ဗုဒ္ဓဆင်းတု၊ ဓမ္မစက္ကမုဒြာဟန်။ အောက်တွင် မင်း ၁၊ မိဖုရား ၁၊ ဟသ်ာတံကဲ ပါသည်။

(၁၀၇) မတ်ရပ်ဆင်းတုပုံ၊ ဓမ္မစက္ကမုဒြာဟန်။ ဟသ်ာတံကဲ။

(၁၀၈) မယ်တော်မာယာ အိပ်မက်မြင်မက်ခန်း။ အောက်တွင် သန်လျက်ထမ်း နတ်လေးဦး စောင့်ရှောက်နေဟန် ပုံပါသည်။

(၁၀၉) ဓမ္မကြော တရားဦးဟောခန်း။ အောက်တွင် သမင် ၂၊ ရဟန္တာ ၂၊ နတ် ၁၊ ဗြဟ္မာ ၁။

(၁၁၀) ဗုဒ္ဓဆင်းတု၊ ဘူမိဖဿမုဒြာဟန်။ ဝဲယာ၌ဗြဟ္မာ ထီးမိုးဟန် ၁၊ သိကြားခရုသင်းကိုင် ၁၊ ဟသ်ာပန်းကိုက်တံကဲပါသည်။

## အရှေ့ဘက်အာရုံခံ

အနောက်တောင်ထောင့်မှစသည်။

(၁၁၁) ဘုရားဖြစ်တော်မူခန်းပုံ။ ဝဲယာ၌ ထီးမိုးဟန် ဗြဟ္မာ ၁၊ ခရုသင်းကိုင်သိကြား ၁။

(၁၁၂) ဗုဒ္ဓဆင်းတု၊ ဘူမိဖဿမုဒြာဟန်။ အောက်တွင် ရဟန္တာ ၃၊ အမျိုးသမီးပုံ ၁။

(၁၁၃) ပရိနိဗ္ဗာန်စံခန်း။ အပေါ်တွင် ဗြဟ္မာ ၁၊ သိကြား ၁၊ နတ် ၇၊ ရဟန္တာ ၅ ပါး၊ မင်း ၈ ပါး၊ ဗုံတီးသူ ၁၊ စည်းဆုပ်တီးသူ ၁၊

(၁၁၄) ဘုရားလောင်း ဖွားတော်မူခန်း။ မယ်တော်မာယာ ၁၊ ဂေါတမီ ၁၊ ရုံရွှေ ၁၊ ဘေး၌ လူ နတ် ဖြဟ္မာ ခံယူဟန် သုံးစုံတွဲ။

(၁၁၅) ကာဝတီ သာမူဆင်းခန်း၊ ထီးမိုးဟန်ဗြဟ္မာ ၁၊ သပိတ်ပိုက်ဟန်သိကြား ၁၊ ဝဲလက်ရင်အပ်၊ ယာလက်ချထားဟန်၊ ဒူးတုပ်ရှိခိုးဟန်အာနန္ဒာ ၁။

(၁၁၆) ဗုဒ္ဓဆင်းတု၊ ဘူမိဖဿမုဒြာဟန်။ အောက်တွင် မင်းလေးပါးပုံ ပါသည်။

(၁၁၇) ဗုဒ္ဓဆင်းတု၊ ဘူမိဖဿမုဒြာဟန်။ ထူးခြားချက်မှာ ဝဲယာ၌ ဗြဟ္မာရှိခိုးဟန်ပုံ ပါသည်။ အောက်တွင် မင်း ခြောက်ပါးပုံ၊ ဟသ်ာတက်ကဲ။

(၁၁၈) တန်ခိုးပြာဋိဟာ ပြခန်း။ ဓမ္မစက္ကမုဒြာဟန်၊ ရဟန္တာသုံးပါး၊ မင်း ၁၊ မိဖုရား ၁၊ တိတ္ထိ ၁။

(၁၁၉) ဗုဒ္ဓဆင်းတု၊ ဗျာနမုဒြာဟန်၊ အောက်တွင်အလှူပေးဟန် မင်းပုံ၊ သပိတ်ကိုင်မြောက်နေဟန်လူ ၄။

(၁၂၀) ဗုဒ္ဓဆင်းတု၊ ဓမ္မစက္ကမုဒြာဟန်။ အောက်တွင် ရဟန္တာလေးပါး။

(၁၂၁) ဆိတ်ကျောင်းညောင်ပင်၌ သီတင်းသုံးဟန်၊ ဗျာနမုဒြာဟန်၊ အောက်တွင် လူ ၂၊ ဆိတ် ၁။

(၁၂၂) ဒေသစာရီကြွချီဟန်ပုံ။ ဝဲလက် ပခုံးပေါ်တင်၊ ယာလက်ချ။

(၁၂၃) မတ်ရပ်ဆင်းတု၊ ဓမ္မစက္ကမုဒြာဟန်။

(၁၂၄) မယ်တော်မာယာ အိပ်မက်မြင်မက်ခန်း၊ အပေါ်တွင် အမျိုးသမီး လေးဦး၊ အောက်တွင် သန်လျက်ကိုင် နတ်ရုပ် လေးရုပ်။



ထူးခြားချက်မှာ အပေါ်ထိပ်တွင် ခြသေ့ လည်ပြန်နှစ်ကောင် ကျောချင်းကပ်ပုံ၊ ၎င်းကိုယ်ပိုင်းကို ဖုံးလိုက်လျှင် ခြသေ့ ဦးခေါင်းနှစ်ခုသည် ဘီလူးခေါင်းနှင့် တူနေအောင် ထုလုပ်ထားသည်မှာ ထူးခြားပါသည်။

(၁၂၅) ဘုရားလောင်း ဆံတော်ပယ်ခန်းပုံ။

(၁၂၆) ဘုရားဖြစ်တော်မူခန်း။ ဝဲယာ၌ ဗြဟ္မာထီးမိုးဟန် ၁၊ သိကြားခရုသင်းမှုတ်ဟန် ၁။

## မြောက်ဘက်အာရုံခံအတွင်း

အရှေ့တောင်ထောင့်မှစသည်။

(၁၂၇) ဘုရားဖြစ်တော်မူခန်းပုံ။ ဝဲယာတွင်ဗြဟ္မာထီးမိုးဟန် ၁၊ ခရုသင်းမှုတ်ဟန်သိကြား ၁။

(၁၂၈) ဓမ္မစကြာ တရားဟောတော်မူခန်းပုံ။ အောက်တွင် သမင် ၁၊ ရဟန္တာ လေးဦးပုံ။

(၁၂၉) ပရိနိဗ္ဗာန်စံတော်မူခန်း။ အပေါ်ဘက်တွင်ဗြဟ္မာ ၁၊ သိကြား ၁၊ နတ် ၇၊ ရဟန္တာ ၅၊ အောက်တွင် မင်း ၈ ပါး၊ မိဖုရား ၁၊ ဗုံတီးသူ ၁၊ စည်းဆုပ်ကိုင်သူ ၁။

(၁၃၀) ဘုရားလောင်း ဖွားတော်မူခန်း။ မယ်တော်မာယာ ၁၊ ဂေါတမီ ၁၊ ဘုရားလောင်း ၁၊ ရုံရွှေ ၁၊ ရေသွန်းနတ် ၁၊ လူ နတ် ဗြဟ္မာတို့ခံယူနေဟန် သုံးစုံတွဲ။

(၁၃၁) တာဝတိံသာမှဆင်းခန်း။ ဝဲယာတွင် ဗြဟ္မာထီးမိုးဟန် ၁၊ သိကြားသပိတ်ပိုက်ဟန် ၁၊ ဒူးတုပ်ရှိခိုးနေဟန် အာနန္ဒာ ၁။

(၁၃၂) ဗုဒ္ဓဆင်းတု၊ ဓမ္မစက္ကမုဒြာဟန်။

(၁၃၃) ဗုဒ္ဓဆင်းတု၊ ချာနမုဒြာဟန်။ အောက်တွင် ဘီလူး ၅၊ ရဟန်း ၁၊ ယောကျ်ား ၁၊ မိန်းမ ၁။

(၁၃၄) တန်ခိုးပြာဋိဟာပြခန်း။ အောက်တွင်ရဟန္တာ ၂၊ ရသေ့ ၁၊ မင်း ၁၊ မိဖုရား ၁၊ တိတ္ထိ ၁။

(၁၃၅) ဗုဒ္ဓဆင်းတု ဈာမုဒြာဟန်။ အောက်တွင် မင်း ၁၊ လူ ၂၊ နတ် ၂ လက်များတွင် လှူဖွယ်ပစ္စည်းများပါသည်။

(၁၃၆) ဗုဒ္ဓဆင်းတု၊ ဘူမိဖဿမုဒြာဟန်။ အောက်တွင် ရဟန္တာ ၄။

(၁၃၇) ဆိတ်ကျောင်းညောင်ပင်၌ သီတင်းသုံးနေတော်မူဟန်။ အောက်တွင် လူ ၂၊ ဆိတ် ၁။

(၁၃၈) မတ်ရပ်ဆင်းတု၊ ဓမ္မစက္ကမုဒြာဟန်။

(၁၃၉) မတ်ရပ်ဆင်းတု၊ ဝဲဘက်ပခုံးပေါ် သင်္ကန်းစကိုင်၊ ယာလက်ချ။

(၁၄၀) မယ်တော်မာယာ အိပ်မက် မက်ခန်း။ အပေါ်တွင် အမျိုးသမီးပုံ လေးပုံ။

(၁၄၁) ရတနာသာရဗ္ဗေအိမ်၌ စံနေတော်မူဟန်။ ကျောင်းဆောင်ပုံ ကောင်းသည်၊ ချာနမုဒြာဟန်။

(၁၄၂) ဘုရား ဖြစ်တော်မူခန်း။ ဝဲယာတွင် ထီးမိုးဗြဟ္မာ ၁၊ ခရုသင်းကိုင်သိကြား ၁။

**တိုက်မအတွင်းမုခ်ကပ်များမှ ကျောက်ဗုဒ္ဓဆင်းတုများ**

**အနောက်ဘက် မတ်ရပ်ဘုရားမှ လက်ယာနှင့်လက်ဝဲမှ ဘုရားပုံတော်များ (အတွင်း)**

(၁) လက်ယာမှအထက် ဘူမိဖဿမုဒြာဟန် ၁၊
အောက်တန်း ဘူမိဖဿမုဒြာဟန် ၂၊
ရှင်အရဟံ ဒူးတုပ်၍ ဘုရားရှိခိုးနေဟန်။



(၂) လက်ဝဲမှအထက် ဘူမိဖဿမုဒြာဟန် ၁၊
အောက်တန်းမှ ဒေသနာဆိုကြဟန်ပုံ၊
ကျန်စစ်သားမင်းကြီး ဒူးတုပ်၍ ဘုရားရှိခိုးနေပုံ။

**အောက်ဘက်မတ်ရပ်ဆင်းတု ညာနှင့်ဘယ်**

(၁) ညာဘက်အထက် ချာနမုဒြာဟန် ၁ ဆူ၊
အောက်တန်း ချာနမုဒြာဟန် ၂ ဆူ၊
ရဟန္တာတစ်ပါး ပူဇော်နေဟန်။

(၂) ဘယ်ဘက်အထက် ဘုရားအလောင်း ဆံတော်ပယ်ဟန်၊
အောက်တန်း မဟာဂီရိကာ ခေါင်းပေါ်ဥဿျောင်ပါ
အမျိုးသမီး လေးယောက် ထိုင်နေဟန်နှင့်
ချာနမုဒြာ ဆင်းတုတစ်ဆူ၊
ရဟန္တာတစ်ပါး ပူဇော်နေဟန်။

**အရှေ့ဘက် မတ်ရပ်ဆင်းတု ညာနှင့်ဘယ်**

(၁) ညာဘက်၊ ချာနမုဒြာဆင်းတု သုံးဆူ၊
အောက်မှ ရဟန္တာတစ်ပါး ပူဇော်နေဟန်။

(၂) ဘယ်ဘက်အထက် ဘူမိဖဿမုဒြာတစ်ဆူ၊
အောက်တန်း ဘူမိဖဿမုဒြာ တစ်ဆူနှင့် ချာနမုဒြာ တစ်ဆူ၊
ရဟန္တာတစ်ပါး ပူဇော်နေဟန်။

**မြောက်ဘက် မတ်ရပ်ဆင်းတု ညာနှင့်ဘယ်**

(၁) ညာဘက်၊ အထက်နှင့်အောက်၊ ချာနမုဒြာ သုံးဆူ၊
အောက် ရဟန္တာတစ်ပါး ပူဇော်ဟန်။

(၂) ဘယ်အထက် ဘုရားအလောင်း သံတော်ပယ်ဟန်
အောက်တန်း ရထားနှင့်ဘုရင်စီးနေဟန်
ချွန်မှုဖြာ တစ်ဆူ၊
ရဟန္တာတစ်ပါး ပူဇော်နေဟန်။

### အနောက်ဘက်ဝင် တောင်ဘက်မှစသော်

(၁) မှ (၁၀) အထိ ဘုရားအားလုံး ဘူမိဖဿမုဒြာ အနေအထားများ ဖြစ်ပါသည်။

(၁၁) ဘူမိဖဿမုဒြာ – အောက်ခြေတွင် ရဟန္တာ လေးပါး ရှိသည်။ (တူညီသည်)
(၁၂) 〃 〃 〃
(၁၃) 〃 〃 〃
(၁၄) 〃 〃 〃
(၁၅) ဓမ္မစက္ကမုဒြာ အောက်ခြေ ရဟန္တာ လေးပါး ရှိခိုးနေဟန်။
(၁၆) ဘူမိဖဿမုဒြာ အောက်ခြေ ရဟန္တာ လေးပါး ရှိခိုးနေဟန်။
(၁၇) ဝရဒမုဒြာ အောက်ခြေ ရဟန္တာ လေးပါး ရှိခိုးနေဟန်။
(၁၈) ဓမ္မစက္ကမုဒြာ 〃 〃 〃
(၁၉) ဓမ္မစက္ကမုဒြာ အောက်ခြေ ဘုရင်နှစ်ပါး၊ ရဟန္တာ နှစ် ရှိခိုးနေဟန်။
(၂၀) ဓမ္မစက္ကမုဒြာအောက်ခြေရဟန္တာလေးပါးရှိခိုးနေဟန်။
(၂၁) ဘူမိဖဿမုဒြာအောက်ခြေ ဗြဟ္မာ ၁၊ ရဟန္တာ ၂။
တောင်ဘက်နံရံ အနောက်ဘက်ခြမ်း။



(၂၂) မှ (၂၉) ထိ ဘူမိဖဿမုဒြာ
(၃၀) မှ (၃၁) ...... မရှိ။
(၃၂) ဝိတက္ကမုဒြာ နှင့်တူသည် လက်အတွင်း လှည့်နေသည်။ ဘုရင်နှစ်ပါး၊ ရဟန္တာနှစ်ပါး (အောက်ခြေတွင်ရှိ)။
(၃၃) ဓမ္မစက္ကမုဒြာ အောက်ခြေတွင် ရဟန္တာလေးပါး ရှိခိုးနေဟန်။
(၃၄) ဝရဒမုဒြာ အောက်ခြေ ရဟန္တာ နှစ်ပါး၊ ဘုရင်မိဖုရား။
(၃၅) ဘူမိဖဿအောက်ခြေ ရဟန္တာ လေးပါး။
(၃၆) ဓမ္မစက္ကမုဒြာ အောက်ခြေ ရဟန္တာ လေးပါး။
(၃၇) ဘူမိဖဿအောက်ခြေ ရဟန္တာ လေးပါး။
(၃၈) ဓမ္မစက္ကမုဒြာ အောက်ခြေ ရဟန္တာ နှစ်ပါး၊ လူနှစ်ယောက်။
(၃၉) ဓမ္မစက္ကမုဒြာ အောက်ခြေ ရဟန္တာ နှစ်ပါး၊ လူတစ်ယောက်။
(၄၀) ဓမ္မစက္ကမုဒြာအောက်ခြေ ရဟန္တာ လေးပါး ရှိခိုးနေဟန်။
(၄၁) ဓမ္မစက္ကမုဒြာအောက်ခြေ ရဟန္တာလေးပါး ရှိခိုးဟန်။
(၄၂) ဓမ္မစက္ကမုဒြာအောက်ခြေ ရဟန္တာလေးပါး ရှိခိုးဟန်။

### တောင်ဘက်နံရံအရှေ့ဘက်ခြမ်း

၄၃ မှ ၅၂ အထိ ဘူမိဖဿမုဒြာများ ဖြစ်ကြသည်။
၅၃ မှ ၅၅ အထိ ဓမ္မစက္ကမုဒြာအောက်ခြေ ရဟန္တာ လေးပါး ရှိသည်။

(၅၆) ဘူမိဖဿမုဒြာအောက်ခြေ ရဟန္တာ ၂၊ ဘုရင် ၂။
(၅၇) နှင့် (၅၈) ထိ ဘူမိဖဿမုဒြာ ရဟန္တာ လေးပါးရှိ။
(၅၉) ဓမ္မစက္ကမုဒြာအောက်ခြေ ရဟန္တာ လေးပါးရှိ။
(၆၀) ဘူမိဖဿအောက်ခြေ ရဟန်း လေးပါးရှိ။
(၆၁) ဓမ္မစက္ကမုဒြာ ( ။ )
၆၂ –ဝရဒမုဒြာ (နှင့်တူသည်) လက်ဝါးအတွင်း လှည့်နေသည်။ (၃၂ အတိုင်း) အောက်ခြေ ရဟန်းလေးပါးရှိ။
(၆၃) ဘူမိဖဿမုဒြာအောက်ခြေ ရဟန်း လေးပါးရှိ။
(အရှေ့ဘက်နံရံ တောင်ဘက်ခြမ်း)
(၆၄) မှ (၇၀) ထိ ဘူမိဖဿမုဒြာ။
(၇၁) နှင့် (၇၂) မရှိ
(၇၃) ဘူမိဖဿမုဒြာ။
(၇၄) ။ (တူညီသည်)
(၇၅) ဓမ္မသက္ကမုဒြာ – ရဟန်း ၁၊ ဘုရင်နှင့် မိဖုရား
(၇၆) ဓမ္မသက္ကမုဒြာ – ရဟန်း ၄
(၇၇) ဘူမိဖဿမုဒြာ– ရဟန်း ၄
(၇၈) ဓမ္မစက္ကမုဒြာ – ရဟန်း ၂၊ ဘုရင် ၂
(၇၉) ဘူမိဖဿမုဒြာ– ရဟန်း ၄
(၈၀) ဓမ္မစက္ကမုဒြာ – ရဟန်း ၂၊ ဘုရင်နှင့် မိဖုရား
(၈၁) ဘူမိဖဿမုဒြာ–ရဟန်း ၃၊ လူ ၁၊ ဦးသျှောင် မပါ။
(၈၂) ဓမ္မစက္ကမုဒြာ – ရဟန်း ၄
(၈၃) ဓမ္မစက္ကမုဒြာ – ရဟန်း ၄၊ တူညီသည်။
(၈၄) ဓမ္မစက္ကမုဒြာ – ရဟန်း ၂၊ လူ ၂



အရှေ့ဘက်နံရံ မြောက်ဘက်ခြမ်း

(၈၅) မှ (၈၉) ထိ – ဘူမိဖဿမုဒြာ
(၉၀) ဦးခေါင်းမရှိ၊ ဘူမိဖဿမုဒြာ
(၉၁) နှင့် (၉၂) – ဘူမိဖဿမုဒြာ
(၉၃) နှင့် (၉၄) မရှိတော့ပြီ။
(၉၅) ဓမ္မစက္ကမုဒြာ – အောက်ခြေ ရဟန်း ၄
(၉၆) ဓမ္မစက္ကမုဒြာ – အောက်ခြေ ရဟန်း ၂၊ ဘုရင် ၂၊
(၉၇) မဟာ ကရုဏိကာ – အောက်ခြေ ရဟန်း ၁၊ (ညာလက် ရင်ပတ်ကပ်၊ ဘယ်လက် ဒူးပေါ်မှ အောက်ချ)
(၉၈) ဘူမိဖဿမုဒြာ– အောက်ခြေ ရဟန်း ၄
(၉၉) ဓမ္မစက္ကမုဒြာ – အောက်ခြေ ရဟန်း ၄
(၁၀၀) ဓမ္မစက္ကမုဒြာ – အောက်ခြေ ရဟန်း ၄ (တူညီ)
(၁၀၁) ဘူမိဖဿမုဒြာ– ရဟန်း ၄
(၁၀၂) ဓမ္မစက္ကမုဒြာ – ရဟန်း ၄
(၁၀၃) ဓမ္မစက္ကမုဒြာ – ရဟန်း ၃၊ လူ ၁၊ မိန်းမ ၁
(၁၀၄) ဘူမိဖဿမုဒြာ– ရဟန်း ၄
(၁၀၅) ဓမ္မစက္ကမုဒြာ – ရဟန်း ၄

မြောက်ဘက်နံရံ အရှေ့ဘက်ခြမ်း

(၁၀၆) မှ (၁၁၀) ထိ – ဘူမိဖဿမုဒြာ
(၁၁၁) မရှိ။
(၁၁၂) ဘူမိဖဿမုဒြာ

(၁၁၃) မှ (၁၁၅) ထိ မရှိ။
(၁၁၆) ဓမ္မစက္ကမုဒြာ – ရဟန်း ၄
(၁၁၇) ဘူမိဖဿမုဒြာ– ရဟန်း ၄
(၁၁၈) ဓမ္မစက္ကမုဒြာ – ရဟန်း ၄
(၁၁၉) ဓမ္မစက္ကမုဒြာ – ရဟန်း ၄၊ (တူညီ)
(၁၂၀) ဘူမိဖဿမုဒြာ– ရဟန်း ၂၊ ဘုရင် ၂
(၁၂၁) ဓမ္မစက္ကမုဒြာ – ရဟန်း ၄
(၁၂၂) ဓမ္မစက္ကမုဒြာ – ရဟန်း ၄
(၁၂၃) ဓမ္မစက္ကမုဒြာ – ရဟန်း ၄၊ လူ ၂၊ (တူညီနေ)
(၁၂၄) ဓမ္မစက္ကမုဒြာ – ရဟန်း ၂၊ လူ ၂
(၁၂၅) မဟာကရုဏိကာမုဒြာ – (ညာဘက်လက်တွင် လှည့်ဘယ်အောက်ချ)၊ ဘုရင် ၁၊ အမျိုးသမီး ၃
(၁၂၆) ဓမ္မစက္ကမုဒြာ – ရဟန်း ၄

### မြောက်ဘက်နံရံ အနောက်ခြမ်း

(၁၂၇) မှ(၁၃၆)အထိ– ဘူမိဖဿမုဒြာ
(၁၃၇) ဘူမိဖဿမုဒြာ– အောက်၌ ရဟန်းနှစ်ပါး၊ ဘုရင်နှစ်ပါး
(၁၃၈) ဘူမိဖဿမုဒြာ– အောက်၌ ရဟန်းလေးပါး
(၁၃၉) ဘူမိဖဿမုဒြာ– အောက်၌ ရဟန်းလေးပါး
(၁၄၀) ဓမ္မစက္ကမုဒြာ – အောက်၌ ရဟန်းလေးပါး၊ လူနှစ်ယောက်
(၁၄၁) ဘူမိဖဿမုဒြာ– အောက်၌ ရဟန်းလေးပါး
(၁၄၂) ဓမ္မစက္ကမုဒြာ – အောက်၌ ရဟန်းလေးပါး



(၁၄၃) ဘူမိဖဿမုဒြာ– အောက်၌ ရဟန်းလေးပါး
(၁၄၄) ဓမ္မစက္ကမုဒြာ – အောက်၌ ရဟန်းနှစ်ပါး၊ လူနှစ်ယောက်
(၁၄၅) ဓမ္မစက္ကမုဒြာ – အောက်၌ ဘုရင်သုံးပါး၊ လူ သုံးယောက်
(၁၄၆) ဓမ္မစက္ကမုဒြာ – ရဟန်းနှစ်ပါး၊ မိန်းမနှစ်ယောက်
(၁၄၇) ဓမ္မစက္ကမုဒြာ – ရဟန်းတစ်ပါး ရှိခိုးဟန်။ ရဟန်းနှစ်ပါး လေးထောင့်ခုံပေါ် လက်တင်ထားဟန်။

မြောက်ဘက်နံရံထိ ပြီးဆုံး။

(၁၄၈) မှ (၁၅၇) ထိ – ဘူမိဖဿမုဒြာ
(၁၅၈) ဓမ္မစက္ကမုဒြာ – ရဟန်းလေးပါး
(၁၅၉) ဘူမိဖဿမုဒြာ– ရဟန်းလေးပါး
(၁၆၀) ဘူမိဖဿမုဒြာ– ရဟန်းလေးပါး
(၁၆၁) ဘူမိဖဿမုဒြာ– ရဟန်းလေးပါး
(၁၆၂) ဓမ္မစက္ကမုဒြာ – ရဟန်းလေးပါး
(၁၆၃) ဘူမိဖဿမုဒြာ– ရဟန်းလေးပါး
(၁၆၄) မဟာကာရုဏိကာ – ရဟန်းလေးပါး
(၁၆၅) ဓမ္မစက္ကမုဒြာ – ရဟန်းလေးပါး
(၁၆၆) ဘူမိဖဿမုဒြာ– ရဟန်းလေးပါး
(၁၆၇) ဘူမိဖဿမုဒြာ– ရဟန်းနှစ်ပါး၊ ဘုရင်နှင့် မိဖုရားပုံပါသည်။
(၁၆၈) ဓမ္မစက္ကမုဒြာ – ရဟန်းလေးပါး

အနောက်အဝင် တောင်ဘက်နံရံ၊ အပေါ်ဆုံးမှ်သေးလေးများ အစနံပါတ်အစ ၁၆၉ မှ ၂၁၆ အထိ ဘူမိဖဿမုဒြာ၊ အားလုံးကောင်းသည်။

တောင်ဘက်အဝင် အနောက်ဘက် နံရံ၊ အပေါ်မှန်
အသေးလေးများ ၂၁၇ မရှိ။ ၂၅၉ မရှိ။ ၂၆၄ မရှိတော့ပြီ။
၂၃၃ မရှိ။ ၂၅၁ မရှိ။ ၂၄၇ မရှိ။ ကျန်အားလုံးရှိ။
ဘုမိဖဿမုဒြာ ၂၁၇ မှစ၍ ၂၇၃ ဆုံးသည်။

တောင်ဘက်နံရံ အရှေ့ဘက်ခြမ်း မှန်အသေးလေးများ
၂၇၄ မှစ၍ ၃၂၀ ဆုံး။ အရှေ့ဘက်ခြမ်း ၃၁၀ ဘုရားမရှိ။
၃၁၆ ခေါင်းမရှိ။

ကျန်အကုန်ရှိ၊ ဘုမိဖဿမုဒြာ။

အရှေ့ဘက်နံရံ တောင်ဘက်ခြမ်းအပေါ်မှန် အသေးလေး
များ ၃၂၁ မှစ၍ ၃၆၇ ဆုံး။

၃၄၁။ ၃၅၂။ ၃၅၅။ ၃၅၆။ ၃၆၀၊ ဘုရားမရှိ။ (၃၅၈။
ခေါင်းမရှိ) ဘုမိဖဿမုဒြာ။

အရှေ့ဘက်နံရံ မြောက်ဘက်ခြမ်းမှန် အသေးလေးများ
၃၆၈ မှစ၍ ၄၁၄ ဆုံး၊ ဘုမိဖဿမုဒြာ။

၃၆၈၊ ဘုရားမရှိ ကျန်အားလုံးရှိ။

မြောက်ဘက်နံရံ အရှေ့ဘက်ခြမ်း မှန်သေးလေးများ။
၄၁၅ မှစ၍ ၄၆၁ ဆုံး။ အရှေ့ဘက်ခြမ်း ၄၂၇။ ၄၂၈။ ၄၄၃။
၄၄၅။ ၄၄၇။ ၄၅၇။ ၄၅၉ ဘုရားမရှိ။ ၄၄၂။ ၄၄၄။ ခေါင်း
မရှိ။ အားလုံးဘုမိဖဿမုဒြာ။

မြောက်ဘက်နံရံ အနောက်ဘက်ခြမ်း မှန်အသေးလေး
များ ၅၀၉ မှစ ၅၅၅ ဆုံး။ အနောက်ဘက်ခြမ်း အားလုံးရှိ
အားလုံးကောင်း။ ဘုမိဖဿမုဒြာ။

ကျောက်ဗုဒ္ဓဆင်းတုများမှာ အတွင်းလမ်း တစ်ဘက်တစ်
ချက် ဝါယာများ၌ များစွာကျန်ရှိပါသေးသည်။ အပြင်
စင်္ကြံပတ်လမ်း အပြင်နံရံနှင့် အတွင်းလမ်း တစ်ဘက်တစ်



ချက်ရှိ ဆင်းတု အရေအတွက်မှာ ၆၃၀ ရှိပါသည်။ အောက်
ပိုင်း ဆင်းတုကြီးများမှာ မှန်လယ်အချိုင့် ကြီးသဖြင့်
ကျောက်ဆင်းတုကြီးများ ကြီးပါသည်။ အပေါ်ဘက်တွင်
မှန်ကပ်အချိုင့် သေးသဖြင့် ဆင်းတုများမှာလည်း သေးငယ်
ပါသည်။ အချို့ အမြင့် ၁' ၃" အချို့ ၁' ၄" ရှိပါသည်။
အချို့ ဦးခေါင်းများ မရှိတော့ပြီ။

အာနန္ဒာဂူဘုရားကြီးအတွင်းရှိ ဗုဒ္ဓဝင်၊ မဟာဝင်ရုပ်တု
များနှင့် ဝါဆိုစဉ် ကျောက်ဆင်းတုများ သုတ်ဟောနေဟန်
ဆင်းတုများ အရေအတွက် စုစုပေါင်းကို ဖော်ပြရသော်
ပထမမှန်ကပ်အချိုင့်အရေအတွက် –

(က) မှန်ကပ်အချိုင့်အထက် ကွန်းတောင်လေး
မျက်နှာ၌ ၄×၅ ခုစီ – ၂၀
(ခ) ဒုတိယပစ္စယံပေါ်ရှိ စေတီရံ လေးဆူ× ၂ခုစီ – ၈
(ဂ) ရောင်လင်းပေါက် တစ်ဘက်တစ်ချက်
၄×၂ ခုစီ – ၈
(ဃ) အာရုံခံ လေးဘက်အတွင်း ၄×၁၆ ခုစီ – ၆၄
(င) အပြင်စင်္ကြံပတ်လမ်း အပြင်နံရံပတ်လည်
ဗုဒ္ဓဝင်ခန်း ၈၀ အတွက် – ၈၀
(စ) အပြင်စင်္ကြံပတ်လမ်းအတွင်း နံရံများရှိ
မှန်စင်္ကြံအကြီးအသေး စုစုပေါင်း – ၅၅၅
(ဆ) အတွင်းစင်္ကြံနှင့် အပြင်စင်္ကြံပတ်လမ်း
များ ကြားရှိ အလင်းရောင်ဖြတ်လမ်းများ
ဘေးဝါယာရှိ မှန်ကပ်အချိုင့်များ – ၇၆

(၈) အတွင်းကြေးပြာတိုက်လမ်း ဝဲယာရှိ မုခ်ကပ်
 အချိုင့်များ အပြင်ကြေး အပြင်နံရံရှိ
 မုခ်ကပ်များ — ၆၇

(၉) မဏ်ရပ်ကိုယ်တော်ကြီးများ ဝဲယာအချိုင့်
 များ ၄×၄ — ၁၆

 စုစုပေါင်းတစ်ဘက်ပိတ်မုခ်ကပ်ပေါင်း — ၁၅၁၄
 ဗုဒ္ဓဝင်ရုပ်တုများ ကျောက်ဆင်းတုများ၊
 ရဟန္တာရုပ်၊ ကျန်စစ်သားရုပ်တုစုစုပေါင်း —၁၄၂၄

ဖြစ်ပါသည်။

အာနန္ဒာဂူဘုရားကြီး အတွင်းရှိ ကျောက်ဆင်းတုကြီးငယ်များ၏ တံကဲနောက်ကျောဘက်တို့တွင် မှန်စာများပါ တွေ့ရှိပါသည်။ အချို့ဆင်းတုများတွင် စာပါပြီး အချို့ဆင်းတုများတွင် စာမတွေ့ရပါ။ ၎င်းစာများမှာ မှန်စာများဖြစ်ပြီး ကောင်းမှုရှင်တစ်ဦးစီ၏ အမည်များလော သို့တည်းမဟုတ် ထုလုပ်သူများ၏ အမည်များလော ယူဆဖွယ်ရာ ဖြစ်ပါသည်။

အများအားဖြင့် အပေါ်ပိုင်းမုခ်ကပ်အချိုင့်များအတွင်းရှိ ဆင်းတုငယ်ကလေးများ၏ တံကဲ ကျောဘက်များတွင် ရေးထိုးပါရှိတတ်လေသည်။

ဥပမာအားဖြင့် အချို့ကိုတင်ပြရသော်

 ရာဟိဟ်ငှာ
 ပါန္ဓိနိငါပေါက်
 ။ဝ။ပါဤိဒိကာန်



 ဂြန်သော်ည် ငါပုံမဲ
 ဂြာန်ပိတ်
 ကောန်ဂြန်သချာငါသက်
 သိုကငါဂူဟဲ
 ခနငါတ္တ

သည်တို့ ဖြစ်ပါသည်။

**အာနန္ဒာဂူဘုရားအတွင်းရှိ ကျောက်ဆစ်ပန်းပုလက်ရာများနှင့် ရွှေကွင်းလက်ရာများ လေ့လာတွေ့ရှိနိုင်သော လက်အနေအထားများမှာ**

(၁) ဘူမိဖဿမုဒြာ–မြေကိုသက်သေညွှန်းဟန် (အများဆုံးတွေ့ရသည့် လက်အနေအထား)
(၂) ဓမ္မစက္ကမုဒြာ (တရားဟောဟန် လက်အနေအထား) (ဒုတိယအများဆုံး တွေ့နိုင်သည့် လက်အနေအထား)
(၃) ဝရဒမုဒြာ (ဆုပေးဟန်)
(၄) အဘယမုဒြာ (ဘေးရန်ကာဆီးနေဟန်)
(၅) မဟာကရုဏိကာ (ကြီးစွာသော ကရုဏာထားဟန် လက်အနေအထား)
(၆) ဝိတက္ကမုဒြာ (ပုဂ္ဂိုလ်အနု အရင့် အလိုက် ဆိုဆုံးမဟန် အနေအထား)
(၇) ဓိဝရဟတ္ထ (သင်္ကန်းစကိုင်နေသော အနေအထား)
(၈) ဒေသနာဝရီ ကြွဟန်လက်အနေအထား
(၉) တစ်ဦးနှင့်တစ်ဦး စကားပြောဟန်လက်အနေအထား (တတိယအများဆုံးတွေ့နိုင်သည့် လက်အနေအထား)

(၁၀) ဈာန်မုဒြာ (ဈာန်ဝင်စားနေဟန်)
(၁၁) ဆွမ်းဘုဉ်းပေးနေဟန်လက်အနေအထား
(၁၂) နမာဒ္ဓိကာယမုဒြာ (ရှိခိုးနေဟန်လက်အနေအထား)
(၁၃) မြက်ရှစ်ဆုပ်ကို ကိုင်ဟန်လက်အနေအထား
(၁၄) မြက်ရှစ်ဆုပ်ကို ကြဲဖြန့်ဟန် လက်အနေအထား
(၁၅) ဆံပယ်သည့် လက်အနေအထား

**အာနန္ဒာဂူဘုရားကြီးအတွင်း ကျောက်ဆစ်လက်ရာများနှင့်စဉ့်ကွင်း လက်ရာများမှာ ရုပ်ပုံခွဲခြားမှုများကို လေ့လာကြည့်ပါက အောက်ပါ အတိုင်း တွေ့ရပါသည်။**

(၁) ဘုရားလောင်းပုံများမှာ ဇာတမကုဋ္ဌခေါ် ဆံကို ကျစ်ပြီး အပေါ်ကိုမြှင့်၍ ဆံထုံးထုံးထားပြီး ထိပ်၌ကြာပွင့် ပေါက်ထားပါသည်။
(၂) ရသေ့ပုံအား ဆံထုံးနှစ်ထုံးနှင့် အာဟာရကို ခြိုးခြံ ချွေတာစားသောက်သည့်သဘော အရိုးပြိုင်းပြိုင်းနှင့် ထုလုပ်ထားပါသည်။
(၃) မင်းပုံကို ဥဒေျာင်ဆောင်း၍ ဝတ်ရုံကို အင်္ကျီ၊ အပြောက်၊ ဆနွင်းမကင်းကွက် စသည့်ဒီဇိုင်းပုံများ ပါတတ်သည်။ ဝတ်ရုံခြုံထားသည့်ပုံ ထုလုပ်ပါသည်။ နားပန်၊ လည်ဆွဲ၊ လက်ကျပ်၊ နုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ပါရှိပါသည်။
(၄) နတ်နှင့် သိကြားပုံဖြစ်လျှင် ဦးခေါင်း၌ မကိုဋ်ဆောင်းပြီး ခါးတောင်းကျိုက်ပုံထုပါသည်။



(၅) ရက္ခစိုးပုံဖြစ်လျှင် သစ်ပင်အတွင်း၌ ကိုယ်တစိတ်မြုပ်ထားပြီး အပေါ်ပိုင်း နတ်ပုံပြုလုပ်လေ့ ရှိပါသည်။
(၆) ဗြဟ္မာပုံများကို ဦးခေါင်းသုံးဘက် ထုလုပ်ပါသည်။
(၇) ဂဠုန်ပုံကို လူခေါင်း၊ နုတ်သီးအချွန်ဖြင့် ထုလုပ်ပါသည်။ အောက်ပိုင်းငှက်ပုံ၊ တောင်ပံများပါ ထုလုပ်ပါသည်။
(၈) နဂါးပုံကို အောက်ပိုင်းလူပုံ၊ အပေါ်ပိုင်း ပါးပြင်းဖြင့် နဂါးပုံ ထုလုပ်ပါသည်။ တချို့မှာ အပေါ်ပိုင်းလူ၊ အောက်ပိုင်း နဂါးအမြီးအခွေဖြင့် ပြပါသည်။
(၉) အများအားဖြင့် အမျိုးသမီးပုံကို ဆံပင်နောက်တွဲ၊ အချို့ ဆံပင် အထက်ပြန်ကော့ထားသည့်ပုံ၊ အထူးသဖြင့် ရင်သားမို့မောက်စွာဖြင့် ထင်ရှားအောင် ပုံဖော်လေ့ ရှိပါသည်။ ထမိရှည် ဝတ်ပါသည်။ ခါးစည်း ပါသည်။
(၁၀) ကလေးပုံများကို တစ်ပတ်လျှိုထုံးပြီး အမိတ်ကို အပေါ်သို့ ပြန်တပ်နေဟန် ထုလုပ်ပါသည်။
(၁၁) မင်းသားပုံကို မကိုဋ်မပါဘဲ နုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ရှင်ဘုရင်ကဲ့သို့ ဝတ်ရုံခြုံပါသည်။ လည်ဆွဲ နားပန် ပါသည်။
(၁၂) ရိုးရိုးအမျိုးသားပုံကိုဆံပင်နောက်တွဲထုံး၊ခါးတောင်း ကျိုက်ဟန် ထုလုပ်ပါသည်။
(၁၃) အမတ်ပုံကို ဆံပင်နောက်တွဲထုံး၊ လက်ကောက်၊ လက်ကြပ်၊ လည်ဆွဲပုံ၊ နုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ပါရှိပါသည်။ ပဝါ ပါသည်။

(၁၄) ကိန္နရီ ကိန္နရာပုံကို အပေါ်ပိုင်း မကိုဋ်ဆောင်း လူပုံ၊ အောက်ပိုင်း ငှက်ကိုယ် ထုလုပ်ပါသည်။ တောင်ပံကို ခါး၌လည်းကောင်း၊ လက်မောင်း၌လည်းကောင်း ထုလုပ်ပါသည်။

(၁၅) ဘီလူးပုံကို ပါးစပ်ပြဲပြဲ၊ ဦးခေါင်းတွင် ဆံပင် ရုတ်ဖွားဖွားပုံ ထုလုပ်ပါသည်။

(၁၆) ခြသေ့ပုံမှာ တောထဲကခြသေ့သဘာဝအတိုင်း ရစ်လိုင်ခွေနေသော လည်ဆံမွေးများဖြင့် ထုလုပ်ပါသည်။ နောင်းခေတ်များကဲ့သို့ အချွန်အတက် မပါရှိပါ။


(၁၇) ဟင်္သာပုံမှာ ရိုးရိုးဘဲပုံမျိုး၊ ယခု သောင်ပြင်များတွင် ကျသော ဟင်္သာပုံမျိုး ထုလုပ်ပါသည်။ နောင်းခေတ်များကဲ့သို့ အချွန်အတက်များ၊ အမွှမ်းအမံများ မပါရှိပါ။

(၁၈) မိဖုရားပုံများမှာ ဆံပင်ကို အထက်ပြန်ကောသက်ပြီး ထုံးပါသည်။ ဦးခေါင်း ဝဋ္ဋံသကာခေါ် မကိုဋ်ဆောင်းပါသည်။ နားပန်၊ လည်ဆွဲလက်ကျပ်၊ လက်ကောက်၊ ခါးစည်း၊ ခြေကျင်းများ ပါသည်။ ပဝါ လွှမ်းခြုံ ရစ်ပတ်ထားလေ့ ရှိသည်။ ထမီ ဒီဇိုင်းကို အနိုင်း၊ အပြောက် အဝင်း၊ ဆန္ဒင်းမကောင်းကွက်များဖြင့် ပုံဖော်လေ့ရှိပါသည်။





ဘုရားအလောင်းတော်နတ်သား နတ်ပြည်၌စံနေဟန်




မဃာဒေဝီဖုရား စက်မျှော်မန်း။





မဃာ ဒေဝီဖုရားထိုက်ခန်း၌ နတ်လေးပါးစောင့်ဟန်။



မာယာဒေဝီမိဖုရားသည် ဆင်ဖြူတော်သက်ယာနံလှစ်ခွဲ၍ ဝမ်းထဲသို့ ဝင်လာသည်ဟု မြင်မက်ဟန်။





မာယာဒေဝီမိဖုရားသည် အိပ်မက်တော်အကြောင်းကို သုဒ္ဓေါဒန မင်းကြီးအား မြွက်ကြားလျှောက်တင်ဟန်။



မာယာဒေဝီမိဖုရားသည် ဒေဝဒဟ ဆွေမျိုးနိုင်ငံ မောင်တော်စံသည့်
နေရာသို့ သွားပါရစေဟု လျှောက်တင်နေဟန်။





မာယာဒေဝီမိဖုရားသည် စတုမဟာရာဇ် နတ်မင်းလေးပါးတို့က
မနောသီလာကျောက်ဖျာပြင်၌ ထမ်းသွားသည်ဟု မြင်မက်ဟန်။



မာယာဒေဝီမိဖုရားသည် နတ်ဒေဝီလေးပါးတို့က နတ်ဝတ် ဆင်မြန်း၍ အမွှေးနံ့သာ ထိမ်းခြယ်ကာဖြင့် နတ်ပန်းပန်ပေးသည်ဟုမြင်မက်ဟန်။





မာယာဒေဝီမိဖုရားသည် အနော်တတ်အိုင်၌ ရေချိုး သည်ဟု အိပ်မက်မြင်မက်ဟန်။



မယ်တော်မာယာ ဘုရားလောင်းကို ဖွားတော်မူဟန်။





ဘုရားလောင်းကိုဖွား၍ လူတို့ခံယူသောအခန်း။



ဘုရားလောင်း ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၌ စံနေတော်မူခန်း။






သုဒ္ဓေါဒနမင်းကြီးက သိဒ္ဓတ္ထမင်းသားကို ဗေဒင်ရှုရသေ့အား ပြတော်မူခန်း။




ဘုရားလောင်း ဗောဓိပင်သို့ ကြွတော်မူသောကာစန်း။






ဘုရားလောင်း ဗမ္ဗလာမြေပြင်ရင်း၌ ထိုင်နေစဉ် ဝဲယာ၌ သုဇ္ဇါဝနမင်းကြီးနှင့် မိဖုရားတော်တို့က ရှိခိုးနေဟန်။



ဘုရားလောင်းတောမထွက်မီ ယသော်ဓရာနှင့်ရာဟုလာကို ကြည့်ခန်း။




ဘုရားလောင်း တောထွက်ခန်း။




ဘုရားတောင်း ဆံတော်ပယ်ခန်း။





အနောက်အာရုံခံအတွင်းရှိ ခြေတော်ရာ



၁၀၀' ပေ ဝေးကွာသော အတွင်းစင်္ကြံရှိ ကျောက်ဆင်းတု များအား နံရံထုကို ဖြတ်၍ အလင်းရောင်ပေးထားပုံ

အခန်း (၇)

# အင်္ဂတေရုပ်နှင့် အင်္ဂတေပန်းများ

အာနန္ဒာဂူဘုရားကြီးတွင် အင်္ဂတေများနှင့် အင်္ဂတေရုပ်များလည်း ရှိပါသည်။ အင်္ဂတေပန်းများကို အပြင် စင်္ကြံပတ်လမ်း၊ အတွင်းဘက်နံရံရှိ အတွင်းစင်္ကြံနှင့် အပြင်စင်္ကြံအကြား ရှိ အလင်းရောင် ဖြတ်လမ်းများ၊ မှခ်တံကဲများတွင် တွေ့ရှိနိုင်ပါသည်။ ၎င်းတံကဲများမှာ တစ်ဘက်လျှင် ရှစ်ခုစီ၊ လေးမျက်နှာအတွက် တံကဲ ၃၂ ခု ရှိပါသည်။

၎င်းပြင် အာရုံခံတံကဲ ၃၂ ခုအပြင် မတ်ရပ်နတ်ရုပ်ကြီး လေးရုပ်ရှိပါသည်။ ၎င်းအရုပ်ကြီးများတွင် ခါးစည်း၊ လည်ဆွဲ၊ လက်ကျပ်၊ လက်ကောက် မကိုဋ်တို့မှာ အင်္ဂတေလက်ရာဖြစ်ပါသည်။

ထိုအရုပ်ကြီးများကိုလည်း အမျိုးမျိုး ယူဆနေကြပါသည်။ အချို့ကလည်း အာရုံခံတွင်ပင် အာရုံပြုရန်၊ အတွင်းသို့ မဝင်ရန် တားမြစ်သည့် ဒွါရပါလရုပ်ကြီးများ ဟူ၍ လည်းကောင်း၊ မဏ္ဍိမ ပုရိသ အရုပ်ကြီးများ ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပါသည်။

စာရေးသူသည် ၎င်းအရုပ်ကြီးနှစ်ရုပ်သည် တစ်ရုပ်သည် လောကနာထရုပ်ဖြစ်ပြီး ကျန်တစ်ရုပ်သည် ယခု ဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားလောင်း နတ်ရုပ်ဖြစ်မည်ဟု ယူဆပါသည်။

အဘယ်ကြောင့်ဆိုသော် ပုဂံခေတ်ဂူဘုရားတို့တွင် အများအားဖြင့် တိုက်မပိုင်းနှင့် အာရုံခံပိုင်းဟူ၍ ရှိပါသည်။ တိုက်မသို့မဝင်မီ အာရုံခံ၏ တစ်ဘက်တစ်ချက် ဝဲယာ၌ ထိုကဲ့သို့ နတ်ရုပ်ပုံမျိုးကို ဘီလူးရုပ်ခံ၍ မတ်ရပ်နတ်ရုပ် ကြာရိုး ကြာစွယ်ရစ်ပတ်လျက် လက်မောင်းကြာမှုစွယ်လာဟန်ကို နံရံဆေးရေးပန်းချီဖြင့်လည်းကောင်း၊ သစ်သား ပန်းပုလက်ရာဖြင့်လည်းကောင်း၊ အုတ် အင်္ဂတေလက်ရာဖြင့်လည်းကောင်း အမြဲပါရှိတတ်ပါသည်။

ဥပမာ သိရိပစ္စယာရွာ အရှေ့ တာ့ခေတိဘုရားစုအနီးရှိ ငါလွှသင်မည်သော ဂူဘုရားတွင် —

**"ဤကားလောကနတ်တေး"၊ "ဤကားအရိမေတ္တာယျတေး"** ဟူ၍ နတ်ပုံမျိုးအောက်တွင် စာရေးထိုးရှိပါသည်။

ထို့အတူ နဂါးရုံဘုရားအာရုံခံနှင့် တိုက်အကူးဝဲယာ၌ အုတ်အင်္ဂတေဖြင့်လည်းကောင်း ရှင်ပင်စာကြီးဘုရား အာရုံခံနှင့် တိုက်မကူး၌ သစ်သားပန်းပုလက်ရာဖြင့်လည်းကောင်း၊ အရှေ့ဖွားစောရွာ ကစွန်းအိုဘုရား အနီးရှိ ဂူဘုရားအတွင်း၌ သစ်သားပန်းပုလက်ရာဖြင့်လည်းကောင်း၊ အာနန္ဒာဂူဘုရား အာရုံခံနှင့် တိုက်မအကူး မုခ်ဝင် တစ်ဘက်တစ်ချက်ရှိ မတ်ရပ် နတ်ရုပ်ကြီးများနှင့် တပ်ပ်တည်း ဖြစ်ပေသည်။

ထို့ကြောင့် အာနန္ဒာဂူဘုရားကြီး၏ အဝင်မုခ်တံခါးကြီးများ၌ ထိန်းခံ၍ ပနေဟန် နတ်ရုပ်ပုံများနှင့် ပန်းခက်များမှာ အင်္ဂတေပန်းလက်ရာများနှင့် အင်္ဂတေရုပ်များ ဖြစ်ပါသည်။ ၎င်းမြင် မတ်ရပ်ဆင်းတုကြီးများ အောက်ဘက်ရှိ ပလ္လင်ပတ်လည်တွင်လည်း ခြင်္သေ့ရုပ် နတ်ရုပ်၊ ဆင်ရုပ် စသည့် အင်္ဂတေရုပ်များ တွေ့ရှိနိုင်ပါသည်။

အာနန္ဒာဂူဘုရားကြီးအတွင်းရှိ ဗုဒ္ဓဝင် မဟာဝင်ရုပ်တုများနှင့် ဝါဆိုစဉ် ကျောက်ဆင်းတုများ၊ သုတ်ပေဟာနေဟန်ဆင်းတုများ အရေအတွက်စုစုပေါင်းကို ဖော်ပြရပါက အောက်ပါအတိုင်းတွေ့ရှိရပါသည်။

| စဉ် | | | | မုခ်ကပ် အရေအတွက် | ကျောက်ရုပ်တု အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အထက်ကွန်းတောင် ၄ မျက်နှာ × ၅ ခုစီ | | | ၂၀ | ၂၀ | |
| ၂။ | တတိယပစ္စယံပေါ်ရှိ စေတီရံ ၄ ဆူ × ၂ ခုစီ | | | ၈ | ၈ | |
| ၃။ | ဆောင်လင်းပေါက်တစ်ဘက်တစ်ချက် ၄×၂ ခုစီ | | | ၈ | ၈ | |
| ၄။ | အာရုံခံ လေးဘက် | | ၄×၁၆ | ၆၄ | ၆၄ | |
| ၅။ | မတ်ရပ်ကိုယ်တော်ကြီး ဝဲယာ | | ၄×၄ | ၁၆ | ၁၆ | |
| | အတွင်းစင်္ကြံ | | | | | |
| ၆။ | မြောက်မျက်နှာ | အနောက်ခြမ်း | တောင်နံရံ | ၄၆ | ၄၆ | |
| ၇။ | ၎င်း | ၎င်း | မြောက်နံရံ | ၃၅ | ၃၅ | |
| ၈။ | ၎င်း | အရှေ့ခြမ်း | တောင်နံရံ | ၄၆ | ၄၆ | |
| ၉။ | ၎င်း | ၎င်း | မြောက်နံရံ | ၃၅ | ၃၅ | |
| ၁၀။ | အရှေ့မျက်နှာ | မြောက်ခြမ်း | အနောက်နံရံ | ၄၆ | ၄၆ | တစ်ဆူခေါင်းမရှိ |
| ၁၁။ | ၎င်း | ၎င်း | အရှေ့နံရံ | ၃၆ | ၃၆ | |
| ၁၂။ | ၎င်း | တောင်ခြမ်း | ၎င်း | ၃၅ | ၃၅ | |

| စဉ် | | | | မှန်ကပ် အရေအတွက် | ကျောက်ရုပ်တု အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၃။ | ၎င်း | ၎င်း | အနောက်နံရံ | ၄၆ | ၃၅ | |
| ၁၄။ | တောင်မျက်နှာ | အရှေ့ခြမ်း | တောင်နံရံ | ၃၅ | ၃၄ | |
| ၁၅။ | ၎င်း | ၎င်း | မြောက်နံရံ | ၄၆ | ၄၆ | |
| ၁၆။ | ၎င်း | အနောက်ခြမ်း | တောင်နံရံ | ၃၅ | ၃၄ | |
| ၁၇။ | ၎င်း | ၎င်း | မြောက်နံရံ | ၄၆ | ၄၆ | |
| ၁၈။ | အနောက်မျက်နှာ | တောင်ခြမ်း | အနောက်နံရံ | ၃၅ | ၃၅ | |
| ၁၉။ | ၎င်း | ၎င်း | အရှေ့နံရံ | ၄၆ | ၄၆ | |
| ၂၀။ | ၎င်း | မြောက်ခြမ်း | အနောက်နံရံ | ၃၅ | ၃၄ | |
| ၂၁။ | ၎င်း | ၎င်း | အရှေ့နံရံ | ၄၆ | ၄၆ | |
| | | အပြင်စင်္ကြံ | | | | |
| ၂၂။ | အနောက်မျက်နှာ | မြောက်ခြမ်း | အနောက်နံရံ | ၂၀ | ၂၀ | |
| ၂၃။ | ၎င်း | ၎င်း | အရှေ့နံရံ | ၆၀ | ၆၀ | |
| ၂၄။ | မြောက်မျက်နှာ | အနောက်ခြမ်း | မြောက်နံရံ | ၂၀ | ၂၀ | မြောက်ဆူခေါင်းမရှိ |
| ၂၅။ | ၎င်း | ၎င်း | တောင်နံရံ | ၆၀ | ၆၇ | |
| ၂၆။ | ၎င်း | အရှေ့ခြမ်း | မြောက်နံရံ | ၂၀ | ၁၅ | တစ်ဆူခေါင်းမရှိ |
| ၂၇။ | ၎င်း | ၎င်း | တောင်နံရံ | ၆၀ | ၅၇ | နှစ်ဆူခေါင်းမရှိ |
| ၂၈။ | အရှေ့မျက်နှာ | မြောက်ခြမ်း | အရှေ့နံရံ | ၂၀ | ၁၃ | |
| ၂၉။ | အရှေ့မျက်နှာ | ၎င်း | အနောက်နံရံ | ၆၀ | ၆၇ | တစ်ဆူခေါင်းမရှိ |
| ၃၀။ | ၎င်း | တောင်ခြမ်း | အရှေ့နံရံ | ၂၀ | ၁၃ | |
| ၃၁။ | ၎င်း | ၎င်း | အနောက်နံရံ | ၆၀ | ၆၃ | တစ်ဆူခေါင်းမရှိ |
| ၃၂။ | တောင်မျက်နှာ | အရှေ့ခြမ်း | တောင်နံရံ | ၂၀ | ၁၆ | တစ်ဆူခေါင်းမရှိ |
| ၃၃။ | ၎င်း | ၎င်း | မြောက်နံရံ | ၆၀ | ၆၇ | တစ်ဆူခေါင်းမရှိ |
| ၃၄။ | ၎င်း | အနောက်ခြမ်း | တောင်နံရံ | ၂၀ | ၁၉ | မြောက်ဆူခေါင်းမရှိ |
| ၃၅။ | ၎င်း | ၎င်း | မြောက်နံရံ | ၆၀ | ၆၃ | |
| ၃၆။ | အနောက်မျက်နှာ | တောင်ခြမ်း | အနောက်နံရံ | ၂၀ | ၁၈ | ငါးဆူခေါင်းမရှိ |
| ၃၇။ | ၎င်း | ၎င်း | အရှေ့နံရံ | ၆၀ | ၆၈ | |
| ၃၈။ | အပြင်နံရံပြတင်းပေါက်များ တစ်ဘက်တစ်ချက်ရှိ မှန်ကပ်ငယ်များ | | | ၄၆ | ၄၁ | |
| ၃၉။ | အတွင်းနံရံပြတင်းပေါက်များ တစ်ဘက်တစ်ချက်ရှိ မှန်ကပ်ငယ်များ | | | ၃၂ | ၂၂ | |
| | | စုစုပေါင်း | | ၁၅၅၇ | ၁၄၇၄ | |

## အခန်း (၈)

# ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများ

အာနန္ဒာဂူဘုရားကြီးမှာ ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံမှု လက်ရာများ တွေ့ရပါသည်။ သို့ရာတွင် ကျောက်ဆစ်လက်ရာများ၊ စဉ့်ကွင်းလက်ရာများ၊ ပလ္လင်ရှိ အင်္ဂတေရုပ်များကို အချို့မှာ အကြောင်းတစ်ခုခုကြောင့် ပျက်စီးသွားရာ ဖြစ်ကတတ်ဆန်း ပြုပြင်သွားမှုများ တွေ့ရပါသည်။

ကုန်းဘောင်ခေတ်တွင် အင်္ဂတေများ ကွာကျသည့်နေရာတို့၌ နောက်ထပ်အင်္ဂတေကပ်ပြီး ကုန်းဘောင်ခေတ် ဆေးရေးပန်းချီများနှင့် မင်စာများ တွေ့ရပါသည်။

တစ်ချိန်က အာနန္ဒာဂူဘုရား အလယ်မကိုဋ်နှင့် အထက်ကွန်းတောင်တို့တွင် ဥာပနာတုးသူများ၏ လက်ချက်ကြောင့် ဥာပနာပေါက်ကြီးများ ရှိခဲ့ပါသည်။ ထိုအပေါက်ကြီးများကို အနီးရှိ အာနန္ဒာကျောင်းတိုက်မှ ဆရာတော်ကြီးများက ကြီးကြပ်ပြုပြင်၍ ပိတ်ခဲ့ပါသည်။ အာနန္ဒာဘုရား တတိယပစ္စယံ အနောက်ထောင့် စေတီရုံအတွင်း တောင်နံရံတွင် သက္ကရာဇ်တစ်ထောင်ကျော်က ပြုပြင်ကြောင်း မင်စာအချို့ကို တွေ့ရှိရပါသည်။ အရှေ့နံရံ အထက်ပိုင်းရှိ မင်စာမှာ —





ရှာဖြစ်သော နိဗ္ဗာန်ပြည်မြင့်သို့ ပါပုနေ……တောင်နံရံရှိ မင်စာမှာ "သကြွင် တ ထောင်"

အရှေ့မြောက်ထောင့် စေတီရုံ မြောက်နံရံတွင် မြာသာဒ် ကျောင်းဆောင်ပုံ ပန်းချီကွက်၏ ယာဘက်ဘေး၌ ရှင်အဘိရာမဖုန်း တော်ကြီးကောင်းမှု။

ဝဲဘက်ဘေး၌ ရှင်အဘိရာမ ဘုံမ်တော်ကြီးကောင်းမှုတော်သြ။

အနောက်နံရံ အထက်ပိုင်းရှိ မင်စာ။

သက္ကရာဇ် ၁၀၆၀ ခု၊ ပျာသိုဝ်လပြည့်ကျော် ၂ ရက် ၅ နေ့တွင် သျှင်အဘိရာမ ဘုန်းတော်ကြီး ရွှေဆေး ကောင်းမှုပြုသည်။ မှ်၊ လူဏက်တာတကာသတ။ ပေါင်အထက် ဘဝက်တိုင်အောင် အောက်အဝိဇ်အစင်ဝေပါစ်သြ။ ဘုံမ်ပညာလက္ခဏာနှင့်လဲပြည့်စုံ။

အနောက်တောင်ထောင့် စေတီရုံအတွင်း အောက်ပိုင်းမှုလပန်းချီကွက်ပေါ်တွင် ဟသံပဒါးသုတ်ပြီး နှောင်းခေတ် မင်စာများ ရေးထားသည့်မင်စာ တောင်နှင့် အနောက်မျက်နှာတွင် ရှိသည်။ တောင်မျက်နှာက စသည်။

(၁) သက္ကရာဇ်။ ၀။ ၆၀။ ဝါခေါင်လပြည့်။ ။ ။ ထုပါမျက်ဘုရား ဆင်းတုတော် ကျောင်းနှင့်တကွ၊ မြေပုံကျောင်း၌ သတင်သုံ့န် ဂဏ္ဍာအာရပတိုက်။

(၂) သုတ် သ။ ။ ပ်၍။ သာအင်္ဂတည်ကဲ့ဖြင့်ကောင်းမှုံ ရွှာသ။ လုတ်၍ ရွှေ။ ။ပြည့်စုံသည်အခါ။ ။ ရသောကောင်းမှု၏။ အကျိုဝ်ထဲ ခိုမှိဇော်အာနန္ဒာတော်ကျောင်းကိုတွင်၌ရှိသောတံရဉ်။

(၃) ကိုပဍ္ဍပသော အံတရည်။ အံတ။ ။ ပေါင် (မ) သောင် ၆ တသမကောင် ၆ ကြံ့မာအပေါင်တို့သည် ၄ ထုးတံခိုတောကျောင်။ ပြောက်လွှင်လေ၍။ ကောင် ကျိုး အသိန်းအသိန်ရောက်၍။ အသက်တရာ ဝေါရှည် သည်ဖြစ်။

(၄) ၍။......အလှူသ......ဖြစ်၍ ဘုရားတော်နောက်သို့လိ ်ရသည်ဖြစ်၍ နတ်ပြည်စည်ဖြစ်မြဲသောလည်။ သုံးကုဋေ ၆ သန် အသက်ရှည်သည်ဖြစ်၍ သုံးကဋေ ၆ သန်လ ောင်။ အခြ

(၅) ..........၍။ စံစား.......လူပြည်၌ဖြစ်၍ (တော်)။ လေးကျွန်လှန်ကိုအ.........အဖြစ်ကိုရ၍၊ လူပြည်စုံဆံ နတ်ပြည်စုံဆံ၊ စံစားဆုံပြီး၍။ အဆုန်ပုံ ၆ ကိုဓါ် အဖြစ်၌ ဘုရားပြုဒ္ဒဂၗဗုဒ္ဓရဟန္တာ

(၆) မြတ်တို့ဓါ်....... ပျော်မြဲ......လူနတ်တကာ သဗ္ဗဝါ အပေါင်တို့ကစ၍......လျှင်လည်။ ဘဝက်တိုင်အောင် ဝေဓါ်။ အော်လဲအိမ်ဇီတိုင်အောင်ဝေဓါ် ဤသို့ဝါ...

(၇) မှုကို.........အသက်ရှည်သည် ဖြစ်၍...........၍ မကုသည်သာဖြစ်၍၊ အလှူတောင်းဖက် အလှူသစ်စေတ် မနှာပေးရသားဖြစ်၍။ ငါ့တောင် ၆ ဆုကိုငါနှင့်အမျှ။

မခြွတ်မပျံ့ပပဇ။..........။
အောက်နားမှ စာသုံးကြောင်း
။အကြွင် ၁၀၆၀ ဝါဆိုပြည့်
ကျော်တွင်ကျွဲသားချစ်........
မှန်ရှိပြီသည်.......



အထက်ဖော်ပြပြီး မင်းစာအရ မြန်မာသက္ကရာဇ် ၁၀၆၅ ခုနှစ်က ဘုန်းတော်ကြီး ရှင်အာဘီရာမသည် အာနန္ဒာဘုရားကို ပြုပြင်မွမ်းမံ စောင့်ရှောက်ခဲ့ပါသည်။

၎င်းပြင် သက္ကရာဇ် ၉၁၃ ခုနှစ်က ဘုရင့်နောင်မင်းတရားကြီးသည် ရွှေစည်းခုံဘုရားကြီးကိုပြုပြင်၍ အောက်ခြေမှ ထိပ်အထိ ရွှေအပြည့်ထည့်ကြောင်း ခေါင်းလောင်းစာတွင် ပါရှိပါသည်။ ထိုစဉ်က အာနန္ဒာဂူဘုရားနှင့် ရွှေဂူကြီးဘုရားတို့ကို ပြုပြင်ခဲ့ပါသည်။ အာနန္ဒာဂူဘုရားကြီးအတွင်းရှိ တံခါးကြီးများတွင်ရှိသော သစ်သား ပန်းပုလက်ရာ ပန်းခက်ချိုးနှင့် အထက်ပိုင်းရှိ တိုးနယားရုပ်ကြီးတို့မှာ ဘုရင့်နောင်ကောင်းမှုဟူ၍ အစဉ်အလာ အဆိုရှိပါသည်။

၎င်းပြင် ဘိုးတော်ဘုရားလက်ထက်ကလည်း ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်က လျှင်လှုပ်၍ အထွဋ်စေတီ ပျက်စီးသွားရာ ပြုပြင်ခဲ့ကြောင်း ငွေပြားစာကလေးတစ်ခုကို ယခု ၁၉၇၅ ခု လျှင်လှုပ်ရာမှ ရရှိခဲ့ပါသည်။

လွန်ခဲ့သော နှစ် ၅၀ ကျော်က အာနန္ဒာဘုရား မြောက်ဘက်ရှိ အာနန္ဒာကျောင်းတိုက်အတွင်းမှ ဦးစက္ကိမဦးဆောင်၍ ဂေါပကအဖွဲ့က အာနန္ဒာဘုရားအား ပြုပြင်ခဲ့ပါသည်။

တစ်ဖန် ၁၉၆၄ ခုနှစ်အတွင်းက အင်အား အနည်းငယ်ရှိသော လျှင်လှုပ်ခဲ့ရာ အထွဋ်စေတီ ပျက်စီးသွားသဖြင့် ဂေါပကအဖွဲ့က အထွဋ်စေတီကို ပြုပြင် မွမ်းမံခဲ့ပါသည်။ ထိုအချိန်တွင် ပန်းရံဆရာကြီးမှာ ပုဂံမြို့ ဆိုကုန်းရပ်မှ ဆရာကြီး ဦးစံပု ဖြစ်ပါသည်။

သက္ကရာဇ် ၁၂၁၈ ခုနှစ် အာနန္ဒာဘုရားအတွင်း အရှေ့မျက်နှာ မတ်ရပ်ကိုယ်တော်ကြီးကို တေဇောဓာတ် သင့်ခဲ့ရ၍ မန္တလေးမြို့ ရတနာပုံမြို့တည်နန်းတည် ပဉ္စမ သင်္ဂါယနာတင် မင်းတရားကြီးက ပုဂံတွင် ဦးဆိုးအား အစားထိုးပြုလုပ်ခြင်း၊ ဘုရားတွင် ပျက်စီးသော အစိတ်အပိုင်းများအား ပြုပြင်ခြင်း ဆောင်ရွက်ခဲ့ဖူးလေသည်။

၁၉၆၇ ခုနှစ်အတွင်းက နိုင်ငံတော် တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌကြီး (ယခု မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး) ပုဂံသို့လာစဉ် အာနန္ဒာ ဂူဘုရား အတွင်းရှိ ကျောက်ဆစ်လက်ရာများကို လူအများ နားရွက် နှာခေါင်း ပါးစပ်စသည်တို့ကို လက်ဖြင့် ကိုင်တွယ်ကြည့်ရှုကြ၍ အချို့မှာ နှာခေါင်းများ ပဲ့ခြင်း၊ နားရွက် ပဲ့ခြင်း ဖြစ်ခဲ့သဖြင့် သံဆန်ခါများ ကာရံထိန်းသိမ်း၍ လမ်းညွှန်မှု ပေးခဲ့သဖြင့် ၁၉၆၇-၆၈ ခု ဘဏ္ဍာရေးနှစ်က အရေးကြီးသော လူမှီနိုင်သည့် ကျောက်ဆစ် ပန်းပုလက်ရာများကို သံဆန်ခါများ တပ်ဆင် ထိန်းသိမ်းထားရှိခဲ့ပါသည်။

### ၁၉၇၅ ခု ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော အစိတ်အပိုင်းများအား နိုင်ငံတော်နှင့် ပြည်သူလူထု လှူဒါန်းငွေများဖြင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ

၁၉၇၅ ခု ဇူလိုင်လ ၈ ရက် ညနေ ၆ နာရီ ၃၀ မိနစ် အချိန်တွင် တုန်လှုပ်ခဲ့သော ငလျင်ကြီးဒဏ်ကြောင့် အောက်ဖော်ပြပါအစိတ်အပိုင်းလက်ရာများ ပြိုကျပျက်စီးခဲ့ပါသည်။

ကွန်းတောင်အထက်ရှိ အထွတ်စေတီနှင့် ထီးလုံးပြိုကျပျက်စီးသွားခြင်း၊ ကျန်ဆောင့်မျက်နှာပြင်များတွင် အအက်အကွဲ



များ ဖြစ်ပေါ်ခြင်း၊စေတီရံများ ပြိုကျခြင်း၊ ခြင်္သေ့ရုပ်များ ပျက်စီးခြင်း။

လိုဏ်အတွင်း အချို့အပြားတွင် အင်္ဂတေများကွာကျပျက်စီးခြင်း၊ တံတိုင်းအနောက်မုခ် အနောက်ဘက်ပိုင်း ပေါင်းကူး ပြိုကျခြင်း၊ အနောက်ဘက် တန်တိုင်းမုခ်ကြီး၏ အနောက်ဘက်ရှိ တန်ဆောင်းများ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

သို့ရာတွင် ပုဂံခေတ်ဗိသုကာလက်ရာများ အလွန်ကောင်းသဖြင့် နံရံများတွင် လုံးဝအက်ကွဲ၍သွားခြင်းမရှိပါ။

သို့ဖြစ်၍ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ပညာရှင်အဖွဲ့များ ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုအကြံပေး ပညာရှင်များသည် အာနန္ဒာဘုရား ကွန်းတောင်တွင် ဖြစ်ပေါ်သွားသော အအက်အကွဲများကို မည်ကဲ့သို့ ပြုပြင်သင့်သည်ကို ပုဂံမြို့ ရှေးဟောင်းသုတေသန ပြတိုက်ဟောင်းအတွင်း တည်းခိုရိပ်သာအဆောက်အအုံအနီးတွင် ဆွေးနွေးတိုင်ပင်ကြရာ သုံးရက်ခန့်ကြာပါသည်။

ထို့နောက် ရရှိလာသော အကြံဉာဏ်များဖြင့် ဆောက်လုပ်ရေး ကော်ပိုရေးရှင်းရုံးချုပ်မှ ဗိသုကာပုံထုတ်အဖွဲ့အား အရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေးဆွဲပုံထုတ်စေခဲ့ပါသည်။

ပညာရှင်များ၏ တိုင်ပင်ကြံဆမှုမှာ အပြင်မှကြည့်လျှင် ကွန်းတောင်အား မူလလက်ရာအတိုင်းထားပြီး အတွင်းမှ အခိုင်အမာ ထိန်းသိမ်းလိုသော အကြံဉာဏ်များ ဖြစ်ပါသည်။ သို့ပါ၍ အလေးချိန်လျော့စေရန်အတွက် ကွန်းတောင်ထိပ်မှအောက်သို့ တဖြည်းဖြည်း တူးချလာပါသည်။ ရေတွင်းကြီးကဲ့သို့ တဖြည်းဖြည်း အပြင်အခုံအတိုင်းလိုက်၍ အောက်

သို့ တူးချပြီး အုတ်များကိုမြေပြင်သို့ တစ်ခန်းပြီးတစ်ခန်းချ ပါသည်။ အလေးချိန် တန် ၂၀၀ လျှော့ချစေခဲ့ပါသည်။ ၅ ပေခန့် တူးပြီးတိုင်း ဘေးတွင်သံကူကွန်ကရစ်အခွံ လောင်း လာခဲ့ပါသည်။ ကွန်းတောင်အောက်ထိတူးချပြီး ကွန်းတောင် အပြင် နံရံအား ထိန်းခဲ့ပါသည်။ အတွင်းအလယ်တွင် သံကူ ကွန်ကရစ်မဏ္ဍိုင်လည်း တစ်ပါတည်း တည်ဆောက်ပြီး ဗိုမ္ဗ် ခိုင်မာစေရန်Diaphramခေါ် ခြောက်သက်မအထူ သံကွန်ကရစ် ပြားခုနစ်ပြားထည့်၍ ဆက်သွယ်ပြုလုပ်ထားပါသည်။ ၎င်းပြင် ကွန်းတောင်အခြေ ထောင့် လေးထောင့်တွင်လည်း အနက် လေးပေအထိတူးပြီး သံကူကွန်ကရစ် ခြေဆင်းထောင့်ချုပ် များ တပ်ဆင်၍ ထိန်းချုပ်ခဲ့ပါသည်။ ကွန်းတောင်အထက်ရှိ အထွဋ်စေတီကိုလည်း အလယ်သံကူကွန်ကရစ်တိုင် တဆက် တည်းတွင် သံကူကွန်ကရစ်လောင်းခဲ့ပြီး အထွဋ်စေတီ အပြင် နံရံကို အုတ်သားဖြင့် ပုံဖော်ခဲ့ပါသည်။

၎င်းနောက် စေတီ့နံများ ခြသေ့ရုပ်များပြုပြင်ခြင်း၊ ကွာကျသွားသော အင်္ဂတေများအား အစားထိုး ဖာထေး ပြုပြင်ခဲ့ပါသည်။ ပျက်စီးသွားသော အင်္ဂတေရုပ်နှင့် အင်္ဂတေ ပန်းများအား ပြုပြင်ခဲ့ပါသည်။ ၎င်းပြင် လိုဏ်အတွင်းနံရံ များတွင် ကွာကျသွားသော အင်္ဂတေများအား ပြန်လည် ဖာထေးခြင်း အများပြည်သူတို့ ကြည့်ရှုနိုင်ရန်အတွက် ယခု မှ ပေါ်လာသော ကျောက်နှင့်အုတ်ရော၍ စီထားသော ပေါင်းကူး အချို့ အား အင်္ဂတေ ပြန်မဖုံးဘဲ ဘေးစာတစ် ကျောက်၌ အင်္ဂတေအနားသတ် ထိန်းသိမ်းခဲ့ပါသည်။


မြောက်ဘက်အာရုံခံ အရှေ့ဘက်တိုင်မှ၌လည်းကောင်း၊ အပြင်စင်္ကြံ မြောက်တံခါးကြီးအနီးရှိပေါင်းကူး၊ အနောက်



မြောက်ထောင့်ပြုသောပေါင်းကူး အနောက်စင်္ကြံ အနောက် ဘက် တံခါးကြီး၏ မြောက်ဘက်ပေါင်းကူး၊ တောင်ဘက် စင်္ကြံ တောင်ဘက်တံခါးကြီး၏ အရှေ့ဘက်၌လည်းကောင်း အုတ်နှင့်ကျောက်ရောပြီး စီထားသည့် အလွန်ကောင်းသော လက်ရာများကို ပြသထားရှိရန် အနားသတ်၍ချန်လှပ်ထား ရှိခဲ့ပါသည်။

အနောက်ဘက်တန်တိုင်းမုခ်ကြီး အနောက်ဘက်ပိုင်းတွင် လည်း ပြုပြင်ခဲ့ပါသည်။ အာနန္ဒာဂူဘုရားကြီးကို ၃၀–၆–၇၆ ရက်တွင် စတင်ပြုပြင်ပြီး ၂၆–၇–၇၉ နေ့တွင် ပြီးစီးခဲ့ပါ သည်။ အစအဆုံးကုန်ကျသောငွေပေါင်းမှာ ၅၆၅၃၉၈ ကျပ် ၉၇ ပြား ဖြစ်ပါသည်။

အဆိုပါပြုပြင်လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထူးလုပ်ငန်း ကော်ပိုရေးရှင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ အကောင် အထည်ဖော်ကာ အာနန္ဒာဘုရားကြီးမှာ ရှေးဟောင်းလက် ရာများကို ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့လေသည်။



မတ်ရပ်ဆင်းတုကြီးများ၏ ပလ္လင်မှ အင်္ဂတေရုပ်ကြွများ





မတ်ရပ်နတ်ရုပ်ကြီးများ အုတ်အင်္ဂတေယန်းလက်ရာ
(ပန်းရံနှင့် ပန်းတော့လက်ရာ)

အခန်း (၉)

# ပုဂံခေတ် အဆောက်အအုံနှင့် ပုဂံခေတ် လက်ရာများ

အာနန္ဒာပရဝုဏ်အတွင်း ကျန်စစ်သားမင်းကြီး၏လက်ရာ အဆောက်အအုံမှာ မူလက နှစ်ခုသာရှိခဲ့ပါသည်။ ၎င်းတို့မှာ အာနန္ဒာဘုရား မြောက်ဘက်တန်ဆောင်း၏ အရှေ့ဘက် မြောက်ဘက်တံတိုင်းမုခ်ကြီး၏အရှေ့တောင်ဘက်တွင် တောင် သို့ လှည့်သော မုခ်တစ်ခုတည်းရှိသည့်ဆုတောင်းပြည့်ဂူဘုရား ငယ်လေး ဖြစ်ပါသည်။ ၎င်းဂူငယ်လေးတွင်းတွင် ကျန်စစ် သားမင်းကြီး၏ ခေတ်လက်ရာဖြစ်သော အမြင့် လေးပေခန့် ရှိသောကျောက်ဆင်းတုကြီးနှင့်ဝိယာဒရဟန္တာ ဓာတ်ပုံများ မူလ လက်ရာအတိုင်း ကျန်ရှိပါသေးသည်။

အာနန္ဒာဂူဘုရားကြီး၏ အနောက်တောင်ဘက်တွင် ကပ် နေသော သိကြားကျဘုရား သို့မဟုတ် သိကြားကြဘုရား ဟူ၍ ကုန်းတောင်ပေါက်အရှေ့လှည့်ဂူဘုရားတစ်ဆူရှိပါသည်။

ရှေးအဆိုအမိန့်များအရ ဆိုလိုရင် ကျန်စစ်မင်းကြီး သည် နန္ဒမူလလိုဏ်ဂူအတွင်း စံနစ်ဖြင့် သာသနာ ၅၀၀၀ တည်အောင် စေတီတော် တည်လုပ်မည်ဟု ကြံရွယ်ချက် အဘယ်အရပ်ကတည်လုပ်ရသော် အရှည်ခံပါနည်းဟု ဆင်ခြင် မြန်၏။ ထိုအခါ သိကြားမင်းသာလာ၍ ဤအရပ်၌ ကောင်း မွန်လှသော့ဟု ညွှန်ပြပေ၏။ ထိုသိကြားမင်းကျပြီး ပြသော





နေရာကို သိကြားကျဘုရားဟု တည်ထားသည့် အစဉ်အလာ ရှိပေသည်။

ထိုဘုရားမှာ နောင်းလူတို့ ပြုပြင် ထုံးသုတ် မွမ်းမံထားကြ သဖြင့် ယခုအခါတွင် မူလလက်ရာ ပျောက်နေပေသည်။ လိုဏ် အတွင်းရှိ ဆင်းတုကြီးနှင့် တံကဲမှာလည်း မူလလက်ရာအတိုင်း ပြုပြင်ခြင်းမရှိသဖြင့် မူလလက်ရာမရှိတော့သဲ ပုံစံသစ် ဖြစ်နေ ပါသည်။

အာနန္ဒာ ပရဝုဏ်အတွင်း အနောက်မြောက်ထောင့်ရှိ သစ်သား ပြာသာဒ်ဆောင်အတွင်း၌ အမြင့် ခြောက်ပေခန့်ရှိ ပုဂံ ခေတ်ဦးပိုင်း လက်ရာ မကိုဋ် အဆင်တန်ဆာများနှင့် ကျောက်ဆင်းတုကြီးတစ်ဆူ ရှိပါသည်။ ၎င်းဆင်းတုကြီးမှာ ပုဂံတွင် လက်ရာကောင်းသော ဆင်းတုအမျိုးအစားများတွင် ပါဝင်ပါသည်။ အချိုးအစားကျပြီး အသက်ဝင်အောင်ထုလုပ် ထားပါသည်။ ၎င်းဆင်းတုကြီးဘေးတွင်လည်း ပုဂံခေတ်ပိုင်း လက်ရာ အမြင့် နှစ်ပေ ခြောက်လက်မရှိ ကျောက်ဆင်းတု ခြောက်ဆူလည်း ရှိပါသည်။

အဆိုပါ အဆင်တန်ဆာပါသော ကျောက်ဆင်းတုကြီးမှာ ဘောတွက်ကြီးဘုရားဟု ခေါ်တွင်ပြီး မူလနေရာမှာ မြင်းမြူ ဘုရားအနီးရှိ ဘောထွက်ဘုရား (ယခု တစ်ဝဂူတွင်နေသည့် ဘုရား) မှ ရွှေ့ယူလာပြီး ယခု မြောက်ဘက်တန်ဆောင်းနေရာ တွင် ထားသည်ဟု ဆိုပါသည်။

တစ်ဖန် မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်က မြောက်ဘက် ဆောင်းတန်း တည်ဆောက်ရာတွင် ယခုလက်ရှိ သစ်သား ပြာသာဒ်တန်ဆောင်းအတွင်းသို့ ပြောင်းရွှေ့ ပြသထားခြင်း ဖြစ်ပါသည်။

အခန်း (၁၀)

# နှောင်းခေတ်တန်ဆောင်းများနှင့် အဆောက်အအုံများ

ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးသည် မူလက အာနန္ဒာဂူဘုရားကြီး မြောက်ဘက် ဆုတောင်းပြည့်ဘုရား၊ တောင်ဘက်၌ သိကြားကျဘုရား ဤသုံးဆူသာ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ ပုရဂူကြီး အလယ်တည့်တည့်တွင် ထီးထီးကြီးဖြစ်အောင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တံတိုင်းမုခ်ဝမှ ကြည့်လျှင် ရှင်းနေအောင် တည်ဆောက်ပြီး အာနန္ဒာဂူဘုရား၏ အလှအပကို တံတိုင်း၊ မုခ်တွင်းမှ ဖူးမျှော်နိုင်ပါသည်။ သို့ရာတွင် မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်က တောင်ဘက် အနောက်ဘက် မြောက်ဘက်တို့၌ အုတ်တန်ဆောင်းကြီးများကို တည်ဆောက်လိုက်ခြင်း အားဖြင့် အာနန္ဒာ၏ အလှအပမြင်ကွင်းကို ပျက်ယွင်း စေပါသည်။ မြောက်ဘက်တံဆောင်းထိပ်တွင် ကောင်းမှုပြုသူနှင့်သက္ကရာဇ်ကို ရေးထိုး မှတ်တမ်းတင်ခဲ့ပါသည်။

"သက္ကရာဇ် ၁၂၉၄ ခု ပြာသိုလ"

မြို့၏ တွင်းရွာ တဆောင်းအမ ဒေါ်ပုံဒန် သားသမီးဟာရ ကောင်းမှု၊ နတ်လှုသာရ၊ ဒေါ်ဆော် သာဓု သာဓု။





အာနန္ဒာဘုရား၏ အရှေ့မြောက်ဘက်ရှိ အုတ်ပြာသာဒ်နှင့် တန်ဆောင်းမှာ ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် တည်ဆောက်ခဲ့သော အဆောက်အအုံ ဖြစ်ပါသည်။ ၎င်းဘုရားမှာ ၁၉၇၄ ခု ဇွန်လ ၁ ရက်နေ့တွင် သည်းထန်စွာ ရွာသွန်းသော မိုးဒဏ်ကြောင့် ပြိုကျ သွားလေသည်။

## အခန်း (၁၁)

# ဌာပနာပစ္စည်းလက်ရာများ

၁၉၇၅ ခုနှစ်က လျောင်လှုပ်သဖြင့် အထွတ်စေတီပိုင်း ပြိုကျရာမှလည်းကောင်း၊ ကွန်းတောင် အရှည်သဖြင့်ခိုင်မာ တောင့်တင်း စေရန်အတွက် အလေးချိန် လျှော့ပစ်ရန် အုတ်များတူးထုတ်ရာမှ လည်းကောင်း၊ ဌာပနာ ပစ္စည်း အမျိုးပေါင်း ၃၀ ကျော်မျှ ရရှိခဲ့ပါသည်။

ငွေစေတီနှင့်အစိတ်အပိုင်းများ၊ ငွေဆင်းတုများ၊ ကြေးဆင်းတုများ၊ တစ်ဘက် စေတီ၊ တစ်ဘက် ဆင်းတု သတ္တု ပုံနှိပ် ဘုရားများ၊ အုတ်ခွက်ဘုရားများ၊ ကြေးဆင်းတုများ၊ ကြေးဆင်းတု ဦးခေါင်းများ၊ ဌာပနာကြုတ်များ၊ နှောင်းခေတ် စာပါသော ငွေပြားများနှင့် ပုဂံခေတ် ကျန်စစ်သား လက်ရာ ရွှေဖောင်းကြွချပ် တစ်ခုတို့ကို ရရှိခဲ့ပါသည်။

အထက်ဖော်ပြပါ တွေ့ရှိသော ဌာပနာပစ္စည်းများအနက် တာဝတိံသာမှ ဆင်းခန်းကို သရုပ်ဖော်ထားသော ရွှေဖောင်းကြွချပ်သည် အကောင်းဆုံးလက်ရာ ဖြစ်သည့်အပြင် မူလလက်ရာလည်း ဖြစ်ပါသည်။ ၎င်းပြင် ကြေးဆင်းတုဦးခေါင်း နှစ်ခုနှင့် အုတ်ခွက်အချို့မှာလည်း ပုဂံခေတ်လက်ရာများ ဖြစ်ပါသည်။





ကျန်ရှိသော ဌာပနာပစ္စည်းများမှာ အများအားဖြင့် အင်းဝခေတ် ညောင်ရမ်း၊ ကုန်းဘောင်ခေတ် ပစ္စည်းများ ဖြစ်ပါသည်။

အာနန္ဒာကွန်းတောင်တွင် ယခင်က ဌာပနာပေါက်ကြီး ရှိခဲ့သဖြင့် ၎င်းကို ပိတ်ရန် ပြုပြင်စဉ်က ထည့်သွင်းလိုက်သော ဌာပနာ ပစ္စည်းများဖြစ်ဟန် ရှိပါသည်။ ယခုအခါ အဆိုပါ ရှေးဟောင်းပစ္စည်းများကို ဓာတ်ပုံ မှတ်တမ်းတင်ပြီး ပြန်လည် ဌာပနာလိုက်ပြီ ဖြစ်ပါသည်။

**အာနန္ဒာဘုရား ကွန့်လောင်အတွင်း သံကူကွန်ကရစ်အခွံဖြင့် ခိုင်မာစွာပြုလုပ်ရန် ရေတွင်းကဲ့သို့ တူးထုတ်ရာတွင် အနက် ၂၆ ပေ မှ တွေ့ရှိသော ဌာပနာပစ္စည်းများ**

၂၂–၈–၇၈ နေ့တွင် စတင်တွေ့ရှိသည်။ **ဌာပနာတိုက် အမှတ် (၁) အတွင်းမှ**

၁။ အလျား ၃" × ဖြက် ၂" × ထု ၃/၄" အုတ်ခွက် ၁၁၄ ခု

၂။ အလျား ၄" × ဖြက် ၃" × ထု ၁"

အလယ်ဆင်းတုနှင့် ဝဲယာစေတီရံ(၄)ဆူပါ ၉ ခု

၃။ အလျား ၃ ၁/၂" × ဖြက် ၂ ၁/၂" × ထု ၃/၄" ဝဲယာ ရဟန္တာပါ အုတ်ခွက် ၃ ဆူ

၄။ အလျား ၃ ၁/၂" × ဖြက် ၂" × ထု ၃/၄" သတ္တုဆင်းတုများ ၂၁ ဆူ

၅။ အလျား ၃" × ဖြက် ၁ ၁/၂" × ထု ၃/၄" အုတ်ခွက် ၁ ဆူ

**ဌာပနာတိုက် အမှတ် (၂) အတွင်းမှ**

၆။ အလျား ၅" × ဖြက် ၆ ၁/၂" မှန်တစ်ချပ် မုလသစ်သားပေါင်ပါသော်လည်း ခြစား၍ အစိတ်အပိုင်းကျန်သည်။

၇။ အမြင့် ၂" × ဖြက် ၂" × ထု ၂" နီးပဖြုပ်ငယ်

၈။ အမြင့် ၁" × အချင်း ၁ ၃/၄" ငွေကြုတ်တစ်ခု၊ ၎င်းအတွင်း ကျောက်နီဂါသောလက်စွပ် ၆ ကွင်း၊ ပုတီးစေ့ ၃ စေ့

၉။ အမြင့် ၁၅" × အချင်း ၆" ငွေစေတီ ထီးနှင့်တကွ အစုံပါသည်။

၁၀။ အလျား ၄" × ဖြက် ၂" × ၁ ၁/၂" ငွေဆင်းတု အကြီးအငယ် ၃ ဆူ

၁၁။ အလျား ၃" × ဖြက် ၁ ၁/၄" × ၃/၄" သတ္တုဆင်းတုငယ်များ ၁၅၅ ဆူ

၁၂။ အချင်း ၁ ၁/၂" ရွှေနှင့်တူသောလက်ကောက် ၂ ကွင်း

၁၃။ အချင်း ၃ ၁/၂" × ဖြက် ၁ ၁/၂" × ၁" နောက်ခံထံကပ်ပါ ကြေးဆင်းတုငယ် ၁ ဆူ

**အမှတ်(၁)ဌာပနာတိုက်၏ အောက်တည့်တည့် ဌာပနာတိုက်အမှတ်(၃)အတွင်းမှ ဌာပနာပစ္စည်းများ**

**ဌာပနာတိုက် အလျား ၁' – ၈" × ၁' – ၅" × ၁'**

၁၄။ အလျား ၅" အနံ ၃ ၁/၂" × ထု ၁ ၁/၂" ဗုဒ္ဓဝင်ရုပ်ခန်းပါ အုတ်ခွက် ၁ ဆူ

၁၅။ အလျား ၅" အနံ ၄ ၁/၂" × ထု ၁ ၁/၂" အလယ်ဆင်းတုနှင့် ဝဲယာစေတီရံ(၆)ဆူပါ အုတ်ခွက် ၁ ဆူ

၁၆။ အလျား ၄ ၁/၂" × အနံ ၃" × ထု ၁" ဝဲယာစေတီရံ(၄)ဆူပါ အုတ်ခွက် ၄ ဆူ

၁၇။ အလျား ၃ ၁/၄" × အနံ ၂ ၁/၄" × ထု ၁/၄" ဝဲယာရဟန္တာပါ အုတ်ခွက် ၄ ဆူ

၁၈။ အလျား ၄" × အနံ ၂ ၁/၂" × ထု ၃/၄" (ယေဓမ္မာ ဟေတုပ္ပဘဝါ သိရီအနိရုဒ္ဓ) စသည် စာပါသော အုတ်ခွက် ၂ ဆူ

၁၉။ အလျား ၃ ၁/၂" × အနံ ၂" × ထု ၃/၄" ဆင်ခံမြေဆင်းတု ၈ ဆူ

၂၀။ အလျား ၃" × အနံ ၂" × ထု ၃/၄" ဘုရားတစ်ဆူတည်းပါ အုတ်ခွက် ၆၂ ဆူ

၂၁။ အလျား ၃" × အနံ ၁ ၃/၄" × ထု ၃/၄" သတ္တုဆင်းတုငယ်များ ၁၆၁ ဆူ

၂၂။ အလျား ၃" × အနံ ၂" × ထု ၁/၂" မြေဆင်းတုငယ်ရိုးရိုး ၂၂ ဆူ

၂၃။ အလျား ၃" × အနံ ၂" × ထု ၁/၂" ဝဲယာဘုရားလောင်းနတ်ရုပ်ပါ သတ္တုပြား ၆ ဆူ

၂၄။ အလျား ၃ ၁/၄" × အနံ ၂ ၁/၂" × ထု ၁/၂" ကျောင်းဆောင်ပုံပါ သတ္တုဆင်းတု ၁ ဆူ

၂၅။ အလျား ၃" × အနံ ၁ ၃/၄" × ထု ၃/၄" သတ္တုဆင်းတုငယ် ၁ ဆူ

၂၆။ အလျား ၁ ၁/၂" × အနံ ၁" × ထု ၁/၂" ကြေးဆင်းတုငယ် ၁ ဆူ

၂၇။ အလျား ၃" × အနံ ၁ ၁/၂" × ထု ၁" သစ်သားဆင်းတုငယ် ၁ ဆူ

၂၈။ အလျား ၁ ၃/၄" × ဖြက် ၃/၄" × ထု ၁" ကျောက်ဆင်းတုငယ် ၁ ဆူ

၂၉။ အလျား ၄ ၁/၂" × ဖြက် ၂ ၁/၂" × ထု ၂" ကျောက်အပိုင်းအစ ၁ ခု

၃၀။ အချင်း ၂ ၃/၄" × ထု ၁ ၃/၄"

အမှတ်(၄)ဌာပနာတိုက်အတွင်းမှ
၎င်းမှာ အမှတ်(၂)ဌာပနာတိုက် အောက်တည့်တည့်တွင်ရှိသည်
အနက် ၂′ × အလျား ၂′ – ၅″ × အနံ ၁′ – ၁၀″ ရှိသည်

| | | |
|---|---|---|
| ၃၀။ အလျား ၇″ × အနံ ၄ ၁/၂″ × ထု ၁ ၁/၂″ | ဝါယာစေတီရံ(၂၀)ပါ ဆုတ်ခွက်ကြီး | ၁ ခု |
| ၃၁။ အလျား ၅″ × အနံ ၃ ၁/၂″ × ထု ၂″ | ဝါယာစေတီရံ(၄)ဆူပါ ဆုတ်ခွက် | ၁ ခု |
| ၃၂။ အလျား ၄ ၁/၂″ × အနံ ၂ ၁/၂″ × ထု ၁″ | စေတီရံ(၇)ဆူပါ ခြေဆင်းချ ဗုဒ္ဓရုပ်ပွားပုံပါ ဆုတ်ခွက် | ၂ ခု |
| ၃၃။ အလျား ၆″ × အနံ ၄″ × ထု ၂″ | ကျောက်ရွှဆင်းတု | ၄ ခု |
| ၃၄။ အလျား ၃″ × အနံ ၂″ × ထု ၁/၄″ | မြေဆင်းတု | ၆၀ ဆူ |
| ၃၅။ အလျား ၃″ × အနံ ၁ ၁/၄″ × ထု ၁/၄″ | သတ္တုဆင်းတုငယ်များ | ၂၄၀ ဆူ |
| ၃၆။ အလျား ၃″ × အနံ ၁ ၁/၂″ × ထု ၁/၄″ | ကျောင်းဆောင်ပါ သတ္တုဆင်းတု | ၉၆ ဆူ |
| ၃၇။ အလျား ၃ ၁/၂″ × အနံ ၂ ၁/၂″ × ထု | ဘုရားလောင်းနတ်ရုပ်ပါ သတ္တုဆင်းတုပြားများ | ၂၂ ဆူ |
| ၃၈။ အလျား ၄″ × အနံ ၁ ၁/၄″ × ထု ၁ ၁/၂″ | ပလ္လင်ပါ ကြေးဆင်းတု | ၁ ဆူ |
| ၃၉။ အလျား ၂ ၁/၂″ × အနံ ၁ ၁/၂″ × ထု ၁ ၁/၂″ | ပုဂံခေတ်လက်ရာကြေးဆင်းတု ဦးခေါင်း | ၂ ဆူ |
| ၄၀။ အလျား ၃ ၁/၂″ × အနံ ၂″ × ထု ၁/၄″ | ဆင်ခံမြေဆင်းတု | ၂ ဆူ |
| ၄၁။ အလျား ၃″ × အနံ ၁″ × ထု ၁ ၁/၄″ | ကြေးရဟန္တာ | ၁ ဆူ |
| ၄၂။ အလျား ၁ ၁/၄″ × အနံ ၁″ × ထု ၁/၂″ | သတ္တုဆင်းတုများ | ၁၇ ဆူ |
| ၄၃။ အလျား ၂ ၁/၂″ × အနံ ၁ ၁/၄″ × ထု ၁/၄″ | ကျောက်ဆင်းတုငယ် | ၁ ဆူ |

ဆံပင်များဖြင့် ပြုလုပ်ထားသောဆင်းတုငယ် ၁ ဆူ
၄၄။ အလျား ၁ ၁/၂″ × အနံ ၁″ × ထု ၁/၄″
၄၅။ အလျား ၁ ၁/၂″ × အနံ ၁″ × ထု ၁/၈″ — အလျား ၂ ၁/၄″ ရှိသော ကြိုးပါသည့် သရက်ကင်းပုံ ငွေကြုတ်ငယ် (၁) ခေတ်တော် ၁၂ ပါသည်။

သစ်သားရွှေကြုတ်လုံး(ရွှေချ) ၁
၄၆။ အချင်း ၁ ၁/၈″ × အမြင့် ၁/၄″ — ကလပ်ဖလ်ခွက်၊ ၎င်းအတွင်း ငွေခဲ(၅)၊ ကျောက်နီ(၁)၊
၄၇။ အချင်း ၁ ၁/၈″ × အမြင့် ၃″ — ကျောက်စိမ်း(၁)၊ ကျောက်ဖြူ(၁)၊ ရွှေပုတီးစေ့(၇) ပါ ရှိသည်။

၄၈။ အချင်း ၁ ၁/၈″ × အမြင့် ၁ ၁/၂″ — ဖန်ပုလင်း၊ ၎င်းအတွင်း ကျောက်နီလက်စွပ်(၁)၊ ကျောက်ဖြူ(၁)၊ ခေတ်တော်များပါသည်။

ကျောက်ပြား ၁ ခု
၄၉။ အလျား ၁၁″ × အနံ ၆″ × ထု ၁ ၁/၂″ — နီးကြုတ်လုံး ၁ ခု
၅၀။ အချင်း ၂ ၁/၂″ × အမြင့် ၂″ — အိုးငယ်၊ ၎င်းအတွင်း ရွှေပြားလိပ်(၃)ခု ငွေပြားလိပ်
၅၁။ အချင်း ၁ ၁/၂″ × အမြင့် ၁″ — (၃)ခု၊ ကျောက်နီ(၃)၊ ကျောက်ဖြူ(၂)၊ ကျောက်စိမ်း (၁) ပါသည်။

ခြင်္သေ့ရုပ် ကြေးပန်းအိုး ၁ ခု
၅၂။ အလျား ၈″ × အနံ ၃ ၁/၂″ × ထု ၂″ — ကျောက်ပျဉ်ငယ် ၁ ခု
၅၃။ အလျား ၂ ၁/၂″ × အနံ ၁ ၁/၄″ × ထု ၁/၂″

## အာနန္ဒာဂူဘုရားနှင့် ပတ်သက်သော အတိုင်းအတာများ

| | | |
|---|---|---|
| မြေပြင်မှထိပ်အထိ စုစုပေါင်းအမြင့် | ၁၆၈ | ပေ |
| ကွန်းတောင်အမြင့် | ၃၅ | ပေ |
| စေတီအမြင့် | ၃၀ | ပေ |
| တိုက်မအမြင့် | ၅၀ | ပေ |
| အာရုံခံအမိုးထိအမြင့် | ၅၈ | ပေ |
| တစ်ဘက်အစွန်းမှ အခြားတစ်ဘက်စွန်းအထိ အလျား | ၂၇၉ | ပေ |
| တိုက်မချည်းအလျား | ၁၇၅ | ပေ |
| အာရုံခံချည်းအလျား | ၅၂ . ၆ | ပေ |
| အာရုံခံအကျယ် | ၅၀′ . ၉″ × ၃၄′ | |
| အပြင်စင်္ကြံပတ်လမ်းအကျယ် | ၈ | ပေ |
| အတွင်းစင်္ကြံပတ်လမ်းအကျယ် | ၆′ ၆″ | |
| ပတ်ရပ်ဆင်းတုကြီးလေးဆူမျှမ်းမျှအမြင့် | ၃၁ | ပေ |
| ပလ္လင်အမြင့် | ၈ | ပေ |
| ပတ်ရပ်ဆင်းတုကြီး ဦးခေါင်းအချင်း | ၅ | ပေ |

အခန်း (၁၂)

# သမိုင်းဟောင်း အဆိုအမိန့်များနှင့် နန္ဒမူလတည်ခန်း

တစ်ရံရောအခါ ရှစ်ပါးသောရဟန္တာ အရှင်မြတ်တို့သည် ဂန္ဓမာဒနတောင် နန္ဒလိုဏ်ဂူမှ ကြွလာတော်မူ၍ မင်းကြီး နန်းတော်၌ဆွမ်းခံရပ်တော်မူကြ၏။ မင်းကြီးရဟန္တာရှစ်ပါး ကိုမြင်၍ အရှင်ဘုရားတို့ အဘယ်အရပ်ကကြွလာတော်မူ ကြပါသနည်းဟု မေးလျှောက်လေ၏။ ရဟန္တာအရှင်မြတ် တို့သည်သည်း ဟိမဝန္တာဂန္ဓမာဒနတောင် နန္ဒမူလလိုဏ်ဂူမှ ကြွလာကြောင်း အမိန့်တော်မူကြကုန်၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍ နန်းတော်ထက်သို့ပင့် ၍ ဆွမ်းလုပ်ကျွေးပြီးလျှင် အရှင်ဘုရားတို့ ကြွလာတော် မူသည့် ပစ္စေကဗုဒ္ဓ ရဟန်းတို့သည် သီတင်းသုံးတော်မူရာ နန္ဒမူလလိုဏ်၏ပုံသဏ္ဌာန်ကို ဖန်ဆင်း၍ ပြတော်မူပါမည့် အကြောင်း တောင်းပန်လျှောက်ထားလေ၏။ ရဟန္တာအရှင် မြတ်တို့လည်း နန္ဒမူလလိုဏ်ပုံသဏ္ဌာန်ကိုဖန်ဆင်း၍ ပြတော် မူကြပေကုန်၏။

မင်းကြီးသည် အားရရွှင်လန်း အလွန်ဝမ်းမြောက်သည် ဖြစ်၍ နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန်အတိုင်း ကောင်းမှုတော်





တည်လိုပါ၏။ အရှင်ဘုရားတို့ကလည်း စောင်မကူညီတော် မူပါဟု လျှောက်ထား၍ နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန်အတိုင်း ကောင်းမှုတော်တည်လေ၏။ ထိုကောင်းမှုတော်ကိုလည်း နန္ဒမူလဟုသမုတ်လေ၏။ ယခုအခါ အာနန္ဒာဟုခေါ်ကြ၏။

တည်လုပ်ဟန်ကား ထီးလှိုင်ရှင် ကျန်စစ်မင်းကြီးသည် နန္ဒမူလလိုဏ်ပုံသဏ္ဌာန်နစ်ဖြင့် သာသနာတော်ငါးထောင် တည်တံ့အောင် စေတီတည်လုပ်မည်ဟု ကြံရွယ်လျက် မည် သည့်အရပ်၌ တည်လုပ်ရသော် အရှည်ခံပါမည်နည်းဟု ဆင်ခြင်ပြန်၏။ ထိုအခါသိကြားမင်းလာလတ်၍ ဤအရပ်၌ ကောင်းမှုပြုပါလောဟု ညွှန်ကြပေ၏။ မင်းကြီးသည် ထို အရပ်၌ ရွှေစည်းခုံပြီးသည့်နှစ် သက္ကရာဇ် ၄၅၂ ခုနှစ်၌ မြေကို အမှောက်သံတောင် ခြောက်ဆယ် ရေထွက်အောင် တူး စေပြီးသော် ရေမှသံတောင် သုံးဆယ် နဂါးရစ်ကျောက် တိုကို စီခင်းစေ၏။ ထိုကျောက်တို့၏အထက်၌ အတောင် သုံးဆယ်၊ ဥမင်တိုက်ကို ဌာပနာရန်အကျိုးငှာ တည် လုပ်စေ၏။ ပြုလုပ်သောပန်းရံတို့ကား ကံကျွေး လေး သောင်း၊ ဗိသုကာ လေးရာမျှ ရှိကုန်သတည်း။

ထိုပန်းရံတို့အား လက်ခရွှေ လေးသိန်းပေးရ၏။ ရဟန္တာ လေးကျိပ်တို့နှင့် သဘောတူတိုင်ပင်၍ ဌာပနာ တိုက်ကိုပိတ်ဆို့၍ တစ်မျက်နှာလျှင် ရဟန္တာတစ်ကျိပ်စီ စောင့်ကြပ်တော်မူရလေသည်။ စတုလောကပါလ နတ်မင်း ကြီးငါးယောက်တို့လည်း လေးမျက်နှာမှ စောင့်ကြပ်ကြ ကုန်၍ စီရင်ဖန်ဆင်းကြရကုန်၏။ ဝိသကြုံနတ်လည်း လေး မျက်နှာမှ စီရင်ကြည့်ရှုရ၏။ ဗိသုကာ အကြီးလေးယောက် တို့၏ နှလုံးတွင် သူရဿတီနတ်သမီးဝင်၍ စက်၏။ ထိုမျှ

လောက်သော နတ်တို့လည်း ငါတို့စီမံသည်ကသာ ကောင်း၏ဟု ဆိုကြကုန်၏။ လူတို့ကလည်း ရဟန္တာအရှင်မြတ်တို့နှင့် ငါတို့ပြုလုပ်ခြင်းကသာ ကောင်းမြတ်၏ဟု ဆိုကြကုန်၏။ ပင်လယ်တွင်ရှိသော နဂါးရစ်ကျောက်တို့ကို သိကြားမင်း၏ အမိန့်အာဏာဖြင့် စသေစရောဘီလူး အာဠဝကဘီလူးတို့ ကုမ္ဘဏ် ၄၀၀၀ နှင့်သယ်ယူကြ၍ လေးမျက်နှာမှ ဖုံ့ထားကြရ၏။ အလယ်မဏ္ဍိုင်ကိုစီမံသောအခါ ဖျော်သောသရွတ်ကား ရက္ခိုသ်ဘီလူးတို့သယ်ယူအပ်သော သိတာမြစ်ရေနှင့် ဂန္ဓမာဒနတောင်မြေ ဇောခ်ိမြေတို့ကိုရော၍ ပြုလုပ်အပ်သော သရွတ်တည်း။

ဤသို့ပြုစီမံခြင်းအား ဧရာဝတီမြစ်ရေ တိုးရှေ့တိုက်စား ဖျက်ဆီးလတ်သော်လည်း မပျက်မစီး အရှည်တည်ခြင်းငှာ သိကြားမင်းကိုယ်တိုင်စီမံလေသတည်း။ မဏ္ဍိုင်လိုက်ခေါင်း ပေါင်းကို မုခ်တွင်လေးမျက်နှာထား၍ စီမံ၏။ တံခါးအတွင်း နန်းခေါင်းကိုလည်း စီမံ၏။ ဘုရားဆင်းတုတော် အောက် အထက်လုပ်သောဆရာများ နဝရတ်တောင်မှ နတ်တို့လှည့် ပတ်ရန်အရုပ်ကိုလည်း ရွှေစည် တစ်သိန်းစီသွန်းရ၏။

ရေမန်ကန်းကို မဆိုးလေးနှင့်ပစ်ဟန်။ ရေမန်ကန်းသေ ဟန်၊ ကျွန်စစ်မင်းကြီး အရပ်တွင် ကောင်းမှုပြုဖို့ဟုကြည် ဟန်၊ သိကြားမင်းညွှန်ပြဟန်၊ ဆံတော်ပယ်ဟန်၊ သိကြား မင်း ပန်းဆောင်းနှင့် ဆံတော်ခံဟန်၊ ဃဋိကာရဗြဟ္မာမင်း သင်္ကန်းကပ်ဟန်၊ ဥရုဝေဠတောသို့ အာဠာရရဒကာ ရသေ့တို့ ထံ ချဉ်းကပ်ဟန်၊ ခြောက်နှစ်တိုင် ဒုက္ကရစရိယာကို ကျင့် တော်မူဟန်၊ သုဇာတာ၏ထွမ်းကို နေရဉ္ဇရာမြစ်အရှေ့ဘက် ကမ်းနားတွင်ဘုဉ်းပေး၍ ရွှေခွက်မျှောတော်မူဟန်၊ သောဌိ



ယအမည်ရှိသော မြက်ထမ်းသမား သမန်းမြက်ရှစ်ဆုပ်လှူ ဟန်၊ ဗောဓိညောင်ပင်ပဉ္စင်ဆက်ဝယ် သီတင်းသုံးနေတော်မူ ဟန်၊ မာရ်စစ်ရောက်လာဟန်၊ မာရ်စစ်ကိုအောင်တော်မူ ဟန်၊ ဓမ္မစကြာတရားဟောတော်မူဟန်၊ နတ်ပြည်တွင်မယ် တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အဘိဓမ္မာ တရားဟောတော်မူဟန်၊ ပရိနိဗ္ဗာန်ဟုမာရ်နတ်လျှောက်ဟန်၊ အရွက် အပွင့် အသီးနှင့်ပြည့်စုံတော်မူသော အင်ကြင်းပင်ပျို ဟန်၊ အင်ကြင်းပင်ပျိုအောက်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူဟန်များကို ရွှေစင် တစ်သိန်းစီ ချည်သွန်းသတ် ငှာပနာလေ၏။

နေရဇာနိကြရားကား အနောက်သို့မျက်နှာတော်မူလျှင် ကြေးဘုရား။ အောက်ပြင့်တော်မူ၏၊ ဦးခေါင်းရင်းဝယ် ရွှေ ငါးထောင်း အကုန်ခံ၍ ပြုလုပ်အပ်သော ဆင်းတုတော် ကား မလွှာယုကျွန်း၌ သိကြားမင်း ဆောင်ယူခဲ့သော သာရစန္ဒနသရက်ခံအနှစ်တည်း။ အနောက်မြောက်၌ကား နေရဇာနိဘုရားရုပ်ပုံတော်။ အရှေ့ တောင် မြောက် သုံး မျက်နှာ၌ကား ထက်ဝက်တော် ဘုရားရုပ်ပုံတို့ချည်းသာ တည်း။ ရုပ်ပွား ကျွန်စစ်မင်းကြီး အရုပ်များမှာလည်း ရွှေစင် တစ်သိန်းစီသွန်း၍ လက်ယာ လက်ဝဲ လေးမျက်နှာ လုံး၌ထားပေ၏။ တံခါးတစ်ခုကို ဖွင့်လျှင် အကုန်မြင်၏။ စကြဝဠာ တစ်တိုင်း၌ရှိသော မန္တာန်ဓမ္မသတ် ပိဋကတ် ဟူသမျှကိုလည်း ရဟန္တာ ဇော်ဂနီနတ်တို့သည် ပို့သကြရ ကုန်၏။

ရွှေတုံး၊ ငွေတုံးကား ရှစ်ဆယ့်ရှစ်တုံးရှိ၏။ တစ်တုံး တစ်တုံးလျှင် သုံးသောင်း သုံးရာ သုံးဆယ့်သုံးကျပ်ရှိ သုံးမတ်

ရှိ၏၊ ဤရွှေတုံး၊ ငွေတုံး အပေါင်းကို မြတ်စွာဘုရားအား လှူသတည်း။ မိကျောင်းရုပ်နဖားသွင်းပြီးလျှင် ရွှေတုံးကို ငွေကြိုး၊ ငွေတုံးကို ရွှေကြိုးနှင့် ချည်ကုန်၏။ မြတ်စွာဘုရား စင်္ကြံကြွတော်မူဟန်ကိုလည်း ရွှေစင် တစ်သိန်း သွန်းပြန်၏။ သာသနာတော် တည်သမျှ အရိယာ ပုထုဇဉ် ရဟန်းတို့ စည်းဝေးဟန်ကိုလည်း လေးမျက်နှာ ရွှေစင် တစ်ထောင်စီ သွန်း၏။ အရှင်သာရဘံ မထေရ်နှင့်တကွ ဘုရားကို ကြပ်မ တည်ကြသော ရဟန္တာ လေးဆယ်တို့၏ စည်းဝေးဟန်ကိုလည်း ရွှေစင် တစ်သိန်းစီ သွန်းပြန်၍ လေးမျက်နှာ၌ ထား၏။ မုခ်လေးမျက်နှာသိမ့် လေးတိုင် ပတ္တမြားလေးလုံးတို့၏အရောင်ဖြင့် နေရောင်၊ လရောင်၊ ဆီမီးရောင် တို့နှင့်ကဲ့သို့ ထထိန်ထိန်တောက်၏။ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောဟန်အဆင်အား၊ ယန္တရားဆင်သော အားဖြင့် ကရဝိက် မြည်သောအသံကဲ့သို့ အလွန်သာယာ ပေ၏။

ထိုအသံကို နတ် ဗြဟ္မာတို့ ကောင်းချီးပေး၍ ခရုသင်း မှုတ်ဟန် စည် စောင်း ဗြင်း တီးမှုတ်ဟန်လည်း အသံ ဆူ ညံမည်၍ နေ၏။ နတ်တို့ လက်ခုပ်ပေါင်း ခတ်ဟန်၊ ပန်းပေါက် ပေါက် ကြဲဟန်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသော အခါ နတ်တို့ စည်တီးဟန်များကိုလည်း ရွှေစင် တစ်သိန်းစီ သွန်းပြန်၏။ သင်္ဂါယနာ သုံးတန် တင်ဟန်၊ မျို မင်းတို့သည် ဝက်ကြီး စသော ရန်သူများကို သတ်၍ အောင်ဟန်များကိုလည်း ရွှေစင် တစ်သိန်းစီ သွန်း ပြန်၏။ ရွှေဘုရားတစ်ထပ်၊ ငွေဘုရားတစ်ထပ်၊ ကြေးဆင်းတု ဘုရားတစ်ထပ်တက်ဝဲရံ တက်ယာရံနှင့်တကွ ရွှေစင်တစ်သိန်း



စီချည်း သွန်းပြန်၏။ ကြံ့သော်စက်၊ ကျားရဲစက်၊ နဂါးစက်၊ ဂဠုန်စက်၊ ခွေးရဲစက်၊ ဆိတ်ရဲစက်၊ နွားရဲစက်၊ ကျွဲရဲစက်၊ ဆင်ရဲစက် တို့ကိုလည်း တံခါးအထက်၌ တန်ဆောင်းထား လေ၏။

ငွေစင် သုံးကုဋေ ခြောက်သန်းအထိ ကုန်သတည်း။ ဤသို့ စီရင်ပြီး၍ ကောင်းမှုတော်ကို ရံသော်ကား ရွှေကွန် ယက်၊ ငွေကွန်ယက်၊ ပုလဲကွန်ယက်၊ ကြေးကွန်ယက်၊ စန္ဒကူး သရက်ခံကွန်ယက် ဖြစ်သတည်း။ တံခါးရွက်ကား အဖိုး အတိုင်းမသိ ထိုက်၏။ တံခါးကွင်း၌ကား ရွှေဘုရား၊ ငွေ ဘုရား၊ ပစ္စလောဟာဘုရားများကိုထားသတည်း။ ထိုများ စွာဘုရားတို့ကို ချိမနိုင်မှသာ တံခါးကိုဖွင့်နိုင်လိမ့်မည်။ ဂန္ဓမာ ဒနတောင် နန္ဒမူလလိုဏ်ဝ၌ မဥ္ဇူသက သစ်ပင်အောက်ဝယ် ဘုရားပစ္စေကဗုဒ္ဓါ သာဂကတို့ သိတင်းသုံးတော်မူအပ်သော ဂန္ဓကုဋီ တိုက်ကို ဖွင့်၍ နတ်များပူဇော်ဟန်၊ နာဂလတာ၊ ဒန်ပူကပ်ဟန်၊ ဒန်ပူစားတော်မူဟန်များကိုလည်း ရွှေစင် တစ်သိန်းစီချည်း သွန်းပြန်၏။

အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီ တိုက်၌ မြတ်စွာဘုရားအား ဒန်ပူကပ်ဟန်၊ အရှင်အာနန္ဒာငို ဟန်၊ အရှင်အာနန္ဒာ၏ မြတ်စွာဘုရားလျှောက်ထားတောင်း ပန်ဟန်များကိုလည်း ရွှေစင်တစ်သိန်း သွန်းပြန်၏။ ပရိနိဗ္ဗာန် စံတော်မူရာ ခုနစ်ရက် ပတ်လုံး ကောင်းချီး ကစားရာ သာဂရကွန်သတ္တာဟရုံ၊ ခုနစ်ရက်ပတ်လုံး အလောင်းတော်ကို အတောင် တစ်ရာ့နှစ်ဆယ်မြင့်သော စန္ဒကူးထင်းပုံထက်သို့တင် ၍ မီးသင်္ဂြိုဟ်ရာ စိတကသတ္တာဟပုံ၊ ခုနစ်ရက်ပတ်လုံး ဓာတ် တော်များကိုပူဇော်ရာ ဓာတုပူဇာသတ္တာဟပုံ၊ဓာတ်တော်များ

ကိုစေပြန်ရာ ဓာတုအာဇာနံ ပုံများကိုလည်း ရွှေစင် တစ်သိန်းစီ သွန်းပြန်၏။ ကျန်စစ်မင်းကြီး၏ အရုပ်ကိုလည်း ရွှေစင် လေးသိန်းသွန်း၍ လေးမျက်နှာ၌ ထား၏။

ဤသို့သော မရေမတွက်နိုင်သော ရွှေ၊ ငွေ အကုန်ခံ၍ ပြုစီမံခြင်းကိုမြင်ကြရသောပြည်သူလူထုအပေါင်းတို့သည် ကြည်ညိုကြကုန်၍ များစွာသောပစ္စည်းဥစ္စာရတနာတို့ကို ဌာပနာကြကုန်၏။ ပြည်သူလူ အပေါင်းတို့၏ ဌာပနာသွင်း၍ကုသိုလ်ပြုရန် တောင်းပန်ဟန်ကိုလည်း ရွှေစင် တစ်သိန်းသွန်း၍ထား၏။ အရပ်လေးမျက်နှာမှ လာရောက်၍ လက်ဆောင်ဆက်သဟန်ကိုလည်း ရွှေစင်တစ်သိန်းသွန်း၍ထား၏။ ဌာပနာတိုက်၌ သွင်းထားပူဇော်အပ်သော ဓာတ်တော်များကား၊ လက်သန်း ဓာတ်တော် များကား လက်သန်း ဓာတ်တော်တစ်ဆူ၊ သွားတော်ဓာတ်တစ်ဆူ၊ ပုဆစ်ဂုံညှင်းတော်တစ်ဆူ၊ လည်ရိုးတော်ဓာတ်တစ်ဆူ၊ ဦးခေါင်းတော် ဓာတ်တစ်ဆူ၊ ပါးဆောင်တော်ဓာတ်တစ်ဆူ၊ ဆံတော်ဓာတ်တစ်ဆူ၊ ဤခုနစ်ဆူတို့တည်း။

ဤခုနစ်ဆူသော ဓာတ်တော်တို့ကို ပဲနောက်အဆင်းရှိသော ကျောက် ခွက် နှင့် ပြည့်ပြည့် ထည့်ပြီး သော် ရွှေ စင်သုံးသိန်း သွင်းအပ်သော ဓာတ်တော်ကြုတ်၌ ထည့်ပြီးမှ ရတနာပန်းတောင်းထက်၌ ထားပေ၏။ သဒ္ဓိရဓာတ်တော် မွေးတော် အစစ်ချည်း ကိုးဆူ၊ မှော်ဆံတော် သင်းဗိုင်တော်တို့ကိုလည်း ဌာပနာ၏။ နာဂလတာအမည်ရှိသော ကွမ်းရိုးနှုယ် ခန်းပုံကိုလည်း ဌာပနာ၏။ ရဟန္တာ၊ သိကြား၊ စတုလောကပါလ နတ်မင်းကြီး ဇော်ဂျီတို့သည် ထိုအဆောက်အအုံများကို ရှာမှီးပေးကြကုန်၏။ ထိုသူတို့၏အရုပ်ကိုလည်း ရွှေစင် တစ်သိန်းစီသွင်း၍ ဌာပနာ၏။ ဆိုခဲ့ပြီးသော စွန့်ကြ



အပ်သောဥစ္စာအပေါင်းကိုပျူမင်းထီးမှစ၍ မင်းအဆက်ဆက်တို့ စုဆောင်းရှာဖွေ ပျူးတောင်ထားခဲ့ပေသော ဓာတ်တော်မွေတော် ကျောက်သိ ပတ္တမြား ရွှေငွေဥစ္စာတို့ကို ငါပိုင်ပြီးဖြစ်သည်။ ငါအလိုတော်ရှိတိုင်းလှူတော်မူမည်။ ငါအထွတ်အထိပ်သို့ရောက်တော်မူ၍ ငါ့ဘုန်းတော်ကံတော် ဖြစ်ကြောင်း နိုင်ငံရပ်ခြား တိုင်းတစ်ပါးက ကြောက်ရွံ့ခန့်ညား ဝပ်တွားရိုသေ၍ ဆက်သလာသောအဝှန်တော်များဖြစ်ချေသည်။ ထိုသို့ ဆက်သသော ဥစ္စာဟူသမျှကိုလည်း စွန့်တော်မူမည်ဟု ပြောဆိုပြီးလျှင် အတုမရှိသော ကောင်းမှုတော်ကိုစီရင်၍ လှူလေသည်။ ထိုများစွာသောရတနာတို့ကိုမြင်ရ၍ အလွန်အကဲဝမ်းမြောက်သည်ဖြစ်၍ ကျန်စစ်မင်းကြီးလည်း ဌာပနာတိုက်ကို မပိတ်ဘဲရှိနေစဉ် သိကြားမင်းသည် ရဟန္တာအရှင်မြတ်တို့ကို တရားဟောတော်မူပါဟု လျှောက်ထား တောင်းပန်၏။ ရဟန္တာအရှင်မြတ်တို့ကလည်း

"ပဋ္ဌကန္တွာ အနိစ္စာ၊ ပဋ္ဌကန္တွာ ဒုက္ခာ၊ ပဋ္ဌကန္တွာ အနတ္တာ သဗ္ဗေဟောန္တိ အနိစ္စာယော။ ။" ဟုဟောတော်မူကြလေ၏။

မှတ်ချက်။ ရှေးဟောင်းများ၌ သဗ္ဗေဟောမိ အနိစ္စမေဝစဟု ပါရှိကြကုန်၏။ သဒ္ဒယုတ္တိ၊ အတ္ထ ယုတ္တိမရှိသောကြောင့်။ ။သဗ္ဗေဟောန္တိ အနိစ္စာယော။ ။ဟုပြင်၍ လိုက်ရပေ၏။ ရှေးဟောင်းများ၌ အနက်မပြန်သောကြောင့် ဘာသာပြန်၏ အနက်ပေးလိုက်ဘိ။

မဟာရာဇာ၊ တကာမင်းမြတ် ပဉ္စငါးပါးကုန်သော ခန္ဓာ၊ ခန္ဓာတို့သည်။ အနိစ္စာ၊ ဖြစ်ပြီး၍ အနိစ္စာဖြစ်ပြီး၍ ထင်ရှားမရှိခြင်းကြောင့်၊ မမြဲခဲ့ပါကုန်။ ဝါ။ မြဲမြံတည်တံ့အရှည်ခံသော အနှစ်မရှိခဲ့ကုန်။ ပဉ္စငါးပါးကုန်သောခန္ဓာ၊ ခန္ဓာတို့

သည်။ ဒုက္ခာ၊ ဖြစ်ခြင်း၊ ပျက်ခြင်း ဘေးအပေါင်းတို့သည် နှေ့မစဲ၊ ညဥ့်မစဲ၊ နာရီမစဲ၊ မပြန်ပိတ်စက်၍ နေခြင်းကြောင့် ဆင်းရဲလှပေကုန်၏။ ဝါ။ ရွာမပြီးကောင်းကင်ကြီးကဲ့သို့ အချည်းအနှီးသာဖြစ်ခြင်းကြောင့် စက်ဆုပ်အပ်သော၊ ရွံစရာကောင်းသော တရားစုတို့သာတည်း။ ပဥ္စငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ အနတ္တာ၊ မိမိကအစိုးမရခြင်းကြောင့် မိမိအလိုသို့လိုက်၍ မိမိသဘောကျ စီမံပေးတတ်သော အစိုးရ အတ္တမဟုတ်ကုန်၊ (ဝါ) အစိုးရအတ္တမရှိကုန်။ သဗ္ဗေ၊ တစ်ခုမကြွင်း ခပင်းဥဿုံ၊ အလုံးစုံကုန်သော ခန္ဓာတို့သည်။ အနိစ္စာယေဝ၊ မမြဲကုန်သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကြကုန်၏။

ဤသို့ ဟောတော်မူကြသော်လည်း ကျန်စစ်မင်းကြီး နှလုံးမပြေဘဲရှိနေသောကြောင့်။

အတ္တာဂေဟေ၊ နိဝတ္တန္တိ၊ သုသာနေဉာတိဗန္ဓဝါ။

သုကတံ၊ ဥက္ကတံကမ္မံ၊ ဆာယာဝအနုပါယိနီ။

ဤဂါထာကို ဟောတော်မူကြပြန်၏။

မှတ်ချက်။ ။ဤဂါထာ၌လည်း ရှေးဟောင်းများ၌ အနက်ပြန်ပြီးမရှိသောကြောင့် အနက်ပြန်လိုက်အံ့။

မဟာရာဇာ၊ တကာတော်မင်းမြတ်၊ ဝေါ်သာတိ။ ဤသို့ ခေတ်တော်တိုက်ကို မပိတ်ဘဲ၊ ခေတ်တော်တိုက်၏ အနီး၌ ကြည်ညိုလျက်သာနေခဲ့သည်ဖြစ်သော် ဂေဟေ တကာတော်၏ နန်းတော်၌ အတ္တာ၊ တိုင်းကျိုး ပြည်ကျိုး သာသနာကျိုးတို့သည်၊ နိဝတ္တန္တိ၊ တစ်နေ့တစ်ခြား ဆုတ်ယုတ်၍သွားကုန်၏။ သုသာနေ၊ သူ့သေကောင်တို့၏အိပ်ရာ၊ သုသာန်တစပြင်ချိုင်း ဝ၌၊ ဓိတ္တဗန္ဓဝါ၊ အဆွေစင်ပွန်း အမျိုးကောင်းတို့သည်၊ အာ



ဂမေန္တိ၊ သင်တကာတော်၏လာမည့်အခွင့်ကို၊ မျှော်လင့်စောင့်ဆိုင်းကာ နေကြရှာကုန်၏။ ဆာယာ၊ မိမိအရိပ်သည်၊ အနုပါယိနီဣဝ၊ မိမိနောက်သို့ အစဉ်တစိုက် လိုက်လာသကဲ့သို့၊ တထော၊ ထိုအတူ၊ သုကတံ၊ ကောင်းစွာပြုအပ်သော၊ ကမ္မံ၊ အကုသိုလ်ကံသည်သာလျှင်လည်း ကောင်းပနုပါယိနီ၊ ဘဝများစွာသံသရာ၌ မကွာစိုက်စိုက်လိုက်တတ်ပေ၏။

ဤဂါထာကိုကြားရမှ ကျန်စစ်မင်းကြီးလည်း နှလုံးတော်ပြေ၍ ဌာပနာတိုက်ကိုပိတ်ရလေ၏။ အထက်တိုက်၌ ဌာပနာပံ့ကား၊ ရွှေစင်သုံးကုဋေခြောက်သန်းတိုင်တိုင် မြတ်စွာဘုရား၏ရုပ်ပွားတော်များကိုသွန်း၍ ဌာပနာ၏၊ ရွှေလှေ့ရုပ်နှင့် မင်းများက အရုပ်ကိုလည်း ရွှေစင်အရုပ်ကိုလည်းရွှေစင်အတိကြီး သွန်း၍ ဌာပနာ၏။ မင်းသိက်တန်ဆာဖြစ်သော စောင်းငြင်း တူရိယာတို့ကိုလည်း တီးသူ၊ လူရုပ်နှင့် အစုံချည်း သွန်းလုပ်၍ ဌာပနာ၏။ နတ်သားတို့၏ အရုပ်များကိုလည်း သွန်းလုပ်၍ ဌာပနာ၏။ ဤသို့ဆောင်ရွက်ရန် ကိစ္စအလုံးစုံ ပြီးမြေခဲ့သော် ဌာပနာတိုက်ကို ပိတ်လေသည်။ စေတီ ကုလားကျောင်း အရှေ့မျက်နှာ၊ တောင်မြောက်အဝန်း အဝိုင်း အချင်းကား တစ်ရာ တစ်ဆယ့်ငါးတောင်၊ အာရုံခံမုခ် နှစ်ဘက် ၃၃၊ ၄ သုံးဆယ်သုံးတောင်၊ လေးသစ်စီ၊ ၁၈၁၊ ၁ တစ်ရာ့ရှစ်ဆယ့်၊ တစ်တောင် တစ်မိုက်ရှိသတည်း။ လေးမျက်နှာ ပတ်လည် အဝိုင်းအချင်းကား ၇၂၅၊ ၀ီ ခုနစ်ရာ နှစ်ဆယ့် ငါးတောင် တစ်မိုက်ရှိသတည်း။ အရပ်တော် ပမာဏကား အောက်ခြေ ဖိနပ်ကစ၍ ထီးဖျားအထိ ၁၂၅၊ ၂၊ ၄ တစ်ရာနှစ်ဆယ့် ငါးတောင်နှစ်မိုက်၊ လေးသစ်ရှိသတည်း။

စေတီတော်အခမ်းအနား မီးတားမဟာရုံနှင့်တကွ ပြီးစီးအောင်မြင်ခဲ့သော် ကရားလန်ကျန်စစ်မင်းကြီးသည် ဝတ္ထုကံ မိုးသီးမြေ၊ အရာမ်စောင့် ကျွန်းသီးတော်တို့ကို ရွှေကရားဖြင့် ရေစက်သွန်းချ၍ လှူသတည်း။ ထိုအခါ ရဟန္တာအသျှင်မြတ်တို့နှင့် သိကြား စတုလောကပါလစသော နတ်အပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။ မြေလျှင်လည်းပြင်းစွာ လှုပ်၏။ မိုးကြီးလည်း သည်းထန်စွာရွာ၏။ ငါ၏ ကောင်းမှုတော်သည် သာသနာငါးထောင်ပတ်လုံး တည်နိုင်ပါမည်လောဟု ပန်းရံပျံအကြီးကို မင်းကြီးက မေးလေသော် ပန်းရံပျံအကြီးလည်း မခိုင်အံ့ထင်သော် ဆင်တော်ဖြင့် နင်းတော်မူလော့ဟု သံတော်ဦးတင်၏။ မင်းကြီးလည်း ပန်းရံသားအဖတို့ကို အောက်နေစေ၍ ဆင်တော်ဖြင့် နင်းတော်မူလေဟု သံတော်ဦးတင်၏။ မင်းကြီးလည်း ပန်းရံ သား အဖတို့ကို အောက်တွင် နေစေ၍ ဆင်တော်နှင့် နင်းစေ၏။ အုတ်တစ်ချပ် ပြိုပျက်ပွသည်ကို လက်ဝါးဖြင့် ကာလိုက်သော် အုတ်အတိုင်း တည်လေ၏။ မင်းကြီးလည်း ဝမ်းသာလှသောကြောင့် ပန်းရံပျံအား ဆုလာဘ်များစွာ ပေးသနားလေ၏။ ထို့နောက် မင်းကြီးကြံပြန်သည်ကား ငါ့ကောင်းမှုတော်အတုကို ချင်းတို့ အားအဖသည် လုပ်လိမ့်မည်ဟု အမှတ်ရှိ၍ လက်ကို ဖြတ်မည်သော် သိကြားမင်းက ငါကူညီ၍ပြုရပေ၏။ မဖြတ်သင့်ပေဟု တားမြစ် ရလေ၏။ ပန်းရံပျံလည်း ကောင်းမှုတော် တုကို မလုပ်ပါဟု သစ္စာပြုလေ၏။ ။

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

နန္ဒဝံသ၊ ဦး၊ ဆရာတော်၊ ပုဂံမြို့ရွှေစည်းခုံသမိုင်းသစ်ကျမ်း နှင့် အာနန္ဒာသမိုင်းသစ်ကျမ်း၊ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

ဗိုကေ၊ ဦး၊ ပုဂံသုတေသနလမ်းညွှန်၊ စာပေဗိမာန်၊ ၁၉၈၁။

သန်းဆွေ၊ ဦး၊ ပုဂံစေတီပုထိုးများ၊ ဝံရှားစာပေတိုက်၊ ရန်ကုန်မြို့။

Pictorial Guide to Pagan, Printing and publishing Corporation, Reprinted 1975.

ပ၊စ၊လ/၁၅၁၄/ဗြူ/ဘာဝ (တာသည်း)/ ၁၅,၀၀၀ + ၁၀/ဝလ။

Numbered | Out | Stamped

Checked

99228

Finally Checked and Issued



၁၉၈၈ ခုနှ ၂ ... ဗိမာန် စာမူဆု

မြန်မာ့ယဉ်ကျေးမှုနှင့်

အနုပညာဆိုင်ရာ စာပေ

ဒုတိယ ဆုရ

“သက်ရာငွေ့ရွာ အခန့်ရွာ”

ရေးသူ–မင်း း အောင်ကြိုင်

၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အဖ ဦးသူတော် အမိ ဒေါ်စောရင်တို့မှ မင်းဘူး စကုမြို့နယ် ဆင်ခေါင်းရွာ၌ မွေး ဖွားသည်။

၁၉၅၅–၅၆ ခုနှစ်၊ စတုတ္ထတန်း စကောလားရှစ်ဆုကို မင်းဘူးမြို့ ရှမ်းစုကျောင်းမှ လည်းကောင်း၊ ၁၉၅၈–၅၉ ခုနှစ် သတ္တမတန်း စကောလားရှစ်ဆုကို မင်းဘူးမြို့ အစိုးရ အထက်တန်းကျောင်းမှ လည်း ကောင်း ဆွတ်ခူးရရှိခဲ့သည်။

၁၉၆၁ ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး၊ ၁၉၇၅ ခုနှစ်တွင် ဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ကို ရရှိသည်။ ၁၉၈၂ ခုနှစ်တွင် ကုလ သမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာ နိုင်ငံနှင့် နီပေါနိုင်ငံများသို့ ခြောက်လကြာမျှ ရှေးဟောင်း သုတေသနလုပ်ငန်း နှင့် ရှေးဟောင်း အဆောက်အအုံထိန်းသိမ်းမှုပညာရပ်များကို လေ့လာ ဆည်းပူးခဲ့သည်။

၁၉၈၁ ခုနှစ် စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် “ပုဂံခေတ် ဗိသုကာ လက်ရာများ” စာမူဖြင့် မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ဒုတိယဆု ရရှိခဲ့သည်။

လမ်းစဉ်သတင်း၊ ငွေတာရီ၊ ဥဒါန်လင်း၊ ဗမာ့ပဒေသာ မဂ္ဂဇင်း တို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ယခုအခါ ပုဂံရှေးဟောင်း သုတေသနဌာနခွဲတွင် သုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။ အမည်ရင်း ဦးအောင်ကြိုင် ဖြစ်သည်။

Class N
Author
Accessi